
www.burmeseclassic.com

ရွှေပဒေသာစာပေ

ပေဒီဇော်

# ရိုမီယိုနဲ့ဂျူးလီယက်
# ကိုကိုနဲ့ခက်ခက်




အချစ်

[illegible]ဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

လေဒီဇော်

# ရိုမီယို နဲ့ ဂျူးလိယက်
# ကိုကို နဲ့ ခက်ခက်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊ ၂၀၀၃၊ ဇန်နဝါရီလ

ထုတ်ဝေသူ – ဦးအေးလွင် (ဝ၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ်(၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
မျက်နှာဖုံးနှင့် – ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ်(၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး – ၁၀၀၀ ကျပ်
အုပ်ရေ – ၅၀၀

စဓ၅. ၈
လေဒီဇော်
ရှိမီယိုနဲ့ဂျူးလီယက် ကိုကိုနဲ့ခက်ခက်/လေဒီဇော်။
ရန်ကုန်၊ ရွှေဥစာပေ၊ ၂၀၀၃ ။
၃၅၉ – စာ၊ ၁၂.၃ × ၁၈ စင်တီ
(၁) ရှိမီယိုနဲ့ဂျူးလီယက် ကိုကိုနဲ့ခက်ခက်



ကိုကိုက ရှိမီယို
မိုမိုက ဂျူးလီယက်
ဒါပေမဲ့ . . .
ကမ္ဘာကျော် ရှိမီယိုနဲ့ ဂျူးလီယက်လို
တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး
သေပွဲဝင်မယ့်ချစ်သူတွေတော့ မဟုတ်ပါဘူး
တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး
ဘဝတိုက်ပွဲကို ဆင်နွှဲတော့မယ့်
ချစ်သူတွေပါ . . .

—ရွှေပဒေသာ—

www.burmeseclassic.com

www.burmeseclassic.com







## ၁

"ဒီပန်းချီပြခန်းက နေ့တိုင်းဖွင့်တာလား"

"နေ့တိုင်းဖွင့်ပါတယ်။ အေးဆေးကြည့်ရအောင်လို့ပါ"

"ဖွင့်တာမကြာသေးဘူးထင်တယ်။ ဖွင့်ပွဲလုပ်တဲ့အစီအစဉ် MR TV 4 မှာ အမှတ်တမဲ့ တွေ့လိုက်တယ်။ သေချာမကြည့်ဖြစ်လိုက်ဘူးကွာ"

"ဟုတ် . . . ငါးလလောက်ရှိသွားပြီခင်ဗျ"

"ဘာအစီအစဉ်တွေရှိလဲ"

"ရှိပါတယ်။ နိုင်ငံ့တော်ရဲ့ သမိုင်းဝင်နေ့တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



အထူးအစီစဉ်တွေ ပြုလုပ်မှာပါ။ ပြီးတော့ ဗိုလ်ချုပ်မွေးနေ့၊ အမေနေ့၊ အဖေနေ့၊ ကမ္ဘာ့ကဗျာနေ့ . . . အဲဒီလိုနေ့တွေမှာ ပန်းချီပညာရှင်တွေ ကိုယ်တိုင် ဒီမှာလာပြီး ရှင်းလင်းပြသပေးဖို့ စီစဉ်ထားပါတယ်"

"ဪ"

"ဒီကြားထဲ အထူးအစီအစဉ်လုပ်ဖို့ရှိရင်တော့ ကြိုတင် ကြော်ငြာပေးပါမယ်။ အခုလောလောဆယ်တော့ တစ်လတစ်ခါ ပန်းချီကားတွေ လဲပြီး ပြသပေးနေပါတယ်"

"ကောင်းတယ်ကွာ။ ဒီပြခန်းလေးကိုတော့ သဘောကျတယ်။ တခမ်းတနားကြီး မဟုတ်ဘဲ လှုငယ်ဆန်ဆန် မိသားစုဆန်ဆန်နဲ့ နွေးနွေးထွေးထွေးရှိတယ်။ ကော်ဖီဆိုင်နဲ့လည်း တွဲဖွင့်ထားတာဆိုတော့ အဆင်ပြေတာပေါ့"

"ဟုတ်"

"ဒါနဲ့ ပြခန်းသက်သက်ပဲလား။ အရောင်းအဝယ်နဲ့ ပတ်သက်တာတွ ဘာတွေရော"

"အင်း . . . အရောင်းအဝယ်လည်း လုပ်ပါတယ်။ ပထမတော့ ပြခန်းသက်သက်ပဲ စီစဉ်တာပါ။ ဒါပေမဲ့ လာကြည့်သူတိုင်းက သူတို့အပိုင်သိမ်းချင်တဲ့ကားတွေ တစ်ခု





မဟုတ် တစ်ခုတော့ တွေ့သွားတာပဲလေ။ အဲဒီအခါကျတော့ ပန်းချီဆရာနဲ့ ညှိပြီး လုပ်ဖြစ်သွားရော"

"ကျေးဇူးပဲကွာ . . . ကိုယ်လည်း စိတ်ကြိုက်တွေ့ရင် ဝယ်ဖြစ်လိမ့်မယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျ။ အေးဆေးကြည့်ပါ"

ဒီနေ့ သူ့ကို လာမေးတဲ့သူက အတော့်ကို ကံထူးလို့ပါပဲ။ ဘာကြောင့်လဲဆိုတော့ သူက ကော်ဖီဆိုင်ရော ပန်းချီပြခန်းရော တွဲဖွင့်ထားတယ်ဆိုပေမယ့် ကော်ဖီဆိုင်ထဲကိုလည်း အဝင်နည်းသလို ပြခန်းထဲမှာလည်း ကြာရှည်နေတတ်တဲ့အကျင့်မရှိလို့ ဖြစ်ပါတယ်။

ဝန်ထမ်းတွေကိုသာ အချိန်ပြည့် တာဝန်ပေးအပ်ထားပြီး မန်နေဂျာကလည်း သူငယ်ချင်းဖြစ်နေတာကြောင့် သူက အကျိုးအကြောင်း ကိစ္စမျိုးစုံနဲ့ အပြင်ပဲသွားလာနေတတ်တာများသူပါ။ သွားလာစရာကိစ္စတွေ မရှိရင်တော့ သူ ပန်းချီပြခန်းရဲ့နောက်ထဲက သူ့အတွက် ရုံးခန်းလို သီးသန့်လုပ်ထားကဲ့အခန်းထဲမှာပဲ အေးဆေးနေထိုင်တတ်ပါတယ်။

အလုပ်ကိစ္စနဲ့ ပတ်သက်တာမျိုး၊ ဝန်ထမ်းတွေနဲ့ ပတ်သက်ပြီး ပြောဆိုတိုင်ပင်ဆွေးနွေးစရာမျိုးရှိရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခန်းလေးထဲမှာပဲ လုပ်တတ်ပါတယ်။ ဒါမှမဟုတ်လည်း အင်တာကွန်တို့၊ ဖုန်းတို့နဲ့ပေါ့။

ပြီးတော့ သူက ဆိုင်ထဲမှာ CCTV ကင်မရာတွေလည်း တပ်ဆင်ထားသေးတာမို့ ဆိုင်အခြေအနေကို လေ့လာ အကဲခတ်ချင်တဲ့အခါမျိုး၊ သူ့ဆိုင်မှာ ဘယ်သူတွေ လာထိုင်တတ်သလဲဆိုတာကို ရှိုးချင်တဲ့အခါမျိုးတွေမှာလည်း အဲဒီအခန်းလေးထဲကပဲ ကွန်ပျူတာနဲ့ လှမ်းကြည့်နေတတ်သူ ဖြစ်ပါတယ်။

ဒီကနေ့တော့ ကားပေါင်းလဲတော့မယ့်ရက်မို့ လူပါးသွားတာလား? မုန်တိုင်းသတင်းရှိနေလို့ပဲ လူ အလာနည်းတာလား? ပြခန်းထဲမှာ လူအတော်ရှင်းနေပါတယ်။ ဒါကြောင့် အေးအေးဆေးဆေးနဲ့ သူကိုယ်တိုင် စိတ်ဝင်တစား ရှင်းပြနေမိတာ ဖြစ်ပါတယ်။ လူအားလုံးရှင်းသွားမှာ ပန်းချီကားတွေကို လျှောက်ကြည့်ရင်း ကော်ဖီဆိုင်ဘက်က သူငယ်ချင်း မန်နေဂျာအောင်အောင့်ဆီ ဖုန်းခေါ်လိုက်ပါတယ်။

"ဟေ့ကောင် . . . ရှာကြီး"

"သူငယ်ချင်း"





"ဒီနေ့ ဆိုင်အခြေအနေ ဘယ်လိုရှိလဲကွ။ ကားတွေ အရမ်းရှင်းနေသလားလို့"

"ဆိုင်အခြေအနေက ပုံမှန်ပဲ။ အခု ညနေမှ ရှင်းသွားတာ။ မုန်တိုင်းသတင်းရှိထားတော့ ဒီည အေးဆေးဖြစ်လိမ့်မယ်ထင်တယ်။ လေးနာရီလည်း ကျော်သွားပြီဆိုတော့ မုန်တိုင်းကြောက်ပြီး သိပ်လာကြမယ် မထင်တော့ဘူး"

လူတွေဟာ ပြောမှသိ၊ ထိမှနာဆိုသလို နာဂစ်ဖြစ်ပြီးချိန်ကစပြီး မုန်တိုင်းသတင်းတွေကို အလေးထား ဂရုစိုက်လာကြတာ ဖြစ်ပါတယ်။ မိုးကလေးအုံ့၊ လေပြည်ကလေး သွေးလာရင်ပဲ မုန်တိုင်းရှိလို့လား? လေရော မိုးရော ကျလာပြီဆိုရင် အဲဒါမုန်တိုင်းဝင်တာလား? မုန်တိုင်းအဖျားခတ်တာလား? စသည်ဖြင့် သူပြော ကိုယ်ပြော ဟိုသတင်းဝို့ ဒီသတင်းပို့နဲ့ ရာသီဥတုကို သိသိသာသာ စိတ်ဝင်စားလာကြပါပြီ။

မိဘတွေကလည်း မုန်တိုင်းသတိပေးချက်တွေဘာတွေ ရှိလာရင် သားသမီးတွေကို အပြင်ပေးမထွက်တော့သလို အလုပ်တွေ ကျောင်းတွေတောင် သိပ်သွားခွင့်



www.burmeseclassic.com

www.burmeseclassic.com



အဓွသဓွေ့ရင် ဓွေပြန်ရော။

ဒီတစ်ခါတော့ သူ ကြည့်နေရင်းကနေ အံ့သြဖွယ်ကောင်းစွာပဲ တိမ်ညို တိမ်မည်းတွေက အလိပ်လိုက် တက်လာပြီး မိုးရွာဖို့အတွက် လှုလှုပပပြင်ဆင်နေပါပြီ။ လေကလည်း စောစောထက်ပိုပြီး တိုက်ခတ်လာပါတယ်။ ခဏနေတော့ အောင်အောင့်ဆီက ဖုန်းဝင်လာတယ်။

"ပြော . . . အောင်အောင် . . . ဘာထူးလဲ"

"မိုးကတော့ ကြီးလိမ့်မယ်ထင်တယ် သူငယ်ချင်း။ ဒါပေမဲ့ ဖြတ်သွားတာဆိုတော့ သိပ်မစိုးရိမ်ရပါဘူး။ အနည်းဆုံး နှစ်နာရီထက် မပိုဘူးလို့ ငါ သတင်းရထားတယ်"

"အေးလေ . . . အခု နောက်ပိုင်း ရာသီဥတုက ဒီလိုမျိုး ခဏ ခဏ ဖြစ်နေတော့ လူတွေလည်းစိုးရိမ်နေကြတာပေါ့။ ဒါနဲ့ ဆိုင်ထဲ လူပြတ်သွားပြီလား"

"အင်း . . . ကောင်မလေးတစ်ယောက်တည်း ကျန်နေတယ်။ အဲဒီကောင်မလေးက မိုးအခြေအနေကို ကြည့်ပြီး ဆိုင်ထဲမှာ အချိန်အကန့်အသတ်မရှိ၊ နေခွင့်ပြုဖို့ ဝိတ်တာကိုသန့်ကို Request လုပ်တယ်တဲ့"

"ဒါပြောဖို့လိုလို့လားကွာ။" ကော်ဖီလာသောက်တဲ့





ကိုယ့်ကပ်စတမ်မာပဲ။ သူ အလကားလာထိုင်နေတာမှ မဟုတ်တာ။ ထိုင်နိုင်သလောက် ထိုင်။ ဆိုင်ပိတ်ချိန် ည တစ်နာရီထက်ကျော်သွားရင်တော့ တာဝန်မယူဘူး။ ကပ်စတမ်မာတွေ အဆင်ပြေဖို့ အရေးကြီးတယ်"

"အဲဒီအတွက်ကတော့ မပူနဲ့။ တို့ဘက်က ဝန်ဆောင်မှု အပြည့်ပေးပြီးသားပါ။ မင်း သိအောင်လို့သာ ပြောပြတာ။ ဒါပေမဲ့ သူ့ကိုကြည့်ရတာ တစ်ခုခုထူးနေသလိုပဲကွ"

"ဘယ်လိုထူးတာလဲ၊ လာနေကျ ကပ်စတမ်မာ မဟုတ်ဘူးလား"

"မဟုတ်ဘူးထင်တယ်၊ သူ့ပုံစံကတစ်မျိုး ဖြစ်နေတာ သိသာတယ်။ အိမ်က ထွက်ပြေးလာတာလား၊ မသိအောင်ပဲ နိုးထွက်လာတာလား၊ ချိန်းထားတဲ့ တစ်ယောက်ယောက်များ မလာလို့လား။ ပြီးတော့ ကြောက်လည်း ကြောက်နေသလိုလို ကားလည်းမပါဘူး"

"အင်း . . . အခက်အခဲ တစ်ခုခုရှိလို့ဖြစ်လိမ့်မယ်။ မင်းပြောတဲ့အထဲက တစ်ခုခုဖြစ်ချင်လည်း ဖြစ်မယ်၊ မိုးလေဝသအခြေအနေကြောင့် အပြန်ကားမရမှာ စိုးရိမ်ပြီး ကြောက်



www.burmeseclassic.com

www.burmeseclassic.com



နေတာလည်း ဖြစ်ချင်ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် သူ့ အဆင် ပြေသလိုနေပါစေ၊ ကိုယ့်ဘက်ကသာ ဝန်ဖဲဆောင်မှု မပေါ့ လျော့စေနဲ့"

"အိုခေ . . . စိတ်ချ သူငယ်ချင်း"

သူဟာ ဖုန်းပြောရင်း ရုံးခန်းထဲကို ဝင်လာတာဖြစ် ပါတယ်။ ရုံးခန်းထဲရောက်မှ ဖုန်းချပြီး စားပွဲပေါ်က ကွန်ပျူ ကာနဲ့ သူ့ဆိုင်တွင်းရဲ့အခြေအနေကို အကဲခတ်လိုက်မိ တယ်။ အဲဒီအချိန်မှာပဲ Monitor ပေါ်မှာပေါ်လာတဲ့ အံ့သြ စရာ မြင်းကွင်းလေးတစ်ခုကို တွေ့လိုက်ရပါတော့တယ်။ သူ့ မျက်လုံးတွေ ဘယ်လိုမှ မခွာနိုင်တော့ဘဲ ကွန်ပျူတာရှေ့မှာ ထိုင်ပြီး မျက်တောင်မခတ် စိုက်ကြည့်နေမိလေရဲ့။

အကြောင်းကတော့ အောင်အောင်ပြောတဲ့ . . . "သူ့ကို ကြည့်ရတာ တစ်ခုခုထူးနေသလိုပဲ" . . . "သူ့ပုံစံက တစ်မျိုးဖြစ်နေတာ သိသာတယ်" ဆိုတဲ့ စကားတွေထက် အဲဒီကောင်မလေးက ဆိုင် Decoration နဲ့ အလွန်လိုက် ဖက်တဲ့ ရက်ရက်စက်စက်လှတဲ့ ကောင်မလေး တစ် ယောက်ဖြစ်နေလို့ပါပဲ။

သူမပုံစံကလည်း တကယ်ပဲ အိမ်က ထွက်ပြေး



လာတာလား? မသိအောင်ဘဲ နိုးထွက်လာမိလို့လား? သူမ ချိန်းထားတဲ့သူများ ရောက်မလာလို့ပဲလား? အောင်အောင် ပြောသလို တစ်ခုခုကို စိုးရိမ်ကြောက်လန့်နေသလိုမျိုးပါ။ သေချာတာကတော့ သူမမှာ အခက်အခဲတစ်ခု ရှိနိုင်တယ် ဆိုတာပါပဲ။

သူမရဲ့မျက်နှာ လှလှကလေးက မိုးနဲ့အတူ မှိုင်းညို့ လာပြီး ဖုန်းခေါ်နေတာကို တွေ့လိုက်ရပြန်တယ်။ ဒါပေမဲ့ ဖုန်းက ခေါ်လို့မရဘူးထင်တယ်၊ နောက်တစ်ခါ ကြိုးစား ပမ်းစားထပ်ခေါ် ပြန်တော့လည်း ရပုံမပေါ်ပါဘူး၊ သူမက သက်ပြင်းချပြီး ဖုန်းကို စားပွဲပေါ်တင်လိုက်ပါတယ်၊

ပြီးတော့ အပြင်ကို လှမ်းကြည့်လိုက် ဆိုင်ထဲကို အကဲခတ်လိုက်နဲ့ သူမစိတ်တွေ မငြိမ်မသက်ဖြစ်နေပုံရ တယ်၊ အဲဒီလိုနေရင်းနဲ့ သူမဆီဖုန်းဝင်လာတယ် ထင် တယ်၊ ဒါပေမဲ့ သူမ မလိုလားတဲ့ဖုန်း ဖြစ်လို့ပဲလား? ပြော စရာရှိတာ အေးဆေးပြန်ပြောပြီး ပိတ်လိုက်ပုံရပါတယ်၊ တစ်ဆက်တည်းမှာပဲ အဲဒီဖုန်းကို သူမ အိတ်ကလေးထဲ ထည့်သိမ်းထားလိုက်ပါတော့တယ်။

သူလည်း Monitor ကနေ အကြည့်ခွာပြီး အပြင်

www.burmeseclassic.com

www.burmeseclassic.com



က မိုးလေဝသကို အကဲခတ်လိုက်မိတယ်။ မိုးမှောင်က ပိုကျလာသလို လေကလည်း ပိုကြမ်းလာတာမို့ အောင် အောင့်ဆီ ဖုန်းတစ်ချက်လှမ်းဆိုးလိုက်တယ်။ အဲဒီအချိန်မှာပဲ မိုးက ဖြုန်းဆို တဝေါဝေါနဲ့ သည်းကြီးမဲကြီးရွာချလိုက်ပါပြီ။

"အောင်အောင်"

"ပြော . . . သူငယ်ချင်း"

"ငါ ခဏနေရင် ဝင်လာခဲ့မယ်။ ထုံးစံအတိုင်း ကပ်စတမ်မာ ဒီဇိုင်းပေါ့ကွာ။ ငါ ထိုင်ပြီး သိပ်မကြာခင်မှာ ဝိတ်တာ တစ်ယောက်ကို သောက်နေကျ ကော်ဖီတစ်ခွက် ပို့ခိုင်းပေး"

"အိုခေ"

"ငါ ဒီကောင်မလေးကို ကြည့်ရင်းနဲ့ စိတ်ဝင်စား လာတယ်"

"ကောင်မလေးက အလန်းလေးကွ။ ချစ်စရာလေး"

"အဲဒါက တစ်ကဏ္ဍပေါ့ကွာ။ သူ့မှာ အခက်အခဲ တစ်ခုရှိနေပုံရတယ်။ စိုးရိမ်ကြောက်လန့်သလိုလည်း ဖြစ် နေ ဘယ်။ ကူညီသင့်ရင် ကူညီရလိမ့်မယ်"

"အင်း . . . ကူညီနိုင်ရင်တော့ အကောင်းဆုံးပေါ့"





"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါ သူ့ကို စိတ်ဝင်စားတယ်"

သူ ချက်ချင်းပဲ နံရံမှာချိတ်ထားတဲ့ အနက်ရောင် Zara ဂျာကင်ကို ယူပြီး ဝတ်လိုက်ပါတယ်။ ပြီးတော့ ကား သော့ယူပြီး ဆိုင်ထဲက သူ ထိုင်နေကျနေရာလေးဆီ လှမ်း လာခဲ့တယ်။ သူက သူ့ရဲ့ "ပန်းရိုရှိမိ" ဆိုတဲ့ဆိုင်ကလေးကို ဖွင့်ပွဲနေ့ကလွဲပြီး ကပ်စတမ်မာဒီဇိုင်းမျိုးပဲ ထိုင်တတ်ခဲ့တာ ပါ။ အဲဒါ အရသာတစ်မျိုးလည်း ခံစားရသလို အတွေးသစ် အမြင်သစ်လည်း ရတယ်လို့ထင်ပါတယ်။

အဆင်ပြေချင်တော့ သူထိုင်တဲ့နေရာနဲ့ သူမ ထိုင် တဲ့နေရာက မျက်စောင်းထိုးအနေအထားလေး ဖြစ်နေတာ ပါပဲ။ ပြီးတော့ သူက ဆိုင်ရဲ့တောင်ဘက်နံရံကနေ အတွင်း ဘက်ကို မျက်နှာမူပြီး ထိုင်သလို သူမကလည်း မြောက် ဘက်နံရံကနေ အတွင်းဘက်ကို မျက်နှာမူပြီး ထိုင်နေတာ မို့ မျက်နှာချင်းဆိုင်နီးပါး သူမမျက်နှာလေးကို အပီရှုံးခွင့်ရ ခဲ့ပါတယ်။ ကြည့်စမ်း . . .

ဒီလိုမျက်နှာချင်းဆိုင် လတ်လတ်ဆတ်ဆတ် မြင် တွေ့လိုက်ရမှာ သူ့မရဲ့အလှဂုဏ် အပြစ်ကင်းတဲ့အလှစစ် ကလေးမှန်း သူ ကောက်ချက်ချလိုက်မိလေတယ်။ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ကင်းတဲ့အလှဆိုတာက သူ့အတွက်တော့ အရမ်းချော အရမ်းလှတာမျိုးထက် ကလေးတစ်ယောက်လို ချစ်စရာ ကောင်းတာမျိုး၊ ဖြူစင်နုနယ်တာမျိုးကို ဆိုလိုတာ ဖြစ်ပါ တယ်။ အသက်ကလည်း သူ့ထက် လေးငါးနှစ်လောက် ငယ်မယ် ထင်ရတယ်။

သူက ကိုယ့်အထာလေးနဲ့ကိုယ် အေးဆေးအစီ အပြင် ရှိုးနေပေမယ့် သူမကတော့ သူ့ကို ရိုးရိုးကပ်စတမ် မှာ တစ်ဦး ဝင်လာသလို တစ်ချက်သာကြည့်ပြီး အပြင်ကို လှမ်းငေးနေပါတယ်၊

သဘာဝလား၊ ဆေးဆိုးထားတာလား မသိနိုင်တဲ့ ထူးထူးခြားခြား အညိုရောင် တောက်တောက်ကလေး ဖြစ် နေတဲ့ ဆံနွယ်တွေက ပခုံးပေါ်မှာ ညီညီလေးဝဲဖြာနေတယ်။ မထူမပါး မျက်ခုံးတန်းကလေး၊ မျက်ဝန်းအိမ်လှလှကလေး၊ နှာတံစင်းစင်းကလေး၊ နှုတ်ခမ်းဖူးဖူးကလေး၊ မေးစေ့လှလှ ကလေး၊ မျက်နှာပြည့်ပြည့်ကလေး၊ ပြီးတော့ ဒူးလောက်ရှိ တဲ့ လက်တိုဂါဝန်အဖြူကလေးနဲ့ ငွေရောင် ဒေါက်ဖိနပ် အချွန်လေး။

အဲဒါတွေအားလုံးကို ခြုံကြည့်လိုက်မယ်ဆိုရင်



သူမဟာ ကလေးတစ်ယောက်လို၊ အရုပ်ကလေးတစ်ရုပ်လို ဖြူစင်အပြစ်ကင်းပြီး ချစ်စရာကောင်းလွန်းလှပါတယ်။ သူ ဟာ သူမကိုကြည့်ရင်းနဲ့ ရင်ထဲမှာ တစ်ခါမှ မဖြစ်ဘူးတဲ့ လှုပ်ရှားမှုမျိုး တစ်ခါမှ မခံစားဘူးတဲ့ ခံစားမှုမျိုးတွေ ပေါ် ပေါက်လာခဲ့ပါတယ်။

အရမ်းကို ထူးဆန်းပါတယ်။ အဲဒီစိတ်လှုပ်ရှားမှုနဲ့ ခံစားမှုဆိုတာက . . .

- သူမရဲ့လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးချင် တာမျိုး . . .
- သူမရဲ့အခက်အခဲမှန်သမျှကို ရှေ့ကနေ ကာကွယ် ရှင်းလင်းပေးချင်တာမျိုး . . .
- သူမကို အလိုလိုက် ဂရုစိုက်ပေးချင်တာမျိုး . . .
- သူမကို ကလေးတစ်ယောက်လို အရိပ်တကြည့် ကြည့်နဲ့စောင့်ရှောက်ပေးချင်တာမျိုး . . .
- သူမကို ညီမလေးတစ်ယောက်လို နွေးနွေးထွေး ထွေးနဲ့ ပြုစုဖေးမပေးချင်တာမျိုး . . . တွေပဲ ဖြစ် ပါတယ်။
- ပြီးတော့ . . . သူမကို . . . ?

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း . . . ဘယ်လောက်အံ့သြစရာကောင်းပါသလဲ။ အဲဒီလို နွေးထွေးလှိုက်ဖိုတဲ့ခံစားမှု၊ အဲဒီလို ဝိတ်တွေ စွတ်စိုစိမ့်ဝင်နေတဲ့ အတွေးမျိုးတွေဟာ သူနဲ့ စိတ်တူသဘောတူ တွဲနေတဲ့ ကောင်မလေးတွေအပေါ်မှာရော သူ့ကို ကြိုက်နေတဲ့ ကောင်မလေးတွေအပေါ်မှာရော ဘာဖြစ်လို့ မပေါ်ရတာလဲ။

မိုးတွေကလည်း သည်းလို့ကောင်း၊ ကောင်မလေးကလည်း ငေးလို့ကောင်း၊ သူကလည်း တွေးလို့ကောင်းနေတုန်းမှာ ဝိတ်တာတစ်ယောက်က သူ့အတွက် ကော်ဖီလာပို့ပေးပါတယ်။

"အိုခေ"

"လိုအပ်တာရှိရင်ပြောပါခင်ဗျာ"

"အင်း . . . နေဦး"

အဲဒီအချိန်မှာ Romantic ဆန်တဲ့ အကြံအစည်လုလုကလေးတွေ သူ့ခေါင်းထဲကို ဝင်ရောက်လာခဲ့တယ်။

"မိုးက အရမ်းကြီးတော့ အတွင်းထဲမှာ စိမ့်အေးလာ နိုင်တယ်။ Air con ဝိတ်ထားလိုက်"

"ဟုတ် . . . Heater ဖွင့်ပေးရမလားခင်ဗျာ"





"အဲလောက်ထိ မလိုအပ်ဘူး"

"ဟုတ်"

"ပြီးတော့ ဟိုကောင်မလေးသောက်တဲ့ကော်ဖီကို သိလား"

"ဟုတ် . . . သိပါတယ်"

"အဲဒီကော်ဖီမျိုးအစားကို အပူခံ Travel mug ထဲမှာ ထည့်ပြီး ကားထဲမှာ သွားထားလိုက်။ ဒီမှာကားသော့ ကားကိုလည်း အဆင်သင့်ထွက်လို့ရအောင် ရွှေ့ထားလိုက်"

"ဟုတ်"

"မင်းအဆင်မပြေရင် ကိုသန့်ကို အကူအညီတောင်း၊ ပြီးတော့ ထီးတစ်လက်ယူလာပြီး အပင်တစ်နေရာမှာ ထောင်ထားပေး"

"ဟုတ် . . . အမြန်ဆုံးစီစဉ်ပေးပါ့မယ်"

"အိုခေ"

သူ ကော်ဖီသောက်နေတုန်းမှာတော့ သူမက ပြန်ဖို့ ပြင်ဆင်နေပါပြီ။ ဟိုကြည့် ဒီကြည့်နဲ့ ပြန်ဖို့အတွက် အခက်အခဲဖြစ်နေပုံကို ဝိဝိရိရိလေးထိန်းသိမ်းရှာတယ်။ ဒါပေမဲ့ သူမ မျက်ဝန်းလေးတွေက ဘယ်လိုမှ ဟန်မဆောင်



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါဘူး။ သူမရောက်နေတဲ့အချိန်ကလည်း အတော်ကြာပြီဖြစ်သလို နာရီကလည်း ငါးနာရီကျော်သွားပြီဆိုတော့ မိုးက ဒီထက်ပိုမှောင်လာဖို့ပဲ ရှိပါတော့တယ်။

ဒီတော့ သူမ မပြန်လို့ဘယ်ရတော့မလဲ။ လေရော မိုးရော စောစောကထက်စာရင် အရှိန်အဟုန်လျော့ကျသွားခဲ့ပေမယ့် ရွာတာကတော့ မရပ်သေးပါဘူး။ လမ်းပေါ်မှာလည်း လူအသွားအလာရော ကားအသွားအလာပါ မရှိသလောက် ရှင်းနေပါတယ်။ သူမက အပြင်ရောက်တော့ လမ်းပေါ်ကို ချက်ချင်းထွက်မသွားသေးဘဲ ပေါ်တီကိုပုံစံမျိုး လုပ်ထားတဲ့အမိုးကလေးရဲ့အောက်မှာ ရပ်နေတယ်။

လေအသော့မှာ ဆံနွယ်ကလေးတွေ တဝဲဝဲဖြစ်နေပုံနဲ့ ဂါဝန်အနားစကလေး တလွင့်လွင့်ဖြစ်နေပုံက တစ်မျိုးလေး လှပနေလိုက်တာ။ ဖြူနုသွယ်လျတဲ့ ခန္ဓာကိုယ်ကလေးကိုလည်း မိုးစက်မိုးပေါက်တို့ နောက်ခံပြီး ပန်းချီဆွဲလိုက်မယ်ဆိုရင် ဘယ်လောက်များ အနုပညာရသတွေ ပြည့်ဝလိုက်မလဲ။

သူကြည့်နေတုန်း ကောင်မလေးက ထွက်သွားဖို့ ချိန်ဆနေပါပြီ။ မိုးအကြောင့် အေးစိမ့်လာမှုနဲ့အတူ လေ





ကလည်း တစ်ချက် တစ်ချက် ဝှေ့လာသေးပြန်တော့ သူမ ချမ်းလာတယ်ထင်ပါတယ်။ လက်နှစ်ဖက်ပိုက်ပြီး ကုပ်ကုပ်ကလေးဖြစ်နေရှာတယ်။ သူ စဉ်းစားမနေတော့ဘဲ ဖျတ်ခနဲ ထလာခဲ့ပါတော့တယ်။

သူကအရောက် သူမက ခြေတစ်လှမ်းအစမှာ သူ လုပ်လိုက်မိတဲ့ပုံစံကြောင့် သူမရဲ့ခြေလှမ်းတွေ ရပ်တန့်သွားသလို သူ့ကိုလည်း မျက်လုံးလေးကြောင်တောင်တောင်နဲ့ တအံ့တသြ မော့ကြည့်တယ်။ သူ လုပ်လိုက်တဲ့ပုံစံက အထူးအဆန်းမဟုတ်ပါဘူး။ ရိုးရိုးကလေးပါ။ သူ ဝတ်ထားတဲ့ ဂျာကင်ကို ချွတ်ပြီး သူမကိုယ်လေးပေါ်မှာ လွှမ်းခြုံပေးလိုက်တာပဲ ဖြစ်ပါတယ်။

"ဟင်! . . . ဘာလုပ်တာလဲ"

"ခြုံပေးတာလေ။ ဝတ်ထားလိုက်ပါ"

"ဘာဖြစ်လို့ ဝိုင်ဆိုးပိုင်နင်းလာလုပ်တာလဲ"

"မင်းကိုကြည့်ပြီး အဲဒီလိုလုပ်ပေးချင်စိတ် ပေါ်လာလို့"

"ဟင့်အင်း . . . ဘာမှမဆိုင်ဘဲနဲ့ လူမြင်လို့ မကောင်းပါဘူး။ ပြန်ယူပါ . . . ရော့"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြောပြောဆိုဆို အင်္ကျီကိုချွတ်ပြီး ပြန်ပေးပါတယ်။

"အခု ဘာမှမဆိုင်ပေမယ့် နောက်ဆိုရင် ဆိုင်လာမှာပဲ။ မိန်းကလေးတစ်ယောက် ချမ်းနေတာကို မြင်လို့ အနွေးထည်ခြုံပေးတဲ့ကိစ္စဟာ လူမြင်မကောင်းတဲ့ကိစ္စလား ပြန်မယူပါဘူး။ ဝတ်ထားလိုက်ပါ။ မင်း မဝတ်ရင် ကိုယ် ဝတ်ပေးမယ်"

သူကလည်း ပြောပြောဆိုဆို အင်္ကျီကို ဖွတ်ဝတ်ပေးဖို့ ပြင်လိုက်မှ . . .

"ရ . . . ရပါတယ်။ ကျွန်မဘာသာဝတ်ပါ့မယ်"

ဆိုပြီး ခပ်မြန်မြန်ပဲ ဝတ်လိုက်ပါတယ်။

"မင်း . . . အိမ်ပြန်ဖို့ အခက်အခဲဖြစ်နေတယ်ထင်တယ်"

"ဟုတ်ပါတယ်။ ကားတွေမဖြစ်လို့ ဟိုဘက်လမ်းထိပ်ထွက်ရှာမလို့ပါ"

"မိုးကမပြတ်ချင်ဘူး။ ဒီအချိန် ကားရဖို့က-အရမ်းခက်သွားပြီ။ ကိုယ်လိုက်ပို့ပေးမယ် ဘယ်လိုလဲ"

"အားနာစရာကောင်းပါတယ်။ ရပါတယ်"





"မှောင်လာပြီလေ။ ဒီထက်ပိုခက်သွားဖို့ပဲ ရှိတယ်။ အားမနာပါနဲ့ ကောင်မလေး။ မင်းအိမ်ကို ကိုယ် တကယ်လိုက်ပို့ပေးမှာပါ"

သူဟာ အပြောနဲ့အတူ ဝိတ်တာလေးအဆင်သင့်ထောင်ထားပေးတဲ့ ထီးကို သွားယူပြီး သူမကို မိုးပေးလိုက်ပါတယ်။

"လာ . . . ဟိုရှေ့က ကားက ကိုယ့်ကားပဲ"

သူ့ရဲ့ပိုင်ပိုင်နိုင်နိုင် ပြုမူဆက်ဆံပုံကြောင့် သူမက စိုးရွံ့တဲ့မျက်ဝန်းလေးနဲ့ မော့ကြည့်ပြန်တယ်။

"လာလေ . . . ငြင်းဦးမလို့လား။ ဘာမှမစိုးရိမ်ပါနဲ့။ ငြင်းလည်း မငြင်းပါနဲ့။ မင်းငြင်းမယ်ဆိုရင် ကိုယ်ဆွဲတင်မှာနော်"

သူက စောစောကလို အင်္ကျီဝတ်ပေးသလိုမျိုး တကယ်လုပ်တော့မယ့်ပုံစံပြလိုက်မှ သူမ ငြိမ်ငြိမ်ကုပ်ကုပ်လေး လိုက်ပါလာပါတော့တယ်။ သူ့ အတိုင်းအဆမရှိပျော်ရွှင်လန်းဆန်းသွားတယ်။ တစ်သက်နဲ့တစ်ကိုယ် မိန်းကလေးတစ်ယောက်နဲ့ အတူတွဲပြီး ထီးဆောင်းဖူးတယ်လို့ သူ့ဘဝမှာ မရှိခဲ့ဘူး။ အခု ရှိလာပြန်တော့လည်း အရမ်း

www.burmeseclassic.com



လှပြီး ချစ်စရာကောင်းတဲ့ ကောင်မလေးဖြစ်နေတာ ဘယ်လောက်အံ့ဩစရာ ကောင်းပါသလဲ။

ကိုယ်စိတ်ဝင်စားတဲ့ ကောင်မလေးနဲ့ ထီးအတူတွဲဆောင်းရတဲ့ ကြည်နူးမှုအရသာက တကယ်ပဲ ထူးဆန်းလှပါတယ်။ သူက သူမကို ကားရှေ့ခန်းမှာပဲ ထိုင်စေလိုက်တယ်။ ကားထဲ အတူတူ ရောက်လာတော့ ဝိတ်တာဗို့ထားတဲ့ ကော်ဖီခွက်ကလေးကို ဖွင့်ပြီး သူမကို ပေးလိုက်တယ်။

"ကော်ဖီပူပူလေးသောက်လိုက်"

"..."

"မင်း ချမ်းနေတာမို့လား။ နွေးသွားအောင်လို့ပါ"

"ကျွန်မ သောက်ပြီးပါပြီ"

"ထပ်သောက်လိုက်ပါ။ ဒီတစ်ခွက်နဲ့ ဘာမှဖြစ်မသွားပါဘူး"

သူမလက်ထဲ ဖွတ်ထည့်ပေးလိုက်မှ ယူပါတယ်။ Travel mug ခွက်အဖုံးလေးကို ဖွင့်ကြည့်လိုက်တဲ့ သူမမျက်နှာလေးက မရှုံ့မရဲနဲ့ အပြုံးကလေးဝင့်သွားသလိုပါ။ ပြီးတော့ ထီးတစ်ချောင်းကို နှစ်ယောက်ဆောင်းလာခဲ့ရလို့ ကားထဲအဝင်မှာ မလုံမလဲနဲ့ သူမဆံစလေးတွေအပေါ် မိုးဖွဲ





ကလေးတွေလည်း စင်နေခဲ့ပါတယ်။ သူ ကားမမောင်းသေးဘဲ သူမ ကော်ဖီသောက်ပြီးတဲ့အထိ ဂရုတစိုက်ကြည့်ပြီး စောင့်နေလိုက်တယ်။

"မိုးရွာတာတောင် တစ်နာရီကျော်သွားပြီဆိုတော့ ဆိုင်ထဲကို မင်း ရောက်နေတာ တော်တော်ကြာသွားပြီ ထင်တယ်"

"သုံးနာရီထဲက ရောက်နေတာပါ"

"မင်းမှာ အခက်အခဲတစ်ခုရှိနေပုံရတယ်"

"အိမ်အတွက် စိုးရိမ်တဲ့အခက်အခဲလောက်ပါပဲ။ ကျန်တဲ့ကိစ္စက သိပ်ပြဿနာမရှိပါဘူး။ တကယ်တော့ ကျွန်မက အင်္ဂလန်က ပြန်လာတဲ့သူငယ်ချင်းတစ်ယောက်နဲ့ ဒီမှာချိန်းထားတာ။ ဒီရောက်မှ မုန်တိုင်းရှိတဲ့သတင်း ကြားလို့ သူ့အိမ်က ပေးမလွှတ်တော့ဘူးဆိုပြီး ဖုန်းဝင်လာခဲ့တာ"

"ဒီနေ့ မုန်တိုင်း အဖျားခတ်မယ့်သတင်းကို လူတော်တော်များများသိထားကြတယ်။ မင်းက သတိမထားမိဘူးလား"

"သတိတော့ ထားမိပါတယ်။ ဒါပေမဲ့ . . . ဟို . ."

"ဘာလဲ ခေါ်ဆိုတာမို့လား။ မြန်မာပြည်က အရင်



www.burmeseclassic.com

www.burmeseclassic.com



လို မဟုတ်တော့ဘူး ကောင်မလေးရဲ့ ရာသီဥတုကို စိတ်ဝင်စားလာကြပြီ။ အရင်ကဆို တစ်ယောက်နဲ့တစ်ယောက် တွေ့ရင် နေကောင်းလား။ စားပြီးပြီလားလို့ပဲ နှုတ်ဆက်တတ်ကြတာ။ ခုဆိုရင် Good day! တွေ Weather Fine! တွေ ဘာတွေဖြစ်နေကြပြီ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ဆိုတာက သူငယ်ချင်းဘက်က အစီအစဉ်ပျက်သွားလို့ပါ။ သူသာ ရောက်လာခဲ့ရင် ဒီမိုးအမီ အိမ်ကိုပြန်ရောက်ပါတယ်"

သူမက ပြောရင်း သောက်ပြီး ကော်ဖီခွက်ကို လှမ်းပေးပါတယ်၊ သူမအပြောကြောင့် သူ ပြုံးလိုက်မိလေတယ်။

"မင်းအတွေးက သေချာရေရာမှုမရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် ဘယ်ကိုပဲသွားသွားပေါ့။ ပွင့်လင်းရာသီမရောက်မခြင်း ရာသီဥတုကို အထူးဂရုစိုက်ဖို့တော့ လိုတယ်၊ ဒါနဲ့ အိမ်အတွက် စိုးရိမ်တဲ့အခက်အခဲဆိုတာ ကိုယ် တစ်ဆိတ်လောက် သိခွင့်မရဘူးလား"

ဒီတစ်ခါတော့ သူ့ရဲ့မေးခွန်းကြောင့် သူမက ပြုံးပါတယ်။





"ဘာလဲ . . . ကိုယ်ဆန္ဒတွေ အရမ်းစောသွားတယ် ထင်တယ်။ မတတ်နိုင်ဘူး။ မင်းကိုမြင်လိုက်ကတည်းက ဒီလိုကူညီပေးချင်စိတ် ပေါ်လာတာ။ ပြီးတော့ မင်းမှာ အခက်အခဲရှိရင်လည်း ကူညီဖြေရှင်းပေးချင်နေမိတယ်"

"ကျွန်မက မိဘနဲ့နေရတာ မဟုတ်ဘူးရှင့်။ အရိုန်ရော စည်းကမ်းရော အရမ်းတိကျတဲ့ အဒေါ်အပျိုကြီးနဲ့ နေရတာပါ။ သူကပြောရင် ပြောတဲ့အတိုင်းလုပ်မှ ကြိုက်တာ။ သူ့ကို ငါးနာရီအရောက် ပြန်ခဲ့ပါ့မယ်လို့ ကတိပေးခဲ့လို့"

"သြော် . . . ဒါက အေးဆေးဖြေရှင်းလို့ရတဲ့ကိစ္စပါ။ အပျိုကြီး တော်တော်များများက အဲလိုပဲလို့ ကိုယ် သိထားတာပဲ။ ထားပါတော့ အဲဒီလို ကတိပျက်ခဲ့ရင် ဘာဖြစ်သွားနိုင်လဲ"

"ပြစ်ဒဏ်ပေးတာတွေ ခံရပါတယ်"

"ဗိုး! . . . အထူးအဆန်းပါလား။ ဒါဆို ကိုယ့်ကူ ပြောပေးရမလား"

"ဟင့်အင်း . . . အဲဒါဆို ပိုဆိုးသွားမှာပါ။ ဒီလောက်ပဲ သိထားပါ။ ကျွန်မအဒေါ်အကြောင်းကို ကျွန်မပဲ အသိဆုံးမို့လို့ပါ။ ဒီလိုပြောတာပဲ ကျွန်မ ကျေးဇူးအရမ်းတင်



www.burmeseclassic.com

www.burmeseclassic.com



ရပါပြီ"

"အွန်ဒေ . . . အိုဒေ . . . ဟုတ်ပါတယ်။ ကိုယ့်ဘက်ကသာ ခုမှတွေ့ရတဲ့မိန်းကလေးတစ်ယောက်အတွက် အတိုင်းထက်လွန်နေတာပါ။ နောက်မှ ကိုယ်တို့ အေးဆေး ပြန်တွေ့ကြသေးတာပေ့ါ။ ကဲ . . . Let's go"

သူဟာ အပြောနဲ့အတူပဲ ကားစက်နှိုးပြီး လမ်းပေါ် ထွက်လိုက်ပါတယ်။ ပြီးတော့ သူမနေတဲ့နေရာကို မေးပြီး အမြန်ဆုံးနည်းနဲ့ မောင်းလာခဲ့တယ်။ မှန်တိုင်းက အဖျား ခတ်တယ်ဆိုရုံလောက် ခတ်သွားတာဖြစ်သလို လေထက် မိုးက ပိုကြီးခဲ့တာမို့ လမ်းပေါ်မှာ အပျက်အစီး အလေအလွင့် တစ်ခုမှ မတွေ့ရဘဲ ဖြောင့်ဖြောင့်တန်းတန်း မောင်းလို့ရခဲ့ ပါတယ်။

အချိန်ကလည်း ခြောက်နာရီ ကျော်သွားခဲ့ပါပြီ။ မိုးကလည်း သွားရင်းလာရင်းနဲ့ စဲသွားပြီဆိုတော့ လမ်းပေါ် မှာ လူတွေရော ကားတွေရော ပုံမှန်နီးပါးလောက် ပြန်မြင် ခဲ့ရပါပြီ။ သိပ်မကြာခင်မှာပဲ သူမတို့လမ်းထိပ်ကို ရောက် လာခဲ့ပါတယ်။

"ရှေ့နားလေးမှာပဲ ရပ်ပေးပါရှင့်။ ဟိုးလေးအိမ်





ကျော်က ကျွန်မတို့အိမ်ပါ"

"အိမ်ရှေ့ထိလိုက်ပို့ပေးမယ်လေ။ မိုးမှ မတိတ် သေးတာ"

"ရပါတယ်။ ဖြစ်ပြီးသားပြဿနာထက် ပိုကြီးသွား မှာ စိုးလို့ပါ"

သူ ပြုံးပြီး ကားကို ရပ်ပေးလိုက်ပါတယ်။ ပြီးတော့ ကိုယ်တိုင်ပဲ သွက်သွက်လက်လက်နဲ့ တံခါးဖွင့်ပေးလိုက် တယ်။ သူမဆင်းတော့လည်း ထီးက အဆင်သင့်မိုးပေးပြီး သား။ သူမက သူ့ကို မဝံ့မရဲမော့ကြည့်တယ်။ ဖြစ်နိုင်ရင် သူက ထီးအတူတူစောင်းပြီး သူမပခုံးလေးကို ထွေးပွေ့ရင်း အိမ်ထဲထိ လိုက်ပို့ပေးချင်တာပါ။

သူမတို့နေတဲ့နေရာကလည်း လူကုံထံတွေသာ နေတဲ့ နေရာမျိုးဆိုတော့ လမ်းပေါ်မှာ အသွားအလာမရှိ သလောက် တိတ်ဆိတ်ရှင်းလင်းနေပါတယ်။ မသိတဲ့သူ တွေကတော့ သူတို့ကို ချစ်သူနှစ်ဦးလို့ ထင်မှတ်လောက်ပါ ရဲ့။ ကြည့်စမ်း . . . တဒင်္ဂသာတွေ့ခဲ့ရပေမယ့် သူမက သူ့ ရင်ထဲမှာ အထင်ကရ နိုဝင်လာခဲ့ပြီပဲ။

မကြာခင်မှာ သူမနဲ့ခွဲရတော့မယ်။ ကံကြမ္မာက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနည်းနဲ့များ ပြန်လည်ဆုံတွေ့ခွင့်ပေးဦးမလဲ။ သူမက သူ့ကို ဖိမှာကြည့်သလို သူကလည်း ပြန်လည်စိုက်နေရင်းက ဂျာကင်ကို ချွတ်ပေးဖို့ပြင်တာမို့ သူမပခုံးလေးကို ဖိပြီး တားလိုက်မိတယ်။

"မချွတ်ပါနဲ့။ အရမ်းအေးနေတယ်။ ဝတ်သွားလိုက်ပေါ့။ ဒီထီးပါစောင်းသွား"

သူ့ရဲ့ပိုင်ပိုင်နိုင်နိုင် လုပ်တတ်တဲ့အကျင့်ကို သူမက ခဏနဲ့နားလည်သွားခဲ့တယ် ထင်ပါတယ်။ တစ်ခွန်းမှ မငြင်းတော့ဘဲ ထီးကို ညင်ညင်သာသာလေး လှမ်းယူပါတယ်။

"ကျေးဇူးအများကြီးတင်ပါတယ်ရှင့်။ အဲဒီကျေးဇူးကို ကျွန်မ ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး။ အခက်အခဲအရှိန်းဖြစ်နေတဲ့ အချိန်မှာ အဆင်ပြေအောင် လုပ်ပေးခဲ့တာ ပြောမပြတတ်အောင်ပါပဲ"

"ကိုယ် နားလည်တယ်။ အဲဒါ အရေးမကြီးပါဘူး။ မင်းကို ပြောပြီးပြီလေ၊ ကိုယ်ကိုယ်တိုင်ကကို မင်းကို မြင်မြင်ခြင်း ဒီလိုလေုပ်ပေးချင်တာပါလို့။ အရေးကြီးတာက ကိုယ် မင်းနဲ့ နောက်ထပ် ဘယ်တော့တွေ့ခွင့်ရမလဲ"





"ကျွန်မ စီစဉ်ပါ့မယ်။ အမှန်အတိုင်းပြောရရင် ကော်ဖီဆိုင်လေးထဲမှာ ဒီက အစ်ကိုနဲ့ကျွန်မနဲ့ နှစ်ယောက်တည်း ရှိနေကတည်းက အစ်ကို့ကို ကျွန်မအရမ်းရှက်နေမိတာပါ။ မန်နေဂျာနဲ့ ဝိတ်တာတွေကိုလည်း ရှက်တယ်"

"..."

"အားလုံးက နားလည်တဲ့အကြည့်နဲ့ ကြည့်နေကြတော့ ပိုအားနာမိတယ်။ သူဌေးသာသိသွားရင် ပိုဆိုးမယ်။ ငါ့ကို တစ်မျိုးထင်တော့မှာပဲဆိုပြီး ဆိုင်အပြင်ကို အမြန်ထွက်လိုက်မိတာပါ"

"အဲဒီအတွက်လည်း မပူပါနဲ့။ ပန်းရိုရှိမိက သူဌေးကို ကိုယ် ပိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ရှင့်။ ဟို . . . ဘယ်လိုမှ မအောက်မေ့ပါနဲ့။ အိမ်ရဲ့အခြေအနေကြောင့်ပါ။ ကျွန်မဘက်ကပဲ အရင် ဆက်သွယ်ပါ့မယ်"

"အိုခေ"

သူကလည်း နပ်ပါတယ်။ သူမ မပြောခင်ကတည်းက ပေးဖို့စီစဉ်ထားတဲ့ အိတ်ဆောင် Visiting Card ကလေးကို ဖျတ်ခနဲ ထုတ်ပေးလိုက်ပါတယ်။ သူမကျ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကတ်ကလေးကို ချက်ချင်းပဲ ငုံ့ကြည့်ပြီး . . .

"ဖန်းချီရှိမီ"

လို့ ခပ်ဖွဖွရေရွတ်ရင်း သူ့ကို မျက်လုံးဝိုင်းလေးနဲ့ မော့ကြည့်တယ်။

"ပန်းချီရှိမီဆိုတာ . . ."

"ဟုတ်တယ် . . . ပန်းချီရှိမီဆိုတဲ့ ကော်ဖီဆိုင်ပိုင်ရှင်သူဌေးက ကိုယ်ပဲ"

"ရှင်"

သူမရဲ့ တစ်ကိုယ်လုံး ရှက်ရွံ့စိုးရိမ်မှုတွေရော၊ အံ့ဩမှုတွေရော လွှမ်းခြုံသွားပါတော့တယ်။

"ဘာလဲ . . . အံ့ဩသွားပြီလား"

"ဒါ . . . ဒါဆိုရင် ကျွန်မ ပိုပြီး အားနာစရာတွေ၊ ကျေးဇူးတင်စရာတွေ ဖြစ်ရပြန်ပြီ"

"သူဌေးမဟုတ်ရင် အဲဒီလိုမဖြစ်ဘူးပေါ့"

"ဟို . . . အဲလိုမဟုတ်ပါဘူး။ ဒီအစ်ကို့အပေါ်ကို ကျေးဇူးတင်တဲ့အတိုင်းအတာကတော့ ဒီအတိုင်းပါပဲ။ သူဌေးကိုယ်တိုင်က ကူညီခဲ့တာမို့လို့ ပိုအားနာမိတာမျိုးပါ"

"အိုခေ . . . တစ်ခုတော့ မှတ်ထားပါ ကောင်မ

●——မျှော်——●



လေး။ ကိုယ့်ဘဝမှာ ဒီလိုအလုပ်မျိုး တစ်ခါမှမလုပ်ဖူးဘူး။ တကယ်ကူညီချင်တဲ့ဆန္ဒရှိရင်တောင် ကိုယ့်တပည့်တွေကို ခိုင်းလို့ရတယ်။ မင်းကိုမို့လို့ . . ."

သူ့စကားက သူမကို အနေခက်သွားစေတယ်ထင်ပါတယ်။

"ဟို . . . အဲဒါဆိုရင် သူဌေးရဲ့နာမည်ကရော ပန်းချီရှိမီပဲလား"

"နိုး . . . ရှိမီယိုကိုကိုတဲ့"

"ဟင်"

သူမ ပိုပြီး အံ့ဩသွားပါတယ်။

"အံ့ဩပြန်ပြီလား။ ကိုယ့်နာမည်ကို သိနေလို့လား"

"ဟင့်အင်း . . . တစ်ခါမှ မသိပါဘူး။ ဒီလို နာမည်မျိုး တကယ်ရှိနေတာ ထူးဆန်းလို့ပါ"

"ကိုယ့်ဒယ်ဒီက တမင်ဆန်းဆန်းလေးဖြစ်အောင် ပေးခဲ့တာတဲ့"

"ဩော် . . . ဒါ . . . ဒါဆို ကျွန်မ ဆက်သွယ်ဖြစ်အောင် ဆက်သွယ်လိုက်ပါ့မယ်။ သူဌေးကို ကောင်းကောင်း ညွှဲ့ဝတ်ကျေချင်ပါတယ်။ ကျွန်မသွားတော့မယ်နော်။ ဂျူ

●——မျှော်——●

www.burmeseclassic.com

www.burmeseclassic.com



စိုက်ပြီး ပြန်ပါ သူဌေး"

သူမဟာ ချက်ချင်း ဘာဖြစ်သွားမှန်းမသိဘဲ ပျာရိပျာယာ နှုတ်ဆက်ပြီး လှည့်ထွက်သွားပါတယ်။ သူ ပြုံးပြီး

"ဟော့! ကောင်မလေး . . . မင်းနာမည်ကိုလည်း ပြောခဲ့ဦးလေ"

လို့အော်လိုက်မှ နောက်လှည့်မကြည့်ဘဲ ရပ်ပေးပါတယ်။

"ကိုယ့်နာမည်ကိုတော့ သိချင်ပြီး မင်းနာမည်ကိုတော့ မပြောလို့ ဘယ်ရမလဲ။ မပြောရင် ကိုယ် နောက်က လိုက်လာမှာနော်"

သူပြောရင်း သူမနောက်ကို တကယ်ပဲရောက်သွားပါတယ်။ အဲဒီတော့မှ သူမက နောက်ကိုလှည့်ကြည့်တယ်။

"ကျွန်မနာမည်က ပြောစရာမလိုအောင် သိနိုင်မှာပါ"

"လောကကြီးမှာ မပြောဘဲနဲ့ သိတဲ့နာမည်မျိုး ရယ်လို့ ကိုယ် မကြားဖူးသေးဘူး။ အဲဒါမျိုး ဘယ်မှာမှ မရှိနိုင်ပါဘူး"

"အခုရှိလာပါပြီ"

—— ပြုံ ——



"မဝေ့နဲ့ကွာ"

"ကျွန်မလည်း အံ့ဩလွန်းလို့ပါ"

"ကိုယ်အရမ်းသိချင်နေလို့ အထာကိုင်တာလား"

"ကျွန်မက ကိုယ့်ကျေးရှူးရှင် သူဌေးကို ဘာဖြစ်လို့ အထာကိုင်ရမှာလဲ။ Automatic ကို သိရမယ့်နာမည်မျိုးမို့လို့ပါ"

"Automatic သိရမယ့်နာမည်! . . . ကျစ်! . . . ဒီအချိန်မှာ ပဟေဠိနန်းတော်မကြည့်ချင်ဘူး ကောင်မလေး။ မင်းကိုယ်တိုင်ပြောတာပဲ ကြားချင်တယ်"

"ကျွန်မနာမည် ဂျူးလိယက်ပျိုပျို"

"ဟာ!"

သွားပြီ။

ဒီတစ်ခါ မျက်လုံးအကြီးအကျယ်ဝိုင်းသွားတာက တော့ သူပါပဲ။ လှစ်ခနဲ ကသုတ်ကရက်ထွက်ပြေးသွားတဲ့ သူမကိုတောင် ခြံထဲဝင်သွားမှ သတိထားလိုက်မိပါတယ်။ ဒါကြောင့် သူမပုံစံအထူးအဆန်းဖြစ်နေတာကိုး။

ကြည့်စမ်း . . . ဒါမျိုး တကယ်ရှိတယ်လား။

ရိုမီယိုကိုကို & ဂျူးလိယက်ပျိုပျို . . .

—— ပြုံ ——

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း . . . ဒါမျိုး တကယ်ရှိတယ်လား။

ရှိမီယို ကိုကိုတဲ့ . . .

ဂျူးဟာ အံ့ဩလွန်းပြီး ရင်ဘတ်ထဲ ဝုန်းဒိုင်းကျဲသွားလိုက်တာ။ မြတ်ခါးဖွင့်ပြီး စောင့်ကြိုနေတဲ့ အိမ်ဖော်မလေး "မိမော်"ကိုတောင် ဂရုမစိုက်နိုင်တော့ဘဲ အိမ်ထဲကိုကသုတ်ကရက်ပြေးဝင်လာခဲ့မိပါတယ်။

"အောင်မယ်လေး! ပေါ်လာသေးတယ်။ အိမ်ပြန်လာဖော်ရသေးတယ်။ လာခဲ့စမ်း . . . လာခဲ့ . . . လာခဲ့"



ဧည့်ခန်းထဲရောက်မှ ဒေါ်သတွေ ဗရပွနဲ့ ဆီးကြိုနေတဲ့ "ကြီးကြီးခင်" ကို တွေ့လိုက်ရတာမို့ လက်ထဲက ထီးတောင် အလန့်တကြားနဲ့ ပြုတ်ကျသွားခဲ့ပါတယ်။ ပြီးတော့ကြီးကြီးခင်က ရှူပုအံကြိတ်ပြီး ဂျူးအခန်းထဲကို ဆွဲခေါ်ထိုးသွင်းပါတယ်။ အခန်းထဲရောက်တော့လည်း စိတ်ရှိတိုင်းအော်ပြီး ထုရိုက်ပြန်သေးတယ်။

"ကြည့်စမ်း . . . လူကြီးတွေကို ဒေါသထွက်အောင်လုပ်တဲ့ကလေး။ လူကြီးတွေကို စိတ်ပူအောင်လုပ်တဲ့ကလေး။ ဒီအချိန်မှ ပြန်လာရသလား။ ဒီအချိန်ထိအောင်ဓနရသလား . . . ကဲ . . . ကဲ"

"အား . . . နာတယ် ကြီးကြီးရဲ့ ဒီမှာ မှန်တိုင်းမိပြီး ပင်ပန်းလာတာကို"

"အောင်မာ . . . ဒီလိုလေသံမျိုးနဲ့ ပြန်ပြောရဲသေးတယ်။ အေး . . . ညည်းပင်ပန်းတာက အကြောင်းမဟုတ်ဘူး။ နိုင် ပင်ပန်းတာကမှအကြောင်း။ ကဲ . . . ဒီပြဿနာကို ဘယ်လိုလုပ်မှာတုန်း"

"သိရဲ့သားနဲ့ ဘယ်လိုလုပ်လို့ရတော့မှာလဲ။ သူပေးတဲ့အပြစ်ကို ခံယူဖို့ပဲရှိတော့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဂျူးက အေးဆေးပြန်ပြောရင်း ဂျာကင်ကို ချွတ်ပြီး နံရံမှာ လှလှပပလေးချိတ်ထားလိုက်ပါတယ်။

"ဘာ်ယ်လိုဖြစ်လို့များ အချိန်မတော်မှ ပြန်ရောက်လာရတာလဲ သိမီးရယ်၊ သုံးနာရီတည်းက ကော်ဖီဆိုင်ထဲကို ရောက်နေတယ်ဆိုရင် ငါးနာရီမထိုးခင် အိမ်အရောက်ပြန်လာလို့ကို ရတယ်၊ မိုးလည်းလွတ်တယ်၊ နိုင်နဲ့လည်း ပြဿနာတက်စရာအကြောင်းကို မရှိဘူး။ ငါ့မှာ ဘယ်လောက် အပြောအဆိုခံလိုက်ရတယ်ထင်လဲ၊ ညည်းတင်အပြစ်ခံရမှာ မဟုတ်ဘူး၊ ကျုပ်ပါ အပြစ်ပေးခံရတော့မှာ"

"..."

"ဒီကိစ္စက ညည်းမှားတာ မိရွှေဂျူး၊ နိုင်က စည်းကမ်းရှိဖို့နဲ့ အချိန်တိကျဖို့ကိုပဲ အလေးထားတာ၊ ကျန်တဲ့အခွင့်အရေးတွေ အကုန်အပြည့်အဝပေးပြီးသား၊ ဒီလောက်အခွင့်အရေးတွေ ပေးထားတာတောင် ရတဲ့အခွင့်အရေးကို ကောင်းကောင်းအသုံးမချတတ်ဘူး"

"ဂျူး ဖုန်းဆက်ပြောသားပဲ ကြီးကြီးခင်ရယ်၊ တောင်းပန်ပါတယ်၊ ဟုတ်ပါတယ်၊ ဂျူးမှားတာပါ၊ ဆိုင်ရောက်တော့လည်း ဘရက်ဖုန်းက ခေါ်လို့မရဘူး၊ ဖုန်းဝင်





လာတော့လည်း မှန်တိုင်းရှိတယ်ကြားလို့ သူ့အိမ်က ပေးမလွှတ်တော့ဘူးတဲ့၊ အချိန်ကလည်း လေးနာရီကျော်သွားပြီ၊ ဂျူးတစ်ယောက်တည်း ဘယ်လိုလုပ်ရမလဲ၊ ပြန်လာရင်လည်း မှန်တိုင်းမိမှာ သေချာတယ်၊ အဲဒါကြောင့် ဆက်ထိုင်နေလိုက်တာပါ"

"အေး . . . . ညည်းဘက်က ကြည့်တော့လည်း ညည်းမှန်တာပဲ၊ နိုင့်ဘက်က ကြည့်တော့လည်း နိုင် မှန်တာပဲ၊ ဒါပေမဲ့ ကိုယ် ဘယ်လောက်ပဲမှန်မှန် ကိုယ့်အဒေါ်ရဲ့ စည်းကမ်းကိုသာ ဦးစားပေးပြီး လိုက်နာရတာ ထုံးစံမဟုတ်လား၊ ဟိုက ကမ္ဘာမှာ နှစ်ယောက်မရှိနိုင်တဲ့ မယ်တိကျ၊ မယ်စည်းကမ်း၊ ကိုယ့်အဒေါ်အကြောင်းကို သိနေရဲ့သားနဲ့များ သိမီးရယ်"

"ဂျူးလည်း မာမီနိုင့်ကို လှမ်းပြောဖို့ စဉ်းစားပါသေးတယ်၊ ပြောလည်း ဆင်ခြေဆိုပြီး လက်ခံမှာ မဟုတ်ဘူးလေ၊ တကယ် ဖုန်းဆက်ကြည့်တော့လည်း မာမီက ဖုန်းပိတ်ထားတာကိုး၊ ဂျူးရောက်နေတဲ့ဆိုင်လေးကလည်း မိုးရိပ်ခိုပုန်းစရာတစ်ခုမှ မရှိပါဘူး၊ အရမ်းအဆင့်မြင့်ပါတယ်၊ လေဒဏ် မိုးဒဏ်ရော ဇာလျှင်ဒဏ်ရော စိတ်ချရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လေးပါ။ ကြီးကြီးက မာဓီ့ကို နည်းနည်းပါးပါး ရှင်းပြပေးထားဖို့ ကောင်းပါတယ်"

"သူဖိပ်းထားတဲ့အချိန်ထက်ကျော်ရင် ဘယ်တုန်းက ရှင်းပြလို့ ရဖူးလဲ၊ ငါးနာရီထိုးတာနဲ့ တစ်ပြိုင်တည်း ဒေါ်သတွေထွက်ပြီး သောင်းကျန်းလိုက်တာ၊ ကျုပ်တို့မှာ နေစရာမရှိဘူး။ အဲဒီအချိန်ကတည်းက အခန်းထဲကို ဝင်သွားတာ ထွက်ကိုမလာတော့ဘူး"

"ဟင်း! မာဓိနိုင့်ကို ဘယ်လိုလုပ်ရပါ့မလဲ၊ အချိန်တိကျမှုကြီးက စိတ္တဇကိုဆန်နေပါပြီ ကြီးကြီးခင်ရယ်၊ ဟိုဒါနဲ့ . . . မာဓိ ဘာမှတော့မဖြစ်ဘူးမို့လား။ နေကောင်းတယ်မှုလား"

"သူက ဒေါ်သကြီးတဲ့ရောဂါကလွဲရင် ဘာရောဂါရှိလို့လဲ"

"ဒေါ်သကြီးလွန်းရင်လည်း ရောဂါတစ်ခုခုက နောက်ထပ်ကပ်ပါလာတတ်တယ် ကြီးကြီးခင်ရဲ့"

"အဲဒါကြောင့် သူ့ကို ဂရုစိုက်ဖို့ပြောနေတာပေါ့။ ကျုပ်မှာ ညည်းဝင်လာကတည်းက ပြောချင်ဆိုချင်နေတာ၊ သူကြားသွားရင် ထွက်လာမှာစိုးလို့ ဒီထဲဆွဲခေါ်လာခဲ့ရတာ"

●——ရှေ့သော——●



"အဲဒါဆိုလည်း ဘာမှပြောမနေပါနဲ့တော့ ကြီးကြီးရယ်၊ ပြဿနာဖြစ်ပြီးလက်စနဲ့ ဘာတတ်နိုင်တော့မှာလဲ။ ဒါဘရက်ကြောင့်ဖြစ်ရတာ၊ သူ့ကို ယုံမိလို့"

" . . . "

"ဟင်း! . . . တွေ့ကြသေးတာပေါ့ ဘရက်ရယ်၊ မာဓိ ဂျူးကို အပြစ်ပေးသလို ဂျူးလည်း ဘရက်ကို အပြစ်ပြန်ပေးရမယ်"

ဂျူးက မကျေမနပ်ပြောဖြီး နတင်မှာ သွားထိုင်လိုက်တော့ ကြီးကြီးကလည်း ဂျူးဘေးနားမှာ ဝင်ထိုင်ပါတယ်။

"ဒါနဲ့ နေပါဦး၊ နန လိုက်ပို့ပေးတဲ့လူငယ်လေးက ဘယ်သူလဲ၊ ဘယ်ကလဲ . . . ပြီးတော့ ထီးတွေ၊ ဂျာကင်တွေကရော"

"ကြီးကြီးခင် လှမ်းမြင်လိုက်လို့လား"

"ကျုပ်မှာ ညည်းအချိန်မီပြန်မရောက်လို့ ဝင်လိုက်ထွက်လိုက်နဲ့ ခေါင်းမီးတောက်နေတာလေ၊ ကျုပ်ကိုယ်တိုင်လည်း လှမ်းမြင်တယ်၊ မိမော်ကို့ဆို ထီးတစ်ချောင်းနဲ့ ထွက်ကြိုနေရတာ၊ အဲဒီကလေးကို သေချာမှတ်မိလိုက်တယ်တဲ့။

●——ရှေ့သော——●

www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ပြောနော် ဂျူးဂျူး။ ရိုးရိုးသားသားရော ဟုတ်ရဲ့လား။ ပြဿနာကို ရှုပ်ပြီးရင် ရှုပ်ချင်မလုပ်နဲ့”

“ဘယ်သူက တမင်သက်သက်ရှုပ်ချင်မှာလဲ ကြီးကြီးရယ်။ ရိုးသားပါတယ်၊ ဂျူးလည်း ပထမတော့ မသိဘူး။ ဆိုင်ထဲမှာ တစ်ယောက်တည်း မှန်တိုင်းရိုပြီး ကျန်နေခဲ့တာနဲ့၊ အဲဒီလူက လိုက်ပို့ပေးတာ။ လမ်းထိပ်ရောက်မှ မိတ်ဆက်လို့ သိသွားတာပါ၊ သူက အဲဒီဆိုင်ပိုင်ရှင်တဲ့”

“ပိုင်ရှင်ကလည်း ငယ်ငယ်လေး။ သမီးထက်ကြီးလှ လေးငါးနှစ်ထက် မပိုပါဘူး”

“ကြီးကြီးကလည်း ဒီခေတ်မှာ လူငယ်လုပ်ငန်းရှင်တွေ အများကြီးရှိနေတာ။ ထီးရော၊ ဂျာကင်ရော ဂျူး မိုးမိပြီး အေးနေမှာစိုးလို့ သူ ပေးလိုက်တာ”

“အေး . . . ရိုးသားတယ်ဆိုပြီးရော၊ လူကောင်းတစ်ယောက်ဆိုပြီးရော၊ ဘာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်တည်း မှန်တိုင်းမိနေတဲ့အချိန်မှာ ဒီလို အိမ်တိုင်ရာရောက်လိုက်ပို့ပေးတဲ့ကျေးဇူးက ဘယ်လောက်ကြီးမားလဲ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူ့ကျေးဇူးကို ပြန်ဆပ်ဖို့ မမေ့နဲ့”



“ဂျူးလည်း ကြီးကြီးကို အဲဒါပြောမလို့။ အခု ကြီးကြီးပြောလာတာနဲ့ အိုကေပဲ။ သူ့ကျေးဇူးကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မဟုတ်ဘူး။ ဖြစ်နိုင်ရင် မနက်ဖြန် သဘက်ကို ဆပ်ပစ်ချင်တာ”

“ဟင်! . . . ဒီလောက်တောင် ရင်းနှီးခဲ့လို့လား”

“ရင်းနှီးဆို သူ့နာမည်ကို ကြီးကြီးသိရင် အရမ်းအံ့သြသွားမှာ။ သူလည်း ဂျူးနာမည်ကိုကြားတော့ ပုံစံက အံ့သြပြီး ရှော့ခ်ရသွားသလိုပဲ။ သူ့နာမည်က ဘယ်လောက် ထူးဆန်းလဲ သိလား . . . ကြီးကြီး”

“ဘယ်လိုနာမည်မို့လို့လဲ”

“ရှိမိယိုကိုကိုတဲ့”

“ဘုရားရေ . . . ရှိမိယိုကိုကို!”

ကြီးကြီးခင် အံ့သြသွားပုံကို ဂျူး သဘောကျပြီး ပြုံးပြုံးလေး ခေါင်းညိတ်ပြလိုက်မိပါတယ်။ ဒီအချိန်ဆို အဲဒီ ရှိမိယိုကိုကိုလည်း ဂျူးလိုပဲ သူနဲ့သက်ဆိုင်သူတစ်ယောက်ယောက်ကို ဂျူးလိယက်ပျိုပျို့အကြောင်းတွေ ပြန်ပြောပြရင်း သဘောကျနေမယ် ထင်ပါရဲ့။

“အို! . . . ဒီလိုနာမည်မျိုး တကယ်ပဲရှိလို့လား

www.burmeseclassic.com



သမီးရယ်။ သမီးက အရင် သမီးနာမည်ကို ပြောပြလိုက်လို့ သူက နောက်ပြောင်ပြီး အဲဒီနာမည်ကို တမင်ပြောလိုက်တာများလား”

“ကြီးကြီးကလည်း သူက အရင်မိတ်ဆက်ပြီး သူ့နာမည်ကို အရင်ပြောတာပါ။ ဂျူးတောင် အရမ်းအံ့သြပြီး လန့်သွားလို့ ကိုယ့်နာမည်ကို တော်တော်နဲ့ ပြန်မပြောနိုင်ခဲ့ဘူး”

“ဘုရား . . . ဘုရား . . . မဖြစ်ဘူး . . . မဖြစ်ဘူး။ ပညတ်သွားရာ ဓာတ်သက်ပါတဲ့။ ရိုမီယိုနဲ့ ဂျူးလိယက်ဆိုကတည်းက ဘာလဲဆိုတာ ကလေးကအစ သိတယ်၊ သမီးတို့ နှစ်ယောက်ရဲ့ စိတ်ထဲမှာလည်း တစ်ခုခုတော့ ဖြစ်မကျန်ခဲ့ဘဲနေမှာ မဟုတ်ဘူး၊ တော်ပြီ . . . ဂျူးဂျူး အဲဒီ သူငယ်ကို ကျေးဇူးဆပ်မယ့်ကိစ္စ ခေါင်းထဲမထည့်နဲ့တော့၊ ငါ စိတ်မချဘူး”

“ဟာ . . . ဘာဖြစ်လို့ စိတ်မချရမှာလဲ။ နာမည်နှစ်ခု ဒီလိုလာဆုံတာနဲ့ပဲ ကျေးဇူးဆပ်မယ့် အစီအစဉ်ကို ဖျက်ပစ်ရမှာလား။ ဒီလိုဆုံဖြစ်လိမ့်မယ်လို့ ဘယ်သူက ကြို သိမှာလဲ။ မထင်မှတ်ဘဲ တွေ့ခဲ့ရတဲ့ကိစ္စကို။ တကယ်ဆို





ဒီလိုမျိုး ရှားရှားပါးပါး နာမည်အတွဲလိုက်ကလေး ဆုံဖြစ်ခဲ့တဲ့အတွက် ကြီးကြီးကတောင် ဂုဏ်ပြုပေးရဦးမှာ”

“အို . . . စကားနောက် တရေးပါ။ ပညတ်သွားရာ ဓာတ်သက်ပါဆိုတဲ့ စကားတွေ မကြားဖူးဘူးလား။ ဆုံမှ ဆုံတတ်ပေတယ်၊ ရိုမီယိုနဲ့ ဂျူးလိယက်ရယ်လို့၊ ဒီလို နာမည်အတွဲလိုက် ဆုံတွေပြီဆိုကတည်းက ဘယ်လိုမိဘမျိုးက စိတ်ချတော့မှာလဲ”

“အခုခေတ်က နာမည်တွေကို သူ့ထက်ငါ အဆန်းတကာ့ အဆန်းဆုံးဖြစ်အောင် ပေးနေကြတဲ့ခေတ်နော် ကြီးကြီး။ တကယ်လို့ ရာဇဓာတုကလျာနဲ့ နတ်သျှင်နောင်တိုတဲ့နာမည်တွဲမျိုး ဆုံဖြစ်ခဲ့ရင်ရော၊ ရှင်မွေလွန်းနဲ့ မင်းနန္ဒာဆိုတဲ့နာမည်တွဲမျိုး ဆုံဖြစ်ခဲ့ရင်ရော၊ သီတာနဲ့ ရာမဆိုတဲ့ နာမည်တွဲမျိုး ဆုံဖြစ်ခဲ့ရင်ရော ကြီးကြီးက ဒီလိုပဲ ပြောမှာမှလား”

“ဟဲ့ . . . အခုခေတ်က အကြံအဖန်များပြီး အမှန်အကန်မရှိသလောက် ရှားသွားပြီဆိုတာရော ထည့်မတွက်တော့ဘူးလား။ အို . . . ဘယ်လိုပဲတွေးတွေး ရှေ့ရေး ရင်လေးရလောက်တယ်၊ ညည်းတို့ဟာက ဇာတ်လမ်းများ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာသလား။ ခုမြင်၊ ခုတွေ့၊ ခုကြိုက်၊ ခုချစ်၊ ခုညား၊ ခုကွဲ တဲ့ အဖြစ်အပျက်တွေ အများကြီးပဲ"

"ကြီးကြီးရယ် . . . ကြီးကြီးက အပျိုကြီးရယ် မပြောရဘူး။ ခုမှ စတွေ့ခဲ့တာကို အဆုံးထိ ဇာတ်လမ်းလိုက်ဆင်ပြီး စိုးရိမ်နေတော့တာပဲ။ ဂျူးမှာ မာမီပေးတဲ့ အပြစ်ကိုလည်း ခံရဦးမယ်။ ကြီးကြီးကလည်း ခါးခါးသီးသီး ဖြစ်နေမယ်ဆိုရင် သူ့ကို ဘယ်လိုကျေးဇူးပြန်ဆပ်လို့ရတော့မှာလဲ။ ကြီးကြီးပဲ သူ့ကျေးဇူးကို ပြန်ဆပ်ဖို့ မမေ့နဲ့ဆို"

"အဲဒါက ရိုးရိုးသားသားမှတ်လို့ပြောတာ"

"အခုလည်း ရိုးရိုးသားသားပဲ ကြီးကြီးရဲ့"

"အပြင်သဏ္ဍာန်ရိုးသားပြီး အတွင်းစိတ်က မရိုးသားတဲ့လူတွေ တစ်ပုံကြီး။ ရှိမီယိုကိုကိုဆိုတဲ့ကောင်လေးက ဂျူးလီယက်ပျိုပျိုဆိုတဲ့ကောင်မလေးကို တွေ့သွားပြီးမှတော့ သူ့စိတ်ထဲမှာ ပုံမှန်ရှိနိုင်ပါတော့မလား"

"အဲဒါက သူ့စိတ်ဆန္ဒလေ။ သူ့စိတ်ထဲမှာ ပုံမှန်ဖြစ်တာ မဖြစ်တာကို တစ်ကဏ္ဍထားလိုက်ပါ။ လူမှုရေးကဏ္ဍ အနေနဲ့ ကြည့်ရင်တော့ ကျေးဇူးပြန်ဆပ်သင့်ပါတယ် ကြီးကြီး ရယ်။ သူက ကြီးကြီးထင်တဲ့လူစားမျိုး မဖြစ်နိုင်ပါ





ဘူး။ ယုံကြည်စိတ်ချရလောက်ပါတယ်"

" . . . "

"ဟို . . . ဒီလိုလုပ်ပါလား ကြီးကြီး။ သူ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ အိမ်မှာ ထမင်းဖိတ်ကျွေးလိုက်မယ်လေ။ အဲဒီနေ့ကျရင် သူနဲ့စကားပြောကြည့်လိုက်ပေါ့။ ရင်းနှီးလာပြီဆိုရင် သူ ဘယ်လိုလူစားလဲဆိုတာ ကြီးကြီး ခန့်မှန်းလို့ရမှာပါ။ လူမြင်လိုက်တာနဲ့တင် ကြီးကြီး စိတ်တစ်မျိုး ပြောင်းသွားနိုင်ပါတယ် . . . နော် . . . အရင်ဆုံး အဲဒီလို စီစဉ်လိုက်ရင် မကောင်းဘူးလားဟင်။ ခွင့်ပြုပေးပါ ကြီးကြီး ရယ်"

ဂျူး ဖပ်ဖပ်မောအောင် ရှင်းပြလိုက်မှ ကြီးကြီးက တစ်ခွန်းမှ ပြန်မပြောတော့ဘဲ သက်ပြင်းချပြီး ဂျူးကို မျက်စောင်းချီပါတော့တယ်။ အဲဒီတော့မှ ဂျူးလည်း ကြီးကြီးခန္ဓာကိုယ်ကြီးကို ဖျတ်ခနဲ သိုင်းဖက်ပြီး ချိုချိုသာသာလေးလေး တွဲတွဲနဲ့ ထပ်ချွဲနိုင်ပါတော့တယ်။

"နော် . . . ကြီးကြီး အဲဒီအစီအစဉ်ကို အရင်ဆုံး ဖြစ်မြောက်အောင် လုပ်ပေးပါနော်"

"နေစမ်းပါဦး။ ခုဟာက ငါက ညည်းကို ရှုပ်ပုဗို့



www.burmeseclassic.com

www.burmeseclassic.com



လား။ ညည်းတောင်းဆိုတာကို ငါက လက်ခံပေးဖို့လား"

"နှစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့ ကြီးကြီးရဲ့၊ ဒီလိုမှ မဟုတ်လည်း ဂျူးက မနက်ကျ အဲဒီကိစ္စကို ကြီးကြီး ဆီမရ ရအောင် ပူဆာဖို့ စိတ်ကူးပြီးသား"

"တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို လောလောဆယ် ပြဿနာတောင် ရှင်းလို့မပြီးသေးဘူး သမီးရဲ့"

"ဟာ . . . ကြီးကြီးကလည်း ဒါ ပြဿနာမှ မဟုတ်တာ။ ဂျူးလည်း ယောကျ်ားလေးသူငယ်ချင်းတွေရော၊ မိန်းကလေးသူငယ်ချင်းတွေရော အများကြီး ပေါင်းနေတာပါ။ ဒီကြားထဲ အဒေါ်နှစ်ယောက်ရဲ့ သူငယ်ချင်းတွေကိုလည်း ရေလိုက် ငါးလိုက် ပေါင်းတတ်သေးတယ်ဆိုတော့ လူကဲခတ် ဒီလောက်ကြီး မညံ့ပါဘူး။ သူလည်း ဘယ်လောက်ပဲကူညီ ကူညီ ဂျူး စိတ်ထဲမှာ ပုံမလာရင် ဒီလို အခွင့်အရေးပေးမိမှာ မဟုတ်ပါဘူး"

"ဟင်း . . . ရှုပ်ရှုပ်ယှက်ယှက်"

"ခုဟာက မိန်းကလေးတစ်ယောက်တည်းမို့လို့ မကောင်းတတ်လို့ ကူညီတဲ့ပုံစံမျိုး မဟုတ်ဘူး။ မကောင်းတဲ့ အကြံမျိုးနဲ့မလည်း မဟုတ်ပါဘူး။ တကယ့်ကို လိုက်



လိုက်လှဲလှဲနဲ့ ဖေးဖေးမမကို ကူညီတာ။ ဘယ်လိုပြောရမလဲ၊ ကြီးကြီးခင်နဲ့ မာမီနိုင့်လိုပဲ မိသားစုဝင်တစ်ယောက်လို၊ ညီမလေးတစ်ယောက်လို နွေးနွေးထွေးထွေးနဲ့ အရမ်းကို ဂရုစိုက်တာ။ တွေ့ဆုံပွဲလုပ်တဲ့နေ့ကျရင် ကြီးကြီး သိမှာပါ"

"ပြီးရော . . . ပြီးရော . . . အဲဒီနေ့ကျမှ အကဲခတ်ကြည့်မယ်။ ဒီသူငယ်ကို မိတ်ဆွေလုပ်သင့်မလုပ်သင့်"

"တကယ်နော် ကြီးကြီး။ အမြန်ဆုံး စီစဉ်နော်"

"အေးပါ . . . နိုင့်ကို ဒီတစ်ပတ်အတွင်း အေးအေးဆေးဆေး ချောင်းဖျပြီး ပြောကြည့်ပါ့မယ်"

"ဟေး . . . ဒါမှ တို့ကြီးကြီးခင်။ ဒါကြောင့် ကြီးကြီးခင်ကို အားကိုးတာ၊ ကြီးကြီးခင်ကို ပိုချစ်တာ"

ဂျူးက ပြောပြောဆိုဆိုနဲ့ ကြီးကြီးခင်ကို ဖက်ထားရင်းကနေ ပါးပြင်ကို တရှိုက်မက်မက် မွှေးကြူလိုက်ပါတယ်။ မနက်ခင်း အရက်ဦးကလေးက ကြီးကြီးရဲ့ မွှေးပျံ့လွန်းတဲ့ မြန်မာ့သနပ်ခါးစစ်စစ်အနံ့နဲ့ ခေါင်းမှာ ပန်ထားတဲ့ စပယ်ပန်းအနံ့တို့ကြောင့် စိတ်အာရုံကို ကြည်နူးလန်းဆန်းမှုတွေ အပြည့်အဝ စီးဝင်လာခဲ့သလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါအေ . . . ခိုင့်ရှေ့ကျ မာမိခိုင့်ကို မိုချစ်တာလို့ ပြောဦးမှာမို့လား။ ကဲ . . . အချိန်လည်းကြည့်ဦး ဂျူးဂျူး ဗိုက်မဆာဘူးလား။ ဘာမှမစားခဲ့ရသေးဘူးမို့လား"

"အင်း . . . ကော်ဖီပဲသောက်ခဲ့တာ။ နည်းနည်းတော့ ဆာလာသလိုပဲ"

"ကောင်းပြီ၊ ရေမချိုးနဲ့တော့ အပြင်သွားခါနီးမှချိုးသွားတာမို့လား။ ခြေလက်မျက်နှာသန့်စင်ပြီး အဝတ်လဲထားလိုက်။ ပြီးရင် ကြီးကြီး ခေါက်ဆွဲပြုတ်အချိုလုပ်ပြီး မိမော်ကို ပို့နိုင်းလိုက်မယ်"

"ဟုတ်"

"ဪ . . . ဒါနဲ့ ခိုင်က အမိန့်ထုတ်ပြီးမှ သူ့အခန်းထဲကိုဝင်သွားတာနော်။ မနက်ကျရင် အပြစ်ခံယူဖို့ ဧည့်ခန်းထဲကို ခုနစ်နာရီအရောက်ကြွပါတဲ့"

"စိတ်ညစ်လိုက်တာ ကြီးကြီးရယ်၊ ဘယ်လိုအပြစ်တွေ ပေးဦးမှာလဲ မသိဘူး"

"ဘယ်သိမလဲ။ သူက ပြစ်ဒဏ်ကို မရိုးရအောင်ပေးနေတဲ့ဟာကို"

"ဟင်း"





ကြီးကြီးခင်က ပြောပြီးထွက်သွားတော့ ဂျူး စိတ်ပျက်လက်ပျက်နဲ့ နှာခေါင်းရှုံ့လိုက်မိလေတယ်၊ ဒီတစ်ခါ ဘယ်လိုအပြစ်ပေးတာကို ခံရဦးမှာပါလိမ့်။ ဒါပေမဲ့ ဂျူးဟာ အဲဒီအပြစ်ပေးခံရမှာကို စိတ်ပျက်မိတာကလွဲပြီး ရင်ထဲမှာ စိုးရိမ်ကြောက်လန့်မှုဖြစ်တာမျိုးတော့ သိပ်မရှိတော့ပါဘူး။

ဘာကြောင့်လဲဆိုတော့ ငယ်ငယ်လေးကတည်းက အချိန်မလေးစားမှုနဲ့ ပတ်သက်ပြီး မကြာခဏ ပြစ်ဒဏ်ပေးတာတွေ ခံခဲ့ရသလို ခံခဲ့ရတဲ့ပြစ်ဒဏ်တွေကလည်း ကိုယ့်အသားနာစေတဲ့ ပြစ်ဒဏ်မျိုး မဟုတ်ဘဲ မတတ်သိတာတွေ တတ်သိခဲ့ရတဲ့ပြစ်ဒဏ်မျိုး၊ မရရှိဘူးတဲ့အတွေ့အကြုံ ဗဟုသုတတွေ ရရှိခဲ့ရတဲ့ပြစ်ဒဏ်မျိုးတွေ ဖြစ်လို့ပါပဲ။

ပြီးတော့ အဲဒီလို အပြစ်ပေးခံရခြင်းရဲ့ နောက်ဆက်တွဲရလဒ်အနေနဲ့ ဂျူးဟာ မလှသော မချောင်သာတဲ့ အခက်အခဲမျိုးကလွဲရင် အချိန်ကို လေးစားတန်ဖိုးထားတတ်သော၊ စည်းကမ်းရှိသော၊ လိမ္မာပါးနပ်သော၊ အပြောအဆို အနေအထိုင် ယဉ်ကျေးသိမ်မွေ့သော၊ ဘာသာတရားကိုင်းရှိုင်းသော မိန်းကလေးတစ်ယောက်အဖြစ် ရပ်တည်နိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်၊ ဂျူးရဲ့မိသားစုနဲ့အတူနေခဲ့မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တောင် ဂျူးဟာ ဒီလိုမိန်းကလေးဖြစ်လာနိုင်မယ် မထင်ပါဘူး။

ဒါကြောင့် မာမီနိုင့်ဘက်ကလည်း အချိန်တိကျမှု မရှိတိုင်း ပြဿနာတွေ မရှိးနိုင်အောင် ပေးလေ့ရှိသလို၊ ဂျူး ဘက်ကလည်း အချိန်ကို မလေးစားတာ မဟုတ်ပေမယ့် တစ်ခါတစ်ရံ ရှုတ်ရှက်သွားတာမျိုးတွေရှိခဲ့ရင် အဲဒီပြဿနာ တွေကို မပြီးမပြတ်လိုက်နာခဲ့ရတာ အကျင့်တစ်ခုလို ဖြစ်နေ ခဲ့ပါပြီ။ (ပြဿနာခံနေရချိန်အတွင်း မွန်းကျပ်လွန်းလို့ စိတ် ပျက်မိတာကလွဲရင်ပေါ့)

ဘာပဲဖြစ်ဖြစ် ဒီတစ်ခါ ခံရမယ့်အပြစ်ကတော့ ဂျူးအတွက် ထိုက်တန်တယ်လို့ပဲ တွေးလိုက်မိပါတယ်။ ဂျူး အပေါ်ကို အတိုင်းထက်အလွန် လိုက်လိုက်လဲလဲနဲ့ ကူညီ စောင့်ရှောက်ပေးခဲ့သူ၊ အကြင်နာရိပ်တွေနဲ့ နွေးနွေးထွေး ထွေး ဂရုစိုက်ဖေးမပေးခဲ့သူ၊ ပြီးတော့ ဂျူးရဲ့စိတ်ကို အချိန် တိုကလေးအတွင်းမှာ လှုပ်ရှားငြိတွယ်စေနိုင်ခဲ့သူ၊ အဲဒီလို အရိန်အဝါတွေ လွှမ်းခြုံနေတဲ့ ရိုမီယိုကိုကိုဆိုတဲ့ လူသား တစ်ယောက်နဲ့ တွေ့ဆုံခဲ့ရလို့လေ။

ဂျူးဟာ အိပ်ရာဝင်တဲ့ထိ တော်တော်နဲ့ အိပ်မပျော် နိုင်သေးဘဲ သူ့ရဲ့ လိုက်လိုက်လဲလဲ ကူညီဖေးမပေးခဲ့ပုံတွေ၊





နွေးနွေးထွေးထွေး ဂရုစိုက်ပေးခဲ့ပုံတွေ၊ ပြီးတော့ ချစ်သူ တစ်ယောက်လို ပိုင်စိုးပိုင်နင်း စိုးမိုးခဲ့ပုံတွေကို တစိမ့်စိမ့် မြင်ယောင်နေမိပါတယ်။

ကြည့်စမ်း . . . တဒင်္ဂသာ တွေ့ခဲ့ရပေမယ့် သူက ဂျူးရင်ထဲမှာ အထင်ကရ နိုဝင်လာခဲ့ပြီပဲ။ ကံကြမ္မာက ဘယ်လိုနည်းနဲ့များ ပြန်လည်ဆုံတွေ့ခွင့်ပေးမလဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၇

သူငယ်ချင်းတစ်ယောက်က ပြောဖူးတယ်။

မနက် အိပ်ရာနိုးနိုးခြင်း အရင်ဆုံး သတိရမိတဲ့ သူဟာ ကိုယ့်ရဲ့စိတ်ကို အလွှမ်းမိုးနိုင်ဆုံးသူပဲ ဖြစ်လိမ့်မယ် တဲ့။ အဲဒီစကားလေးဟာ သူ့အတွက်တော့ သေချာသွားခဲ့ပါ ပြီ။ သူမဟာ သူ့ရဲ့စိတ်ကို ဘယ်လောက်ထိများ လွှမ်းမိုးစေ နိုင်ခဲ့ပြီလဲ။ ညနေကမှ တွေ့ခဲ့ရတဲ့ သူတို့နှစ်ယောက်ရဲ့ တွေ့ ဆုံပုံလေးက အိပ်မက်ထဲထိတောင် ထင်ဟပ်လာသလို ရှိ ခဲ့ပါတယ်။ မနက်အိပ်ရာနိုးတော့လည်း သူ့မျက်နှာလေး





သာ မြင်ယောင်လာတော့တယ်။

, ဂျူးလိယက်ပျို့ပျို့ . . . တဲ့ . . .

နွေမှာတွေ့တော့ နွေဦးသမီးပျို

မိုးမှာတွေ့တော့ မိုးနတ်မင်းသမီး

ဆောင်းမှာတွေ့တော့ စန္ဒီးပို့က်

အင်း . . . သူ့အတွက်တော့ မိုးနဲ့အတူ တွေ့ခဲ့ရ တာမို့ မိုးနတ်မင်းသမီးကလေးပေါ့။ သူဟာ ညနေကအဖြစ် အပျက်ကလေးကို တွေးပြီး အိပ်ရာကနေ အပြုံးနဲ့ နိုးထ လိုက်တယ်။ နံရံက ခန်းစည်းစကို ဆွဲကြည့်လိုက်တော့ ရာသီဥတုက အုံ့ဩဖွယ်ကောင်းလောက်အောင် ကြည် လင်သာယာနေလိုက်တာ။

တိမ်နီး တိမ်ငွေ့ကင်းစင်နေတဲ့ နေရောင်ခြည်က နွေသစ်ကို သူ မဟုတ်သလို ကြိုဆိုနေလိုက်ပုံများ။ ညနေ တဖြင့် မိုးပဲ ပြိုကျတော့မလိုလို၊ ဒါကြောင့် မြန်မာပြည်မှာ ရန်ကုန်မိုးက နာမည်ကြီးခဲ့တာ။ ဒါမှမဟုတ်လည်း မုန်တိုင်း အများခတ်သွားတာကြောင့်လည်း ဖြစ်မှာပေါ့လေ။

ဘာပဲဖြစ်ဖြစ် သူမနဲ့တွေ့ဆုံဖို့ရှိလို့ကိုပဲ သူ့အတွက် ရာသီဥတုက ရုတ်တရက် ဖောက်လွဲဖောက်ပြန် လုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာထင်ပါရဲ့။ သူဟာ တစ်ခါမှ မတွေ့စဖူး ကံကို ရှိုးမယ်ဖွဲ့တဲ့အရှေ့တွေးမျိုးတောင် တွေးလိုက်မိပါတယ်။

ပြီးတော့ ရေချိုးခန်းဝင်၊ အဝတ်အစားလဲ၊ ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီး ထုံးစံအတိုင်း breakfast မစားခင် နေ့စဉ် ဘုရားဝတ်ပြုနေကျ အလုပ်ကို ပြုလုပ်ရပါတယ်။ သူ ဘုရားခန်းထဲကထွက်လာတဲ့အခါမှာတော့ အလုပ်ခန်းထဲက ထွက်လာတဲ့ နိုင်ငံကျော် "ပန်းချီဆရာကြီးဦးမိုးဇ" နဲ့ ပက်ပင်းတိုးပါတော့တယ်။

အဝတ်အစားက ကပိုကရို၊ မျက်နှာက ခပ်နွမ်းနွမ်း၊ မျက်လုံးတွေက ရီဝေဝေ၊ ဆံပင်နဲ့ နှုတ်ခမ်းမွေးတွေက ခပ်ရှည်ရှည်ဆိုတော့ ရုပ်နဲ့နာမ် သိပ်အစေးမကပ်တဲ့ပုံပါပဲ။

"ဟော! . . . သား"

"ဟာ! . . . ဒက်ဒီ ဒီနေ့ အစောကြီးပါလား"

"အေး . . . ဒီနေ့မနက်စောစော အရှက်ရတာနဲ့ ကွာ။ မောနင်း ရှိမီ"

"မောနင်း ဒက်ဒီ။ အခု အလုပ်ခဏ နားလိုက်ပြီလား"



"သုံးနာရီခွဲက ထဆွဲနေတာဆိုတော့ ခန္ဓာကိုယ်ကြီးက အစာတောင်းနေပြီလေ။ သူ့ကို breakfast ကျွေးရဦးမှာပေါ့"

"ဒါဆို ဒီနေ့ breakfast ဝိုင်းကို အချိန်နည်းနည်းပိုပေးလို့ရမလား"

"သားအတွက်ဆို ပေးရမှာပေါ့ကွာ။ ဘာဖြစ်လို့လဲ"

"သား ဒီနေ့ ဒယ်ဒီ့ကိုပြောစရာရှိတယ်။ မေးလည်းမေးစရာရှိလို့"

"အိုခေ . . . စိတ်ကြိုက်ပြော၊ စိတ်ကြိုက်မေး စမ်းကွာ။ ဒီနေ့ ဒက်ဒီ အာရုံလန်းနေတာနဲ့ အတော်ပဲ။ အခု မနက် ထဆွဲတဲ့ကားက မနက်ဖြန်ဆို ပြီးပြီကွ"

"ဒီတစ်ခါ မြန်သားပဲ ဒက်ဒီ။ ဘယ်လိုပုံစံမျိုးမို့လို့လဲ။ သား နည်းနည်းမြည်းကြည့်ရမလား"

"မင်း မမြည်းဘူးတဲ့ကားရှိလို့လားကွာ။ မင်းက taste သမားပဲ၊ အရောင်းအဝယ်ကလည်း လုပ်သေးတဲ့ကောင်ဆိုတော့ ဒက်ဒီက မပြလို့ရမလား . . . လာ"

ဒက်ဒီက ပြောရင်း ရှေ့ကနေဦးဆောင်ပြီး သူ့အလုပ်ခန်းထဲကို ခေါ်သွားပါတယ်။ အဲဒီအလုပ်ခန်းက

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆွဲဖော်ဆွဲဖက်တွေကလွဲရင် ဘယ်လိုလူမျိုးကိုမှ အဝင်မခံပူါဘူး။ သူတောင် ဒက်ဒီ စိတ်ပါလက်ပါရှိတုန်း တရံတခါသေခွင့်တောင်းမှ ဝင်ခွင့်ရတာမျိုးပါ။ အခန်းထဲ ရောက်တော့ စုတ်ချက်ကလေးတွေ သေသပ်လှပလွန်းတဲ့ Canvas မျက်နှာပြင်ကို သူ စူးစူးစိုက်စိုက်ကြည့်လိုက်မိပါ တော့တယ်။

"ဝိုး! . . . မြန်လိုက်တာ။ ပုံလေးက တော်တော် ပေါ်နေပြီပဲ ဒက်ဒီ။ မိုက်တယ်ဗျာ . . . ဒီတစ်ခါ Country ဒီဂိုင်းလေးနော်"

"အင်း . . . ဆွဲချင်နေတာ ကြာပြီကွာ။ တခြားကား တွေ ဦးစားပေးနေတာနဲ့၊ ဒါ စုတ်ချက်အကြမ်းတွေပဲ ရှိ သေးတယ်။ Fine Touch တောင် မဝင်ရသေးဘူး"

"သားကြည့်ရတာ စိတ်ထဲမှာ တစ်မျိုးထူးဆန်းနေ သလိုပဲ။ ဒီအိမ်ပုံစံလေးရယ်၊ ဒီစိုက်ခင်းတွေရယ်၊ ဒီမြင်း ရယ်က ဒက်ဒီ သားကို ငယ်ငယ်က ခဏ ခဏ ပြောဖူးတဲ့ ဒက်ဒီ့ရဲ့ဇာတိမြေက အိမ်ပုံစံလေးနဲ့ တူနေသလိုပဲ။ ကေန္တ"

"အစစ်ပေါ့ကွာ။ တူတာ ဘယ်ဟုတ်လိမ့်မလဲ"

"ဒါဆို မြင်းလှည်းကရော"





"မင်း ဝမာလူမျိုးမဟုတ်လား။ မပြီးခင် ဗမာ မမြင် စေနဲ့လေ"

"ဟား . . . ဆောရီး ဒက်ဒီရာ . . . ဆောရီး၊ သား စိတ်အရမ်းလောသွားတယ်၊ ဒါကြောင့် ဒီပန်းချီကားကဲ ထူးခြားနေတာကိုး၊ အနုပညာသမားတွေက စာပဲဖြစ်ဖြစ် ပန်းချီပဲဖြစ်ဖြစ် လက်တွေ့ခံစားရတဲ့အဖြစ်အပျက်နဲ့ လက် တွေ့ မြင်ကွင်းတွေကို တင်ပြမယ်ဆိုရင် စိတ်ကူးယဉ်လုပ် ကွက်တွေထက် ခံစားသက်ဝင်မှု အရမ်းကောင်းတယ်တဲ့၊ အလုပ်ချိန်လည်း အပြီးမြန်တယ်တဲ့"

"အင်း"

"အဲဒါ အမှန်ပဲမို့လား ဒက်ဒီ။ သားက အနုပညာကို မဖန်တီးတတ်ပေမယ့် ခံစားတတ်သူဖြစ်နေတော့ ဒါမျိုးတွေ ကို နားလည်တယ်၊ ယုံလည်း ယုံတယ်၊ ဒီမှာ ချိတ်ထားတဲ့ ဒက်ဒီ့ရဲ့ Old Flame ပုံတွေကို ကြည့်ရင် အဖြေကပေါ်နေ ပြီပဲ၊ ဒက်ဒီ့အချစ်ရဲ့အပြုံးကို ဆွဲထားလိုက်တာများ မိုနာ လီဇာနဲ့တောင် မလဲနိုင်ဘူးလေ"

"ဟား . . . ဟား . . . ဒါပေါ့ကွာ။ ငါ့သားပဲ ဒီ လောက်တော့ နပ်ရမှာပေါ့။ ကိုယ်နေခဲ့တဲ့ပုံစံအတိုင်း ပုံဖော်



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ကိုယ် ခံစားရတဲ့ ခံစားမှုအတိုင်း တင်ပြတာဆိုတော့ သက်ဝင်တာပေါ့"

တကယ်တော့ သူက ဒက်ဒီရဲ့ ရည်းစားဟောင်းဆိုတာကို မြင်ဖူးဖို့မပြောနဲ့ နာမည်တောင် ကြားဖူးတာ မဟုတ်ပါဘူး။ သူ့ ရှစ်တန်းနှစ်တုန်းက "ဒါ . . . ဒက်ဒီ့ရည်းစားဟောင်းရဲ့ပုံတူတွေပဲ" လို့ ပြောခဲ့လို့သာ သူကလည်း ပြောတဲ့အတိုင်း သတ်မှတ်ခဲ့ရတာပဲ ဖြစ်ပါတယ်။

"ဒါကြောင့် ဒက်ဒီဆွဲတဲ့အထဲမှာ ဒီအမျိုးသမီးပုံနဲ့ အခု Country ဒီဇိုင်းက Classic အဖြစ်ဆုံးလို့ထင်တယ်။ ဒက်ဒီ့ရဲ့ လက်ရာအမှန်ကတော့ Classic နဲ့ Modern ရောစပ်ထားတဲ့ လက်ရာမျိုးချ။ သား ဒါကိုကြည့်ပြီး ဘာသွားမြင်လဲဆိုတော့ ဆယ်တန်းနှစ်တုန်းက ဒက်ဒီပြဖူးတဲ့ Claude Monet ရဲ့ ပန်းချီကားလေး၊ ဒီကားမှာ မိုးနေးရဲ့ အငွေ့အသက်တွေ လွှမ်းခြုံနေသလို ထင်ရတယ်"

"အို့ဓေ . . . မင်း မဖန်တီးတတ်ရင် နေပါစေ၊ ဒီလောက်ခံစားတတ်ပြီဆိုရင်ပဲ ဒက်ဒီ လုံးဝ ကျေနပ်ပြီ"

"ဒါဆို ဒီကားပြီးရင် ဒက်ဒီ ဘာလုပ်မယ် စိတ်ကူးလဲ"



"ခုချိန်ထိတော့ မပြောတတ်သေးဘူး"

"ပြခန်းတင်ဖို့ရော"

"စိတ်ကြိုက်ဖြစ်မယ်၊ အထူးခြားဆုံးလည်း ဖြစ်သွားမယ်ဆိုရင်တော့ တစ်မျိုးပေါ့"

"အနုပညာသမားတွေ ကြိုက်မယ့်လက်ရာဗျူ။ ဘာလုပ်ရမှန်းမသိရင် သားကို ပေးကိုင်ဗျာ။ ဒက်ဒီ ဘယ်လောက် လိုချင်လဲ ပြော"

"No! .. Not For Sale လည်း ဖြစ်ချင်ဖြစ်မယ်"

"ဟင်၊ ပြခန်းတင်ဖို့လည်း မသေချာဘူး၊ ရောင်းလည်း မရောင်းဘူးဆိုတော့ ဘာလုပ်မှာလဲ ဒက်ဒီရာ"

". . ."

"ဟို . . . ဒက်ဒီ့ပါတနာ ဦးကျော်ထင်ကြီးကိုတော့ သွားမပြလိုက်နဲ့နော်။ သူက Antique dealer ဆိုတော့ ပန်းချီကား ခေတ်တော်များများကို အရောင်းအဝယ်လုပ်ဖူးတယ်။ ပစ္စည်းတစ်ခုကို မြင်လိုက်တာနဲ့ ဘယ်အဆင့်ရှိလဲဆိုတာ သိတယ်။ တော်ကြာ ဒက်ဒီ မကြွေကြွေအောင် ခြွေနေဦးမယ်နော်"

"သိပါတယ်ကွာ။ ကိုယ့်သားကိုယ်တောင် မပေး

www.burmeseclassic.com

www.burmeseclassic.com



မကိုင်တာ တခြားလူကို ခေါင်းထဲထည့်ပါ့မလား"

"အိုခေ . . . သား လာရှုပ်တာနဲ့ ဒက်ဒီ ဗိုက်အရမ်းဆာနေတော့မယ်။ ဒါနဲ့ ဒက်ဒီ အာရုံလန်းနေတုန်း ဆံပင်တွေ၊ နှုတ်ခမ်းမွေးတွေ ရှင်းလိုက်ပါလား။ အရမ်းရှည်နေပြီ"

"ဒီကားပြီးရင် ရှိုင်းမယ်ကွာ။ Beauty Sallon မှာ Shaving သွားလုပ်မယ်။ Body Scrub ပါ လုပ်ပစ်မယ်ကွာ"

"ဟား . . . ဟား . . . မိုက်တယ်။ ဒါမှ တို့ဒက်ဒီ။ ပန်းချီကားတစ်ကားပြီးတိုင်း အဲလို Relax သွားလုပ်ပါဗျ"

သူတို့သားအဖနှစ်ယောက် ရယ်ရယ်မောမောနဲ့ ထွက်လာတော့ အိမ်တော်ထိန်း ဒေါ်စန်းက နံနက်စာစားဖို့ လာခေါ်တာနဲ့ တိုးပြန်တယ်။

"သားအဖနှစ်ယောက် နံနက်စာ သုံးဆောင်ဖို့ အဆင်သင့်ဖြစ်ပါပြီကွယ်။ ပူပူနွေးနွေးလေး စီစဉ်ထားပါတယ်"

"ခုပဲ စားတော့မှာ ဒေါ်စန်း။ ဘာတွေစီစဉ်ထားလဲ"

"မောင်ဇအတွက်က ထမင်းကြော်၊ ကြက်ကြော်၊ ဝက်အူချောင်းကြော်။ သားလေးအတွက်က ဇက်ထုပ်

⸻ ⸻



ဆီချက်။ ပြီးတော့ သားအဖနှစ်ယောက်ရဲ့အကြိုက် လက်ဖက်ရည် ကျစိမ့်လေးလည်း နှပ်ထားပါတယ်"

"အိုခေ . . . တော်တယ်။ ဒီနေ့ ဒေါ်စန်းစီစဉ်တာ ကောင်းတယ်"

ပြောပြောဆိုဆို လျှောက်လာကြရင်း စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်လိုက်ပါတယ်။ တကယ်ပါပဲ ဒေါ်စန်းက အရှိုပွဲမှအစ စားချင်စဖွယ် လှလှပပဖွယ်ဖွယ်ရာရာ စီမံပေးထားတာစုံလို့။

"ကဲ . . . သားက ဒက်ဒီ့ကို ဘာတွေများပြောစရာတွေ၊ မေးစရာတွေရှိနေတာလဲ။ စားသောက်ရင်း ပြော ပြောရင်း စားသောက်ကြတာပေါ့ကွာ"

"ဒက်ဒီ အေးဆေးပဲစားပါ။ အဝီဆွဲ၊ ဒက်ဒီက စိတ်နဲ့ အလုပ်လုပ်ရတာဆိုတော့ ဗိုပင်ပန်းတယ်၊ ပြီးမှ ကော်ဖီသောက်ရင်း ပြောမယ်"

"မင်းလည်း ကောင်းကောင်းစား၊ ဝဝစား။ စားနိုင်မှ အားရှိမှာ။ မနက်ခင်းစာက အားအပြည့်ဆုံးပဲ။ ဒါမှ တလစ်တွေမှာ ကဲနိုင်မယ်။ ဆော်လေးတွေ တစ်ယောက်ပြီး တစ်ယောက် ချိတ်နိုင်မယ်"

⸻ ⸻

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒက်ဒီကလည်း အခု သားပြောမှာ လည်း ကြောင်မလေးကိစ္စဗျ"

"ဟား . . . ဟား . . . ဟား . . . သေလိုက်ပါတော့ ကွာ။ စမိတာတောင် မှားပါပြီ"

ဒက်ဒီက တဟားဟားနဲ့သဘောကျသွားပြီး ထမင်းကြော်ကို အဝိဆွဲပါတော့တယ်။ သူတို့သားအဖနှစ်ယောက်က သားအဖလိုဘက် ညီအစ်ကိုလိုနေထိုင်တတ်သူတွေပါ။ ဒက်ဒီ့ဘက်ကသာ ဘဝရဲ့လှို့ဝှက်ချက်တွေ၊ ခံစားမှုတွေ၊ မျိုသိပ်မှုတွေ၊ ဟန်ဆောင်မှုတွေ ရှိကောင်းရှိချင်ရှိမယ်။

သူ့ဘက်ကတော့ ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုမပျော်ရွှင်စရာမျိုးပဲရှိရှိ၊ ဘယ်လိုအခက်အခဲမျိုးပဲရှိရှိ ဒက်ဒီ့ကို ဖွင့်ပြောပြလိုက်ရမှ နေသာထိုင်သာ ရှိသွားတတ်တာမျိုး ဖြစ်ပါတယ်။ အဲဒီလို ပွင့်ပွင့်လင်းလင်းရှိအောင်လည်း သူ့ဘဝကို ဒက်ဒီက ပြုစုပျိုးထောင်ပေးခဲ့တာဆိုရင် မမှားပါဘူး။

ဘာကြောင့်လဲဆိုတော့ သူ ငယ်ငယ်လေးကတည်းက အဖေလည်း ဒက်ဒီ၊ အမေလည်း ဒက်ဒီ၊ ညီအစ်ကို မောင်နှမလည်း ဒက်ဒီ၊ ဆွေမျိုးသားခြင်းလည်း ဒက်ဒီဖြစ်ခဲ့လောက်အောင် သူတို့ သားအဖနှစ်ယောက်ရဲ့





ဘဝက အတွယ်အတာ အနှောင်အဖွဲ့တစ်ခုမှ မရှိဘဲ အေးအေးချမ်းချမ်း ဖိမ်ကျကျနေနိုင်ခဲ့လို့ပါပဲ။

ဘယ်လောက်ထိ အေးချမ်းခဲ့သလဲ၊ ဘယ်လောက်ထိ ဖိမ်ကျခဲ့သလဲဆိုတာ သူ မှတ်မိသလောက် ပြောရမယ်ဆိုရင် ဒက်ဒီ့ရဲ့ဇာတိချက်ကြွေ မွေးရပ်မြေက အထက်အညာမှာရှိတဲ့ နယ်မြို့လေးတစ်မြို့လို့ ဆိုပါတယ်၊ ဒက်ဒီက ဆွေမျိုးမရှိသလောက် ရှားတဲ့အပြင် တစ်ဦးတည်းသောသားဖြစ်တာမို့ အဘိုးက မြင်းလှည်းကလေးပြေးဆွဲကာ တစ်လှည့်၊ မြို့ထွက်သီးနှံ စိုက်ပျိုးရေးက တစ်ဇက်နဲ့ အိမ်တွင်းရေးကို ပြည့်စုံဖူလုံအောင် ထားပေးခဲ့ပါတယ်တဲ့။ အဘွားကတော့ ဒက်ဒီ့ကို မွေးပြီးကတည်းက ဆုံးသွားခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ဒက်ဒီက ပညာရေးကို ဖြောင့်ဖြောင့်တန်းတန်းသင်နိုင်ခဲ့သလို ဝါသနာပါတဲ့ပန်းချီပညာကိုလည်း စိတ်ရှိသလောက် ရှူးသွပ်နိုင်ခဲ့တာပါပဲ။ ဒါပေမဲ့ ဖြစ်ချင်တော့ ကံကြမ္မာအလှည့်အပြောင်းတစ်ခုက ဒက်ဒီ့ကို ဒီထက်ပိုအေးချမ်းတဲ့ဘဝ ရောက်အောင်ပဲ ပို့ဆောင်ပေးလိုက်သလား? ဒါမှမဟုတ် ဒီလို အေးချမ်းနေတာကို



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ချင်လို့ပဲ ဒုက္ခတွေ ဖန်တီးပေးခဲ့လေသလား?

ဒက်ဒီ အဝေးသင် ဒုတိယနှစ်တက်နေတုန်းမှာ အဲဒီကံကြမ္မာ အလှည့်အပြောင်း ဝင်ရောက်နှောင့်ယှက်လိုက်ပုံက မထင်မှတ်ဘဲ အဘိုး ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးသွားခဲ့တာကို ကြုံခဲ့ရပါတယ်တဲ့။ အဘိုး ဆုံးပြီးလို့ မကြာခင်မှာ တစ်ယောက်တည်း အိမ်ကလေးထဲမှာ ကျန်နေခဲ့တဲ့ ဒက်ဒီ့ကို ရှိစုမဲ့စု ဆွေမျိုးလေးတစ်စုက စိုးရိမ်ပူပန်ကြပြီး ကိုယ့်ထဲကိုယ့်ဟာထဲက မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပေးခဲ့ပြန်တယ်တဲ့။

အဲဒါနဲ့လည်း ကိစ္စက မပြတ်သေးပါဘူး။ ဒက်ဒီ လက်ထပ်ပြီးလို့ တစ်နှစ်အတွင်းမှာ သူ့ရဲ့မွေးသမိခင် ကျေးဇူးရှင်ကလည်း သူ့ကို လူ့ပြည်ရောက်အောင် အားကြိုးမာန်တက် ပို့ဆောင်ပေးပြီး လူ့လောကထဲက ထွက်ခွာသွားခဲ့ပြန်ပါတယ်။ အဲဒီလိုနဲ့ ဒက်ဒီဟာ လောကကြီးအလယ်မှာ ကလေးပေါက်စလေးတစ်ယောက်နဲ့ မျက်စိသူငယ် နားသူငယ် ကျန်ခဲ့ပြီး စိုက်ရင်းပျိုးရင်း ပန်းချီဆွဲရင်း ဘဝကို ရုန်းကန်ဖြတ်သန်းခဲ့ရတာ ဖြစ်ပါတယ်။

အဲဒါတွေအားလုံးဟာ သူ့ကို ဒက်ဒီပြောပြလို့ သိ



ခဲ့ရတာပါ။ သူ အမှန်တကယ် မှတ်မိနေတာကတော့ မူလတန်းအရွယ်မှာ ကျောင်းချိန်ကလွဲရင် ဒက်ဒီ ပန်းချီဆွဲတဲ့နောက် တကောက်ကောက်လိုက်ခဲ့ရတာတွေ၊ ကျောင်းရှေ့နဲ့ ဘုရားစောင်းတန်းတွေမှာ ပန်းချီထိုင်ဆွဲပြီး ရောင်းခဲ့ရတဲ့ပုံတွေပါပဲ။

သူက ငါးတန်းလောက်နဲ့ ပန်းချီကားရောင်းရတဲ့ ငွေတွေကိုကိုင်ခဲ့ရသလို၊ သူငယ်ချင်းတွေကိုလည်း ပန်းချီကားလေးတွေ လိုက်ရောင်းပြီး စီးပွားရှာတတ်ခဲ့ပါပြီ။ မုန့်ဖိုးဆိုတာ တချို့ကလေးတွေလို မိဘဆီက တစ်ခါမှ တောင်းရတယ်မရှိဘဲ သူ့လက်ထဲကို အလိုလိုဝင်လာနေသလိုပါပဲ။

သားအဖနှစ်ယောက် အဲဒီလို အေးဆေးနေလာရင်း တစ်နေ့မှာ ဒက်ဒီက ရန်ကုန်က သူဌေးတစ်ယောက်နဲ့ချိတ်ပြီး ဒီဘဝကို ရောက်ခဲ့ရတာဖြစ်ပါတယ်။ တိုတိုပြောရရင် ရှိတဲ့အိမ်နဲ့ခြံကလေးကို ရောင်း၊ မြောက်ဒဂုံမှာ အိမ်ငှားနေ၊ ငှားနေရင်းကနေ သူဌေးဆက်သွယ်ပေးတဲ့ ပန်းချီတွေဆွဲ၊ ဆွဲရင်းကနေ လက်ရာကောင်းတော့ နာမည်ကြီးလာ၊ နာမည်ကြီးလာရာကနေ အနုပညာလောကထဲမှာ "ပန်းချီမီးဇ"ဆိုပြီး အငြိမ်ဖယားရသွားခဲ့တာပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် သူတို့သားအဖနှစ်ယောက်က ကိုယ်ပိုင်ခြံမြေတိုက်တာကား အားလုံးနဲ့ စမတ်ကျနေပြီဖြစ်သလို အိမ်တွင်းမှုကိစ္စအတွက်လည်း သူငယ်ချင်းမတစ်ယောက်က စိတ်ချလုံခြုံမှုရှိတဲ့အ သက်လေးဆယ်ကျော် ဒေါ်စန်းဆိုတဲ့ အမျိုးသမီးကြီးကို ခေါ်လာပေးတာမို့ အေးအေးချမ်းချမ်းနဲ့ နေသားတကျ ရှိသွားခဲ့ပါပြီ။

သူကလည်း ဒီနှစ်ထဲမှာ ကျောင်းပြီးပြီးချင်း ကော်ဖီဆိုင်ကလေးနဲ့အတူ သူ ဝါသနာပါတဲ့ ပန်းချီပြခန်းလေးပါ တွဲဖွင့်နိုင်ခဲ့ပါတယ်။ ဒက်ဒီကလည်း Commercial ရော၊ Fine ရော စုံနေတဲ့အပြင် ခရီးတွေပါ မကြာခဏထွက်ပြီး ဆွဲနေရတာဆိုတော့ နံညှားပြေပြစ်တဲ့လှုပုံစံကတဖြည်းဖြည်းနဲ့ ပန်းချီပုံပေါက်နေသလိုတောင် ထင်လာရပါတယ်။

သူတို့သားအဖနှစ်ယောက်ရဲ့ အလုပ်က ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဖြစ်နေတာမို့ သူ့ရဲ့ကော်ဖီဆိုင်ကလေးကလည်း အမြဲလိုလို ပန်းချီသမား၊ တသမား၊ ကဗျာသမားတွေနဲ့ စည်ကားနေတတ်ပါတယ်။ ပြီးတော့ ဆိုင်ကလေးက ဥရောပစတိုင်လ်ဖြစ်ပြီး အတွင်း Decoration ကလည်း





ဒက်ဒီကိုယ်တိုင် လက်စွမ်းပြထားတာကြောင့် လူငယ်အများစု နှစ်မြို့ကတဲ့ဆိုင်ကလေးတစ်ဆိုင်အဖြစ် ထင်ရှားပြန်သေးတယ်။

ဒီကြားထဲ သူက စိတ်ကြိုက်ပန်းချီကားတွေ တွေ့ရင် အရောင်းအဝယ် ထလုပ်တတ်သေးတာဆိုတော့ သူတို့သားအဖလောက် ဝါသနာနဲ့ စီးပွားရေးနဲ့ တစ်ထပ်တည်းကျတဲ့ဘဝမျိုး၊ သူတို့သားအဖလောက် လက်ဖျားခွေသီးတဲ့ဘဝမျိုး၊ သူတို့သားအဖလောက် အေးချမ်းဇိမ်ကျတဲ့ဘဝမျိုး ရှိနိုင်ပါဦးမတဲ့လား။

အဲဒီလို ငယ်ငယ်လေးကတည်းက အပြန်အလှန်တိုင်ပင်ပြီး နှစ်ကိုယ့်တစ်စိတ်လို နေလာခဲ့တဲ့ သားအဖိမို့ သူ ဘာပဲဖြစ်ဖြစ် ဒက်ဒီကိုမှ မတိုင်ပင်ရရင် မပြီးတဲ့ဘဝမျိုးကို သက်ရောက်နေပါပြီ။ ဒါကြောင့်လည်း ညနေကမှ တွေ့ခဲ့ရတဲ့ မိုးနတ်မင်းသမီးကလေးရဲ့အကြောင်းကို ဖွင့်ပြောဖို့ တက်ကြွနေခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့ ထူးခြားတာတစ်ခုက သူကသာ ဒက်ဒီကို သမီးရည်းစားကိစ္စပါမကျန် ဖွင့်ပြောတိုင်ပင်တတ်ခဲ့ပေမယ့် ဒက်ဒီကတော့ ဒါလေးတစ်ခုတော့ ချမ်းသာပေးပါဦးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်းမျိုးဖြစ်ပါတယ်။ အဲဒါ ဘာလဲဆိုတော့ ရည်းစားဟောင်းနဲ့ ပတ်သက်ပြီး heart break ဖြစ်ခဲ့ဖူးတယ်ထင်ပါရဲ့။ အဲဒီ လွမ်းထုပ်ကြီးကိုပဲ ရင်မှာ ထာဝရပိုက်ထားနေလို့ပါ။

ရည်းစားဟောင်းကလွဲရင် ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမတွေကို မိန်းမထင်တဲ့လူစားမဟုတ်ပါဘူး။ အိမ်ထောင်ပြုဖို့ဆိုတာ ဝေးရော၊ ရည်းစားထားပါဆိုလည်း ပြောမရ၊ အမျိုးသမီးတွေဘက်ကစပြီး ကမ်းလှမ်းတာကိုလည်း စိတ်မဝင်စား၊ မိန်းမ မယူဘဲ မိန်းမရတဲ့နည်းကို အကြံပေးပြန်တော့လည်း နားမဝင်။ (ဥပမာ - အိမ်မှာပြုစုယုယပေးမယ့် မောင်းမတော်လေးခန့်ထားတာမျိုးပေါ့။)

မိန်းမနဲ့ပတ်သက်လာရင် ဘာဆို ဘာမှ ပြောဆိုအကြံပေးလို့မရပဲ တစ်ယောက်ဆိုတစ်ယောက် ဝိတောက်ဆို ဝိတောက်သာ ကျောက်ရုပ်ပြီး ယစ်မူးနေခဲ့တာဖြစ်ပါတယ်။ တစ်ခါတစ်ရံ ယမကာလေး ဘာလေး သောက်မိတဲ့အခါမျိုးဆိုရင်တော့ အော်ဟစ်ရင်ဖွင့်တာမျိုးကို သူ ကြုံဖူးတယ်။ အဲဒီလို ရင်ဖွင့်တတ်တာကလည်း ဘယ်သူ ဘယ်ဝါရယ် ဘာကြောင့်ရယ်ဆိုတာမျိုး ရေရေရာရာ မသိရပါဘူး။

သူ့ရည်းစားဟောင်းရဲ့ပုံတွေ ရှိရာကို သွားပြီး အဲဒီ





ပုံတွေကို လက်ညှိုးနဲ့ထိုးရွယ်ရင်း . . .

"ဟော့ . . . မင်း ဘယ်ပြေးမလဲ မိချိုသဲ . . .

တွေ့လို့ကတော့ ငါ့အကြောင်း သိစေရမယ် . . .

မင်း ငါ့လက်က လွတ်လိမ့်မယ် မထင်နဲ့ . . ."

ဆိုပြီး အော်ဟစ်ပေါက်ကွဲတတ်တာပဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဒက်ဒီ့မျက်ဝန်းတွေက လွမ်းရိပ် ဆွေးရိပ်တွေနဲ့ ရီဝေမှိုင်းညို့နေတာမျိုး ဖြစ်နိုင်ပေမယ့် ဒက်ဒီ့နောက်က လိုက်ပြီး ချောင်းကြည့်ခဲ့တဲ့သူကတော့ တခွိခွိနဲ့ ရယ်လို့ကောင်းနေခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် သူ မှတ်ထားလိုက်တာ တစ်ခုကတော့ ဒက်ဒီ့ရည်းစားဟောင်းရဲ့အမည်မှာ "မချိုသဲ" ဖြစ်ပါသည်ဆိုတာပါပဲ။

သူဟာ စားရင်းသောက်ရင်းနဲ့ သူတို့သားအဖ နှစ်ယောက်ရဲ့ ရာဇဝင်ကို ပြန်ပြောင်းတွေးတောနေလိုက်တာ ဒက်ဒီတောင် ထမင်းကြော် ကုန်သွားပြီမို့ သူ လက်ဖက်ရည်ငှဲ့ထည့်ပေးလိုက်ပါတယ်။

"ဒက်ဒီ . . . အခု သားပြောမှာက ကောင်မလေးတစ်ယောက်ကို အပိုင်သိမ်းလိုက်ရရင် ကောင်းမလားလို့"

"ဟာ! . . . မင်းမုန့်တိုင်းကလည်း မိုးမအုံ့ လေ



www.burmeseclassic.com

www.burmeseclassic.com



ပြည်မသွေးဘဲနဲ့ ချက်ချင်း ဝင်ဆောင့်တာပါလား၊ ညက မိုးလိုထင်တမ့်"

"ဟုတ်တယ်ဗျ။ သား အဲလိုလုပ်လိုက်ရင် အေးချမ်းနေတဲ့သားတို့ဘဝထဲကို စိုပြည်သာယာမှုလေးတွေ ထပ်ပြီးရောက်လာမယ်။ ဒက်ဒီလည်း မြေးလေးတွေကို ကြည့်ပြီး အရမ်းပျော်လာမယ်၊ ပြီးတော့ ဘဝရဲ့အနှစ်သာရတွေကိုလည်း ဒီထက်ပိုပြီးရလာလိမ့်မယ်"

"နေစမ်းပါဦး . . . မင်းက 'ဒီလောက်ထိ ကြံစည်ရအောင် မင်းကောင်မလေးဘက်က သေချာနေလို့လား"

"အခုမှ Try မှာ ဒက်ဒီရ"

"ဟား . . . ဟား . . . ဟား . . . ဒီတစ်ခါတော့ အသည်းအသန်ပါလား သားရယ်။ ဒါဆို မင်းလက်ရှိတွဲနေတဲ့ ကောင်မလေးတွေကို ဘယ်လိုလုပ်မှာလဲ"

"အေးဆေးပါ ဒက်ဒီရာ။ အဲဒါတွေက အပိုင်သိမ်းလောက်တဲ့ထိ ဗီလင်မလာဘူး။ ဒါကြောင့် ဒက်ဒီကို ပြောစရာရော မေးစရာရော ရှိတယ်လို့ သား ပြောတာပေါ့။ ချစ်တာနဲ့ ကြိုက်တာ ဘာအရေးကြီးဆုံးလဲ ဒက်ဒီ။ ပြီးတော့ အချစ်ဆိုတာ ဘာလဲ။ အဲဒီအဖြေနှစ်ခုကို သား သိချင်တယ်"



"အင်း . . . ငါ့သား ဒီလိုမေးတတ်လာပြီဆိုရင်တော့ သားကို ယုံရတော့မှာပေါ့။ ဒီကောင်မလေးကို အပိုင်သိမ်းတော့မယ်ဆိုတာ သေချာသွားပြီပေါ့"

ဒက်ဒီက အဲဒီစကားကို ပြုံးပြုံးလေးနဲ့ သူ့မျက်နှာကို စိုက်ကြည့်ပြီး ပြောတာဖြစ်ပါတယ်။

"ကောင်းပြီ . . . သား သိချင်တဲ့ ပထမအဖြေက နည်းနည်းရှည်မယ်ကွ။ ဒီကိစ္စက လူငယ်အများစု အငြင်းအခုံလုပ်တတ်တဲ့ကိစ္စပဲ။ ဒက်ဒီတို့ ငယ်ငယ်တုန်းကလည်း အဲဒါတွေကို အသားကုန်ငြင်းခဲ့တာ"

" . . . "

"ဒက်ဒီကတော့ အသည်းနှလုံးသာ အရေးအကြီးဆုံး၊ ချစ်ဖို့သာ အရေးကြီးဆုံးလို့ သတ်မှတ်တယ်ကွာ။ တစ်ယောက်နဲ့ တစ်ယောက် မေတ္တာစစ်နဲ့ အပြန်အလှန်ချစ်ကြမယ်ဆိုရင် ကြုံလာသမျှ လောကဓံကိုလည်း လက်တွဲရင်ဆိုင်နိုင်မယ်၊ အရာရာကိုလည်း ချစ်မေတ္တာနဲ့ ကျော်လွှားနိုင်လိမ့်မယ်လို့ ယုံကြည်တယ်"

"ဟုတ်တယ် ဒက်ဒီ။ သားလည်း အချစ်က အဓိကပဲလို့ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အသက်အရွယ်က အတွေးအမြင်တွေကို ပြောင်းလဲစေတယ်ကွ။ အခုခေတ်ကျတော့ အဲဒီလို မဟုတ်တော့ဘူး။ ချစ်တာနဲ့ ကြိုက်တာဆိုရင် ကြိုက်ဖို့ကိုပဲ အရေးကြီးတယ်လို့ ထင်နေကြပြီ။ ထင်တာမဟုတ်ဘူး နိုင်နိုင်မာမာကို ယူဆနေကြပြီကွာ။ ဥပမာအနေနဲ့ သားတို့ကိုပဲကြည့်"

"..."

"အိစီကလီလုပ်နေကြတဲ့လူငယ်တွေ တစ်ယောက်နဲ့တစ်ယောက် ချစ်တာလား ကြိုက်တာလား ဘာမှန်း ကွဲကွဲပြားပြားမသိဘဲ တွဲနေကြတဲ့လူငယ်တွေဟာ များသောအားဖြင့် အချစ်ထက် အကြိုက်ကို ဦးစားပေးနေကြတာပဲ"

"အဲဒါ အမှန်ပဲ ဒက်ဒီ"

"သူ အဆင့်အတန်းရှိတာကို ကြိုက်တာ၊ သူ ပညာတော်တာကို ကြိုက်တာ၊ သူ့ရဲ့အလှကို ကြိုက်တာ၊ သူ့ရဲ့ (background) မိဘဂုဏ်အရှိန်အဝါအဆင့်အတန်းကို ကြိုက်တာ၊ ရှင်းရှင်းပြောရရင် သူ့ကိုတော့ လုံးဝမှီခိုအားကိုးလို့ရမယ်ဆိုပြီး ကြိုက်တာ"

"မှန်လိုက်တာ ဒက်ဒီရာ။ ဒီခေတ်လူငယ်တွေရဲ့



ဒီဖိုင်းက ဒါမျိုးတွေရ၊"

"အေး . . . ဒါပေမဲ့ အရေးကြီးတာတစ်ခုတော့ ရှိတယ်ကွ။ လူတစ်ယောက်ကို အရင်က ဘယ်လိုမှ မချစ်ဦးတော့ နောက်ပိုင်း သူ့မှာ ကြိုက်စရာတွေ များလာရင်လည်း တဖြည်းဖြည်းနဲ့ ချစ်လာတတ်တာရှိတယ်"

"..."

"ပြီးတော့ လူတစ်ယောက်ကို အသည်းပေါက်မတတ်ချစ်တယ်ပဲ ထားဦး သူ့ရဲ့စိတ်ဓာတ်၊ သူ့ရဲ့အကျင့်စရိုက်၊ သူ့ရဲ့စီးပွားရေးနဲ့ သူ့ရဲ့လူမှုရေးတွေကို မကြိုက်ပြန်ရင်လည်း သူ့အပေါ် ရှိပြီးသားချစ်မေတ္တာလေးတောင် တဖြည်းဖြည်းနဲ့ မှေးမှိန်လာနိုင်တယ်၊ ဒီတော့ ခုခေတ်လူငယ်တွေ အိမ်ထောင်ပြုတော့မယ်ဆိုရင် ဒက်ဒီတို့ခေတ်က အလေးထားခဲ့တဲ့ အချစ်ရယ်၊ သားတို့ခေတ်မှာ အလေးထားနေတဲ့ အကြိုက်ရယ် အဲဒီခေတ်နှစ်ခေတ်ကို ချိန်ထိုးကြည့်ဖို့ လိုသွားပြီ"

ဒက်ဒီက စကားမပြောတော့ လုံးလုံး၊ ပြောတော့ သူ လုံးလုံးကို အရှုံးပေးခဲ့ရပါပြီ။ ရုပ်နဲ့နာမ် သိပ်အစေးမကပ်ဘဲ လူပုံကလည်း ပန်းချီပုံပေါက်နေပေမယ့် အခုလို သူ

www.burmeseclassic.com

www.burmeseclassic.com



သိချင်တာတွေ ရှင်းပြပေးတဲ့အခါမှာတော့ ဒက်ဒီရဲ့အရှိန် အဝါက ဖန်းချီပညာရှင်ထက် ပိုပြီး လေးစားဂုဏ်ယူဖွယ် ကောင်းနေပါတော့တယ်။

"ဒါကြောင့် သား သိချင်တဲ့ ချစ်တာနဲ့ ကြိုက်တာ ဘာအရေးကြီးဆုံးလဲဆိုတာကို ဖြေပေးရမယ်ဆိုရင် ဒီခေတ်မှာ နှစ်မျိုးလုံး အရေးကြီးတယ်လို့ တိတိကျကျ ဖြေရလိမ့်မယ်။ တစ်ယောက်နဲ့တစ်ယောက် အချစ်ချင်းလည်း တူမယ်၊ သူ့အပေါ်မှာ ကိုယ်ကြိုက်တဲ့အချက်ကလေးတွေလည်း များမယ်၊ ကိုယ့်အပေါ်မှာလည်း သူ ကြိုက်တဲ့ အချက်ကလေးတွေ များမယ်ဆိုရင် ပျော်ရွှင်သာယာမယ့် အိမ်ထောင်တစ်ခုကို ပိုင်ဆိုင်နိုင်မှာပေါ့ကွာ"

"ဟား . . . ဒက်ဒီပြောတာတွေက ရေရေလည်လည် မှန်တယ်ဗျာ။ လုံးဝ လေးစားတယ်။ မှတ်သားစရာ အပြည့်ပဲ။ နောက်အဖြေတစ်ခုကရော"

"အိုခေ . . . နောက်ထပ် သားသိချင်တဲ့အဖြေ တစ်ခုကတော့ တိုတိုတုတ်တုတ်ပဲ ငါ့သား။ အချစ်ဆိုတာ ဘာလဲဆိုတော့ အချစ်ဆိုတာ အကြောင်းပြချက် လုံးဝ မရှိဘူး။ အသည်းနှလုံးရဲ့စေစားချက်အတိုင်း ချစ်ချင်လို့ကို ချစ်



လာတာပဲဖြစ်တယ်"

" . . . "

"အဲဒါ အတိအကျပဲ။ ပြီးတော့ အဲဒီအချစ်က လူမျိုးမရွေး နေရာမရွေးဘူးနော်။ သူ့ပေါ်ချင်တဲ့အချိန်၊ ပေါ်ချင်တဲ့လူဆီမှာ သွားပေါ်တာ။ မင်း ဘယ်သူ့ကို သွားမေးမေး မှသာကွဲသွားမယ်။ အဓိကအကြောင်းအရာကတော့ ဒါပဲ"

"အဲဒါပြောတာပေါ့ ဒက်ဒီရ။ သားရင်ထဲမှာ အခု ဖြစ်နေတာလည်း အဲဒါမျိုးပဲ။ ဟို ဘာပဲဖြစ်ဖြစ် ဒက်ဒီရာ။ ဒက်ဒီပြောတာတွေက ဒီခေတ်နဲ့ လုံးဝကွက်တိကျပေမယ့် သားကတော့ အကြိုက်ကို နောက်မှညှိယူပြီး လောလောဆယ် အချစ်ကိုပဲ အလေးထားတော့မယ်။ ဒက်ဒီတို့ခေတ်ကို ပြန်သွားမယ်။ ပြီးတော့ ဒက်ဒီ့လိုပဲ တစ်ယောက်ဆို တစ်ယောက် ဗိတောက်ဆို ဗိတောက် ကျောက်ရုပြီး ချစ်တော့မယ်"

"ဟား . . . ပြဿနာပါလား။ မင်းက ပြောင်းလဲချင်တော့လည်း ချက်ချင်း"

"ချက်ချင်းကို ရင်ဘတ်ထဲမှာ ထူးထူးခြားခြား ဖြစ်လာတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တောင် အသည်းအသန်ဖြစ်နေတာ ဘယ်သူလဲ။ ဘယ်ကလဲဆိုတာ အရင်ဆုံးတင်ပြဦးမှပေါ့။ မင်းဇယားကို ရှုမပြဘဲ ငါကသာ မင်းသိချင်နေတာတွေကို ဖြေနေရမှာလား"

"ဒက်ဒီကလည်း ပြောပြမှာပေါ့ဗျာ။ ဒက်ဒီသာဆိုရင် သားတို့နှစ်ယောက်ကို ပန်းချီဆွဲပေးချင်စိတ် ပေါက်သွားလိမ့်မယ်"

"ဒီလောက်တောင် လိုက်ဖက်ညီလို့လား"

"သား ပြောပြလိုက်ရုံနဲ့ ဒက်ဒီ ခန့်မှန်းလို့ရမှာပါ။ တွေ့ဆုံပုံကတော့ မဆန်းဘူး ဒက်ဒီ။ ဒီထက်ဆန်းတဲ့ ဇာတ်လမ်းတွေတောင် သားမှာ ရှိခဲ့တာပဲ။ ဒီကောင်မလေးနဲ့ကျတော့ နောက်ဆုံးပြန်ခါနီးမှ အရမ်းအံ့ဩစရာကောင်းသွားတာ"

"ဖြစ်ရမယ်။ ဘယ်လိုများတွေ့ခဲ့ကြလို့လဲ ရှိမီရယ်"

"ညနေကျမှ သားဆိုင်လေးထဲမှာ တွေ့ခဲ့တာ ဒက်ဒီရေ။ တွေ့ဆုံပုံက ဒီလို . . ."

လို့ သူ အစပျိုးပြီး ညနေက မိုးနတ်မင်းသမီးကလေးနဲ့ တွေ့ဆုံခဲ့ပုံကို ဇာတ်လမ်းတစ်ခုလို မျက်စိထဲပေါ်လာ



အောင် ပြောပြလိုက်ပါတော့တယ်။

× × × × ×

× × × × ×

× × × × ×

"ဟား . . . ဟား . . . ဟား . . . ဟား"

သူ့ရဲ့ မိုးရွာချိန်ဇာတ်လမ်းလေးကို ရုပ်ရှင်ကွင်းတစ်ခုလို မျက်စိထဲ ကွင်းကွင်းကွက်ကွက် ပေါ်အောင် ပြောပြပြီးချိန်မှာတော့ ဒက်ဒီက သဘောကျသွားပြီး ပထမဦးဆုံး တဟားဟားနဲ့ အော်ရယ်ပါတော့တယ်။ ပြီးတော့ တွေးတွေးဆဆနဲ့ ခေါင်းလေး ဆတ်ဆတ်ညိတ်လေရဲ့။

"အဲဒါပဲ ဒက်ဒီ။ ဘယ်လောက်ထူးဆန်းလဲ။ ပြန်ခါနီးကျမှ heart beat က ပြောင်းဆန်သွားတာ"

"အင်း . . . သား shock ရမယ်ဆိုလည်း ရလောက်ပါတယ်။ ဇာတ်လမ်းလေးက အရမ်းလှတယ်ကွာ။ Romantic ဆန်တယ်။ ငြိမ့်နေတာပဲ။ သားရဲ့ heart beat ကို ဒက်ဒီ ခံစားလို့ရတယ်။ နားထောင်နေရင်း ဒက်ဒီ့ရင်ဘတ်ထဲကိုတောင် ကူးစက်လာသလိုပဲ"

"ဟဲ . . . ဟဲ . . . ဒက်ဒီကလည်း"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ငါ့သား စောစောစီးစီး မမေးဘူးတာတွေ မေးပြီး အသည်းအသန်ဖြစ်နေတာကိုး"

ဒက်ဒီကလည်း တပြုံးပြုံးနဲ့ သဘောကျနေတော့ သူ့ရင်ထဲ ပိုပြီး ကြည်နူးမဆုံးဖြစ်ရတာပေါ့။

"ငါ့သားက တကယ်နှစ်တဲ့ကောင်ပဲကွ။ ဒက်ဒီ့ ထက်တောင် ပညာတွေပြည့်ဝနေပါလား။ သားရဲ့ ကိုင်တွယ်ပုံက အရိုင်းစပယ်လေး ချက်ချင်းကို ကြွေကျပြီး မြေခ သွားစေမယ့်ဒီဇိုင်း"

"သူ့အလိုလိုတတ်တဲ့ပညာတွေပါ ဒက်ဒီရာ။ ဒီကောင်မလေးနဲ့ကျမှ အဲဒီလိုဖြစ်သွားတာ အရမ်းထူးဆန်းတယ်။ ဒါကြောင့် ဒက်ဒီ့ကို တိုင်ပင်တာပေါ့"

"အိုခေ . . . ဒါဆိုရင် သားရဲ့သဘောက"

"သား စောစောက ပြောပြီးပြီလေ။ ကြိုးစားပြီး အပိုင်သိမ်းလိုက်တော့မယ်။ ဒက်ဒီကရော ဘယ်လိုသဘောရလဲ"

"ဒက်ဒီကတော့ ဘာပြောစရာလိုလဲ။ သား ပြောလို့သာ သိရတာလေ။ သား သဘောကျတယ်ဆိုရင် ဆက်လှုပ်ရှားပေါ့။ သားတို့ချင်းပေါင်းရမယ့်ကိစ္စပဲ"



"ဒါဆို သူ ဆက်သွယ်လာတဲ့နေ့က စပြီး ကြိုးစားတော့မယ်"

"ဒါနဲ့ ဒီကောင်မလေးရဲ့အဒေါ်က အရှိန်ရော၊ စည်းကမ်းရော အရမ်းတိကျတဲ့ အပျိုကြီးဆိုတာကိုတော့ ဒက်ဒီစိတ်ဝင်စားတယ်ကွ။ အပျိုကြီး အများစုက အဲဒီလို စရိုက်မျိုးရှိတတ်ပေမယ့် အတိုင်းထက်လွန်လာရင်တော့ မကောင်းဘူး ရှိမီ။ မင်း ကောင်မလေးထက် အဲဒီအပျိုကြီးရဲ့ ကာရိုက်တာကို ပိုသိထားဖို့လိုမယ်။ ဒက်ဒီလည်း သိထားမှ ဖြစ်မယ်"

"စိတ်ချ ဒက်ဒီ။ သား ကြိုးစားတော့မှပဲ သိပ်မကြာစေရပါဘူး။ ဒက်ဒီ သိစေရမယ်။ ဒက်ဒီ့ကိုပဲ အရင်ဆုံး တိုင်ပင်မှာ"

"ကောင်းပြီ . . . ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ သား တကယ်ဆုံးဖြတ်ပြီးပြီဆိုရင် အိမ်ထောင်ပြုမယ့် သား တစ်ယောက်အတွက် ဖခင်တစ်ယောက်ရဲ့ ဆုံးမှုတစ်ခု၊ သတိပေးမှုတစ်ခုပေါ့ကွာ။ အဲဒါကိုတော့ ဒက်ဒီ နောက်ဆုံးအနေနဲ့ ပေးလိုက်မယ်"

"ပြောပါ ဒက်ဒီ"

www.burmeseclassic.com



"အိမ်ထောင်ပြုတယ်ဆိုတာ နှစ်ယောက်ပေါင်းပြီး ဘဝတစ်ခုကို ထူထောင်ရတာပဲ ငါ့သား။ အဲဒါကို မင်းခေါင်းထဲ အသေရိုက်ထည့်ထား။ ရိုမီယိုကိုကိုရဲ့ဘဝကို ဂျူးလိယက်ဖိုးဖိုးဆီ ပုံအပ်ရလိမ့်မယ်၊ ဂျူးလိယက်ဖိုးဖိုးကလည်း သူ့ဘဝကို ရိုမီယိုကိုကိုရဲ့ လက်ထဲ ပုံအပ်လိမ့်မယ်"

"..."

"အဲဒီလို နှစ်ယောက်ပေါင်းပြီး တစ်ဘဝဖြစ်သွားပြီဆိုရင် ကြုံလာသမျှအခက်အခဲတွေကို အတူတူရင်ဆိုင်ဖြေရှင်းပြီး ကျော်လွှားနိုင်ရမယ့်၊ ကြုံလာသမျှ ပျော်ရွှင်ခြင်းတွေ၊ ဝမ်းနည်းခြင်းတွေကိုလည်း အတူတူမျှဝေခံစားနိုင်ရမယ်။ ဘာမဆို အတူတူပေါ့ကွာ။ အဲဒါတွေကို လက်ခံနိုင်တဲ့ အရည်အချင်းနဲ့ ရင်ဆိုင်နိုင်တဲ့သတ္တိတွေရှိမှ မင်း အိမ်ထောင်သည်ဘဝထဲကို ဝင်ဖို့ဆုံးဖြတ်ပါ"

"..."

"ဒီလောက်ဆို ဒက်ဒီဆိုလိုတဲ့အဓိပ္ပာယ်ကို သားသိမှာပါ။ ကျန်တဲ့အပိုင်းကိုတော့ ဘာမှမပြောလိုဘူး။ ဒက်ဒီ့ဘက်က စိတ်ချထား"

ဒက်ဒီ ဘာကိုဆိုလိုတာလဲဆိုတာ သူ့ ရုက်ချင်းပဲ





နားလည်လိုက်ပါတယ်။ ဆုံးဖြတ်ချက် မခိုင်မာဘဲနဲ့ အရည်အချင်းတွေ၊ သတ္တိတွေလည်း မရှိဘဲနဲ့ မိန်းကလေးတစ်ယောက်ကို သွားပြီး ဒုက္ခမပေးဖို့ ဆုံးမလိုက်တဲ့သဘောပါပဲ။

"လေးစားပါတယ် ဒက်ဒီ။ သားဘက်ကလည်း လုံးဝစိတ်ချထားပါ။ ဆုံးဖြတ်ချက်ချပြီးပြီဆိုတော့ ဒက်ဒီ စိုးရိမ်တာမျိုး ဖြစ်လာမှာ မဟုတ်ပါဘူး"

"အိုခေ . . . သားကို ယုံပါတယ်။ သားရဲ့အချစ်ကိစ္စ အမြန်ဆုံးအောင် မြင်လိမ့်မယ်လို့လည်း ဒက်ဒီ ထင်တယ်။ ဘာကြောင့်လဲဆိုတော့ သားပြောတဲ့ဇာတ်လမ်းကို ခန့်မှန်းကြည့်ရတာ ကောင်မလေးက အချိန်တိုတိုလေးနဲ့ သားရဲ့ အရှိန်အဝါကို ခိုက်သွားပုံပေါ်တယ်။ ပညာတဲ့သွားရာ ဓာတ်သက်ပါတဲ့ ရှိမီယိုကိုကို . . . ရှိမီယိုကိုကိုနဲ့ ဂျူးလိယက်ဖိုးဖိုးဆိုကတည်းက ပွဲသိမ်းပြီပေါ့"

"ဟား! . . . ဒါကြောင့် ဒက်ဒီ့ကို တိုင်ပင်တာ ဒက်ဒီ့ကို အားကိုးတာ"

"ဟား . . . ဟား . . . ဟား . . . ကြိုးစားထား ငါ့သား"

ဒက်ဒီက တဟားဟား အော်ရယ်ရင်း သူ့ပခုံးကို



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ပြီး ထသွားပါတော့တယ်။ သူလည်း ပြုံးပျော်ကြည်နူးစွာနဲ့ပဲ ကားဆီကို သွက်သွက်လက်လက် လှမ်းလာခဲ့တယ်။ ဒက်ဒီ သဘောကျလောက်အောင်ပဲ သူ့ရဲ့ plot က ရင်ခုန်စရာကောင်းခဲ့တာ မဟုတ်လား။ သူငယ်ချင်းတွေ သိရင်လည်း သူ့အဖြစ်ကို သဘောကျလို့ဆုံးမှာ မဟုတ်ပါဘူး။ မထင်မှတ်ဘဲ ကြုံဆုံခဲ့ရတဲ့ သူ့ရဲ့ကံကြမ္မာက တကယ်ပဲ အံ့သြစရာကောင်းလှပါပေတယ်။

ပျိုပျိုဂျူးလီယက်ရေ . . .

ကိုကိုရိုမီယိုရဲ့ အချစ်မြားလေးက မင်းရင်ဘတ်တည့်တည့်ကို အချိန်တိုကလေးနဲ့ ပစ်ခွင်းဖို့ ရွယ်ခဲ့ပြီဆိုတာ မင်းလည်း အချိန်တိုကလေးမှာပဲ ဖမ်းစားမိနိုင်မှာပါ။

မင်းကို ကိုယ်ချစ်မယ် . . .

၄

ဘယ်လောက် အံ့သြစရာကောင်းလိုက်ပါသလဲ။

အချိန်တိုကလေးအတွင်းမှာပဲ သူဟာ ဂျူးရဲ့ စိတ်အစဉ်ကို လှမ်းမိုးနိုင်ခဲ့ပြီလား။ ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို နာမည်တွေကိုက ရိုမီယိုကိုကိုနဲ့ ဂျူးလီယက်ပျိုပျိုမို့လို့ ဒီလိုဖြစ်ခဲ့ရတာလား။

အိပ်ရာက နိုးနိုးချင်း ဂျူး အရင်ဆုံး သတိရလိုက်တာက ရိုမီယိုကိုကိုဖြစ်နေသတဲ့။ ဂျူးဟာ ညနေက အဖြစ်အပျက်ကလေးကို တွေးပြီး အိပ်ရာကနေ အပြုံးနဲ့

www.burmeseclassic.com

www.burmeseclassic.com



နိုးထလိုက်တယ်။ မှန်ပြတင်းက ခန်းစည်းစကို ဆွဲကြည့်လိုက်တော့ ရာသီဥတုက အံ့ဩဖွယ်ကောင်းလောက်အောင် ကြည်လင်သာယာနေလိုက်တာ။

ကြည့်စမ်း . . . တိမ်နီး တိမ်ငွေ့ ကင်းစင်နေတဲ့ နေရောင်ခြည်က နွေသစ်ကို သူမဟုတ်သလို ကြိုဆိုနေလိုက်ပုံများ။ ညနေကတော့ ဂျူးတစ်ယောက်တည်း ရှုးပဲ ရှုးရတော့မလိုလို။ အင်း . . . သူနဲ့တွေ့ဆုံဖို့ရှိလို့ကိုပဲ ဂျူးအတွက် ရာသီဥတုက ဖောက်လွဲဖောက်ပြန်လုပ်ပေးလိုက်တာ ထင်ပါရဲ့။ ဂျူးဟာ တစ်ခါမှ မတွေးစဖူး ကံကို ရိုးမယ်ဖွဲ့တဲ့အတွေးမျိုးတောင် တွေးလိုက်မိပါတယ်။

ပြီးတော့ ရေချိုးခန်းဝင်၊ အဝတ်အစားလဲ၊ ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီး ထုံးစံအတိုင်း breakfast မစားခင် ဓနုစည် ဘုရားဝတ်ပြုနေကျအလုပ်ကို ပြုလုပ်ရပါတယ်။ ဒီနေ့ကတော့ အပြစ်ခံယူဖို့အတွက် ညှော်ခန်းထဲကို ခုနစ်နာရီအရောက်သွားရမှာမို့ ငါးပါးသီလတောင် မြတ်စွာဘုရားကို တောင်းပန်ပြီး အပြေးအလွှားယူရမယ့်အဖြစ်ပါ။ ဂျူး ဘုရားဝတ်ပြုပြီးလို့ ညှော်ခန်းထဲကို တန်းတန်းမတ်မတ်ဝင်လာတဲ့အခါမှာတော့ . . .





ပြင်သစ်ဆံထုံးက ခွံ့ခွံ့ညားညား။ မျက်နှာပြင်ဆင်မှုက ဖွေးဖွေးလွလွ၊ နှုတ်ခမ်းတို့က ချယ်ရီရောင် စိုစိုပြည်ပြည်၊ ဘလောက်စ်ပုံစံချုပ်ဝတ်ထားတဲ့ ကချင်ရိုးရာဝမ်းဆက်က သေသေသပ်သပ်၊ စိန်တွေ၊ ရွှေတွေက ဖြိုးဖြိုးဖျပ်ဖျပ်၊ တိကျပြတ်သားမှု အရှိန်အဝါတွေက တစ်ကိုယ်လုံးမှာ လွှမ်းခြုံစွာနဲ့ မျက်နှာကို မာန်ပါပါပင့်ချီပြီး စမတ်ကျကျ ဒူးထပ်ချိတ်ထိုင်နေတဲ့ မာမီ "ခက်ခက်နိုင်" ကို မြင်လိုက်ရပါတော့တယ်။

မာမီနိုင်ဟာ အချိန်တိကျမှုနဲ့ စည်းကမ်းရှိမှုကို ဘယ်လောက်တန်ဖိုးထားသလဲ၊ ဘယ်လောက်ရှုးသွပ်သလဲဆိုရင် သူ့ရဲ့ ရန္တာကိုယ်ကောက်ကြောင်းနဲ့ ဝတ်စားဆင်ယင်ခြယ်သတတ်ပုံကိုက စရွှေးကိုက်ပဲ ထွင်းထားသလိုလို၊ ဖယောင်းရုပ်တုကြီးပဲ ဖြစ်သွားသလိုလို ဂျူး စိတ်ထဲမှာ ထင်လာရပါတယ်။ တစ်ခါတစ်ရံများဆို တိကျလွန်းအားကြီးလို့ မျက်နှာပါ လေးထောင့်ပုံစံ ဘောင်ခတ်ထားသလို ထင်ရရဲ့။

ဂျူး ရောက်လာတာကိုမြင်တော့ မာမီနိုင်က ခပ်စိမ်းစိမ်းလှမ်းကြည့်တယ်။ ပြီးတော့ ခြေဆုံးခေါင်းဖျား ဓသ



www.burmeseclassic.com

www.burmeseclassic.com



သေချာရှာ စိုက်ကြည့်တာမို့ ဂျူးက မာမီနဲ့ မလှမ်းမကမ်းမှာ ရပ်ပြီး ခေါင်းငုံ့ထားလိုက်ပါတယ်။ အဲဒီအချိန်မှာ ရုနစ်နာရီ ထိုးဖို့ မိနစ်အနည်းငယ်ပဲလိုတော့တယ်ထင်တယ်။ ကြီးကြီး ခင်ပါ ခပ်သုတ်သုတ် ရောက်လာပါတော့တယ်။

ကြီးကြီးခင် အဲဒီလို ခပ်သုတ်သုတ်ရောက်လာ တာက အကြောင်း နှစ်ချက်နဲ့ပါ။ ပထမတစ်ချက်က မာမီ နိုင်ရဲ့အချိန်ကို လေးစားလို့။ ဒုတိယတစ်ချက်က ဂျူးရှေ့မှာ ကာတာလုပ်ဖို့။ ငယ်ငယ်လေးကတည်းက အချိန်တို့၊ စည်း ကမ်းတို့နဲ့ ပတ်သက်လာရင် မာမီနိုင်က ဘယ်သူ ဘယ် လောက်ဝင်ပြောပြော ဘယ်သောအခါမှ အခွင့်အရေးမပေး ခဲ့သလို၊ ကြီးကြီးခင်ကလည်း ဘယ်သောအခါမှ အခွင့် အရေး မရ.ရ ရှေ့ကနေ အနည်းငယ်တော့ ကာတာဝင်လုပ် လိုက်ရမှ နေသာထိုင်သာရှိတဲ့သူဖြစ်ပါတယ်။

ဂျူး အရိုက်ခံရမယ်ကြဲတိုင်း ဂျူး မအော်ခင် ကြို အော်တတ်တဲ့သူ၊ ဂျူး ပြစ်ဒဏ်ခံရဖို့ ကြံတိုင်း ဂျူးရှေ့က အရင် ဆင်ခြေတွေပေးတတ်သူ၊ ဂျူး အဆူအပူခံရဖို့ ကြုံ လာတိုင်း ဂျူးရှေ့က အရင် ကာတာတွေ အမျိုးမျိုးလုပ်နေ တတ်သူပေါ့။ အဲဒီလို အလိုလိုက်တာချင်းတူပေမယ့် အလို





လိုက်ပုံချင်းကွဲပြားတဲ့ အဒေါ်နှစ်ယောက်ရဲ့အချစ်ကို ဂျူးက ရှုးလောက်အောင် ခံစားနေရတာ ဖြစ်ပါတယ်။ ဂျူးကလည်း အဲဒီလို ရှုးလောက်အောင် ချစ်တဲ့ အဒေါ်နှစ်ယောက်ရဲ့ကြား မှာ နေရတာကိုပဲ ကိုယ့်မိဘနဲ့နေရတာထက် ပိုပျော်မွေ့သူ ဖြစ်ပါတယ်။

"အဲဒါ ဘာလုပ်နေတာလဲ၊ ထိုင်"

လို့ စကားစမှ ဂျူး မာမီရှေ့မှာ ဝင်ထိုင်ရပါတယ်။

"ညနေကကိစ္စအတွက် ဂျူး တောင်းပန်ပါတယ် မာမီနိုင်"

"ပြဿနာလုပ်ပြီးတိုင်း အဲဒီလိုတောင်းပန်လို့ ရ လား"

"ဟုတ်ပါတယ် . . . ဒါပေမဲ့ . . . ဟို . . ."

"တော်ပြီ . . . မပြောနဲ့တော့။ ညက ငါ ဘယ် လောက် ဒေါသဖြစ်ခဲ့ရသလဲ၊ သောကတွေ ဘယ်လောက် ရောက်ခဲ့ရသလဲ၊ အချိန်တို့ စည်းကမ်းတို့နဲ့ ပတ်သက်ရင် အမျိုးမျိုးပုံစံ သွင်းခဲ့တာတောင် ဒီလို ဖြစ်ရသလား။ ဒါမှ မဟုတ် ငါ့ကို တမင်သက်သက် လုပ်လိုက်တာလား"

"ဂျူးက တမင်သက်သက် လုပ်မယ့်ကလေးလား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရယ်"

"မီမခင် အေးဆေးနေပါ။ နိုင် မမခင်ကို မပြော သေးဘဲနဲ့ လုံးဝဝင်မပြောပါနဲ့။ ကိုယ့်အဖြစ်ကိုယ် သိတယ် မှုလား ဂျူးဂျူး"

ဂျူးဟာ နှာခေါင်းရှုံ့ချင်လာမှုကို ကြိုးစားထိန်းပြီး ဟုတ်တစ်လုံးကို မပြောချင် ပြောချင် ပြောလိုက်ရပါတော့ တယ်။

"ဟုတ်"

"ကောင်းပြီ။ ကိုယ့်အဖြစ်ကိုယ်သိရင် ဖြစ်ဒဏ် ခံယူဖို့ပဲ ကြိုးစားတော့၊ တခြား ဘာမှမပြောချင်ဘူး။ ပြောစရာအကြောင်းလည်း မရှိဘူး။ အဲဒီတော့ . . ."

"နေပါဦး နိုင်ရယ်။ ပြဿနာဖြစ်ပြီးတိုင်း ဘယ်သူမှ ပြောရေးဆိုခွင့်မရှိဘူးဆိုပေမယ့် ဒီတစ်ခါတော့ မမခင် ပြောတာကို နားထောင်ပေးပါဦး။ ညနေကကိစ္စက ရာသီဥတုကြောင့် ဖြစ်သွားခဲ့ရတာပါ။ အချိန်မီ ပြန်လာလို့ရပေမယ့် လမ်းမှာ မတော်တဆတစ်ခုခုဖြစ်သွားမှာ ကြောက်လို့ မုန်တိုင်းခိုနေခဲ့တာပါတဲ့ နိုင်ရယ်"

"ဟင့်အင်း . . . သတ်မှတ်ပေးထားတဲ့အချိန်ထက်





ကျော်ရင် ဘာတွေပဲဖြစ်ဖြစ် နိုင့်ကို လာမပြောပါနဲ့။ နိုင် မကြားချင်ဘူး။ ဒေါသထွက်လွန်းလို့ သွေးတိုး၊ နလုံးတွေ ဖြစ်လာပါလိမ့်မယ်။ တကယ်ဆို ဒီကိစ္စမှာ မမခင်ရဲ့အလို လိုက်မှုတွေ အများကြီးပါတယ်။ နိုင် မပြောခဲ့ဘူးလား၊ ဒီနေ့ မုန်တိုင်းသတင်းရှိတယ်။ အပြင်မထွက်ကြပါနဲ့လို့၊ မိုးနဲ့ နွားသိုးက အစိုးမရဘူး မမခင်။ ရာသီဥတုကလည်း ကိုယ့် နောက်မပါဘူး သူ့ဖြစ်ချင်သလိုဖြစ်တာ"

အဲဒါအမှန်ပဲမို့ ကြီးကြီးခင် နှုတ်ဆိတ်သွားပါတယ်။

"သတိပေးနေတဲ့ကြားက မုန်တိုင်းက အဖျားခတ် ရုံလေး ခတ်မှာပါ။ ရာသီဥတုက ဒီလောက်ကောင်းနေတာ ကို မစိုးရိမ်ရပါဘူး။ တစ်ခါတလေ သတင်းတွေက မှား တတ်ပါတယ်ဆိုပြီး ပေးလွှတ်လိုက်တာမှုလား၊ ဒီတစ်ခါ မမခင်ကိုပါ အပြစ်ပေးရလိမ့်မယ်"

"အလိုတော်! . . . ကျုပ်က ဘာအပြစ်တွေ ခံယူ ရမှာတုန်း၊ မထင်မှတ်ဘဲ ဖြစ်သွားခဲ့ရတာပါ နိုင်ရယ်"

"မထင်မှတ်ဘဲ ဖြစ်သွားတာတွေကလည်း ထင် မှတ်စရာတွေ ဖြစ်လာတတ်တယ်။ မမခင်က အလိုလိုက် လွန်းအားကြီးတယ်လေ။ ဒီမှာ မမခင် . . . နိုင်က အချိန်တို့



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းတို့နဲ့ ပတ်သက်လာရင် လုံးဝ ထိလို့မရဘူးဆိုပေမယ့် ဘယ်သူ့ကိုမှ ကျဉ်းထဲကျပ်ထဲရောက်အောင် မလုပ်ပါဘူး။ အခွင့်အရေးတွေ အပြည့်အဝပေးပြီးသားပါ။ အချိန်ကိုလည်း ရွှာချိန်းပြီး သတ်မှတ်ပေးတာပါ။ ဒါ ပေါ့ဆလို့ ဖြစ်ရတာ၊ မလေးစားလို့ဖြစ်ရတာ"

"ကဲပါ . . . ဟုတ်ပါပြီ၊ နိုင် ပြောတာ မှန်ပါတယ်။ မမခင် မှားတာပါ။ နိုင် သတိပေးတားမြစ်နေတဲ့ကြားက အလိုလိုက်မိလို့ ဒီလိုဖြစ်သွားတာပါ၊ ဒါပေမဲ့ ကလေးကိုတော့ အရမ်းအပြစ်မပြောပါနဲ့ နိုင်ရယ်၊ ပေါ့ဆလို့မဟုတ်ပါဘူး၊ နိုင့်ကိုလည်း မလေးစားလို့ဖြစ်ရတာ မဟုတ်ပါဘူး။ သူများကြားရင်တောင် မိဘဆုံးမမှုမရှိတဲ့ကလေး၊ ယဉ်ကျေးမှုမရှိတဲ့ကလေးလို့ ထင်သွားပါဦးမယ်"

"အို . . . ဘယ်သူ ဘာထင်ထင်လေ နိုင်က မှန်တာ လုပ်တာပဲ။ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ၊ ပြီးတော့ ကိုယ့်အိမ်ထဲမှာဖြစ်တဲ့ကိစ္စ ဘယ်သူကြားအောင် အော်နေလို့လဲ"

"အဲဒါလည်း ဟုတ်ပါတယ် နိုင်ရယ်။ အခု မမခင် ပြောချင်တာက ကလေးကို ပြစ်ဒဏ်တွေ သိပ်ပြီးမကြွ်



မတ်ဖို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဂျူးက ဒီလိုပြစ်မှုမျိုးကို ခဏ ခဏ ကျူးလွန်နေတဲ့ကလေးမဟုတ်ပါဘူး။ နိုင့်ရဲ့ အချိန်နဲ့ စည်းကမ်းကို အမြဲတမ်း လေးစားလိုက်နာခဲ့တဲ့ ကလေးပါ။ တစ်ခါတလေ အခန့်မသင့်လို့ စည်းကမ်းပျက်သွားခဲ့ရင်တောင် ပေးတဲ့ပြစ်ဒဏ်ကို မညည်းညူဘဲ ပြီးအောင်လုပ်နိုင်ခဲ့တဲ့ကလေးပါ"

" . . . "

"ပြီးတော့ ပြစ်ဒဏ်ခံရမှာကြောက်လို့လည်း နိုင်နဲ့ ပတ်သက်ပြီး အမှားအယွင်းတစ်ခုမှ မရှိအောင် နေလာခဲ့တဲ့ကလေးပါ နိုင်ရယ်။ ဒါကြောင့် မလွှဲသာမရှောင်သာလို့ ဖြစ်ခဲ့ရတဲ့အမှားအတွက် ကလေးကို ပြစ်ဒဏ်တွေ လျှော့ပေါ့ပေးလိုက်ပါ နိုင်"

"ဟင့်အင်း . . . အဲဒီလို နေထိုင်လာခဲ့တဲ့ကလေး တစ်ယောက်ဖြစ်လို့ကိုပဲ ဒီတစ်ခါ ပြစ်ဒဏ်ကို ပိုပြီး ပြင်းပြင်းထန်ထန်ပေးရမယ်"

"မာမီ"

"နိုင်"

မာမီနိုင့်စကားကြောင့် ဂျူးနဲ့ကြီးကြီးခင် လန့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထောင်လာပေမယ့် မာမီနိုင်က မျက်နှာထားမာမာနဲ့ လက်ကာပြတာကြောင့် ငြိမ်ကျသွားရပြန်ပါတယ်။

"အဲဒါ ဘာဖြစ်လို့လဲ သိလား။ ငါ့ဘဝက ဒီလိုနေ့တာပါလား၊ ငါ့အဒေါ်က ဒီလိုအဒေါ်ပါလားဆိုတာကို သိသိကြီးနဲ့ စည်းကမ်းကို ဖောက်ဖျက်လို့ပဲ။ ဒါမှလည်း နောင်ကို ရာသီဥတုနဲ့ပတ်သက်ပြီး ဆင်ခြင်လာနိုင်မယ်"

"နိုင်ရယ် . . . ဘာဖြစ်လို့များ အချိန်တိကျမှုနဲ့ ပတ်သက်ပြီး ဒီလောက်အောင် အစွန်းရောက်နေတာလဲ။ သေရေးရှင်ရေးနဲ့ ပတ်သက်လာရင်ရော အချိန်ကို ဒီလိုပဲ ဆုံးဖြတ်တော့မလို့လား။ ဒီအစွန်းရောက်နေတဲ့ စိတ်ကြီးကို လျှော့ချလိုက်ပါတော့ နိုင်ရယ်။ ကြာလာရင် ရောဂါတွေ ဘာတွေရလာမှာ စိုးရိမ်တယ်"

"နိုင် ငယ်ငယ်လေးတည်းက ပြောခဲ့ပြီးပြီပဲ။ နိုင်ဟာ လူ့ဘဝထဲကို အချိန်တိကျဖို့နဲ့ စည်းကမ်းရှိဖို့အတွက် သီးသန့်ရောက်လာခဲ့တာပါလို့။ ဒါပေမဲ့ ဒီစိတ်နဲ့ပတ်သက်ပြီး မမခင်ရဲ့ စိုးရိမ်မှုကိုတော့ နိုင် အသိအမှတ်ပြုပါတယ်။ ဒါကလည်း ကိစ္စမရှိပါဘူး။ နိုင့်မိသားစုနဲ့ နိုင့်ရဲ့အပေါင်းအသင်းတွေသာ နိုင့်ရဲ့အချိန်နဲ့ စည်းကမ်းကို အလေးထား





ပြီး ဆက်ဆံမယ်ဆိုရင် မမခင် စိုးရိမ်တာမျိုး လုံးဝ မဖြစ်နိုင်ပါဘူး"

တကယ့်ကို ကမ္ဘာမှာပြိုင်စံရှားတဲ့ တစ်ယူသန်၊ တစ်ဇွတ်ထိုး၊ တစ်ထစ်ချ၊ ဝွကျလှတဲ့ အပျိုကြီးမမ။ ဘယ်သူ ဘယ်လောက်ပြောပြော နားမဝင်ဘဲ အဲဒီလက်ကိုင်သဘောတရားကြီးကိုပဲ ပြန်ပြောလေ့ရှိသူ ဖြစ်ပါတယ်။ အင်းလေ . . . အဲဒီလိုသဘောတရားတွေ၊ အဲဒီလို အယူအဆတွေနဲ့ နေနိုင်အောင်လည်း မာမီနိုင်ရဲ့ဘဝက အစစအရာရာ ကံကောင်းခဲ့တာကိုး။

"ဟုတ်ပါပြီ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပါ နိုင်ရယ်၊ ဂျူးတာ နောက်ဆုံးနှစ်လည်း ရောက်နေပြီ။ နိုင် ပုံစံသွင်းခဲ့တဲ့ အတိုင်းလည်း ရနေပါပြီ။ ဒါကြောင့် ဂျူး မွန်းကျပ်စေမယ့် ခြှင်အက်မျိုးတော့ . . ."

"တော်ပြီ မမခင်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှဆက် မပြောပါနဲ့။ အချိန်မရှိဘူး။ အခုတောင် အချိန် ဘယ်လောက်ကုန်သွားပြီလဲ။ ခုနစ်နာရီခွဲက နံနက်စာ စားချိန်နော်၊ ဒီတော့ နိုင်ပြောမယ့်ပြစ်ဒဏ်နဲ့ ပတ်သက်တဲ့အစီအစဉ်ကို ကိုးနာရီအတွင်း ပြီးအောင်လုပ်ပေးပါ။ မမခင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနဲ့ ဂျူးရဲ့ဆက်သွယ်ရေးကိရိယာပေါင်းစုံကို နိုင့်ဆီ လာအပ်ပါ။ အိမ်ဖုန်းပါ ဖြုတ်မယ်"

"ဟာ . . . မာမီ"

"ပါးစပ်ပိတ်ထား မိဂျူး။ ငါ့စကား မဆုံးသေးဘူး"

"နိုင်ရယ် . . . ဆက်သွယ်ရေးကိရိယာပေါင်းစုံ သိမ်းထားမယ်ဆိုတော့ ညွှန့်သည်ဆောင်သည်၊ သာရေးနာရေးတွေနဲ့၊ ပြီးတော့ ဂျူးကလည်း သူ့ကျောင်းကိစ္စတွေ သူငယ်ချင်းတွေ၊ ဘာညာကိစ္စတွေနဲ့ ဘယ်လိုလုပ်ကြမလဲ"

"အဲဒါ နိုင့်တာဝန်ထားပါ။ နိုင် ကြည့်ပြီးဖြေရှင်းမယ်။ Online ပေါ်ပါတက်လို့ရလိမ့်မယ် မထင်နဲ့။ ipad အသေးအမွှားကအစ hand phone, laptop အစုံပဲနော်။ ပြီးတော့ ဂျူးက ရှိသမျှ စိန်ထည်၊ ရွှေထည်တွေနဲ့ ဘဏ်မှာ Savings Account လုပ်ထားတဲ့စာအုပ်ပါ အပ်ရမယ်"

"အဲဒါတွေကတော့ ကိစ္စမရှိပါဘူး မာမီရယ် ဖေဖေတို့နဲ့ကျတော့ အဆက်အသွယ် ဘယ်လိုလုပ်ရတော့မလဲ"

"ကိုယ့်အပြစ်နဲ့ကိုယ် မလုပ်နဲ့ပေါ့။ ညည်းအဖေက ငါ့အစ်ကို။ ငါ့အစ်ကိုတွေအားလုံးက ငါ ပြီးရင်ပြီးတယ် အဲဒီပစ္စည်းအားလုံးကို နှစ်လတိတိ သုံးခွင့်မရှိဘူး။ ပြီးတော့ အဲဒီနှစ်လလုံး ညနေ ငါးနာရီခွဲကနေ ခုနစ်နာရီထိ တရားထိုင်ရမယ်။ ပြီးတော့ လာမယ့်နောက်ဆုံးနှစ်ကို အဝေးသင် ပြောင်းရမယ်။ ကျောင်းကိစ္စအားလုံး ငါ့တာဝန်ထား။ အပြင်သွက်ဖို့ နှစ်လပိတ်တယ်"

သွားပြီ . . . ဂျူးမျက်နှာ ပုပ်သိုး ညိုမည်းသွားသလို ကြီးကြီးခင်လည်း သက်ပြင်းရှည်ကြီးကိုသာ ချနိုင်ပါတော့တယ်။

"နိုင်ရယ် ကျောင်းတော့ ပြီးအောင်တက်ပါစေ။ တစ်နှစ်ပဲကျန်တော့တာ။ ကလေးမှာ ဒါလေးတစ်ခုပဲ ပျော်ရွှင်လွတ်လပ်ခွင့်ရှိတာ"

"ဟုတ်ပါတယ် မာမီရယ်။ ကျန်တဲ့ပြစ်ဒဏ်တွေကိုတော့ ဂျူး ပြီးအောင်လုပ်နိုင်ပါတယ်။ ကျောင်းကိုတော့"

"တော်ပြီ . . . ပြောမရမှန်းသိရက်နဲ့ ပြောနေရင် ဒေါသပဲ အဖတ်တင်တင်မယ်။ အဲဒါ အချိန်ကို မလေးစားတဲ့အတွက် ငါ ချမှတ်တဲ့ပြစ်ဒဏ်ပဲ။ ကျောင်းမတက်ရလို့လည်း ဘာမှဖြစ်မသွားဘူး။ ငါကလည်း ထားချင်လို့ ထားနေတာ မဟုတ်ဘူး။ ညည်းလင်တော့ ဘာတွေယူရင် အမြီး

www.burmeseclassic.com



လေးပါအောင်လို့”

မာမို့စကားဆုံးသွားတော့ စောစောက နောက်နားမှ ယောင်ချာချာလုပ်နေတဲ့ မိမော်က မာမို့အနားကို ခပ်သုတ်သုတ် ရောက်လာပါတယ်။

“အန်တီလေး ခုနစ်နာရီခွဲဖို့ သုံးမိနစ်ပဲလိုပါတော့တယ်ရှင့်။ နံနက်စာစားဖို့အတွက် အဆင်သင့်ဖြစ်နေပါပြီ”

“သိတယ် . . . စကားမဆုံးသေးလို့ အခုလာပြီး ကြားတယ်နော် ဂျူးဂျူး။ ပစ္စည်းအားလုံး ကိုးနာရီအတွင်း လာအပ်ရမှာနော်။ တရားထိုင်ဖို့လည်း ဒီနေ့ပဲ စမယ်။ ကဲ စားကြ သောက်ကြမယ်”

“နေရင်ထိုင်ရင်း ကျုပ်ဖုန်းပါ အသိမ်းခံရပြီ။ ကျုပ်မှာ ဒီဖုန်းလေးနဲ့ပဲ အပေါင်းအသင်းတွေနဲ့ ဟိုသတင်း ပြောရ ဒီသတင်းပြောရ၊ ကိုရီးယားကားတွေအကြောင်းပြောရနဲ့ ခုတော့ နားအေးပြီ။ အေးလေ . . . ငါကလည်း တားမြစ်နေတဲ့ကြားက အလိုလိုက်မိတာကို”

“ . . . ”

“ကဲ . . . သမီးလည်း စိတ်မကောင်းမဖြစ်ပါနဲ့ကွယ်။ သမီး မာမီပေးတဲ့ပြစ်ဒဏ်က ဘဝအတွက် အကျိုးရှိမယ့်ပြစ်ဒဏ်တွေပါ။ ပြီးတော့ သမီးကို အေးအေးဆေးဆေးနဲ့ စိတ်ချမ်းချမ်းသာသာ နေခွင့်ပေးလိုက်တာနဲ့ အတူတူပါပဲ”

ကြီးကြီးခင်ကတော့ ပြောမရမှန်းသိရက်နဲ့ မပြောရရင် မနေနိုင်တဲ့ ဇီဇရှိသူပီပီ မာမို့နိုင်ကိုပဲ ပြောသလိုလို၊ ဂျူးကိုပဲပြောသလိုလိုနဲ့ တချစ်တောက်တောက် ပြောရင်း မာမီနိုင့်နောက်က တန်းစီပြီး လိုက်ပါလာခဲ့ရပါတော့တယ်။ ဂျူးကတော့ တစ်ခွန်းမှပြောရေးဆိုခွင့်မရှိသူမို့ ထုံးစံအတိုင်း နှုတ်ခမ်းစူပြီး လိုက်ပါခဲ့ရတာပေါ့။ မာမီနိုင်ကတော့ ဘယ်သူ စူစူ၊ ဘယ်သူမဲ့မဲ့ သူ့ကိစ္စပြီးသွားပြီမို့ တစ်ချက်တောင် လှည့်မကြည့်တော့ပါဘူး။

တကယ်တော့ ဂျူးတို့အိမ်ကလေးက အိမ်ဖော် မိမေ၁် အပါအဝင် မိန်းမသားတွေချည်း လေးယောက်တည်းနေတဲ့ ပျော်ရွှင်အေးချမ်းသာယာတဲ့ အိမ်ကလေးတစ်အိမ်ဖြစ်ပါတယ်။ မာမီနိုင်ရဲ့ အစွန်းတစ်ဖက်ရောက်တဲ့ အချိန်တိကျမှုကလွဲရင်ပေါ့။ ဘယ်လောက်ထိ ပျော်ရွှင်အေးချမ်းသာယာခဲ့သလဲဆိုတာ ဂျူး မှတ်မိသလောက် ပြောရမယ်ဆိုရင် မာမီနိုင်ရဲ့ဇာတိချက်ကြွေမွေးရပ်မြေက မန္တလေး






www.burmeseclassic.com

www.burmeseclassic.com



မြို့ဖြစ်ပါတယ်။

မွေးချင်း မောင်နှမ သုံးယောက်ထဲမှာ မာမီနိုင်က အငယ်ဆုံး၊ တစ်ဦးတည်းသော သမီးဖြစ်တာမို့ မိဘနဲ့ အစ်ကိုနှစ်ယောက်ရဲ့ ချစ်မေတ္တာတွေ၊ အလိုလိုက် ဂရုစိုက်မှုတွေကို အလျှံပယ်ရရှိခဲ့သူလည်း ဖြစ်ပါတယ်။ မိဘနှစ်ဦး (ဂျူးရဲ့အဘိုးအဘွား)ကလည်း မန္တလေးမြို့ရဲ့ ထိပ်တန်းသူဌေးစာရင်းထဲမှာ ပါဝင်ပါတယ်။ အစ်ကိုနှစ်ယောက်က တစ်ယောက်ပြီးတစ်ယောက် အိမ်ထောင်ကျသွားပေမယ့် မာမီနိုင်ကတော့ ကိုယ့်စိတ် ကိုယ့်သဘောနဲ့လည်း အိမ်ထောင်မရ၊ မိဘပေးစားတာကိုလည်း လက်မခံဘဲ ဒီအတိုင်းပဲ အေးဆေးနေလာခဲ့သူပါ။

မာမီနိုင် ဘွဲ့ရပြီးတဲ့အချိန်မှာ အဘွားဆုံးသွားတော့ ဂျူးက မွေးခါစလေးပဲ ရှိပါသေးတယ်။ အဲဒီအချိန်ကတည်းက ဂျူးကို မာမီနိုင် ထိန်းကျောင်းလာခဲ့တာဟာ ဘယ်လိုရေစက်ကြောင့်ရယ်မသိ မေမေတစ်ယောက်လုံး ရှိနေရဲ့သားနဲ့ ဂျူးက မာမီနိုင်သိပ်မှ အိပ်သလို၊ မာမီနိုင် ကျွေးမှ ကောင်းကောင်းစားပြီး မာမီနိုင့်လက်ပေါ်မှာပဲ ပျော်မြူးနေခဲ့ပါသတဲ့။ အဲဒီလိုနေလာခဲ့တာ ဂျူးလေးတန်းနှစ်မှာ





အဘိုးဆုံးပါးသွားပြန်တယ်။

အဲဒီအချိန်မှာပဲ မောင်နှမသုံးယောက် ရှေ့ရေးအတွက် တိုင်ပင်စီစဉ်ပြီး အမွေတွေခွဲခဲ့ကြပါတယ်။ အစ်ကိုအကြီးဆုံးဖြစ်တဲ့ ဂျူးရဲ့ဖေဖေက လက်ရှိအလုပ်နဲ့ လက်ရှိအိမ်မှာပဲ အခြေချမှုဖြစ်သလို၊ အငယ်ကလည်း သူ့အမျိုးသမီးအလုပ်ရှိတဲ့ စင်္ကာပူမှာ အခြေချမှာဖြစ်ပြီး မာမီနိုင်ကတော့ ရန်ကုန်မှာ အခြေချဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အဲဒီအစီအစဉ်နဲ့ပဲ အမွေတွေကို အချိုးကျခွဲဝေခဲ့ကြတယ်။ အိမ်အပိုသုံးလုံးကိုတော့ တစ်ဦးတည်းသော ညီမလေးမာမီနိုင့်အတွက်ပဲ အပိုဆုအဖြစ် ထားပေးခဲ့ကြပါတယ်။

ဂျူး လေးတန်းအောင်ပြီးချိန်မှာတော့ မာမီနိုင်က ဇာတိမြေကို စွန့်ခွာပြီး ရန်ကုန်ကို အပြီးပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ အဖော်အဖြစ် အစ်မဝမ်းကွဲတော်တဲ့ ကြီးကြီးခင် "သီတာခင်" ကိုပါ အပြီးခေါ်ခဲ့သလို အိမ်ဖော်အဖြစ် မာမီနိုင်ရဲ့လက်စွဲတော် မိမော်ကိုပါ တစ်ပါတည်း ခေါ်လာခဲ့တာပါပဲ။ ဂျူးကတော့ မာမီနိုင်နဲ့ ဘယ်လိုမှမခွဲနိုင်ဘဲ မွေးစားသမီးအဖြစ် လိုက်ပါခဲ့ရခြင်း ဖြစ်ပါတယ်။

အဲဒီလိုနဲ့ မာမီနိုင်ဟာ ရရှိထားတဲ့အမွေတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူ မန္တလေးကအိမ်တွေကို လှူဒါန်းထားပြီး ဘဝကို အေးအေးဆေးဆေး သက်သောင့်သက်သာ ဖြတ်သန်းနေတာမို့ ဂျူးတို့အိမ်ကလေးက မိန်းမသားလေးယောက်တည်းနဲ့ သာယာငြိမ်းချမ်းတဲ့ အိမ်ကလေးဖြစ်ခဲ့ရတာပါပဲ။ ဒါပေမဲ့ ထူးခြားတာတစ်ခုကတော့ မာမီနိုင်ရဲ့အချိန်တိကျမှုပြဿနာပဲ ဖြစ်ပါတယ်။

အချိန်တိကျမှုကို ဘယ်လောက်ထိ ရူးသွပ်သလဲဆိုရင် မာမီနိုင် ကျောင်းသူဘဝတုန်းက နိုးရာနောက် လိုက်ပြေးဖို့အထိ ဖြစ်ခဲ့တဲ့ အချစ်ကြီးချစ်ရသူတစ်ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီချစ်သူကို နိုးရာနောက်လိုက်ဖို့ ချိန်းလိုက်တဲ့အခါမှာ အဲဒီချစ်သူက ချိန်းတဲ့အချိန်ကို မရောက်လာခဲ့လို့ မာမီနိုင်က ဘယ်လိုအကြောင်းပြချက်မှ၊ ဘယ်သူပြောတာကိုမှ လက်မခံဘဲ အဲဒီချစ်သူကို လုံးဝကျောခိုင်းစွန့်ပစ်လိုက်ပါသတဲ့။

အဲဒါဟာ ကြီးကြီးခင်ပြောပြသလောက် ဂျူး သိထားခဲ့တဲ့ အဖြစ်အပျက်ကလေးပါ။ အဲဒီအချိန်ကတည်းက မာမီနိုင်ဟာ ရည်းစားလည်း ထပ်မထား၊ အိမ်ထောင်ရေးကိုလည်း လက်မခံဘဲ အသည်းကွဲသာခံပြီး အသက်မက





ချစ်ရတဲ့ချစ်သူထက် အချိန်ကိုသာ အသက်မက မြတ်နိုးတန်ဖိုးထားခဲ့တာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဂျူး မှတ်ထားလိုက်တာတစ်ခုကတော့ မာမီနိုင် အပျိုကြီးဖြစ်ရခြင်း၏ အဓိကတရားခံမှာ "အချိန်တိကျမှုပြဿနာ" ဖြစ်ပါသည်ဆိုတာပါပဲ။

"အန်တီလေး ဖုန်းလာနေပါတယ်"

ဂျူးဟာ မာမီနိုင့်အကြောင်းကို တွေးရင်း နန်းကြီးသုပ်ကို စိတ်မပါသလို စားနေလိုက်တာ မိမော်အသံထွက်လာမှ အသိပြန်ဝင်လာခဲ့ပါတယ်။ အမြဲတမ်း သတင်းပေါင်းစုံပြောရင်း စိုပြည်သာယာခဲ့တဲ့ breakfast ဝိုင်းလေးက ဒီနေ့တော့ ပြစ်ဒဏ်ကိုယ်စီခံရတော့မှာမို့ပဲလား စကားအသံတွေ တိတ်ပြီး ဇွန်းခရင်းသံတွေသာ ကြီးစိုးနေခဲ့ပါတယ်။

"ဘယ်ကလဲ"

"မန္တလေးကပါ"

"အင်း . . . ဒီမှာ မနက်စာစားနေတယ်လေ။ အဆင်ပြေသလို ကြည့်ပြောလိုက်။ နာရီကရော ဘယ်လောက်ရှိသွားပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှစ်နာရီပါ အန်တီလေး"

"ရှစ်နာရီမခွဲခင် ဖုန်းပြန်ဆက်ပါလို့၊ ခွဲပြီးသွားရင် အန်တီလေး ဖုန်းကိုင်နိုင်မှာ မဟုတ်ဘူးလို့"

မာမီနိုင် စားဖနရာမှ ခေါင်းမဖော်ဘဲ ပြောလိုက်တဲ့အပြောကြောင့် ဂျူးနဲ့ကြီးကြီးခင် ထုံးစံအတိုင်း အဓိပ္ပာယ်ပါတဲ့မျက်လုံးတွေနဲ့ မျက်နှာချင်းဆိုင်ကြည့်မိကြပါတယ်။

"ဒါနဲ့ ကိုကြီးတော့ မဟုတ်ပါဘူးနော် မိမော်"

"ဟုတ် . . . ဦးကြီး မဟုတ်ပါဘူး အန်တီလေး၊ ဦးကြီးဆိုရင် သမီးက ဦးကြီးလို့ ပြောမှာပါ"

ခဏနေတော့ မာမီနိုင်က စားသောက်ပြီး အပြင်ထွက်ဖို့ ပြင်ပါတယ်။ မထွက်ခင် တိတ်ဆိတ်နေတဲ့ breakfast ဝိုင်းလေးကို မာမီနိုင်ကပဲ စတင်ဖြိုခွင်းလိုက်ပါတယ်။

"ကဲ . . . မမခင် ပစ္စည်းတွေကို နိုင့်အခန်းထဲ သွားထားပေးပါ။ နိုင် ဖုန်းပြောရမှာမို့လို့ တစ်ခုချင်း သတိပေးနိုင်မှာ မဟုတ်ဘူး။ အခု ရှစ်နာရီခွဲတော့မယ်၊ မမခင်ရဲ့ တူမကို လုံးဝအလိုမလိုက်နဲ့နော်။ ကြားတယ်နော် မိဂျူး။ ပစ္စည်းအပ်ပြီးရင် ညနေတရားထိုင်ဖို့အတွက် အခုထဲက စိတ်ဓာတ်ကို ပြင်ဆင်ထား၊ အကျီအဖြူနဲ့ ယောဂီလုံချည်ပါ အဆင်သင့်ပြင်ထား"

"ဟုတ်"

"စိတ်ချပါ နိုင်ရယ်။ ပစ္စည်းထားတာ ဘယ်လောက် ကြာတာမှတ်လို့။ မိမော်လည်း ရှိနေတာပဲ။ နိုင်သာ ဖုန်းဖြောင့်ဖြောင့်ပြော"

ကြီးကြီးခင် ပြန်ပြောလိုက်မှပဲ မာမီနိုင် စိတ်ချလက်ချထွက်သွားပါတော့တယ်။ အဲဒီအချိန်တုန်းက ဂျူးနဲ့ ကြီးကြီးခင်လည်း ရှိသမျှ ဆက်သွယ်ရေးကိရိယာပေါင်းစုံကို မာမီနိုင့်အခန်းထဲ သွားထားရပါတယ်။ ဂျူးမှာ ရှိသမျှ စိန်ရွှေငွေ ကျောက်သံပတ္တမြား အားလုံးကိုလည်း အပ်ရပါတယ်။

"သူပြောတဲ့အတိုင်း ပစ္စည်းတွေ တစ်ခုမှ မကျန်စေနဲ့နော် ဂျူးဂျူး။ သမီးမှာရှိတဲ့ပစ္စည်းမှန်သမျှဟာ နိုင်ပဲ ဝယ်ပေးခဲ့တာဆိုတော့ နိုင်က အားလုံးကို မှတ်မိနေတယ်"

"သိပါတယ် ကြီးကြီးခင်ရယ်။ ကျောင်းလည်း မတက်ရတော့ဘူး၊ တရားလည်း ထိုင်ရတော့မယ်ဆိုတော့ ဒီပစ္စည်းတွေကို ဘာလုပ်တော့မှာလဲ။ သီလရှင်ဝတ်ဖို့ပဲ ကောင်းတော့တယ်။ ဒါနဲ့ ကြီးကြီးခင် မာမီက အရင်တုန်း







www.burmeseclassic.com

www.burmeseclassic.com



က သူချစ်သူကို သူချိန်းတဲ့အချိန်ရောက်မလာလို့ ဖြတ်ပစ်လိုက်တာနော့ ဟုတ်ရဲ့လား။ အဲဒီလူကပဲ မာမီ့ကို အချိန်တိကျလွန်းလို့ စိတ်ပျက်သွားတာများလား"

"အောင်မယ်လေး! . . . တိုးတိုးပြောပါ သမီးရယ်။ နိုင် ကြားသွားလို့ တစ်ပုဒ်ပေါ် နှစ်ပုဒ်ဆင့်နေပါဦးမယ်။ ဘယ် ဟုတ်ရမလဲ။ မယ်တိကျရဲ့ ချစ်သူကလည်း မောင်တိကျပဲ။ ချစ်သူတွေဖြစ်ပါပြီဆိုကတည်းက နိုင်ရဲ့အချိန်တိကျမှုကို တစ်သဝေမသိမ်း လိုက်နာခဲ့တာ။ နိုးရာနောက်လိုက်မယ့် နေ့ကျမှ နောက်ကျသွားလို့ ဖြတ်ပစ်လိုက်တာပါဆို"

". . ."

"သိတဲ့လူတွေက ဝိုင်းဖျောင်းဖျတာလည်း မရ။ အကျိုးအကြောင်း ရှင်းပြဖို့မပြောနဲ့ လာတောင်းပန်တာကို တောင် လက်မခံဘဲ အသည်းပဲ အကွဲခံခဲ့တာ။ ဒီရန်ကုန်ကို ခြေချလိုက်တာလည်း အဲဒီကိစ္စတွေပါတယ်။ ဒါတွေကို သမီးသိရင် သမီးရင်ထဲမှာပဲထားနော်။ အပြင်လူတွေကို မပြောမိစေနဲ့"

"ဂျူး နားလည်ပါတယ် ကြီးကြီးခင်ရဲ့။ အဲဒီလူ လည်း အရူးတစ်ပိုင်းကို ဖြစ်ကျန်ခဲ့မှာပဲနော်။ အမြဲတမ်း





အချိန်ကိုလိုက်နာခဲ့သမျှ တကယ့်အရေးကြီးတဲ့နေရာကျမှ နောက်ကျသွားခဲ့တာဆိုတော့ မာမီက ချစ်သူထက် နာရီကို ပိုချစ်တာပဲ။ အဲဒါကြောင့်ထင်တယ် တစ်ခါတလေကျ မာမီ့ မျက်နှာက နာရီကြီးနဲ့တူလာသလိုပဲ"

"ဟယ်! . . . ဒီကလေးမ ပေါက်ကရ"

"ဘာပဲဖြစ်ဖြစ် မာမီနိုင် အချိန်တိကျမှုကို ဘယ် လောက်ပဲ အရူးအမူးဖြစ်ဖြစ် အချစ်နဲ့ပတ်သက်လာရင် တော့ အရှုံးကို ကြေကွဲခံစားခဲ့ရမှာပဲ။ အိမ်ထောင်မပြုဘဲ နေတာကြည့်ရင် အဖြေက ပေါ်နေပြီလေ"

ဂျူးနဲ့ကြီးကြီးခင်က အဲဒီလိုစကားတပြောပြောနဲ့ ပစ္စည်းတွေ အပ်ပြီးလို့ မာမီနိုင့်အခန်းထဲက ထွက်လာခဲ့စဉ် မှာပဲ မာမီနိုင် ဖုန်းပြောနေတဲ့အသံက နားထဲကို တန်းတန်း မတ်မတ်ဝင်လာတာကြောင့် အကွယ်တစ်နေရာကနေ နား ထောင်နေလိုက်မိပါတယ်။

"အင်း . . . သူတို့ဘက်က အမြန်ဆုံးစီစဉ်ချင် တယ်ဆိုတော့ လုပ်ပေးရမှာပေါ့။ ကိုယ်ခေါ်တဲ့ဈေးလည်း ရထားတယ်ဆိုတော့လေ။ ဒါကြောင့် သဘက်ခါထွက်လာ ခဲ့ဖို့ စီစဉ်လိုက်မယ်။ ဖြစ်တယ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"..."

"အိုခေပါ၊ အဆင်ပြေပါတယ်၊ ရောက်လက်စနဲ့ ကိုကြီးတို့နဲ့လည်း နှစ်ရက် သုံးရက်လောက် နေလိုက်ဦးမယ်လေ"

မာမီနိုင် ဆက်ပြောနေတဲ့စကားတွေကို ဂျူး နားမထောင်နိုင်တော့ပါဘူး။ ခရီးထွက်ရတော့မှာပဲဆိုတဲ့အသိနဲ့ ပျော်လွန်းလို့ လက်စုပ်ကြိတ်တီးရင်း ခုန်ဆွ ခုန်ဆွဖြစ်သွားမိပါတယ်။

"ကြည့်စမ်း . . . ကြားတယ်မို့လား ကြီးကြီးခင်၊ မာမီနိုင် မန္တလေးသွားတော့မယ်၊ အိုး! ဝမ်းသာစရာကြီးပဲ၊ ပျော်လိုက်တာ"

ဒါပေမဲ့ သိပ်မကြာပါဘူး။

"မမခင်ရေ . . . ဂျူးဂျူး ပစ္စည်းတွေ ပို့ပြီးပြီလား"

မာမီနိုင်က ဖုန်းပြောပြီး ဂျူးတို့ကို လှမ်းအော်ခေါ်လိုက်တာမို့ ကြီးကြီးခင်နဲ့ ဂျူးဟာ ချက်ချင်းပဲ ကိုယ်ရှိန်သတ်ပြီး ဧည့်ခန်းထဲ ရောက်ရှိသွားပါတယ်။

"အားလုံးပို့ပြီးပြီ နိုင်ရဲ့၊ အစုံပဲ"

"အိမ်တစ်လုံးတော့ ရောင်းထွက်သွားပြီ မမခင်





ရေ၊ ဝယ်တဲ့လူက သူတို့လုပ်ရမယ့် အစီအစဉ်တွေကို အမြန်ဆုံးအကောင်အထည်ဖော်ချင်တယ်တဲ့၊ အိမ်ရှင်ကလည်း လက်မှတ်ကို အမြန်ဆုံးထိုးပေးပါဆိုတာနဲ့ နိုင် သွားရလိမ့်မယ်၊ မိဂျူးကိစ္စကလည်း ဒီနေ့မှ စမှာဆိုတော့ နိုင် သဘက်ခါသွားဖို့ ချိန်းလိုက်တယ်၊ ကိုကြီးတို့ဆီမှာလည်း ခဏတော့ နေလိုက်ဦးမယ်၊ ဒီတော့ မမခင်က မိဂျူး လုပ်ရမယ့်အလုပ်တွေကို ကြပ်ကြပ်မတ်မတ် နိုင်းတော့၊ လုံးဝ အလိုလိုက်လို့မရဘူးနော်"

"စိတ်ချ နိုင်၊ ဒီတစ်ခါတော့ ငါ့ညီမ စိတ်တိုင်းကျဖြစ်စေရမယ်၊ ရောက်လက်စနဲ့ အေးအေးဆေးဆေးနေခဲ့"

"ဟုတ်တယ် မာမီ၊ ရောက်လက်စနဲ့ ဖေဖေတို့နဲ့ ပျော်ပျော်နေခဲ့ပါ၊ ဂျူးအတွက်လည်း စိတ်ချပါ၊ ဂျူးက မာမီပေးတဲ့ ပြစ်ဒဏ်တွေကို သေသေချာချာလုပ်တတ်ခဲ့တာပဲဟာ၊ ဟို . . . မိမော်ပါ ခေါ်သွားမှာမှလား မာမီ"

မာမီနိုင်က ဘယ်သွားသွား မိမော်ကို လက်တိုလက်တောင်းခိုင်းဖို့ ခေါ်သွားတတ်တာမို့ ဂျူးနဲ့ကြီးကြီးခင်က လွတ်လပ်သွားပြီအထင်နဲ့ တက်တက်ကြွကြွ ပြောလိုက်ပေမယ့် မာမီနိုင် ပြန်ပြောလိုက်တဲ့စကားကတော့ ဂျူး



www.burmeseclassic.com

www.burmeseclassic.com



တို့ နှစ်ယောက်လုံးကို အကြံအိုက်သွားစေပါတော့တယ်။

"ဒီတစ်ခါတော့ ခေါ်မသွားတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမီး ပြဿနာခံရတိုင်း မာမီက အနားမှာရှိနေခဲ့တာဆိုတော့ မာမီမှမရှိရင် မိမော်ရှိမှဖြစ်မယ်၊ မိမော်ကို အားလုံးကြည့်နိုင်းထားခဲ့ရမယ်။ မဖြစ်မနေကိစ္စမို့လို့သာ မာမီက သွားတောင်သွားချင်တာ မဟုတ်ဘူး။ ဟို . . . မမခင်ကို မယုံလို့မဟုတ်ဘူးနော်။ မိဂျူးကိုလည်း စိတ်မချလို့ မဟုတ်ဘူး။ မမခင်ကိုလည်း ယုံတယ်၊ မိဂျူးကိုလည်း ဘယ်လိုပြဿနာပဲပေးပေး ပြီးအောင် တကယ်လုပ်နိုင်တဲ့အတွက် စိတ်ချတယ်။ စိတ်မချတာက မမခင် မိဂျူးကို အမှတ်တမဲ့အလိုလိုက်မိမှာစိုးလို့"

ဂျူးနဲ့ ကြီးကြီးခင်ဟာ ထုံးစံအတိုင်း မျက်နှာချင်းဆိုင်လိုက်ပေမယ့် မျက်နှာမပျက်အောင်တော့ ကြိုးစားပြီး ထိန်းလိုက်ကြပါတယ်။

"နောက်တစ်ချက်က မမခင် ပင်ပန်းမှာစိုးလို့။ မိဂျူးကို ကြည့်ရ၊ အိမ်အလုပ်တွေလုပ်ရနဲ့ ဒီကြားထဲ နိုင်က ဆက်သွယ်ရေးပါ ဖြုတ်ထားမှာဆိုတော့ ဘယ်လိုပဲတွေးတွေး လက်တိုလက်တောင်းက ရှိဖို့လိုတယ်လေ။ ဒီတော့



မခင်အတွက် အဆင်ပြေအောင် နိုင် အားလုံးစီစဉ်ပေးခဲ့မယ်၊ အိမ်မှာ လိုအပ်တာမှန်သမျှကိုလည်း နေ့လယ်ကျ နိုင်နဲ့မမခင် သွားဝယ်ကြမယ်၊ ဒီမှာလည်း အခက်အခဲမရှိအောင်၊ နိုင်လည်း ဟိုမှာ စိတ်ဖြောင့်ဖြောင့်နေနိုင်အောင်ပေါ့"

မာမီနိုင် ဘာတွေ ဘယ်လိုပဲပြောပြော မိမော်ကို အားခဲ့ရတဲ့အဓိကရည်ရွယ်ချက်ကတော့ ဂျူးနဲ့ ကြီးကြီးခင်ကို မယုံလို့ဆိုတာ အဖြေက သိသိသာသာပေါ်နေပြီပဲ။ ဒုက္ခ... ညည်းဥစ္စာပြည့်စုံဖူလုံစွာနဲ့ အိမ်ထဲမှာ အကျယ်ချုပ်ထားခဲ့မယ်ဆိုတဲ့ သဘောပေါ့လေ။ ဟင်း! . . . ဇိမ်တောင်ကျသေးတယ် အပျိုကြီးခက်ခက်နိုင်ရေ . . . ကုသိုလ်လည်း ရ ဝမ်းလည်း ဝ။

ဒါပေမဲ့ အကြံအိုက်သွားတဲ့ ဂျူးအတွက် ခေါင်းထဲမှာပဲ ကံကောင်းမှုတစ်ခု ဖြုန်းခနဲပေါ်ပေါက်လာခဲ့ပါတယ်၊ ထွက်ပေါက်တစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ အဲဒါကတော့ အိမ်ရှေ့မှာ ဘုရားရဲ့ကားဟွန်းသံ ထွက်ပေါ်လာတာပဲဖြစ်ပါတယ်၊ မိမော်က ခပ်မြန်မြန်သွားဖွင့်ပေးတဲ့အခါမှာ ကိုယ့်အပြစ်ကိုယ် သိနေတဲ့ ဘုရားကလည်း ဧည့်ခန်းထဲကို ခပ်သွက်သွက်ဝင်ရောက်လာပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဂျူး"

"..."

"အန်တီကြီး . . . အန်တီလေး . . . နေကောင်းရဲ့လား"

"..."

"ကြည့်စမ်း . . . ဘုရားကျွဲ၊ နင်က ဒီလိုလေသံနဲ့ နှုတ်ဆက်နိုင်တယ်ပေါ့လေ၊ အေး . . . အားလုံးနေကောင်းတယ်။ ဒါပေမဲ့ မကောင်းတဲ့ကိစ္စက မကောင်းဘူး၊ ညနေက ကိစ္စအတွက် နင့်ကို သိပ်စိတ်ဆိုးတယ် ဘုရားကျွဲ၊ အခု အဲဒီကိစ္စအတွက် ငါ အပြစ်ပေးခံရပြီ၊ ငါတင်မဟုတ်ဘူး ငါ့ကို အလိုလိုက်လို့ဆိုပြီး ကြီးကြီးခင်ပါ အပြစ်ပေးခံရပြီ"

"ဟယ်! . . . ငါ စိတ်မကောင်းလိုက်တာဟယ်၊ အဲဒီကိစ္စအတွက် ငါ တောင်းပန်ဖို့လာခဲ့တာပါ၊ အားလုံးကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိပါဘူး ဂျူးရယ်၊ မိုးရွာတဲ့အချိန်ကတည်းက နင့်ဖုန်းရော အန်တီလေးဖုန်းရော တောက်လျှောက်ခေါ်နေခဲ့တာပါ၊ ဘယ်လိုမှကို ခေါ်လို့မရဘူး၊ အခု မနက်လည်း ခေါ်ပါသေးတယ်"

"တော်ကြစမ်း . . . အဲဒီကိစ္စကို လုံးဝမကြားချင်

•———ရွှင်သော———•



ဘုန်း"

တွေ့တွေ့ချင်း ရန်တွေ့ဖို့အားခဲထားတဲ့ ဂျူးနဲ့ တွေ့တွေ့ချင်း တောင်းပန်ဖို့ အားခဲထားတဲ့ ဘုရားကျွဲတို့ရဲ့ ပွက်လောရိုက်မှုကို မာမီခိုင် သည်းမခံနိုင်ဘဲ ထအော်လိုက်ပုံက အားလုံးကို လန့်ဖျပ်ပြီး ငြိမ်ကျသွားစေခဲ့ပါတယ်၊ ဟိန်းထွက်သွားတဲ့အသံနဲ့အတူ မျက်နှာပါ ချက်ချင်းပြောင်းလဲမာန်တင်းသွားပြီး ထိုင်ရာက ဖြုန်းခနဲ ထရပ်တယ်၊

"နိုင်"

"..."

"သမီး . . . ဘုရားကျွဲ"

ဂျူးလည်း ဘာပြောရမှန်းမသိဖြစ်သွားသလို ကြီးကြီးခင်လည်း ဘယ်လိုထိန်းရမှန်းမသိဖြစ်သွားစဉ်မှာ ဘုရားကျွဲက မာမီခိုင့်ရှေ့က ဖျတ်ခနဲရောက်သွားပြီး လက်အုပ်ချီရင်း သူ ပြောချင်တာတွေကို ဆက်ပြောပါတော့တယ်၊

"တောင်းပန်ပါတယ် အန်တီလေးရယ်၊ သမီး မှားတာပါ၊ သမီးရဲ့အပြစ်ပါ၊ သမီးအားလုံးကို တောင်းပန်ဖို့ လာခဲ့တာပါ၊ တကယ်ဆို သမီးနဲ့ဂျူးက ဒီအိမ်မှာပဲ တွေ့လိုက်မယ်ဆိုရင် ဒီပြဿနာတွေဖြစ်မှာမဟုတ်ပါဘူး၊ အခုတော့

•———ရွှင်သော———•

www.burmeseclassic.com

www.burmeseclassic.com



သမီးက အင်္ဂလန်ကပါလာတဲ့ boy friend တစ်ယောက်နဲ့ မိတ်ဆက်ပေးချင်တာနဲ့ Surprise ဖြစ်အောင်ဆိုပြီး ကော်ဖီဆိုင်မှာချိန်းခဲ့မိတာပါ။ လာခါနီးကျမှ အဲဒီသူငယ်ချင်းကလည်း ပေါ်မလာ၊ ညှိသည်ကမပြတ်၊ မုန်တိုင်းက ဝင်လာနဲ့ အစီအစဉ်တကျ မဖြစ်ခဲ့ရတာပါ"

"တော်ပြီလို့ ပြောနေတယ်။ ငါ့ရှေ့ကဖယ်"

"အန်တီလေးရယ် . . . သမီးတောင်းပန်ပါတယ်။ အချိန်ကို မလေးစားလို့ မဟုတ်ပါဘူး။ လာခါနီးမှ အခက်အခဲက ဆုံဖြစ်ပြီး အိမ်က ပေးမလွှတ်တော့လို့ပါ"

"ဒီကိစ္စကို ဘယ်လိုနည်းနဲ့မှ မတောင်းပန်နဲ့ ဘရက်ဂီ။ ချိန်းတဲ့အချိန် ရောက်မလာလို့ ပြဿနာဖြစ်ပြီဆိုရင် အဲဒီပြဿနာရဲ့ နောက်ဆက်တွဲအကြောင်းတရားတွေကို ငါ နားထောင်လေ့မရှိဘူး။ တောင်းပန်တဲ့လူက မျက်နှာပြောင်တိုက်ပြီး တောင်းပန်ရဲပေမယ့် စောင့်ခဲ့ရတဲ့လူက စိတ်ခံစားမှုတွေ အရမ်းနစ်နာတယ်"

" . . . "

"ငါ မင်းကို ချစ်ပါတယ် ဘရက်ဂီ။ အချိန်မလေးစားတာကိုတော့ အရမ်းမုန်းတယ်"



ကြည့်စမ်း . . . မာမီနိုင်ရဲ့ အချိန်တိကျမှု ရှုံးသွင်ပုံက ဩရေလောက်စရာ။ ဂျူးနဲ့မခြား ချစ်ချစ်ခင်ခင်ပေါင်းလာတဲ့ ဘရက်ဂ်ကို သူစိမ်းဆန်ဆန် ရက်ရက်စက်စက် ပြောပြီး ရှောင်ထွက်သွားပါတော့တယ်။

"ဘရက်ဂီ . . . ဘယ်လိုမှ မအောက်မေ့ပါနဲ့ သမီးရယ်။ သမီးအန်တီလေးရဲ့အကြောင်းကို သမီးလည်း သိပြီးသားပဲ။ သူက အချိန်နဲ့ပတ်သက်ပြီး ပြဿနာဖြစ်လာပြီဆိုရင် ဘယ်သူပြောတာမှ လက်မခံဘူးဆိုတော့ သမီးကပဲ နားလည်ပေးလိုက်ပါနော်"

"နားလည်ပါတယ် အန်တီကြီးရယ်။ အန်တီလေးက ချစ်စရာကောင်းပြီးသားပဲဟာ။ အခုပြောသွားတာကလည်း သမီးကို မုန်းလို့မှ မဟုတ်တာ၊ သမီးကသာ အပြစ်တျူးလွန်မိတာကို သမီးတောင်းပန်ပါတယ်နော်"

"အေးပါကွယ် . . . ဖြစ်ပြီးမှ ဘာတတ်နိုင်တော့မှာလဲ။ နောက် ဒီလိုမဖြစ်အောင်သာ ဆင်ခြင်ပေါ့။ တကယ်ဆို ဂျူးဂျူးကလည်း ကိုယ့်သူငယ်ချင်းကို ရန်တွေ့ချင်ရင် နောက်မှတွေ့ပေါ့။ ခုတော့ ရောက်ရောက်ချင်း ရန်တွေ့လိုက်တော့ ပူပူနွေးနွေးဒေါသဖြစ်ထားတဲ့ နိုင်ကပါ စွပ်ကျော

www.burmeseclassic.com

www.burmeseclassic.com



ဆောဒ့သာပေါ့ သမီးရယ်"

"ဟင်း! . . . ငါကလေ နင့်ကို အဲဒီကော်ဖီဆိုင်မှာ ကတည်းက ရန်တွေ့ချင်နေတာ။ ငါ့ကို မုန်တိုင်းမိအောင် လုပ်တဲ့အတွက် နင့်ကို အလျော်တောင်းချင်နေတာ"

"အို . . . ပေးမယ် စိတ်ချ။ နင် ဘာအလျော် လိုချင်လဲ ပြော။ ဒီကို ထွက်လာကတည်းက နင် ကျေနပ် အောင် လုပ်ပေးဖို့ ဆုံးဖြတ်ခဲ့ပြီးသား"

"ကဲ . . . ကဲ . . . နှစ်ယောက်သား ပွက်လော ရိုက်မနေနဲ့ဦး။ ဒီနေ့တော့ ပြောစရာရှိတာ မြန်မြန်ပြောပြီး ပြန်။ ခက်ခက်ခိုင်ရဲ့ မိုးလေဝသက ကောင်းတာမဟုတ်ဘူး။ ခရီးထွက်ဖို့ အစီအစဉ်ကလည်း ရှိသေးတော့ လုပ်စရာရှိ တာတွေ သူ့အချိန်နဲ့သူ မလုပ်ရင် ပြဿနာထပ်တက်သွား နိုင်တယ်"

"ဟုတ်တယ်။ လာ . . . ငါ့အခန်းထဲ သွားပြော မယ်"

အဲဒီလိုနဲ့ ကြီးကြီးခင်ရဲ့ ဖျောင်းဖျမှုကြောင့် ဂျူးတို့ နှစ်ယောက် အခန်းထဲ ခပ်သုတ်သုတ်ရောက်လာခဲ့ကြ ပါတယ်။



"ညနေကကိစ္စအတွက် ငါ တကယ်ပဲ တောင်းပန် ပါတယ် ဂျူးရယ်။ ဟို . . . နင်နဲ့အန်တီကြီးကို အန်တီလေး က ဘယ်လိုအပြစ်တွေပေးလိုက်တာလဲ"

"အေး . . . နင် ကြားရင် အံ့သြသွားမယ်။ ငါ့ရဲ့ ရှိသမျှ အတွင်းပစ္စည်းပေါင်းစုံနဲ့ ဆက်သွယ်ရေးကိရိယာ ပေါင်းစုံကို သိမ်းလိုက်ပြီ။ အိမ်ဖုန်းလည်း ဖြုတ်တော့မယ်"

"ဒါများ . . . ဖုန်းတွေပေါလွန်းလို့"

"နားထောင်ဦး။ အဲဒါနဲ့ မပြီးသေးဘူး။ ကျောင်းကို လည်း လုံးဝဒေါ်တက်ခွင့် မပေးတော့ဘူးတဲ့။ အပြင်ထွက် ခွင့်လည်း နှစ်လပိတ်တယ်တဲ့"

"ဟင်"

"ပြီးတော့ အဲဒီနှစ်လလုံး ညနေ ငါးနာရီခွဲကနေ ခုနစ်နာရီထိ တရားထိုင်ရမယ်တဲ့"

"ဘုရားရေ!"

"ကြီးကြီးခင်ကိုလည်း hand phone သုံးခွင့်မပြု တော့ဘူး"

"ဟား . . . အန်တီလေးပေးတဲ့ ပြစ်ဒဏ်က နင့် ကို လုံးဝအကျယ်ချုပ်ချလိုက်တာနဲ့ အတူတူပဲ။ ဒါဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



နင် ဘာဖြစ်ချင်လဲ။ ငါ ဘာကူညီရမလဲ ပြော။ နင် အလျော်တောင်းမယ့်ကိစ္စက ဒါနဲ့ ပတ်သက်နေလား"

"အိုခေ . . . လုံးဝပတ်သက်နေတယ်။ နင် ငါ့ကို မကူညီခင် ငါပြောတာကို နားထောင်။ ညနေက ကော်ဖီဆိုင်လေးထဲမှာ နင်ရောက်မလာလို့ ငါ ဒေါသတွေ အရမ်းထွက်ခဲ့ပေမယ့် ငါ့အတွက် ရင်ခုန်စရာကောင်းတဲ့ Plot လေးတစ်ခုတော့ ရခဲ့တယ်ဟဲ့"

"အိုး! . . . ဒါဆို နင် ငါ့ကို ကျေးဇူးတောင် ပြန်တင်ရဦးမယ်။ အဆိုးထဲက အကောင်းပေါ့။ ဘယ်လို Plot လဲ"

"ဘယ်လိုပြောရမလဲ။ အဲဒီလိုခံစားမှုမျိုး ငါ့ဘဝမှာ တစ်ခါမှ မရခဲ့ဖူးဘူး။ ငါ မာမီနိုင့်အတွက် စိုးရိမ်စိတ် အရမ်းဖြစ်နေတဲ့အချိန်၊ ပြီးတော့ မုန်တိုင်းမိနေရလို့ အရမ်းကြောက်နေတဲ့အချိန်မှာ မထင်မှတ်ဘဲ ဖြစ်လာခဲ့တာ။ Romantic လည်း အရမ်းဆန်တယ်"

ဆိုပြီး ဂျူးဟာ ညနေက ရိုမီယိုကိုကိုနဲ့ တွေ့ဆုံခဲ့ပုံကို ဇာတ်လမ်းတစ်ခုလို မျက်စိထဲပေါ်လာအောင် ပြောပြလိုက်ပါတော့တယ်။

ရွှေအသာ



× × × × ×

× × × × ×

× × × × ×

"ကြည့်စမ်း . . . အံ့ဩစရာကောင်းလိုက်တာ ဂျူးရယ်။ ဂျူးလိယက်ပို့ပို့က ရိုမီယိုကိုကိုနဲ့တွေ့ရတယ်လို့။ အရမ်းထူးဆန်းတယ်။ နင့်အစား ငါ ရင်တွေခုန်လိုက်တာ"

ဂျူး ပြောပြပြီးတဲ့အချိန်မှာတော့ ဘရဏီက တခစ်ခစ်နဲ့ရယ်လိုက် ကျလိကျလိနဲ့ သဘောကျလိုက် ဖြစ်နေပါတယ်။

"နင့်ပြောစကားအရဆိုရင် သူက နင့်အပေါ်ကို စီးစီးပိုးပိုးနဲ့ လွှမ်းမိုးနိုင်လွန်းအားကြီးတယ်။ ဘယ်လိုပြောရမလဲ၊ ပိုင်စိုးပိုင်နင်းလုပ်နိုင်တာမျိုးပေါ့ဟာ။ အသေးစိတ်ဂရုစိုက်တတ်ပုံက ခုမှ တွေ့တဲ့လူတွေ မဟုတ်သလိုပဲ။ ဇကန္တ . . . သူ နင့်ကို မြင်မြင်ချင်း ရေရေလည်လည် ကြွေသွားပုံရတယ်"

"အင်း . . . ဖြစ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့ပုံစံက ငါ့အပေါ်မှာ နွေးနွေးထွေးထွေးနဲ့ နှစ်နှစ်ကာကာ ရှိလွန်းတယ်။ အဲဒီခံစားမှုပုံစံကို ငါမပြောပြတတ်ဘူး

ရွှေအသာ

www.burmeseclassic.com

www.burmeseclassic.com



ဘရက်ဂီ။ သူ ငါ့အပေါ် ရက်ရက်စက်စက်ကြွေသွားတာတော့ အခုသာ အချာပြောနိုင်တယ်။ ပြီးတော့ သူက ပြောသေးတယ်။ သူ့ဘဝမှာ ဒီလိုအလုပ်မျိုး တစ်ခါမှ မလုပ်ဖူးဘူးတဲ့။ တကယ် ကူညီချင်တဲ့ဆန္ဒရှိရင်တောင် သူ့တပည့်တွေကို ခိုင်းလို့ရတယ်တဲ့။ ငါ့ကိုမို့လိုတဲ့"

"ဒါဆို . . . နင့်ရဲ့ခံစားမှုကရော"

"ငါ မလိမ်ချင်ဘူး၊ ငြင်းလည်း မငြင်းချင်ဘူး။ ငါ့ရဲ့ခံစားမှုက သူဖြစ်ခဲ့တဲ့ခံစားမှုနဲ့ ထပ်တူထပ်မျှပဲလို့ ပြောနိုင်တယ်။ ပြန်ခါနီး သူ့နာမည်ကို သိလိုက်ရတဲ့အချိန်မှာ ပို သေချာသွားခဲ့တာ။ သူလည်း ငါ့နာမည်ကို သိလိုက်တဲ့ အချိန်မှာ သူ့ရဲ့ခံစားမှုက အတိုင်းထက်လွန်သွားတာ ငါ ဖမ်းစားနိုင်ခဲ့တယ်။ ပြီးတော့ သူပြောခဲ့တဲ့စကားတစ်ခွန်းက ငါ့နားထဲမှာ စွဲနေတယ် ဘရက်ဂီ။ အဲဒါ ဘာလဲဆိုတော့ ခု ဘာမှမဆိုင်ပေမယ့် နောက် ဆိုင်ချင်ဆိုင်လာမှာပဲတဲ့"

" . . . "

"ဒါဆို နင် သဘောပေါက်မှာပါ။ အဲဒီခံစားမှုက ငါ့ရင်ဘတ်ထဲမှာ စူးနေတော့ ပထမဆုံးအနေနဲ့ သူ့ကျေးဇူးကို ပြန်ဆပ်မှုဖြစ်လိမ့်မယ်။ ငါကလည်း အိမ်အခြေအနေ

မျှဝေသော



ကြောင့် ကျွန်မဘက်က စပြီး ဆက်သွယ်ပါ့မယ်လို့ ကတိပေးလိုက်မိတယ်။ ဒါပေမဲ့ အခု အပြစ်ပေးခံရပြီဆိုတော့"

"အိုခေ . . . အိုခေ . . . ပေါက်ပြီ။ နင် ဘာကို လိုချင်တယ်ဆိုတာ ငါ နားလည်လိုက်ပြီ။ ဒီတော့ နင် စိတ်အေးအေးသာ ထားတော့ ဂျူး။ အဲဒီကိစ္စအားလုံးပြေလည်သွားအောင် ငါ တာဝန်ယူမယ်"

"ဘယ်လိုနည်းနဲ့လဲ"

"ငါ့မှာနည်းပေါင်းစုံရှိပါတယ်။ လွယ်လွယ်လေးပါ"

"နင် တကယ်ပြောတာနော်"

"တကယ် . . . လုံးဝကတိပေးတယ်"

"အိုခေ . . . နင် အဲဒီလိုကူညီလိုက်တာဟာ ညနေက ဖြစ်ခဲ့တဲ့ ပြဿနာကို အလျော်ပြန်ပေးလိုက်တာနဲ့ အတူတူပါပဲ"

"ဟင်း! . . . စကားက တတ်ပ"

ဘရက်ဂီက မျက်စောင်းပစ်ပြီးပြောလိုက်တာမို့ နှစ်ယောက်သား လက်ဝါးချင်းရိုက်ပြီး ရယ်လိုက်မိကြပါတယ်။ နောက်ဆုံးတော့လည်း ဘရက်ဂီကြောင့် ဖြစ်ခဲ့ရတဲ့ပြဿနာတွေ၊ အခက်အခဲတွေအားလုံးဟာ ဘရက်ဂီကြောင့်ပဲ ပြန်

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



လည် အဆင်ပြေသွားခဲ့ရပါတယ်။

မာန့်မီနိုင် ဂျူးကို ပြင်ဆင်နိုင်းထားတာက တရား ထိုင်ဖို့အတွက် စိတ်ဓာတ်နဲ့ အဝတ်အစား၊ ဂျူး အမှန် တကယ် ပြင်ဆင်နေမိတာက ရင်ခုန်သံမြန်ခဲ့တဲ့ ရိုမီယိုနဲ့ ဂျူးလီယက်ရဲ့နှလုံးသား။





၅

ရိုမီယိုဟာ ဘာပဲလုပ်လုပ် စားစား သွားသွား နားနားနေနေ အာရုံထဲမှာ ဂျူးလီယက်ပို့ပို့ဟာ လွှမ်းမိုးနေ ခဲ့ပါတယ်။ ကော်ဖီဆိုင်လေးထဲမှာရော၊ ပန်းချီပြခန်းထဲမှာ ရော၊ သူ့ရဲ့ရုံးခန်းထဲမှာရော သူမနဲ့တွေ့ဆုံခဲ့ပုံကို ပြန်လည် ပုံဖော်တွေးရင်း စောင့်မျှော်နေပေမယ့်လည်း တစ်နေသာ ကုန်သွားခဲ့တယ် သူမဘက်က ဆက်သွယ်မလာခဲ့ပါဘူး။

ညရောက်တော့လည်း အိပ်ရာထဲမှာ သူမကို ရင်ခုန်ကြည်နူးစွာနဲ့ နွေးနွေးထွေးထွေး ပို့ဆောင်ပေးခဲ့ပုံ

www.burmeseclassic.com



လေးကို ပြန်တွေးရင်း စောင့်မျှော်နေခဲ့မိတယ်။ ဒါပေမဲ့လည်း အရက်တက်ချိန်သာရောက်သွားခဲ့တယ်။ သူမဘက်က လုံးဝဆက်သွယ်မလာခဲ့ပါဘူး။ နောက်နေ့မနက်မှာတော့ သူ အလုပ်သွားဖို့ ကားပေါ်မတက်ခင်မှာ . . .

"မိုးနတ်မင်းသမီးလေးရေ . . . ဒီနေ့မှ မင်း ဆက်သွယ်မလာခဲ့ရင် ဒီည မင်းအိမ်ရှေ့ကို ကိုယ်အရောက်လာခဲ့တော့မယ်"

လို့ တစ်ယောက်တည်း ခပ်တိုးတိုး ဆုံးဖြတ်ချက်ချလိုက်ပြီး ထွက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ သူငယ်ချင်းမန်နေဂျာအောင်အောင့်ဆီက ဖုန်းဝင်လာခဲ့တယ်။

"ပြော . . . အောင်အောင်"

"သူငယ်ချင်း . . . မင်း ထွက်လာပြီလား"

"လာနေပြီ . . . ဘာထူးလို့လဲ"

"ဒီမှာ မင်းနဲ့တွေ့ချင်လို့တဲ့ ကောင်မလေးတစ်ယောက် ရောက်နေတယ်။ မင်းနဲ့ပတ်သက်တာတွေထဲကတော့ မဟုတ်ဘူး"

"နာမည်မေးလိုက်သေးလား"

"သူက အထူးညွှန့်သည်လို့ပဲ ပြောပေးပါဆိုတာနဲ့ မင်း ထိုင်နေကျဝိုင်းမှာ ညွှန်ထားတယ်။ အဲဒါ မင်းတွေ့ပေးနိုင်မလား"

"အိုခေ . . . ငါ အခုတန်းလာခဲ့မယ်။ ကောင်းကောင်း ညွှန်ထားလိုက်ပါ"

အထူးညွှန့်သည်ဆိုတာနဲ့ ရင်ထဲမှာ သိချင်စိတ်တွေ အထူးပြင်းထန်သွားပြီး ကော်ဖီဆိုင်လေးဆီ အမြန်ရောက်အောင်မောင်းလာခဲ့မိပါတယ်။ ဆိုင်ထဲ ဝင်လိုက်တော့ အောင်အောင်က အဝေးကနေ ကိုယ်ဟန်အနေအထားပြပြီး စောင့်ကြိုနေသလို သူထိုင်နေကျဝိုင်းမှာတော့ ခေတ်ဆန်ဆန် ဖက်ရှင်ကျကျ ကောင်မလေးတစ်ယောက်ထိုင်စောင့်နေတာကို တွေ့လိုက်ရပါတော့တယ်။ စားပွဲဆီသူ တန်းဝင်လိုက်တော့ အဲဒီကောင်မလေးက ယဉ်ကျေးမှုနဲ့ မတ်တတ်ရပ်ပြီး အသိအမှတ်ပြုပါတယ်။

"ရပါတယ် . . . ထိုင်ပါ။ ကိုယ့်နာမည် ရှီမီယိုကိုကိုပါ"

"တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်မနာမည် ဘာရက်ပါ။ အထူးညွှန့်သည်ဆိုလို့ အံ့ဩသွားလိမ့်မယ် ထင်ပါတယ်။ ကျွန်မက ဂျူးလီယက်ပိုပိုရဲ့ သူငယ်ချင်းပါ"

ရှုမော



ရှုမော

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ! . . . ဂျူးလီယက်ပျိုပျိုရဲ့ သူငယ်ချင်း"

သူ့မျက်လုံးလေးတွေ လင်းလက်ပြီး အတိုင်းထက် အလွန် အံ့ဩသွားခဲ့ပါတယ်။ သူ့ပုံစံကို သူမက ကြည့်ပြီး တရင်းတနှီး ရယ်တာမို့ သူပါ ရှက်ရယ်ကလေးရယ်ပြီး မျက်နှာချင်းဆိုင်ထိုင်လိုက်ကြပါတယ်။

"တွေ့ရတာ အရမ်းဝမ်းသာတာပဲ ဘရက်။ ဒီလို ရောက်လာပေးတဲ့အတွက်လည်း ကျေးဇူးအများကြီး တင်တယ်။ ကျွန်တော်တို့ ရင်းရင်းနှီးနှီးပဲ ပြောကြရအောင်။ တကယ်တော့ ကျွန်တော်က ဂျူးလီယက်ပျိုပျိုနဲ့ အဆက် အသွယ်ရချင်နေတာပါ။ မနေ့က တစ်နေ့လုံးရော တစ်ည လုံးရော သူ ဆက်သွယ်လာမလားလို့ မျှော်နေမိတယ်။ ဒီနေ့မှ လုံးဝဆက်သွယ်မလာဘူးဆိုရင် ကျွန်တော် သူ့အိမ် ရှေ့ကို သွားကြည့်ဖို့ဆုံးဖြတ်ထားပါတယ်။ ခုလို ဘရက် ရောက်လာတော့ အိုခေသွားတာပေါ့"

"..."

"ဒါနဲ့ . . . ဘရက်တို့က သူငယ်ချင်းတွေဆိုတော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ တွေ့ဆုံပုံကို သိပြီးရောပေါ့"

"ဂျူး ပြောပြလို့ အားလုံးသိပြီးပါပြီ။ သူ မုန်တိုင်း





မိတဲ့ကိစ္စက ကျွန်မကြောင့်ပါ။ ကျွန်မဘက်က ချိန်းထားပြီး ရောက်မလာနိုင်ခဲ့လို့ ဖြစ်ရတာပါ။ သူက အချိန်ကို အရမ်း တန်ဖိုးထားတဲ့အဒေါ်အပျိုကြီးနဲ့နေရတာဆိုတော့ အဲဒီကိစ္စ နဲ့ ပတ်သက်ပြီး သူ အပြစ်ပေးခံနေရပြီ ကိုရှိမီ"

"ဟာ! . . . တကယ်ပဲ အပြစ်ပေးခံနေရပြီလား။ စိတ်မကောင်းလိုက်တာဗျာ။ သူ ကျွန်တော့်ကိုတော့ ပြော သွားသေးတယ်။ ချိန်းတဲ့အချိန်ကို ကတိပျက်ခဲ့ရင် ပြစ်ဒဏ် ပေးတာတွေကို ခံရတယ်တဲ့။ ဘယ်လိုပြစ်ဒဏ်တွေများ ခံ နေရတာလဲ ဘရက်ရယ်"

သူ့ ရင်ထဲမှာ စိုးရိမ်စိတ်တွေ အရမ်းပြင်းထန်သွား ပါတယ်။ ဘယ်လောက်ထိပြင်းထန်သွားသလဲဆိုရင် အဲဒီ ပြစ်ဒဏ်တွေကို သူမအစား သူသာ ခံပေးလိုက်ချင်တဲ့ အထိပါ။

"မစိုးရိမ်ပါနဲ့ ကိုရှိမီ။ စိတ်မကောင်းလည်း မဖြစ်ပါ နဲ့။ သူ့အဒေါ်ပေးတဲ့အပြစ်တွေက နာကျင်ပင်ပန်းပြီး အကျိုး လုတ်စေတဲ့ ပြစ်ဒဏ်မျိုးတွေ မဟုတ်ပါဘူး။ သူ့ကို အပြစ် ပေးတိုင်း ဘဝအတွက်အကျိုးရှိစေမယ့် ပြစ်ဒဏ်တွေကိုပဲ ပေးတတ်တာပါ။ တိုတိုပြောရရင် အကျယ်ချုပ် နှစ်လ ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့သဘောပါပဲ"

"ဗျာ! အကျယ်ချုပ် နှစ်လ။ အထူးအဆန်းပဲ။ ကျွန်တော့်ဘဝမှာ အဲဒါမျိုး တစ်ခါမှ မကြုံဖူးဘူး"

"အခု ကြုံဖူးပြီမလား။ ကျွန်မ သူငယ်ချင်းကို စိတ်ဝင်စားရင် ဒီထက်ထူးဆန်းတာတွေ ကြုံရဦးမှာပါ။ အဲဒီ အကျယ်ချုပ် နှစ်လက ရိုးရိုးမဟုတ်ဘူး၊ ရှိသမျှ စိန်တွေ၊ ရွှေတွေရော၊ ဆက်သွယ်ရေးကိရိယာပေါင်းစုံရော သိမ်းလိုက်တဲ့အပြင် နောက်ဆုံးနှစ်ကို ဒေးပါတက်ခွင့်မပေးတော့ဘူး။ ဒါတင်မကသေးဘူး။ အဲဒီနှစ်လလုံး ညနေတိုင်း တရားထိုင်ရမယ်တဲ့"

"ဟာ! . . . အံ့ဩစရာပဲဗျာ။ ဘာပဲဖြစ်ဖြစ် အဲဒီဖြစ်ဒဏ်တွေက သူ့အတွက် ဘယ်လောက်ပဲအကျိုးရှိရှိ သူ့စိတ်ထဲမှာတော့ ပင်ပန်းခက်ခဲမှုတွေရှိမှာပဲ ဘရက်ရယ်။ ဒီကိစ္စ ကျွန်တော် ဘယ်လိုလုပ်ပေးရင် ကောင်းမလဲ။ သူ ကျွန်တော့်ကို မဆက်သွယ်တာလည်း ဒါတွေကြောင့် ထင်တယ်"

"စိတ်မပူပါနဲ့ ကိုရိုမီ။ ရှင် ဘာမှလုပ်စရာမလိုပါဘူး။ ကျွန်မသာ လုပ်ရမှာပါ။ ကျွန်မမှာသာ တာဝန်ရှိတာ





ပါ။ ညနေကကိစ္စက ကျွန်မကြောင့်ဖြစ်ခဲ့ရတာမို့လို့ ဂျူးအတွက် ဘာမဆိုကူညီပေးဖို့ဆုံးဖြတ်လိုက်ပါပြီ၊ အဲဒီအတွက် ကျွန်မ ခုလိုရောက်လာခဲ့တာပါ"

"အိုခေ . . . အိုခေ . . . ကျွန်တော် နားလည်ပြီ ဘရက်။ ဘရက်ဖြစ်စေချင်တဲ့သဘောထားကို ကျွန်တော် သိပြီ၊ ကျေးဇူးတင်တယ်ဗျာ။ ကျွန်တော် အရမ်းမျှော်လင့်နေတဲ့အချိန်မှာ ခုလိုရောက်လာခဲ့တာ၊ ဘရက်သာ မကူညီရင် ကျွန်တော်တို့နှစ်ယောက်ရဲ့ဆက်သွယ်မှုက တော်တော်ခက်ခဲလိမ့်မယ်ထင်တယ်"

"အခု လွယ်သွားပြီပဲလေ။ ကျွန်မ ဒီကအပြန် ဂျူးဆီ ဖုန်းတစ်လုံးဝင်ပေးခဲ့မယ်။ သူ့ဘက်က ဆက်သွယ်လာကို ပဲ စောင့်ပါ။ သူ အဆင်ပြေတဲ့အချိန် ရှင့်ဆီခေါ်ပါလိမ့်မယ်"

"ဝမ်းသာလိုက်တာဗျာ။ ဘရက့်ကို ကျေးဇူးတင်ပြီးရင် တင်ရမလိုဖြစ်နေပြီ။ သူ့ဆီရောက်ရင် ပြောပေးပါ။ ဆက်သွယ်မှာကို အချိန်တိုင်း စောင့်မျှော်နေပါတယ်လို့"

"ရှင်တို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုက Romatic အရမ်းဆန်တာပဲနော်။ ဂျူးအပေါ်ကိုလည်း တော်တော်စိတ်ဝင်စားပုံရတယ်။ ဒီလိုနာမည်နှစ်ခုလာဆုံတာလည်း အရမ်း



www.burmeseclassic.com

www.burmeseclassic.com



အုံ့ညြစရာကောင်းတယ်။ ကျွန်မဘဝမှာ ပထမဆုံး တွေ့ရတဲ့ ထူးဆန်းမှုတစ်ခုပဲ"

"ဟုတ်တယ်ဗျ။ အရမ်းအုံ့ညြစရာကောင်းတယ်၊ အမှန်တိုင်းပြောရရင် ဘယ်ဘဝရဲ့ ရေစက်ကြောင့်လဲ မသိဘူး။ ကျွန်တော် သူ့ကို မြင်မြင်ချင်း စိတ်ဝင်စားမိတာပါ။ နာမည်နှစ်ခုတိုက်ဆိုင်လို့မဟုတ်ဘူး။ Love at First sight လို့ ဆိုရမှာပေါ့။ သူ့အိမ်ကိုလိုက်ပို့ရတဲ့အချိန်လေးမှာပဲ ကျွန်တော့်ရဲ့ရင်ခုန်သံအစစ်အမှန်တွေကို သိလိုက်ရတယ်။ ပြန်ခါနီးကျမှ နာမည်သလိုက်ရတော့ ပို heart ထိသွားတာပေါ့ဗျာ"

"..."

"ဟို ... ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်မယ်ဗျာ၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ တွေ့ဆုံခဲ့တဲ့ အခြေအနေအထားကို ဘရက်ဂီလည်း ရိပ်မိမှာပါ။ ကျွန်တော် ဂျူးလိယက်ပျိုပျိုကို ချစ်တယ်။ ခဏလေးတွေ့ခဲ့ရပေမယ့် သူ့အပေါ်ချစ်တဲ့အချစ်ကတော့ နှိုင်းဆလို့မရပါဘူး။ ဒီတော့ ကျွန်တော် သူ့ရဲ့ biography လေး သိချင်တယ်။ ပြီးတော့ သူ့မှာ ..."



"ဒီလောက်ကတော့ ကျွန်မလည်း နပ်ပါတယ် ကိုရိုမီ၊ ဂျူးတို့မိသားစုက ပျော်ရွှင်အေးချမ်းသာယာတဲ့ မိသားစုလေးပါ။ ဂျူးရဲ့မိဘအရင်းက မန္တလေးမှာနေပါတယ်။ ဂျူးကိုတော့ အဒေါ်နှစ်ယောက်က မွေးစားထားတာပေါ့၊ ကျွန်မသူငယ်ချင်းမို့လို့ ပြောတာမဟုတ်ဘူး။ ဂျူးက ခေတ်လူငယ်ဆိုပေမယ့် အငြိမ်ဇယားဘက်မှာပဲ ရှိပါတယ်။ ရိုးသားတယ်၊ သဘောထားဖြူစင်ပြီး ချစ်စရာကောင်းတယ်"

"..."

"ကျောင်းကတော့ ရိုးရိုးမေဂျာပါပဲ၊ Physics ပေါ့ မကြာခင်မှာ Final တက်ရမှာပါ။ Boyfriend တွေ ဘာတွေကတော့ ဘယ်လိုပြောရမလဲ ကိုရိုမီလည်း ကိုယ့်ကိုယ်ကိုယ် သိမှာပါ။ ရှင့်အသက်အရွယ်၊ ရှင့်ရုပ်ရည်၊ ရှင့်အဆင့်အတန်းနဲ့ ဒါမျိုးပတ်သက်မှုတွေ မရှိဘဲ မနေပါဘူး။ ဂျူးလည်း အဲဒီလိုပဲပေါ့။ သူ့ကို Propose လုပ်ထားတာတွေ ရှိတယ်၊ ဘယ်သူ့ကိုမှ မတုံ့ပြန်ရသေးဘူး၊ ဒီတော့ ရှင့်ဘက်ကလည်း ကြိုးစားလို့ရပါတယ်"

"ကျေးဇူးပဲဗျာ၊ ဒီလောက်ဆို ရပြီ။ ကျွန်တော် အရမ်းကျေနပ်တယ်၊ နားလည်ပေးလို့ရတယ်။ ဘရက်ဂီ

www.burmeseclassic.com

www.burmeseclassic.com



ပြောသလိုပါပဲ။ ကျွန်တော် မငြင်းပါဘူး။ ထားခဲ့ဖူးတယ်။ ဒါပေမဲ့ ရင်ဘတ်ထဲမှာ အမြစ်တွယ်သွားမိတာကတော့ ဂျူးလီယက်ပျိုပျိုကို တွေ့လိုက်ရတဲ့အချိန်ကျမှပါ။ ဒီတော့ ဘရက်ဂီက ကျွန်တော် ပြောတဲ့စကားတွေနဲ့ ကျွန်တော့်ရဲ့ ခံစားမှုအစစ်အမှန်တွေကို သူ သိအောင် ကြိုပြောထားပေးပါ။ ဒါမှ ကျွန်တော် ကြိုးစားရတာ လွယ်မှာ။ intro တွေ ဝင်ရင်လည်း ကြာမနေတော့ဘူးပေါ့ဗျာ"

"စိတ်ချပါ ကိုရိုမီ။ ကျွန်မ အားလုံးပြောပြလိုက်ပါ့မယ်။ တကယ်တော့ ဒီကိစ္စက ရှင်တို့နှစ်ယောက်ကို ဖုန်းနဲ့ ချိတ်ပေးလိုက်လို့ရတယ်။ ဒါပေမဲ့ ကျွန်မ သူငယ်ချင်းအပေါ် တာဝန်ကျေချင်သို့၊ သူ့ အပြစ်ပေးခံရတဲ့အတွက်လည်း နှစ်သိမ့်ပေးရာရောက်အောင်လို့ ကိုယ်တိုင်ပဲ ထလာခဲ့ရတာပါ"

"အင်း . . . ဘရက်ဂီက သူငယ်ချင်းကောင်းပီသတာပဲ။ အားကိုးပါတယ်ဗျာ"

"ကျေးဇူးတင်ပါတယ် ကိုရိုမီ။ ဒါဆို ကျွန်မ ပြန်လိုက်ပါဦးမယ်"

"အိုခေ . . . အားလုံးအဆင်ပြေဖို့ ကျွန်တော် မျှော်လင့်နေပါ့မယ်"



ရိုမီဟာ ဘရက်ဂီကျောခိုင်းသွားချိန်မှာပဲ ပျော်လွန်းလို့ ခုန်ပေါက်ပစ်ချင်တဲ့စိတ်ကို မနည်းကြိုးစားထိန်းလိုက်ရပါတယ်။ သူ အရမ်းမျှော်လင့်နေတဲ့အချိန်မှာ ဘရက်ဂီရောက်လာတာဟာ သူ့အတွက် ထင်ထားတာထက်တောင် ပိုအဆင်ပြေသွားတာမို့ ဘရက်ဂီကို "မြားနတ်မောင်"လို့တောင် တင်စားလိုက်ချင်ရဲ့။

အဲဒီအချိန်ကစလို့ သူ လုံးဝ ဖင်ငြိမ်တော့ဘဲ ကော်ဖီဆိုင်ထဲမှာ ကြာကြာမနေစဖူး ဟိုလျှောက် ဒီလျှောက်နဲ့ အချိန်ဖြုန်းလိုက်၊ ပန်းရုံပြခန်းထဲလျှောက်ကြည့်လိုက်၊ ရုံးခန်းထဲ ဝင်လိုက် ထွက်လိုက်နဲ့ ဂျူးလီယက်ပျိုပျို့ခဲ့ဖုန်းကို မျှော်နေမိပါတယ်။ အဲဒီလို တစ်မနက်လုံး မျှော်ဆော်ဖောနဲ့ မောနေချိန်၊ နေ့လယ် ဆယ့်နှစ်နာရီ သူ့ အိမ်ဘို့ မပြန်ခင်လေးမှာကစ်ပြီး ringtone သံအသစ်နဲ့ ဖုန်းဝင်လာပါတော့တယ်။ သူ အရမ်းဝမ်းသာသွားပြီး ရင်ခုန်လှိုက်မောမှုတွေနဲ့အတူ ကြည်ကြည်နူးနူးလေး နားထောင်လိုက်မိတယ်။

"ဟယ်လို . . . ပြောပါ။ ရိုမီယိုကိုကိုပါ"

"ဟုတ် . . . ကျွန်မ ဂျူးလီယက်ပျိုပျိုပါ။ မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ပါ သူဌေး"

"ဂျူးလိယက်ပိုပို . . . ခုလို ဆက်သွယ်လာတာ ကျေးဇူးတင်တယ်ကွာ။ ကိုယ် မင်းအသံလေးကို ကြားနေချင်တာ။ မင်းဖုန်းကို အချိန်တိုင်းပဲ မျှော်နေမိတယ်။ ဒီနေ့မနက် ဘရက်ကီလာတွေ့မှပဲ စိတ်အေးသွားတာ၊ မင်းရဲ့အခြေအနေကိုလည်း နားလည်လိုက်တယ်လေ"

"ဟုတ်ပါတယ်၊ လောလောဆယ် ကျွန်မရဲ့အခြေအနေက အဲဒီလိုဖြစ်သွားခဲ့တယ်။ ဘာပဲဖြစ်ဖြစ်ပါ အဲဒီနေ့ကကိစ္စအတွက် ကျေးဇူးအရမ်းတင်နေပါတယ် သူဌေး။ အဒေါ်တစ်ယောက်ကိုလည်း ပြောပြထားလို့ အဲဒီအဒေါ်ကလည်း ကျေးဇူးတင်နေပါတယ်"

"ရပါတယ်ကွာ၊ အဲဒါက အရေးမကြီးပါဘူး၊ ကိုယ် ပြောခဲ့ပြီးပြီပဲ။ အရေးကြီးတာက အခု မင်း အိမ်မှာနေရတာ အဆင်ပြေရဲ့လား။ ဘာလိုအပ်လဲ၊ ကိုယ် တစ်ခုခုကူညီပေးချင်တယ်။ ဘရက်ကီက အားလုံးပြောပြတော့ မင်းအတွက် စိတ်မကောင်းဖြစ်နေမိတယ်"

"စိတ်မကောင်းမဖြစ်ပါနဲ့၊ ကျွန်မနေရတာ အဆင်ပြေပါတယ်၊ ကျွန်မအဒေါ်က ကျွန်မကို အပြစ်ပေးရင်



ကုသိုလ်လည်းရ ဝမ်းလည်းဝပြီး ပညာလည်းတတ်စေတဲ့ အပြစ်မျိုးတွေပဲ ပေးတတ်တာပါ။ စိတ်ကျဉ်းကျပ်မိတာ တစ်ခုကတော့ အပြင်နှစ်လတိတိမထွက်ရတာတစ်ခုပါပဲ"

"အဲဒါကတော့ ကိုယ်ချင်းစာပါတယ် ဂျူးလိယက်ပိုပို။ ကိုယ်လည်း အိမ်မှာ အိပ်တဲ့အချိန်ကလွဲရင် ကြာကြာနေတတ်တဲ့အကျင့်မရှိဘူး။ ဒါပေမဲ့ အဲဒီကိစ္စအတွက် ဘာမှမပူနဲ့၊ မင်း စိတ်ကျဉ်းကပ်မှုမဖြစ်အောင် ကိုယ် အဝေးကနေ တာဝန်ယူပေးပါ့မယ်။ မင်းရဲ့ Best Friend ဘရက်ကီလည်း ရှိနေတာပဲ"

" . . . "

"ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ မင်း စိတ်ကျဉ်းကျပ်မှုဖြစ်လို့ စိတ်မကောင်းဖြစ်ရပေမယ့် တစ်ဖက်က တွေးကြည့်မယ်ဆိုရင်တော့ အရမ်းဝမ်းသာမိတယ်။ ညနေက ဝင်လာတဲ့ မုန်တိုင်းကိုလည်း ကျေးဇူးတင်မိတယ်။ ကော်ဖီဆိုင်ကို ဘရက်ကီမရောက်လာတာလည်း ကျေးဇူးတင်မိတယ်၊ ဘာကြောင့်လဲဆိုတော့ လောကကြီးထဲမှာ ကိုယ် မသိဘဲရှိနေတဲ့ ဂျူးလိယက်ပိုပိုဆိုတဲ့ ကောင်မလေးနဲ့ တွေ့လိုက်ရလို့"

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူမဘက်က ငြိမ်ကျသွားခဲ့တယ်၊ သူလည်း ကြည်ကြည်နူးနူးလေးနဲ့ ပြုံးနေမိတယ်။ ဒီအချိန်မှာ သူမရဲ့ခံစားမှု ဘယ်လိုရှိနေမလဲ၊ သေချာတာကတော့ သူမဟာ သူ့ရဲ့ခံစားမှုကို လိုက်မမီအောင် သူနဲ့ထပ်တူနီးပါးလောက် ရင်ခုန်ကြည်နူးနေလိမ့်မယ်ဆိုတာ ဘာရကိုပြော စကားအရ သူ အပိုင်တွက်နိုင်လိုက်တာပါ။

"ဂျူးလီယက်ပျိုပျို . . . မင်း ဘာမှပြန်မပြောလည်း ရပါတယ်။ ခုလို နားထောင်ပေးတာပဲ ကျေးဇူးတင်တယ်။ ဒါပေမဲ့ ကိုယ်မေးချင်တာလေးတွေတော့ ရှိတယ်၊ အဲဒါလေးတော့ ပြန်ပြောပေးပါကွာ။ ကိုယ် မင်းရဲ့မိသားစု အခြေအနေရော၊ မင်းရဲ့ biography ရော ဘာရကိုသိကာနေ မင်းပြောပြစရာမလိုအောင် သိပြီးသွားပါပြီ"

" . . . "

"ပြီးတော့ ကိုယ့်ရဲ့ခံစားမှုအစစ်အမှန်တွေရော၊ ကိုယ် ပြောချင်တာတွေကိုရော ဘာရကိုကို ကြိုပြောနိုင်းမိတယ်။ ဘာရကိုပြောလို့ မင်း သိပြီးပြီလို့လည်း ကိုယ် ယုံကြည်တယ်။ အဲဒါတွေနဲ့ပတ်သက်ပြီး မင်း တစ်ခုခုလောက် ပြောကြည့်ပါလား"



"အရမ်းအံ့ဩမိတာ တစ်ခုပါပဲ"

"မယုံဘူး။ မင်း ကိုယ့်ကိုယ်ကိုယ် ညာနေတာ တစ်ခုတော့ ရှိမှာပါ"

" . . . "

"အိုခေ . . . ကောင်းပြီလေ၊ ကိုယ် ကောင်းတဲ့ ဆက်ကာပဲ တွေးပြီး နားလည်လိုက်ပါ့မယ်၊ ကိုယ့်ရဲ့ခံစားမှု အစစ်အမှန်ကတော့ ဘာရကိုပြောပြတာထက် အများကြီး ရှိတယ်လို့ မင်း မှတ်လိုက်ပါ။ ဒါနဲ့ ကိုယ်သိချင်တာတစ်ခု ရှိသေးတယ် မိန်းကလေး၊ မင်းနဲ့ နောက်ထပ်ဘယ်တော့ တွေ့ခွင့်ရမလဲဆိုတာလေ"

"အခု ကျွန်မ ဖုန်းဆက်လိုက်တာ အဲဒီကိစ္စပါပဲ သူဌေး။ သူဌေးရဲ့ကျေးဇူးကို ဆပ်ချင်လို့ ကျွန်မ အစီအစဉ် တစ်ခုလုပ်ထားပါတယ်၊ အိမ်ကို နွေးနွေးထွေးထွေးနဲ့ လိုက်ပို့ပေးတဲ့ သူဌေးကို ကျေးဇူးပြန်ဆပ်တယ်လို့ ပြောရတာလည်း ရိုင်းပျရာကျလိမ့်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် ကျေးဇူးပြန်ဆပ်တာလို့ သဘောမထားပါနဲ့၊ မိတ်ဖြစ် ဆွေဖြစ်လို့ပဲ သဘောထားပါ။ ကျွန်မတို့ မိတ်ဆုံစားပွဲလေးလုပ်ချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . တကယ်! . . . မင်း တကယ်ပြောတာလား"

"တကယ်ပါ . . . အဒေါ်တစ်ယောက်ကိုလည်း ပြောပြထားပါတယ်။

ကျွန်မကို အပြစ်ပေးတဲ့အခေါ်ကတော့ မန္တလေး ကို အလုပ်ကိစ္စနဲ့ ထွက်သွားပါတယ်။ မနက်ဖြန်ညနေ ခြံထဲမှာပဲ ဒင်နာလုပ်ဖို့ စီစဉ်လိုက်တယ်။ အဲဒါ သူဌေး ခြောက်နာရီလောက် လာခဲ့ပေးပါ"

"လာရမှာပေါ့။ ကိုယ်က အဲဒီအခွင့်အရေးရချင်နေ တာပဲ။ မင်း ပြောတာ မှန်တယ်၊ ကျေးဇူးပြန်ဆပ်တာဆိုရင် ကိုယ် လုံးဝလက်မခံဘူး။ မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ မိတ်ဆုံ စားပွဲလုပ်တာဆိုရင် အရမ်းကျေနပ်တယ်။ ဒါနဲ့ မင်း ဘာဖြစ် လို့ ကိုယ့်ကို သူဌေး . . . သူဌေးလို့ ခေါ်နေတာလဲ၊ ကိုယ့်အ ရွယ်က သူဌေးအခေါ်ခံရလောက်အောင်ပဲ ပါဝါ တွေ အရမ်းကြီးနေလို့လား"

"အသက်ငယ်ပေမယ့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ရှင်တစ်ယောက် ဖြစ်နေတာမို့လို့ ယဉ်ကျေးမှုအရ လေး လေးစားစားခေါ်တဲ့ သဘောပါ"

●——ရွှေအသော——●



"အဲဒီယဉ်ကျေးမှုဆိုတာကိုတော့ သဘောကျပါ တယ်။ ဒါပေမဲ့ မင်းအနေနဲ့ ကိုယ့်ကို တစ်ခုခုခေါ်သင့်တယ်။ ကိုယ်ကတော့ ဒီနေ့ကစပြီး မင်းကို ဂျူးလိယက်လို့ပဲ ခေါ် တော့မယ်။ တစ်ခါတလေတော့လည်း ဘရက်ဂီခေါ်သလို ဂျူးပေါ့။ ဘယ်လိုလဲ"

"ရပါတယ်။ ကျွန်မလည်း နောက်တော့ အဆင် ပြေသလိုကြည့်ခေါ်ပါ့မယ်"

"အိုခေ . . . ကျေနပ်တယ်။ မနက်ဖြန်ညနေ ခြောက်နာရီအရောက် လာခဲ့မယ်နော်"

"ဟုတ် . . . ကျေးဇူးတင်ပါတယ်။ မျှော်နေပါ့မယ်"

ရိုမီဟာ ပျော်ရွှင်မှုကို ဘယ်လိုမှ ထိန်းထားလို့ မရ တော့ပါဘူး။ ဖုန်းပြောပြီးချိန်မှာပဲ မန်နေဂျာအောင်အောင်နဲ့ ဝန်ထမ်းတွေကို နှုတ်ဆက်မနေတော့ဘဲ ကားဆီ ခပ်သွက် သွက်လှမ်းလာပြီး သီချင်းကလေး တအေးအေးနဲ့ မောင်း ထွက်ခဲ့ပါတော့တယ်။ အိမ်ပြန်ရောက်တော့လည်း လေ ကလေး တချွန်ချွန်နဲ့ပေါ့။ ညှော်ခန်းထဲဝင်လိုက်စဉ်မှာတော့ ဒက်ဒီနဲ့ ရွယ်တူညှော်သည်တစ်ယောက် စကားလက်ဆုံကျ နေတာကို တွေ့လိုက်ရပါတယ်။

●——ရွှေအသော——●

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . သား ပြန်လာပြီ"

"ဒက်ဒီ ညှိုးသည်ရောက်နေတာလား"

"အေးကွ။ တစ်ခါတည်း မိတ်ဆက်ပေးမယ်။ ဒါ ဒက်ဒီ့ရဲ့ငယ်သူငယ်ချင်းကိုလတ်တဲ့။ သားကို ငယ်ငယ်က ထိန်းပေးဖူးတယ်။ သားကတော့ ဘယ်မှတ်မိမှာလဲ။ အဆက် အသွယ်ပြတ်နေတာကြာပြီ။ ဒက်ဒီတို့ ရန်ကုန်ပြောင်းလာ ကတည်းက ဆိုပါတော့ကွာ။ မနေ့ကမှ ပြန်တွေ့ပြီး ချိန်း လိုက်တာ"

"ဟုတ် . . . တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျ။ သိပ်တော့ မမှတ်မိပေမယ့် မျက်စိထဲမှာတော့ ဝါးတားတား ရှိပါတယ် ဒက်ဒီရ။ ဒက်ဒီနဲ့ ငယ်သူငယ်ချင်းဆိုတော့ သား ကိုလည်း ရင်းရင်းနှီးနှီးပဲ ဆက်ဆံပါ ဦးလတ်။ တူလိုသားလို ပဲပေါ့"

သူ ပြောရင်း မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်တယ်။

"အေး . . . ဦးလည်း ခုလို ပြန်တွေ့ရတာ အရမ်း ဝမ်းသာတာပဲကွာ။ မင်းတောင် လူတစ်လုံးသူတစ်လုံး ဖြစ် နေပြီပဲ။ ငယ်ငယ်ကဆို တကယ့် သေးသေးလေး။ ဒီလို ဘော်ဒီမျိုး လာလိမ့်မယ်တောင် မထင်ရဘူး။ စကားတွေ

မျှဝေသော



ဘာတွေလည်း တော်တော်တတ်နေပါလားကွာ"

"တတ်ဆို . . . မင်းကလည်း ဒီကောင်က ငယ် ငယ်လေးကလည်းက ပန်းချီကား အရောင်းအဝယ်လုပ်ပြီး မှန့်ဖိုးရှာတတ်တဲ့ကောင်ပဲ။ ခုလည်း သူ့ကိုပဲ အားကိုးနေရ တာပဲကွာ။ ဒီခေတ်က လူငယ်တွေကို ဆရာတင်နေရတာ ကွ။ အားကိုးရပါတယ်ဆိုမှ အခု မိန်းမယူဖို့အာရုံစိုက်နေလို့"

"ဟဲ . . . ဟဲ . . . ဒက်ဒီကလည်း သားတောင် အဲဒီကိစ္စပြောမလို့။ ထူးပြီ . . . ဒက်ဒီ။ သူ သားကို ဆက် သွယ်လာပြီး"

"ဩော် . . . ဒါကြောင့် ငါ့သား လေကလေး တချွန်ချွန်နဲ့ တက်ကြွလာတာကိုး။ အေး . . . ဝမ်းသာတယ် ကွာ။ အဲဒါက မင်းဘာသာကြည့်လုပ်ရမယ့်ကိစ္စ။ အခု လောလောဆယ် ဒက်ဒီ့ကိစ္စက အရမ်းအရေးကြီးနေတယ်"

"သားကိစ္စကလည်း အရေးကြီးတယ် ဒက်ဒီရ"

"ရှိမိ . . . မင်းကိစ္စကို အသာထားစမ်းပါကွာ။ ဒီမှာ ဒက်ဒီပြောရမယ့် အချက်နှစ်ချက်ရှိတယ်။ သေချာ နား ထောင်။ ပထမအချက်က ဒီနေ့ကစပြီး ကိုလတ်က ဒက်ဒီ တို့နဲ့ အတူနေတော့မှာ"

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ကောင်းတာပေါ့ ဒက်ဒီရ၊ အိမ်မှာ ပျင်းခြောက်နေတာ ဒက်ဒီ အဖော်ရတာပေါ့"

"အေး . . . ဒီကောင်က လူပျိုကြီး။ သူ့ဘဝအကြောင်းကြောင်းကြောင့်ပေါ့ကွာ။ ပြောနေဖို့ အချိန်မရှိဘူး။ အဲဒါ ဒက်ဒီ အပြီးခေါ်ထားလိုက်တာ။ ဒက်ဒီတို့နှစ်ယောက်အတွက် bodyguard လည်းဖြစ်မယ်၊ နှစ်ယောက်ကြားမှာ ပေါင်းကူးတံတားလည်း ဖြစ်လိမ့်မယ်။ မင်း လိုအပ်တဲ့အချိန်မှာ မင်းအတွက် ဒက်ဒီလိုအပ်တဲ့အချိန်မှာ ဒက်ဒီအတွက်ပေါ့။ အဲဒီတော့ မင်းဘက်ကလည်း တူလို သားလို သဘောထားစေချင်ရင် ကိုလတ်ကိုလည်း မင်းက ဖအေလို ဦးလေးအရင်းလို သဘောထားရလိမ့်မယ်"

"ဟုတ် . . . သား နားလည်ပါတယ် ဒက်ဒီ၊ မိဘနဲ့ တစ်ဂိုဏ်းတည်းထားပါ့မယ်။ ဦးလတ်ကလည်း ဒက်ဒီလိုပဲ ဆုံးမနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် သားကတော့ ဦးလတ်ရောက်လာတာ ကြိုက်တယ်ဗျာ။ ဒက်ဒီကို အဲဒီလိုအဖော်တစ်ယောက်နဲ့ နေစေချင်တာ ကြာပြီဗျ။ ဘော်ဒါကလျာဆိုတာ ခဏရယ်၊ ကိုယ်နဲ့ အနီးကပ်နေပေးမယ့် အဖော်ဆိုတာ တကယ်လိုအပ်တယ် ဦးလတ်ရဲ့၊ မဟုတ်ဘူးလား"



"ဒါပေါ့ကွ . . . သား ပြောတာ မှန်တယ်"

"ပြီးတော့ အသက်လေးဆယ်ကျော် ငါးဆယ်အရွယ်ဆိုတာ ယောကျာ်းတစ်ယောက်အတွက် အရွယ်ကောင်းကြီး။ ဒီအရွယ် အိမ်ထောင်မပြုလို့ ဘယ်အရွယ်မှာသွားပြုမှာလဲ။ အဲဒါကြောင့် မိန်းမယူခိုင်းနေတာ။ ဘယ်လိုမှကို ပြောမရပါဘူး ဦးလတ်ရာ၊ မိန်းမ မယူချင်ရင် အိမ်မှာ အနီးကပ်ပြုစုယုယပေးမယ့် မောင်းမတော်လေး ခန့်ထားပါဆိုတာလည်း လုံးဝကိုလက်မခံဘူး"

"ဟား . . . ဟား . . . ဟား . . . ဟုတ်သားပဲ၊ မင်းအကြံမိုက်တယ်၊ ဒါပေမဲ့ မရဘူးကွ၊ မင်းအဖေက တစ်ယောက်ဆိုတစ်ယောက် ပီတောက်ဆို ပီတောက်သမား။ ငယ်ရည်းစားကို အရူးအမူးချစ်ခဲ့တာ အဲဒီငယ်ရည်းစားနဲ့ ကွဲပြီးကတည်းက ဘယ်မိန်းမမှ မိန်းမ မထင်တော့တာပဲ"

"ဟာ . . . ပြောလက်စနဲ့ အတော်ပဲ ဦးလတ်၊ သားက အဲဒီငယ်ရည်းစားကိစ္စ သိချင်နေတာဗျ။ ဒက်ဒီက ဘယ်လိုမှကို မေးလို့မရဘူး။ မိန်းမတစ်ယောက်ဟည်းကိုပဲ ကျောက်ရူးချစ်ရလောက်အောင် အဲဒီမိန်းမက ဘယ်လောက်လှနေလို့လဲ။ ဘာတွေ ဘယ်လောက် ပြည့်စုံနေလို့လဲ၊

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကရော ဘယ်လိုခေါ်လဲ၊ ဘာဖြစ်လို့ ဒက်ဒီ့ကို ပစ်သွားရတာလဲ။ ပြီးတော့ . . .”

“ဟော့ကောင် ရှီမီ . . . တော်ကွာ။ ကိုလတ် မင်း ဒီကိစ္စနဲ့ပတ်သက်ပြီး သဘောပေါက်တယ်နော်”

သူနဲ့ ဦးလတ် ခဏအတွင်း ငွေးငွေးထွေးထွေး ဖြစ်ပြီး အဖွဲ့ကျသွားတာ ဖျော်ရောကောင်းပေမယ့် ဒက်ဒီက တော့ သူ့ရဲ့လွှမ်းထုပ်ကြီးနဲ့ ပတ်သက်လာတာမို့ ထုံးစံ အတိုင်း နှစ်ယောက်လုံးကို တားမြစ်ပါတယ်။

“ကဲ . . . တွေ့တဲ့အတိုင်းပဲ ရှီမီယိုကိုကို။ ပန်းချီ မီးဇက ရည်းစားဦးဖတ်လမ်းနဲ့ ပတ်သက်ရင် ဘယ်သူ့မှ ကို အပြောမခံတာ။ ဒီကိစ္စတွေကိုလည်း ဦးလတ်တို့ သူငယ်ချင်းနှစ်ယောက်က ကတိတွေ ထားခဲ့ကြတာရှိ တယ်ကွာ။ ဒီတော့ မေ့ထားတာပဲကောင်းပါတယ်။ ပြီးခဲ့ တာတွေလည်း ပြီးခဲ့ပြီပဲ။ နှစ်တွေလည်း အတော်ကြာခဲ့ပြီပဲ သားရယ်”

“ဩော် . . . ဒက်ဒီနဲ့ဦးလတ်က သွေးသောက် ရဲဘော်ရဲဘက်တွေပါလား။ ဒီလိုဆိုလည်း သား မမေးတော့ ပါဘူး ဦးလတ်ရယ်။ ဒါပေမဲ့ ဒက်ဒီရော ဦးလတ်ရော အဲဒီ





မိန်းမနာမည်ကို ဘယ်လောက်ပဲ မပြောဘဲနေနေ သားက တော့ သူ့နာမည်ကို မိချိုသဲလို့ မှတ်ထားလိုက်ပြီ”

သူ့စကားကြောင့် ဒက်ဒီ့မျက်နှာပြုံးသွားပါတယ်။

“ဘာလဲကွ . . . မိချိုသဲ”

“ဦးလတ် သိချင်ရင် စောင့်ကြည့်။ လက်တွေ့ မြင်ရလိမ့်မယ်။ ဒက်ဒီက မူးပြီဆိုရင် သူ့ရဲ့ရည်းစားဟောင်း ပန်းချီကားတွေ ရှေ့သွားပြီး . . . ဟော့! . . . မင်း ဘယ် ပြေးမလဲ မိချိုသဲ၊ တွေ့လို့ကတော့ ငါ့အကြောင်း သိစေရ မယ်။ မင်း ငါ့လက်က လွတ်လိမ့်မယ်မထင်နဲ့လို့ အော် တတ်တာဗျ။ ဒါကြောင့် ဒက်ဒီ ရည်းစားဟောင်းနာမည်ကို သားက မိချိုသဲလို့ အသေမှတ်ထားလိုက်တာ”

“ဟား . . . ဟား . . . ဟား . . . ဟား”

“အပြင်မှာ လေးဆယ်ကျော် လေဒီကြီးတွေ တွေ့ လို့ကတော့ ချိုတို့ သဲတို့ နာမည်တွေပါရင် သားက အသေ Check ပြီပဲ”

“ဒီကောင်နဲ့တော့ ပြဿနာပါပဲကွာ။ စကားပြောဖို့ အချိန်မရပါဘူးဆိုမှ ဘာကိစ္စကြော်ငြာတွေ ဝင်နေရတာလဲ ရှီမီ”



www.burmeseclassic.com

www.burmeseclassic.com



"ပြောရင်းဆိုရင်း အရင်တုန်းကအကြောင်းက သူ့အလိုလိုပါသွားလို့ မေးလိုက်မိတာပါ ဒက်ဒီရယ်။ ဒက်ဒီ စကားပြောဖို့ အချိန်မရဘူးဆိုရင် သားကိစ္စကလည်း အရမ်းအရေးကြီးနေတယ်ဗျ။ ကြားဖြတ်ပြီး နားထောင်ပေးပါ။ သားကောင်မလေးရဲ့ အဒေါ်အကြောင်း . . ."

"မရဘူး ဟောကောင်။ ငါ့အလုပ်ကိစ္စထက် ပိုပြီး ဘာကိုမှ ဦးစားမပေးနိုင်ဘူး"

"ဟာ . . . ဒက်ဒီပဲ သားတို့ကိစ္စကို အားတွေ ရှုပ်ပေးခဲ့ပြီးတော့။ ဒက်ဒီပဲ သူ့အဒေါ်အပျိုကြီးရဲ့အကြောင်းကို သိထားမှဖြစ်မယ်ဆို။ ဒက်ဒီပဲ စိတ်ဝင်စားတယ်ဆို . . . သူ့အဒေါ်က . . ."

"ကျစ်! . . . ခက်ပါလား သားရယ်။ အိုခေ . . . သားပြောတာ မှန်တယ်။ ဒါပေမဲ့ ဒီအချိန်မှာ ဒက်ဒီ အဲဒီကိစ္စတွေ နားမထောင်ချင်သေးဘူး။ သားကို ဒက်ဒီယုံတယ်၊ လုံးဝ စိတ်ချတယ်လို့ ပြောပြီးပြီပဲ။ ဒီတော့ သား ဘာသာကြိုးစား၊ လည်သလိုကြည့်လုပ်၊ တကယ် အရေးကြီးတဲ့နေရာ ဒက်ဒီ ဝင်ပါရတော့မယ့်အချိန်ကျမှ ဖွင့်ပြော"

". . ."





"ဥပမာ - engage လုပ်တော့မယ့်အချိန်မျိုး၊ သွားတောင်းရမယ့်အချိန်မျိုးပေါ့။ ဟုတ်ပြီလား။ ဒက်ဒီ့သားကို ဒက်ဒီ ယုံတယ်"

"အိုခေ . . . ဒက်ဒီက သားကို စိတ်ကြိုက်အခွင့်အရေးတွေ အပြည့်အဝပေးလိုက်တာပဲ။ သား နားလည်ပြီ။ ဒါဆို ဒက်ဒီ့ကိစ္စဆက်ပြောတော့"

"အေး . . . ပထမအချက်က ကိုလတ် ဒီမှာနေတော့မယ့်ကိစ္စ။ နောက်တစ်ချက်က စင်္ကာပူမှာနေတဲ့ ဒက်ဒီတို့ရဲ့သူဌေး မြန်မာပြည်ကို ပြန်ရောက်နေတယ်။ မြင်ဦးလွင်မှာ အနားယူဦးမယ်တဲ့။ အဲဒါ ဒက်ဒီ့ကို လှမ်းခေါ်ပြီး အလုပ်အပ်တယ်။ ပန်းချီကားတွေ တော်တော်များသယ်ကွ။ မြင်ဦးလွင်က သူ့အိမ်နဲ့ခြံကိုလည်း ဆွဲပေးရမယ်။ ပြီးရင် သူနဲ့အတူ နိုင်ငံခြား ခရီးစဉ်တွေ လိုက်ပါရမယ်"

". . ."

"ဘယ်နိုင်ငံတွေဖြစ်မလဲတော့ မသိဘူး။ ဒါက နောက်မှ ဒက်ဒီဖုန်းဆက်ပြောမယ်။ မြင်သစ်ကတော့ မပါ မပြီးပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကို ဒီဘဝရောက်အောင် ဆွဲခေါ်လာတဲ့ သူဌေးလည်းဖြစ်တယ်။ နိုင်ငံခြားခရီးစဉ်တွေက



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ့်အလုပ်နဲ့ ပတ်သက်နေတယ်ဆိုတော့ ဒက်ဒီ အဲဒါတွေအားလုံး လက်ခံလိုက်တယ်"

"ဒါပေါ့ဒက်ဒီရ . . . လက်ခံရမှာပေါ့။ အလုပ်ကိစ္စရော၊ လူမှုရေးနှစ်ဖက်လုံး အကျိုးရှိနေတာပဲ"

"အိုခေ . . . အဲဒါပြောချင်လို့ သားကို ထိုင်စောင့်နေတာပဲ။ ဒက်ဒီတို့အားလုံး ပြင်ဆင်ပြီးပြီ။ ခုပဲ ပြင်ဦးလွင်ကို ထွက်တော့မယ်"

"ဟာ . . . ဒက်ဒီ . . . ရုတ်ချင်းကြီး"

"အခြေအနေက အဲဒီလိုဖြစ်သွားတယ် သားရယ်။ သူ့ဧည့်သည်တော်ကလည်း ပြင်ဦးလွင်မှာနေမယ့်ရက်ကနေ နိုင်ငံခြားခရီးစဉ်ထိ အချိန်ဇယားတွေ ဆွဲပြီးသားတဲ့။ ဒက်ဒီ လက်ခံထားတဲ့ပန်းချီကားတွေနဲ့ ပတ်သက်ပြီးတော့လည်း ဟိုမှာညှိရမှာပေါ့။ ရှင်းရှင်းပြောရရင်တော့ ဒက်ဒီတို့ ဟိုမှာအေးဆေးနပ်ပြီး ပန်းချီကား ကောင်းကောင်းတွေ ဆွဲမယ်ပေါ့ကွာ"

"သွားပါပြီဗျာ။ သား လမ်းမှာ စိတ်ကူးယဉ်လာခဲ့တာဗျ။ ဂျူးလီယက်ကို လက်ဆောင်ပေးဖို့ ဒက်ဒီ့ဆီ ပန်းချီကားလေးတစ်ခုအပ်မလို့"

"ဒက်ဒီ ဟိုမှာရှိနေမှာပဲ သားရဲ့။ နိုင်ငံခြားကို





တန်းထွက်မှာမှ မဟုတ်တာ။ ဖုန်းအဆက်အသွယ်လည်း လုပ်နေမှာကို။ သားသာစိတ်ကူးရရင် ဖုန်းဆက်လိုက်။ ဒက်ဒီ ဟိုက အလုပ်တွေနဲ့ညှိပြီးဖြစ်အောင် ဆွဲပေးမယ်"

"ဝိုး! . . . တကယ်ပြောတာနော် ဒက်ဒီ။ ဒါကြောင့် ဒက်ဒီ့ကို အားကိုးတာ"

"ဒါနဲ့ ကိုလတ်ကတော့ လောလောဆယ် ဒက်ဒီနဲ့ပဲ အတူရှိနေမှာနော်။ နိုင်ငံခြားထွက်မှ သားနဲ့ကျန်ခဲ့မှာ။ အဲဒီအခါကျရင် ဒီခြံကြီးတစ်ခုလုံး ကိုလတ်လက်ထဲ ထိုးအပ်လိုက်။ ဒီကောင်က ခြံအလှအပနဲ့ ပတ်သက်တာရော၊ စိုက်ပျိုးရေးမှာရော လုံးဝ expert ပဲ"

"ဟုတ်လား . . . ဦးလတ်။ ဒါဆို အားကိုးပါတယ်ဗျာ။ ဦးလတ် စိတ်တိုင်းကျသာ အပြတ်ရှင်းလိုက်။ သားတို့ခြံကတော့ ကျယ်ရဲ့သားနဲ့ ဦးလတ်မြင်တဲ့အတိုင်းပဲ။ သားကလည်း အလုပ်တစ်ဖက်နဲ့ ဒက်ဒီကလည်း သူ့အလုပ်တွေက မပြတ်တော့ ခြံကို လုံးဝ လှည့်မကြည့်အားဘူး။ အိမ်မှုကိစ္စတွေဟောင် ဒေါ်စန်းရှိနေလို့ ဦးလတ်ရ"

"စိတ်ချ . . . ဦးလတ် ကိုင်ပြီဆိုရင် လုံးဝ ပြောင်းလဲသွားစေရမယ်။ သား ဒက်ဒီ ခြံထဲမှာ ပန်းချီရေးချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားလိမ့်မယ်။ သားလည်း တစ်နေ့တစ်ခါ ဖြူထဲမှာ တိုင်ချင်စိတ်ပေါက်သွားမယ်"

"ယုံပါတယ် ဦးလတ်ရာ။ ဒက်ဒီ့သူငယ်ချင်းပဲ။ သားတော့ ဒက်ဒီနဲ့ ဦးလတ်ကိုကြည့်ပြီး အရမ်းအားကျတာပဲဗျာ။ သူငယ်ချင်းတွေ အတူတူနေရတော့မှာမို့လို့ ထင်တယ် အရမ်းကို တက်ကြွနေကြတာပဲ"

"ဒါပေါ့ကွ . . . စကားပြောချိန် မရှိလို့သာပေါ့ သားရယ်။ ပြောချိန်သာရရင် ညမှ ထွက်ဖြစ်မလားမသိဘူး။ ကဲ . . . ဒေါ်စန်း ဘယ်ရောက်သွားပြီလဲ။ ဒေါ်စန်း"

"ရှိပါတယ်"

"ပစ္စည်းတွေ အဆင်သင့်ဖြစ်ပြီလား"

"အဆင်သင့်ဖြစ်ပါပြီ။ ကားနားရောက်ပါပြီ"

"အိုခေ . . . ကိုလတ် ပြင်ကွာ။ ကဲ . . . သွားမယ် သားရေ။ ဒက်ဒီ အားလုံးအတွက် စိတ်ချထားခဲ့မယ်နော်"

ပြောရင်းဆိုရင်း ကားဆီလှမ်းသွားကြပြီမို့ သူ ဒက်ဒီ့ရှေ့နပ်သွက်သွက်လျှောက်ပြီး . . .

"ဒက်ဒီက အရေးကြီးနေလိုက်တာဗျာ။ သား အတွက် တကယ် အချိန်မပေးတော့တာပဲ။ သား ကန်တော့





တာလေးတော့ ခံယူသွားပါဦး"

လို့ပြောရင်း ဘယ်သွားသွား သွားခါနီး ထုံးစံ အတိုင်း ထိုင်ကန်တော့လိုက်ပါတယ်။ ပြီးတော့ ထုံးစံ အတိုင်းပဲ သားအဖနှစ်ယောက် နွေးနွေးထွေးထွေး ပွေ့ဖက် ပြီး နှုတ်ဆက်ကြပါတယ်။

"အိုခေ . . . အိုခေ . . . ဒက်ဒီ သားကို ယုံတယ် နော်။ လုံးဝ စိတ်ချတယ်။ အစစအရာရာ ဂရုစိုက်။ ကျန်းမာ ရေးက အဓိကပဲ"

"ဟုတ် . . . ဒယ်ဒီလည်း ကျန်းမာရေးဂရုစိုက်ပါ။ အသွားအလာအနေအထိုင် လုံးဝဆင်ခြင်ပါ ဒက်ဒီ။ ပြီးတော့ ပြင်ဦးလွင်မှာ အေးအေးချမ်းချမ်းနေခဲ့ပါ။ စပ်န်းရိုကား ကောင်းကောင်းတွေလည်း အများကြီး ရေးနိုင်ပါစေလို့ ဆုတောင်းပါတယ်"

သူ့အပြောကြောင့် ဒက်ဒီက သူ့ခေါင်းကို ပွတ်ပြီး ကျေကျေနပ်နပ်ကြီး ပြုံးပါတယ်။ အဲဒီလိုနဲ့ ဒက်ဒီတို့ ကား ပေါ်ရောက်သွားပြီး သူ လက်ပြနှုတ်ဆက်ရင်း ကျန်ခဲ့ပါ တော့တယ်။ ဒက်ဒီ ခရီးထွက်တိုင်း သူ တစ်ယောက်တည်း လက်ပြကျန်ခဲ့ရတဲ့အကြိမ်ပေါင်းတွေ မရေမတွက်နိုင်ခဲ့ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ဒီတစ်ခါတော့ ခရီးရက်ရှည်ကြီး ထွက်တော့မှာမို့ ထင်ပါရဲ့ ရင်ထဲမှာ သိသိသာသာကြီးကို ညှိုးလျော်နွမ်းလျ ကျန်ခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီခံစားမှုကို မကြာခင်မှာပဲ ဂျူးလိယက်က ကုစားပေးနိုင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ မနက်ဖြန် သူမနဲ့ သွားတွေ့ဖို့အတွက် ညတွင်းချင်းပဲ လက်ဆောင်ပေးဖို့တွေ စီစဉ်၊ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်၊ စိတ်ကူးလှလှလေးတွေ ယဉ်မိနေချိန်မှာ ဒက်ဒီနဲ့ပတ်သက်ပြီး ခံစားကျန်ရစ်ခဲ့တဲ့ခြောက်သွေ့နွမ်းနယ်မှုက တကယ်ပဲ သက်သာသွားခဲ့လို့ ဖြစ်ပါတယ်။

နောက်နေ့ ညနေမှာတော့ ချိန်းထားတဲ့အချိန်ထက် နာရီဝက်လောက်စောပြီး ချစ်သူမလေးရဲ့ အိမ်ကိုထွက်လာခဲ့ပါတော့တယ်။ သန့်ရှင်းကျော့မော့စွာ၊ ပျော်မြူးတက်ကြွစွာနဲ့ပေါ့။ ဖွင့်ထားတဲ့တံခါးအတိုင်း လွယ်ကူအဆင်ပြေစွာ ဝင်လာခဲ့တဲ့အခါမှာတော့ ခြံထဲတစ်နေရာမှာ ခံ့ညားထည်ဝါလှတဲ့ စားပွဲ၊ ထိုင်ခုံတွေနဲ့အတူ စားပွဲပေါ်မှာ လှလှပပဖွယ်ဖွယ်ရာရာ ပြင်ဆင်မှုများနဲ့ ဆီးကြိုနေတဲ့ ဂျူးလိယက်ပျို့ပျို့ကို လှမ်းမြင်လိုက်ရပါတယ်။



ကြည့်စမ်း . . . ရင်ထဲခုန်နေးပြီး ရင်ခုန်သံတွေ မြန်သွားလိုက်တာ။

အေးချမ်းသာယာမှုတွေ၊ စိုပြည်စိမ်းလန်းမှုတွေ ပြည့်စုံနေပြီး . . .

ပန်းရောင်စုံတွေ လွှမ်းခြုံထားတဲ့ ခြံကြီးထဲမှာ . .

မီးခိုးရောင် ညနေခင်း ဒင်နာဂါဝန်လေးနဲ့ လှချင်တိုင်းလှနေတဲ့ သူမက –

ဘယ်လောက်များ ပန်းချီဆန်လိုက်ပါသလဲ။

ဘယ်လောက်များ ကဗျာဆန်လိုက်ပါသလဲ။

ရိုမီယိုဟာ ကားထဲကနေ မျက်တောင်မခတ်စိုက်ကြည့်နေပြီး ကျေကျေနပ်နပ်ကြီး ပြုံးလိုက်မိတယ်။ ပြီးမှ မြို့ထဲမှာရှိတဲ့ Royal Floral ကနေ စိတ်တိုင်းကျ ဆောင်လုပ်ထားတဲ့ ပန်းစည်းနဲ့ လက်ဆောင်ပစ္စည်းထုပ်တွေကို ဆွဲပြီး ဆင်းလာခဲ့ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



# ရိုမီယိုနဲ့ ဂျူးလီယက်





## ၆

အနက်ရောင် အနောက်တိုင်းဝတ်စုံနဲ့ ပန်းစည်းတွေ ပိုက်ပြီး ကားပေါ်ကဆင်းလာတဲ့ သူ့ကို ဂျူး တမေ့တမော ငေးနေမိလေရဲ့၊ ဘယ်အချိန် ဘယ်နေရာမှာပဲ တွေ့တွေ့ သူဟာ ဂျူးအပေါ်ကို အရှိန်အဝါတစ်ခု ပိုးမိုးနိုင်တယ်ဆိုတာ သေချာသွားခဲ့ပါပြီ၊ ကြည်နူးမှုအပြုံးတွေနဲ့ ဂျူးဆီ တည့်တည့်မတ်မတ်လျှောက်လှမ်းလာကာမှ ဂျူး အသိဝင်လာပြီး စိတ်သွက်သွက်ကလေး သွားကြိုလိုက်ပါတယ်။

အဲဒီအခါမှာ သူ ပြုံးပြလိုက်တဲ့အပြုံးနဲ့ ဂျူး ပြန်ပြုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်တဲ့အပြုံး။ သူ့ နှုတ်ဆက်လိုက်ပုံနဲ့ ဂျူး ပြန်နှုတ်ဆက်လိုက်ပုံတို့ဟာ တစ်ခါနှစ်ခါမက အကြိမ်ကြိမ် အခါခါ တွေ့ဆုံဖူးခဲ့တဲ့လူတွေလို အံ့သြဖွယ်ကောင်းစွာပဲ တရင်းတနှီးရှိသွားခဲ့ပါတယ်။

"ကိုရှိမီ"

"ဂျူး"

"ခုလိုရောက်လာပေးတာ ကျေးဇူးအများကြီး တင်ပါတယ်"

"ကိုယ်ကတော့ ခုလို ရောက်လာရတာ အများကြီး ပျော်ပါတယ်"

"ဂျူးက မိတ်ဆုံစားပွဲဆိုရင် ခြံထဲမှာပဲ သာသာယာယာလေး လုပ်ချင်တာလေ။ တော်ပါသေးရဲ့ ကိုရှိမီ။ မိုးနတ်မင်းကြီးက ရာသီဥတုကောင်းပေးလို့"

"အိုခေ . . . ဒီနေ့ကတော့ Weather Fine! ဟိုတစ်နေ့ကတော့ မင်းနဲ့ကိုယ်နဲ့ တွေ့ဆုံဖို့ ရှိလို့ထင်တယ်၊ ရာသီဥတုက ခပ်ကြမ်းကြမ်းကို ကောင်းချီး ထောပနာပြုပေးခဲ့တာ။ အရမ်းလှတာပဲ ဂျူးလီယက်"

ဂျူး ခေါင်းညိတ်ပြုံးပြလိုက်ပြီး စားပွဲဆီအတူတူ





လျှောက်လာခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ကြီးကြီးခင်ပါ ရောက်လာခဲ့ပါပြီ။

"ဟော . . . ဧည့်သည်တော်င် ရောက်လာပြီပဲ"

"ဟုတ် . . . ဒါ ဂျူးပြောတဲ့သူလေ၊ ကိုရှိမီ ဒါကလည်း ဂျူးရဲ့အဒေါ် ဒေါ်သီတာခင်တဲ့ ဂျူးက ကြီးကြီးခင်လို့ ခေါ်တယ်"

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ။ ကျွန်တော်လည်း ဂျူးခေါ်သလို ကြီးကြီးခင်လို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါရစေ"

"အေးကွယ် . . . ကြီးကြီးခင်ကလည်း တွေ့ရတာ ဝမ်းသာပါတယ်"

"ဒါက ကြီးကြီးခင်အတွက် ကျွန်တော့်ရဲ့ လက်ဆောင်ပါ၊ ဒါကတော့ ဂျူးလီယက်အတွက်"

သူက ယဉ်ကျေးပျူငှာစွာပြောဆိုရင်း လက်ဆောင်ပစ္စည်းတွေကို တစ်လှည့်စီပေးတာမို့ အရောင် သုံးလေးမျိုးစပ်ပြီး လှလှပပပါကင်လုပ်ထားတဲ့ နှင်းဆီပန်းစည်းကို ဂျူး ညင်ညင်သာသာ လှမ်းယူလိုက်ပါတယ်။ သူက နှင်းဆီပန်းစည်းတင်မဟုတ်ဘဲ အလွှယ်တကူ မမြင်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ထုပ်ပိုးထားတဲ့ လက်ဆောင်ထုပ်တွေကိုလည်း ပေးပါသေးတယ်။

"ပန်းတွေက လှလိုက်တာကွယ်၊ အရောင်တွေလည်း စုံလို့၊ လက်ဆောင်ပစ္စည်းကလည်း ပါလိုက်သေးတယ်၊ ယဉ်ကျေးမှုအရ အမှတ်တရအနေနဲ့ လက်ဆောင်ပေးတာကိုတော့ လက်ခံပါတယ်၊ ဒါပေမဲ့ ကြီးကြီးခင်တို့အတွက်တော့ ဒါတွေယူလာခဲ့ဖို့ မလိုပါဘူး သားရယ်၊ ကြီးကြီးခင်တို့က ခင်တာတ်ပါတယ်၊ အိမ်ကိုလည်း လာလည်လို့ရပါတယ်"

"ဟုတ်ပါတယ် ကိုရှိမီ၊ အားနာစရာ"

"အားနာစရာလူတွေ မဟုတ်တော့ဘူးလို့ သဘောထားလိုက်ပါ ဂျူးရယ်၊ ကြီးကြီးခင်ပြောသလို ယဉ်ကျေးမှုအရ အမှတ်တရလက်ဆောင်ပေါ့။ ဟုတ်တယ်နော် ကြီးကြီးခင်"

"ဟုတ်ပါပြီကွယ် . . . ဟုတ်ပါပြီ။ ကဲ . . . ထိုင်ကြထိုင်ကြ။ ဒေါ်ရွှေ ဂျူးက ညစာကို အနောက်တိုင်း အစားအစာပဲ စီစဉ်ချင်တယ်တဲ့။ မြန်မာ၊ ယိုးဒယား၊ ကိုရီးယားနဲ့ တရုတ်အစားအစာတွေက လူတွေ အမြဲလိုလို စားနေကြလို့





တဲ့ကွယ်၊ အဲဒါကြောင့် ကြီးကြီးတို့ ကိုယ်တိုင်လုပ်တာတွေရော၊ ဝယ်တာတွေရော စုံလို့ပဲ သားရေ"

"ကောင်းတာပေါ့ ကြီးကြီးခင်ရဲ့၊ ဂျူး စိတ်ကူးလှသားပဲ၊ ကျွန်တော်ကတော့ ဘာအစားအစာမှ မရွေးပါဘူး၊ ကောင်းရင် ပြီးတာပါပဲ၊ ကြည့်စမ်း၊ ကိုယ်တိုင် ကြော်စား၊ နွေးစားလို့ရအောင် မီးဖိုလေးလည်း စီစဉ်ထားတာပဲ"

ပြောပြောဆိုဆိုနဲ့ သုံးယောက်ဝိုင်းဖွဲ့ထိုင်လိုက်ကြပါတယ်။ သူဟာ ကြီးကြီးခင်နဲ့ စကားတွေ ဘယ်လောက်ပဲပြောပြော သူ့ရဲ့မျက်လုံးတွေက ဂျူးဆီမှာသာ ဝဲပျံနေသလို၊ သူပြောတဲ့စကားတွေထဲမှာလည်း ဂျူးကိုသာ ဂုဏ်ပြုချီးကျူးတဲ့စကားတွေပဲ ထုံမွှမ်းနေခဲ့ပါတယ်။

"ဘာပဲပြောပြော ကိုယ်ကတော့ ဂျူးပြင်ဆင်ထားပုံကို သဘောကျတယ်။ ဒီလို ဒင်နာပုံစံနဲ့ ဒီလိုခြံအလှနဲ့က လုံးဝစမတ်ဖြစ်တယ်လေ၊ အိမ်နဲ့ခြံပုံစံလေးကလည်း ဥရောပစတိုလ်မျိုးဆိုတော့ မြင်ရသူရဲ့ရင်ထဲကို တကယ်ပဲ လန်းစေပါတယ်။ ဒါနဲ့ ဂျူးနဲ့ ကြီးကြီးခင်တို့က ပန်းချစ်တတ်တယ်ထင်တယ်၊ စိုက်ပျိုးရေးလည်း ဝါသနာပါပုံရတယ်"

"ဟုတ်တယ် . . . အဲဒါကြောင့်လည်း ဒီပုံစံဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာတာပေါ့ သားရယ်။ အဲဒါတွေအားလုံးဟာ မန္တလေးသွားတဲ့ အဓဒါ်စာစ်ယောက်ရဲ့လက်ရာလေ။ သူက မြဲကို လှအောင် ဘယ်လိုပြင်ရမလဲဆိုတာလောက်ပဲ ကြည့်နေတာ။ ပုတီးစိပ်တာတို့၊ တဖတ်တာတို့၊ လမ်းလျှောက်တာတို့ကိုလည်း ဒီခြံထဲမှာပဲ လုပ်တတ်တာကွယ့်။ ကြီးကြီးခင်တို့ မိသားစုက အဲလို အေးအေးဆေးဆေးနေရတာကို ကြိုက်တယ်"

အဲဒီအချိန်မှာပဲ ဘရက်ကီကားလေး တငြိမ့်ငြိမ့်နဲ့ လျှောခနဲဆိုက်ရောက်လာပါတယ်။ ပြီးတော့ ကားထဲက ထွက်ပြီး "ဟေး . . . ဂျူး" လို့ အော်ခေါ်ရင်း ဂျူးဆီသို့ ခပ်သွက်သွက်လျှောက်လာတယ်။

"အံမယ် . . . ကိုရှိမီက ကျွန်မထက်တောင် စောပြီး ရောက်နေပါလား။ ဝီရိယကောင်းလှချည်လား"

"ဒါပေါ့ဗျာ . . . ကျွန်တော်လည်း ချိန်းတဲ့အချိန် မရောက်ရင် အပြစ်ပေးခံရမှာကြောက်လို့ နာရီဝက် စောပြီး ထွက်လာခဲ့တာ"

"ဟုတ်တယ် ကိုရှိမီရေ။ အဲဒီလို ကြိုတင်ပြင်ဆင်ထားမှ။ တော်ကြာ ဂျူးက အချိန်အရမ်းတိကျတဲ့အပိုကြီး



ရဲ့ တူမဆိုတော့ သူ့မှာလည်း သူ့အဒေါ်ကို လိုက်မမီတောင် သူ့အဒေါ်နီးပါးလောက်ကိုပဲ အချိန်တိကျမှုစနစ်တွေ ဘာတွေ ရှိနေမှာ။ ဟုတ်တယ်မှလား ဂျူး။ ဘယ်လိုလဲ ငါ ဒီတစ်ခါတော့ ချိန်းတဲ့အချိန်ကွက်တိပါပဲနော်"

"ဟင်း!"

ပြောမနာ ဆိုမနာ မာမီခိုင်ပြောရင် ပိုပြီး မနာတတ်တဲ့ ဘရက်ကီကို ဂျူး မျက်စောင်းခပ်ပါးပါးလေး ပစ်ပေးလိုက်မိတော့တယ်။ ဘာပဲဖြစ်ဖြစ် အဲဒီလိုအာသွက်လျှာသွက်နဲ့ Flow အရမ်းကောင်းတဲ့ ဘရက်ကီရောက်လာမှ ဂျူးတို့ရဲ့ ဒင်နာဝိုင်းလေးက စိုစိုပြည်ပြည်နဲ့ ပိုပြီး ပျော်စရာကောင်းသွားသလို ထင်ရပါတယ်။ ဘရက်ကီက ဂျူးနားမှာ ဝင်ထိုင်လိုက်တော့ လက်ဆောင်ပစ္စည်းတွေကို မြင်ပြီး တအံ့တသြဖြစ်သွားပြန်တယ်။

"အိုး! . . . ကြည့်စမ်း။ လှလိုက်တဲ့ပန်းစည်းတွေ၊ လက်ဆောင်ပါကင်တွေကလည်း အရမ်းမိုက်တယ်။ ကိုရှိမီက သေသေချာချာ ပြင်ဆင်လာတာပဲ။ ကျွန်မအတွက်တော့ မပါဘူး"

"ဟာ! . . . ဆောရီး ဘရက်ကီ . . . ဆောရီးပါဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ဘရက်ရောက်လာလိမ့်မယ်လို့ ကျွန်တော် မတွေးလိုက်မိလို့ပါ။ တကယ်ပါ ဂျူးကလည်း မပြောတော့လေ။ နောက်မှ ဘရက်အတွက် ကျွန်တော် သီးသန့်ရှယ်ပေးပါ့မယ်"

"တမင်စတာပါ ကိုရှိမီရယ်။ ကျွန်မ သူငယ်ချင်းလေးအပေါ်ကို ဒီလိုဂရုတစိုက်ရှိတာပဲ ကျေးဇူးတင်လှပါပြီ။ တကယ်ဆို ကျွန်မကတောင် ကိုရှိမီ့ကို ဂုဏ်ပြုရဦးမှာ။ ကျွန်မကြောင့်ဖြစ်ခဲ့ရတဲ့ ကျွန်မ သူငယ်ချင်းရဲ့ အခက်အခဲကို ကူညီပေးခဲ့လို့လေ"

"ဟုတ်တယ် . . . ဟုတ်တယ် . . . သမီး ဘရက် ပြောတာမှန်တယ်။ ကြီးကြီးခင်တောင် သားကို ခုမှပဲ ကျေးဇူးတင်ကြောင်း ပြောရတော့မယ်။ တကယ်ပဲ သားရဲ့ ကျေးဇူးကို မမေ့ပါဘူးကွယ်။ ဂျူးကလည်း အဲဒီနေ့ကတည်းက ဒီလိုမိတ်ဆုံစားပွဲလေး လုပ်ပေးဖို့ ပူဆာနေခဲ့တာ။ အိမ်မှာက အခြေအနေအရပ်ရပ်ကလေးတွေကြောင့်"

"ရပါတယ် ကြီးကြီးခင်ရယ်။ ကျွန်တော် နားလည်ပါတယ်။ ဘရက်ပြောပြလို့ အဲဒီအခြေအနေတွေကို သိထားပြီးပါပြီ"

"ကြီးကြီးခင်လည်း ဂျူးက သားအကြောင်းတွေကို





ပြောပြထားတာမို့လို့ စိတ်ထဲမှာ သားကို ရင်းရင်းနှီးနှီး သိပြီးနေပါပြီ။ အသက်ငယ်ငယ်လေးနဲ့ လုပ်ငန်းရှင်တစ်ယောက်ဖြစ်နေတာကို ဂုဏ်ယူပါတယ်ကွယ်။ ဒါနဲ့ သားရဲ့မိသားစုကရော"

"ဟုတ် . . . ကျွန်တော်တို့ မိသားစုကလည်း ကြီးကြီးခင်တို့လို အေးဆေးပါပဲ။ သားအဖနှစ်ယောက်တည်းပါ။ အမေက ကျွန်တော့်ကို မွေးပြီးပြီးချင်း ဆုံးသွားခဲ့ပါတယ်"

"ဩော် . . . စိတ်မကောင်းစရာ မေးမိပြီ"

"စိတ်မကောင်းစရာဆိုပေမယ့် ဘဝမှန်က အဲဒီအတိုင်းဖြစ်ခဲ့လို့ပါ။ လောလောဆယ် အိမ်မှာ တမိုမှူးအဒေါ်ကြီးတစ်ယောက် ခန့်ထားပါတယ်။ သူနဲ့အဆင်ပြေပါတယ်။ ဒက်ဒီက ပန်းချီဆရာပါ"

"ပန်းချီဆရာ! . . . နာမည်က ဘယ်သူလဲ"

"ပန်းချီ မီးဇပါ"

"ဩော် . . . နာမည်က ထူးထူးဆန်းဆန်းပဲ"

"ကြီးကြီးခင်တို့က ဝါသနာမပါတာလည်း ဖြစ်နိုင်သလို၊ အဆက်အစပ်မရှိလို့ မသိတာမျိုးလည်း ဖြစ်ချင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်။ အနုပညာလောကမှာ ပန်းချီမီးဇဆိုရင် မသိတဲ့လူ မရှိပါဘူး။ အခု ပြင်ဦးလွင်ရောက်နေပါတယ်။ ပြီးရင် နိုင်ငံခြားခရီးစဉ်တွေ ထွက်ဖို့ရှိပါတယ်။ အရင်လည်း အဲလိုပဲ သူ သွားချင်တဲ့နိုင်ငံတွေသွားပြီး ပန်းချီရေးလေ့ရှိပါတယ်"

"အင်း . . . ကြားရတာ စိတ်ချမ်းသာစရာတော့ ကောင်းသားပဲကွယ့်။ သားတို့ သားအဖနှစ်ယောက်ရဲ့ဘဝက ဝါသနာနဲ့အလုပ်နဲ့ တစ်ထပ်တည်းကျပုံပေါ်တယ်။ အဲဒီလို ဝါသနာနဲ့ အလုပ်နဲ့ တစ်ထပ်တည်းကျဖို့ဆိုတာ တော်ရုံ မဖြစ်နိုင်ဘူးလေ။ တချို့ဝါသနာပါဘဲနဲ့ လုပ်နေရတဲ့လူတွေ အများကြီးရှိတယ်။ ကဲ . . . ကဲ . . . စကားတွေကောင်းနေလိုက်တာ။ ကြည့်စမ်း . . . စားကြတော့မလား။ စကားပဲ ပြောကြဦးမလား"

"စောပါသေးတယ် အန်တီကြီးရဲ့၊ ပြီးမှ စားမယ်လေ။ အရင်ဆုံး ဝိုင်သောက်ရင်းနဲ့ စကားတွေပြောကြမယ်။ ဘယ်လိုလဲ ဂျူး၊ ကိုရှိမီရော"

"အိုခေ . . . သဘောတူတယ်"

"ဒါဆို ဝိုင်သောက်ရင်းစားဖို့ ကြီးကြီးခင် လုပ်ပေးမယ်"





လူငယ်တွေကြားမှာ Follow အလိုက်ကောင်းတဲ့ ကြီးကြီးခင်က အထူးပဲ ချစ်စရာကောင်းစွာနဲ့ စားသောက်ဖွယ်ရာတွေကို လှလှပပ ကူညီပြင်ဆင်ပေးပါတော့တယ်။

"ဟဲ့ . . . ဂျူး ညနေ ငါးနာရီခွဲကနေ ခုနစ်နာရီထိက နင့်ရဲ့တရားထိုင်ချိန်နော်။ တော်ကြာ မလုပ်ရင် အန်တီလေးက နင့်ကို အပြစ်တွေထပ်ပေးနေဦးမယ်။ သူ့ရဲ့ ကိုယ်ရံတော် မိမော်ကို အစောင့်ထားခဲ့တာမှလား"

"သိပါတယ် ဘရက်ဂီရယ်။ ငါက နှစ်လလုံးလုံး အဲဒီအလုပ်ကို မပျက်မကွက် ထမ်းဆောင်မှာပါ။ ဒီနေ့ကတော့ ဒီအစီအစဉ်ရှိလို့ တရားထိုင်ချိန်ကို မနက်က ပြောင်းလုပ်ခဲ့ပြီးပြီ။ ငါ တာဝန်ကျေတာကို မိမော် သိသားပဲ။ ဘော်ဒါကလွာကတော့ ဒီလိုပဲ နားလည်မှုပေးရမှာပေါ့"

"အောင်မယ်လေး . . . သူ့ ဘာပဲလုပ်လုပ် အချိန်တန်တော့ ကျုပ်က ကာတာပေါ့အေ။ ဒီကြားထဲ အခြေအနေကြည့်ပြီး မိမော်ကိုလည်း လာဘ်ထိုးရသေးတယ်"

ကြီးကြီးခင် ဝင်ပြောလိုက်တဲ့စကားကြောင့် အားလုံး ဝိုင်းရယ်လိုက်မိကြပါတယ်။

"ဂျူးရဲ့အဒေါ်က အရမ်းထူးဆန်းတာပဲနော်။ အချိန်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပတ်သက်ရင် အစွန်းတစ်ဖက်ရောက်လွန်းနေတယ်လို့ ကိုယ်ထင်တယ်။ သူ ငယ်ငယ်က အချိန်မတိကျမှုကြောင့် ဖြစ်ခဲ့တဲ့စိတ်ခံစားမှုတွေ ဘာတွေ ရှိမလားမသိဘူး။ ရှိရင် ကိုယ့်ကိုပြောပြပါလား ဂျူး။ ကြီးကြီးခင်ပြောပြပေးရင်တော့ ပိုကောင်းလိမ့်မယ်ထင်တယ်"

ရုတ်တရက် သူ မေးလာတဲ့စကားတွေက ဂျူးနဲ့ ကြီးကြီးခင်ကို မျက်လုံးချင်းစကားပြောစေပါတော့တယ်။ ဒါပေမဲ့ ကြီးကြီးခင်ကလည်း နပ်ပါတယ်။ မျက်နှာအမူအရာကို ချက်ချင်းပြန်ထိန်းနိုင်ခဲ့သလို သူ့သိချင်တာကိုလည်း လိမ္မာပါးနပ်စွာပဲ ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။

"အို၊ ရှိတော့ကော ဘာလုပ်မှာလဲ သားရယ်"

"လုပ်လို့ရတာတွေ ရှိတာပေါ့ ကြီးကြီးခင်ရဲ့၊ အချိန်ကြောင့် ပြဿနာဖြစ်ပြီး စိတ်ဒဏ်ရာရခဲ့ရင် အဲဒီစိတ်ဒဏ်ရာကို အချိန်ကြောင့်ဖြစ်ခဲ့တဲ့ ပြဿနာမျိုးနဲ့ပဲ ပြန်ကုစားလို့ရတာတွေ ရှိတယ်လေ"

"အောင်မလေး! . . . အဲလောက်ထိ တမျော်တခေါ်ကြီး တွေးပြီး ပူပန်မနေနဲ့ မောင်ရင်။ သူ့စိတ်ကကို အချိန်တို့ စည်းကမ်းတို့နဲ့ပတ်သက်ရင် အစွန်းတစ်ဖက်



ရောက်နေတာ။ တစ်ဖက်သားကို ဘယ်လောက်များ အခံရခက်အောင်ပြောသလဲဆိုရင် သူက လူ့ဘဝထဲကို အချိန်တိကျဖို့နဲ့ စည်းကမ်းရှိဖို့အတွက် သီးသန့်ရောက်လာခဲ့တာတဲ့လေ"

"ဟာ . . . အံ့ဩစရာပဲ"

"အေး . . . အဲဒီတော့ ဘယ်သူဘာပြောလို့ရမလဲ။ သူ ဖြစ်နေတာကို ဘယ်သူ ကုစားလို့ရမလဲ။ တကယ့်ကို ကမ္ဘာမှာ ပြိုင်စံရှားတဲ့ တစ်ယူသန်တစ်ထစ်ချပြီးပါ သားရယ်၊ ဒါပေမဲ့ သားပြောသလိုမျိုး အချိန်ကြောင့် ဖြစ်ခဲ့ရတဲ့ ပြဿနာလေးတွေတော့ သူ ငယ်ငယ်က ရှိခဲ့ဖူးတယ်။ ဒါကလည်း အထွေအထူးကြီးတော့ မဟုတ်ပါဘူး။ ကြီးကြီးခင်မှတ်မိသလောက် ပြောရမယ်ဆိုရင်"

" . . . "

"သူ မူလတန်းက ကျောင်းကို ထမင်းဘူးတို့ မုန့်ဘူးတို့ ပို့ပေးရတာရှိတယ်။ အဲဒီအခါမှာ သူ သတ်မှတ်ပေးတဲ့အချိန်ကို ရောက်ရင်ရောက် မရောက်ရင် လုံးဝမယူတော့ဘူး။ သူ အရမ်းဆာနေတဲ့အချိန်မျိုးမှာဆိုရင် အဲဒါတွေကို လမ်းပေါ်တောင် လွှင့်ပစ်တာ။ ပြီးတော့ ဆယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲတုန်းက ဘာသာတစ်ခုမှာ စာတွေရရဲ့သားနဲ့ ဖြေဆိုချိန်အတွင်း မပြီးလို့ဆိုပြီး အဖြေလွှာကို ခြစ်ပစ်ခဲ့ဖူးတယ်၊ တစ်နှစ်အောက်သွားတယ်လေ"

"ဩော်"

"ပြီးတော့ သူ့အဘွားဆုံးတုန်းကလည်း ဆရာဝန် အချိန်မီရောက်မလာခဲ့လို့ မသေသင့်သေးဘဲ သေခဲ့ရတာ ဆိုတဲ့စိတ်အစွဲရှိခဲ့ဖူးတယ်။ ပြီးတော့ ဘယ်လောက်ချစ်တဲ့ သူငယ်ချင်းတွေပဲဖြစ်ဖြစ် သာရေးနာရေးနဲ့ ပတ်သက်လို့ သူ ချိန်းတဲ့အချိန်ရောက်မလာရင် လုံးဝ အဆက်ဖြတ်ပစ် လိုက်ရော"

"တကယ်လို့ ရောက်မလာနိုင်တဲ့ အကြိုးအကြောင်း ကို တင်ပြပြီး တောင်းပန်လာရင်ကော"

"အတွေ့ကို မခံတော့တာ သားရေ"

"ဟား . . . တကယ်ကျပြတ်သားတာပဲ"

"သူက ရုပ်ကလည်း ချော၊ ငွေကလည်း ချမ်းသာ တော့ လူမှုရေးတွေ ဘာတွေ သိပ်ဂရုစိုက်တာ မဟုတ်ဘူး။ အချိန်နဲ့စည်းကမ်းကိုပဲ ဂရုစိုက်တာ၊ ထူးဆန်းတာတစ်ခုက တော့ သူ ကလေးဘဝတုန်းက သူ့မိဘကို အရင်ဆုံးပူဆာ



ခဲ့တာ နာရီပဲ။ အဲဒီနာရီကို သူငယ်တန်း စတက်ပါပြီဆို ကတည်းက တစ်ရက်မှ မပျက်ဘဲ ပတ်လာခဲ့တာတဲ့။ ကလေးတွေထဲမှာလည်း သူက နာရီကို အရင်ဆုံးကြည့် တတ်ခဲ့တာ၊ အဲဒါမျိုးလေးတွေပေါ့ သားရယ်"

"ဩော် . . . ဒါဆို သူက အချိန်တိကျမှုကို သူများ တွေထက်ပိုပြီး ရူးသွပ်တာလို့ ဆိုရမှာပေါ့နော်"

"ဒါပေါ့ကွယ်၊ လူတစ်ကိုယ်မှာ ထူးခြားချက်တစ် မျိုးစီ ရှိတတ်ကြတာပဲမို့လား"

"ဒါနဲ့ အဲဒီအဒေါ်ရဲ့နာမည်က ဘယ်သူလဲ ကြီးကြီး ခင်"

"ခက်ခက်နိုင် တဲ့"

"ဝါး! . . . နာမည်က အမိုက်စားပဲ၊ လူနဲ့နာမည် နဲ့လည်း စမတ်ဖြစ်မယ့်ပုံပဲ"

"စမတ်ကတော့ ဘာကျသလဲမမေးနဲ့ သားရေ။ ငယ်ငယ်ကဆို အခြေသတင်းကြီးတဲ့ ရွှေမင်းသမီး။ သူ့ အိမ်ရှေ့မှာဆို ညတိုင်း ဂစ်တာဝိုင်းမပြတ်ဘူး"

"ဟား . . . ဟား . . . ဟား . . . ဟား"

အဲဒီလိုနဲ့ပဲ ဂျူးတို့ရဲ့ တွေ့ဆုံမှုလေးဟာ မာမီနိုင့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ဦးတည်ရင်း မှောင်မှန်းမသိမှောင်သွားခဲ့ပါပြီ။ အိမ်ကို အလှဆင်ထားတဲ့ မီးဆိုင်းတွေနဲ့ ပန်းခြံထဲမှာ အလှဆင်ထားတဲ့ မီးရောင်စုံတွေကလည်း လှလှပပထွန်းလင်းတောက်ပလာခဲ့ပါပြီ။ ဂျူးတို့ဝိုင်းကလေးကတော့ ပျော်ရွှင်မြိမ်းချမ်းမှုတွေ၊ စိုပြည်သာယာမှုတွေ ပြည့်စုံရုံမက ရင်းနှီးကြည်နူးမှုတွေပါ ဖုံးလွှမ်းလို့ပေါ့။

နောက်ဆုံးတော့ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေးနဲ့ စားကြ သောက်ကြ ရောက်တတ်ရာရာပြောကြရင်း ပျော်စရာကောင်းတဲ့ ဒင်နာပွဲလေးကို ည ရှစ်နာရီခွဲမှာပဲ နိဂုံးချုပ်ခဲ့ပါတော့တယ်။ သူက ကားပေါ်ရောက်သွားတော့ ကြိုးကြိုးစင် မမြင်အောင် ဂျူးကို ဖုန်းဆက်မယ့်အကြောင်း သင်္ကေတလေး ပြသွားပါသေးတယ်၊ ဘရက်ဂီပေးထားတဲ့ ဖုန်းကလေးက သူနဲ့ဂျူးအကြားမှာ ကြိုးတစ်ချောင်းအဖြစ် ချည်နှောင်ပေးတော့မယ်ဆိုတာ သေချာခဲ့ပါပြီ။ ထင်တဲ့အတိုင်းပါပဲ။ ည အိပ်ရာဝင်ချိန်မှာတော့ သူ တကယ်ပဲ ဖုန်းဆက်လာခဲ့ပါတယ်။ ဂျူး လှဲနေရင်းနဲ့ နားထောင်နေလိုက်မိတယ်။

"ဂျူးလိယက်"

"အင်း . . . ကိုရိုမီ"



"ဂျူးလိယက်မင်းသမီးကလေး အိပ်ပြီလား"

"ခုပဲ အိပ်တော့မလို့"

"ကိုယ်ထင်ပါတယ်။ ကိုယ်လည်း အိပ်ရာထဲမှာလေ။ မင်းအကြောင်းကို တွေးရင်း မင်းအိပ်တော့မယ့်အချိန်ကို မှန်းပြီး ဆက်လိုက်တာ"

သူဟာ အချိန်တိုကလေးအတွင်းမှာ ဂျူးရဲ့စိတ်အစဉ်ကို လွှမ်းမိုးနိုင်ခဲ့ပြီဆိုတာ တကယ်သေချာသွားပြီထင်ပါရဲ့။ သူ ဘာပြောပြော ရင်ခုန်ကြည်နူးမှုတွေနဲ့ ငြိမ်သက်နေမိတာက သက်သေပြနေပါတယ်။

"မင်းအိပ်ချင်ပြီလား။ ကိုယ် မင်းကို စကားပြောစရာတွေ အများကြီးရှိတယ်၊ ဒီလိုပြောလို့ အိမ်မှာလည်း စကားတွေ အများကြီးပြောသွားသားပဲလို့ ပြန်မပြောလိုက်ပါနဲ့။ အခု ပြောမယ့်စကားတွေက အဲဒီမှာ ပြောခဲ့တဲ့စကားတွေနဲ့ မတူပါဘူး။ မင်း နားထောင်ပေးနိုင်မလား"

"ရပါတယ်၊ ဂျူး နားထောင်နေပါတယ်။ ဂျူးက အိပ်ရာထဲ ရောက်ရင် ချက်ချင်း အိပ်မပျော်တတ်ပါဘူး"

"အိုခေ . . . ဒီနေ့ ဒင်နာပွဲလေးအတွက် မင်းကို ကျေးဇူးအများကြီးတင်ပါတယ်။ စိတ်ထဲမှာလည်း အရမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်တယ်၊ မင်းနဲ့အချိန်ကြာကြာ ရှိနေရတဲ့အတွက်လည်း ကိုယ် အရမ်းပျော်တယ်၊ မင်းလည်း ကိုယ့်လိုပဲ ဖြစ်လိမ့်မယ်လို့ထင်ပါတယ်”

“ . . . ”

“ကိုယ် အဓိကပြောချင်တာက ကိုယ်တို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုက သိပ်မကြာသေးပေမယ့် ဘုရားကိုရဲ့ကြိုးစားပေးမှုကြောင့် တစ်ယောက်အခြေအနေကို တစ်ယောက် သိခဲ့ရပြီလေ၊ အဲဒီတော့ ကိုယ် ရှည်ရှည်ဝေးဝေး မပြောချင်တော့ဘူး။ ကိုယ် မင်းကိုချစ်တယ်၊ မင်းသိပြီးသားဖြစ်တဲ့အတွက် ဒီကိစ္စကို ဘယ်လိုဆုံးဖြတ်မလဲ”

ဂျူး ရင်တွေ တဒိတ်ဒိတ်ခုန်လာလေပြီ၊ သူ ပေါ်တင်ပြောလာခဲ့ပြီပဲ။ သူ တကယ် ဆုံးဖြတ်ချက် ချနိုင်းပြီပဲ၊

“တစ်ခုခုပြောလိုက်ပါ ဂျူးလိယက်ရယ်၊ မနေ့ကလို ဘာမှမပြောဘဲ ကိုယ့်ကိုယ်ကိုယ် ညာနေတဲ့ပုံစံမျိုးလုပ်နေဦးမှာလား”

“ဂျူး ပြောခဲ့ပါတယ်၊ အရမ်းအံ့ဩမိတယ်လို့၊ ပြီးတော့ ဂျူးနဲ့ကိုရှိမိက တွေ့ခဲ့တာလည်း ကြာမှမကြာ





သေးတာ”

“အိုခေ . . . ဒီလောက်ဆိုရပါပြီ၊ မင်း ရှက်ကြောက်နေတာမျိုး ဖြစ်ချင်ဖြစ်နေမှာပါ။ ဒီတော့ မင်း ဘာမှ မပြောချင်မပြောနဲ့ ကိုယ့်ဘာသာကိုယ် မနေ့ကလိုပဲ ကောင်းတဲ့ဘက်က တွေးပြီး နားလည်လိုက်ပါ့မယ်။ နှလုံးသားထဲကအချစ်က ပါးစပ်ထဲက ပျားရည်ထက် ပိုအရသာရှိတယ် ကောင်မလေး။ တစ်ယောက်နဲ့တစ်ယောက် ဖွင့်မပြောဘဲ ချစ်နေကြတဲ့အချိန်မျိုးက ပိုပြီးတော့တောင် ရင်ခုန်စရာ ကောင်းပါသေးတယ်”

“ . . . ”

“မင်းရဲ့ မျက်ဝန်းဘာသာစကားတွေကို ကိုယ် ကောင်းကောင်းဖတ်တတ်ခဲ့တယ်၊ ကိုယ့်ရဲ့မျက်ဝန်းဘာသာစကားတွေကိုလည်း မင်း ကောင်းကောင်း ဖတ်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ အဲဒီလိုပဲ မင်းရဲ့ရင်တွင်းဘာသာစကားတွေကိုလည်း ကိုယ် ကောင်းကောင်းကြားနေရတယ်၊ ကိုယ့်ရဲ့ ရင်တွင်းဘာသာစကားတွေကိုလည်း မင်း ကောင်းကောင်း ကြားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်”

ကြည့်စမ်း . . . သူပြောပုံက တွေ့စကလို ပိုင်စိုး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်နှင်းရှိလိုက်တာ။

တစ်ဖက်လူ ပြန်မပြောနိုင်အောင် အပိုင်ချည်တုတ်နိုင်လိုက်တာ။

ဂျူးလည်း ငြိမ်သက်နေမိတာ အံ့ဩစရာကောင်းလိုက်တာ။

"ကိုယ့်အတွက်တော့ အချစ်ဆိုတာ နေရာဒေသ အကွာအဝေးနဲ့လည်း မဆိုင်ပါဘူး၊ အချိန်ကာလ အနေးအမြန်နဲ့လည်း မဆိုင်ပါဘူး။ တကယ်ဆိုင်တာက အချစ်စစ် အချစ်မှန်ဖြစ်ဖို့ပါပဲ။ ကိုယ့်အချစ်က မင်းပေါ်မှာ စစ်မှန်နေတဲ့အတွက် တွေ့ဆုံချိန် ခဏလေးအတွင်းမှာပဲ မင်းကို ရယူဖို့ ဆုံးဖြတ်ချက်တွေ ချခဲ့ပြီးပါပြီ။ ကိုယ့်ဒက်ဒီကိုလည်း ဖွင့်ပြောပြီးပြီ။ အစီအစဉ်အားလုံးလည်း ဆွဲပြီးသွားပြီ။ မင်းသာ ကိုယ့်ရင်ခွင်ထဲ ဝင်လာနိုင်အောင် ကြိုးစားဖို့ပဲလိုပါတော့တယ်"

". . ."

"ကြားတယ်နော် ဂျူး။ ကိုယ် မင်းကို စတွေ့တဲ့အချိန်ကစပြီး ကြိုးစားနေပြီ။ မင်းလည်း ဒီနေ့ကစပြီး ကြိုးစားပါတော့။ ပြီးတော့ မင်းအပြစ်ပေးခံနေရတဲ့ နှစ်လ





အတွင်း မွန်းကျပ်မှုမရှိအောင် ပျော်ရွှင်လန်းဆန်းမှုရှိအောင် ကိုယ်တာဝန်ယူပေးပါ့မယ်။ ဒါပဲနော် . . . မင်း ကိုယ့်အပေါ် အမြန်ဆုံး တုံ့ပြန်နိုင်ပါစေ။ အိပ်မက်လှလှမက်ပါစေ . . . Good night"

တကယ်ပါပဲ။ သူဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိစွာနဲ့ ဂျူးကို တရားဝင် သမီးရည်းစားလို သဘောထားလိုက်တဲ့အပြင် သူတစ်ယောက်တည်း အစီအစဉ်တွေဆွဲ၊ သူတစ်ယောက်တည်း ဆုံးဖြတ်ချက်တွေချ၊ သူ တစ်ယောက်တည်း ပြောချင်တာတွေပြောပြီး ဖုန်းချသွားပါတော့တယ်။ ဘာမှပြန်မပြောရဘဲ ဒီအတိုင်းကျန်ခဲ့တဲ့ ဂျူးက ဖုန်းလေးကို ကြည့်ရင်း ရင်သပ်ရှုမောဖြစ်နေခဲ့လေရဲ့။

မနက်ကျတော့လည်း အိပ်ရာနိုးနိုးချင်း သူ့ဖုန်းခေါ်သံလေးက မထင်မှတ်ဘဲ ဝင်လာခဲ့တယ်၊ ဂျူးဟာ အံ့ဩထိတ်လန့်သွားပြီး ဖုန်းလေးကို စပ်မြန်မြန်ပဲ ဆွဲယူနားထောင်လိုက်မိတယ်။

"ဂျူးလိယက်ပို့ပို့ . . . Morning"

"ဟုတ် . . . ကောင်းသောနံနက်ခင်းပါ ကိုရိုမီ"

"ငါးနာရီကျော်ကျော်ပဲ ရှိသေးတာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်ဖြစ်သွားပြီလား။ မင်း ဘယ်အချိန် အိပ်ရာနိုးတတ်သလဲ"

"များသောအားဖြင့် ခုချိန်ပါပဲ။ တစ်ခါတလေကျတော့လည်း ခြောက်နာရီဖြစ်သွားတတ်တယ်"

"အင်း . . . ကိုယ်လည်း အဲဒီလိုပဲ။ ဒါနဲ့ ကိုယ်ညက မမေးလိုက်မိတာတစ်ခုရှိတယ်၊ ဂျူးရဲ့အဒေါ် ဘယ်တော့ ပြန်ရောက်မလဲ"

"Sunday မှာ ပြန်လာတော့မှာပါ။ ဒီနေ့က Friday လေ"

"သူ ပြန်လာရင် ကိုယ်လာတွေ့လို့ရမလား"

"ဟို . . . ဘယ်လိုပြောရမလဲ။ ဒီတိုင်း တော်ဒ်ကဗ္ဗာအရလာလည်တာမျိုးကတော့ ဖြစ်ပါတယ်၊ မာမီ့နိုင်က လူငယ်တွေအပေါ် နားလည်မှု ရှိပါတယ်၊ ဒါပေမဲ့ ကိုရှိမ်လာတွေ့မှာကျတော့ အမိပွာယ်နှစ်မျိုး သက်ရောက်နေမလားလို့၊ ပြီးတော့ ဂျူးကလည်း သူ အပြစ်ပေးထားတဲ့ ကာလအတွင်းမှာ ဒီလိုကဗ္ဗာမျိုးတွေ မရှိစေချင်ဘူး။ သိလည်း မသိစေချင်ဘူးဆိုတော့"

"ဟုတ်ပြီ . . . ဟုတ်ပြီ . . . သဘောပေါက်ပြီ။



ကိုယ် ဆန္ဒတွေအရမ်းစောသွားတယ် ဂျူး။ ဟုတ်တယ်။ ဆင်ခြင်မှုဖြစ်မယ်။ ဒါဆို ကိုယ်ပြောတာ သေချာ နားထောင်ပါ။ အခုလေးပဲ မင်းအိမ်ရှေ့က ပြန်လာခဲ့ပြီး၊ ခြံထဲမှာ ပစ္စည်းထုပ်တစ်ထုပ် ထားခဲ့တယ်"

"ရှင်"

"ခြံတံခါးရဲ့ညာဘက်အခြမ်းမှာ။ အဲဒါ မင်းသွားယူလိုက်ပါ။ ပြီးတော့ ဒီနေ့ကစပြီး ဖုန်းပြောရင် မင်းမျက်နှာလေးကိုကြည့်ပြီး ပြောချင်တယ်။ ဒါကြောင့် ကိုယ်တို့ အင်တာနက်နဲ့ပဲ ပြောကြရအောင်နော် ဂျူး . . . အိုခေ"

သူက သူ့ရဲ့အပိုင်စိုးမိုးတတ်တဲ့ ထုံးစံအတိုင်း ပြောစရာ ရှိတာပြောပြီး ချက်ချင်း ဖုန်းချသွားပါတယ်။ ဂျူးလည်း အံ့သြမှုတွေ သိချင်ဇောတွေ ပြင်းထန်ပြီး ခုတင်ပေါ်ကနေ ခပ်သွက်သွက် ဆင်းပြေးလာခဲ့ပါတော့တယ်။ ဒီအချိန်ဆို ကြီးကြီးခင်က ဘုရားခန်းထဲမှာ မိမော်ကလည်း မီးဖိုဆောင်ထဲမှာဆိုတော့ ဂျူးရဲ့နံနက်ခင်း နိုးကြောင်နိုးဂုက် အပြုအမူကို မသိနိုင်လောက်ပါဘူး။ ဒါကြောင့် သူ ပစ်ချထားခဲ့တဲ့ အထုပ်ကို အပြေးသွားယူလိုက်မိတယ်။

အခန်းထဲရောက်ရောက်ခြင်း ချစ်စရာ အလွန်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ ပါကင်ထုပ်ကြီးကို ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ ပထမဦးဆုံးတွေ့လိုက်ရတာ ပန်းနုရောင်စာခေါက်ကလေး၊ ဒုတိယတွေ့လိုက်ရတာက စာအုပ်အရွယ် ipad ကြီးတစ်ခု၊ တတိယတွေ့လိုက်ရတာက ရွှေရောင်အသည်းပုံ ချောကလက်ကလေးတွေ။ ကြည့်စမ်း! . . . ဂျူးဟာ မျက်လုံးကလေးတွေ လက်လက်ဖြာသွားပြီး ပန်းနုရောင် စာခေါက်ကလေးကို ဖတ်လိုက်မိပါတယ်။

ဂျူးလေးယောက်မင်းဆိုးကလေး မပျော်ဖို့
ရှိမိုဟိုမင်းတေးက တာဝန်ယူပါ့မယ်။
ဒီချောကလက်ကလေးတွေကို စားရင်း
ကိုယ့်ကိုချစ်တဲ့အကြောင်းတွေ များများတွေးပါ၊
ဒီ ipad ကိုလည်း မင်းစိတ်ကြိုက်သုံးပါ။
ကိုယ်လည်းကြိုက်ပြီး မင်းလည်း ကြိုက်တော်မယ့်
သီချင်းကလေးတွေ ထည့်ပေးလိုက်ပါတယ်။
ဒီလိုမျိုး . . . နေ့တိုင်းမပျင်းစေဖို့
ကိုယ့် Feeling လေးတွေကို
ခြံထဲမှာ မကြာခဏ လာထားပေးပါ့မယ်။



မင်းတွေ့ထိမြောက်ခွင့်ရမယ့်နေ့ . . .
နှစ်လပြည့်တဲ့နေ့မှာတော့ . . .
နှစ်ယောက်အတူတွေ့ပြီး . . .
ထူးခြားတဲ့လက်ဆောင်ထပ်ခြပေးမယ်နော်။
ကိုကို – မင်းကို အရမ်းချစ်တယ် ။

ကိုကို! . . . ဘုရားရေ! . . . သူက သူ့ကိုယ်သူ ကိုကို တဲ့ . . .။

ဂျူးမျက်နှာလေး ပန်းရောင်ပြောင်းသွားပြီး နှလုံးသားလေးလည်း တလှပ်လှပ် တုန်ခါနေပါတော့တယ်။

♥♥.♥♥♥. အဲဒီနေ့ကစပြီး သူဟာ ဂျူး မွန်းကျပ်မှုမရှိအောင်၊ ဂျူး ပျော်ရွှင်လန်းဆန်းမှုရှိအောင် တာဝန်ယူပေးပါ့မယ်လို့ ပြောခဲ့တဲ့စကားအတိုင်း အပြောနဲ့အလုပ် တစ်ထပ်တည်းကျစွာပဲ ခြံထဲကို ပစ္စည်းလေးတွေ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် လာထားပေးပါတော့တယ်။

ပန်းစည်းကလေးတွေ၊ ပန်းခြင်းကလေးတွေ၊ ပန်းအိုးကလေးတွေ၊ ခေါင်းစည်းကြိုးကလေးတွေ၊ ရေမွှေးပုလင်းကလေးတွေ၊ စာအုပ်ကလေးတွေ၊ အရုပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ပြီးတော့ အပျင်းပြေစားစရာတွေ၊ သီချင်းခွေ၊ ဇာတ်လမ်းခွေတွေ . . . စသဖြင့်ပေါ့။

လာထားတဲ့နေ့တိုင်းမှာလည်း ဂျူးကို မနက်စောစော ဖုန်းနဲ့လှမ်းနှိုးပြီး အသိပေးလေ့ရှိပါတယ်။ ဂျူးကလည်း သူ့ရဲ့အပြုအမူလေးတွေကို စိတ်ဝင်တစားနဲ့ ခြံထဲမှာ ပန်းရှုသလိုလို ရေဖြန်းသလိုလို ယောင်ပေပေလုပ်ရင်း အချိန်မှန်သွားရောက်ယူလေ့ရှိပါတယ်။ သူပေးတဲ့ပစ္စည်းလေးတွေကို ကြည့်ပြီးတော့လည်း ဂျူးရင်မှာ နွေးထွေးလိုက်ဖို့စွာနဲ့ ကြည်နူးလှုပ်ရှားလို့ နေမိတယ်။

အဲဒါဟာ အချစ်ပဲလား၊ ဂျူးလည်း သူ့လိုဖြစ်နေပြီလား။ ဂျူး သူ့ကို တကယ်ချစ်မိသွားပြီလား။ ဒါဆို သူ့ရဲ့ အယူအဆဖြစ်တဲ့(သူဖတ်တတ် ကြားတတ်ခဲ့တဲ့) မျက်ဝန်းဘာသာစကားနဲ့ ရင်တွင်းဘာသာစကားဆိုတာကို လက်ခံလိုက်ရတော့မလား။ ဂျူးရဲ့ စိတ်ထဲမှာ အဲဒီလိုပြတ်ပြတ်သားသား ဆုံးဖြတ်ချက်မချရဲဘဲ ဝေဝေဝါးဝါးဖြစ်နေခဲ့ပါတယ်။

လုံးဝခြင်းမရဘဲ ပြတ်ပြတ်သားသားကြီး သေချာနေတာတစ်ခုကတော့ အဲဒီလို ဂျူးအပေါ် မြတ်မြတ်နိုးနိုးနဲ့



ရှုတစိုက်ရှိလွန်းလှတဲ့ သူ့ရဲ့ဆက်ဆံမှုတွေကို ဂျူးက ကျေကျေနပ်နပ်ကြီး လက်ခံပြီး မက်မက်မောမောနဲ့ သာယာသစ်မှုးနေမိတာပဲ ဖြစ်ပါတယ်။

အဲဒီလိုနဲ့ ဂျူးဟာ သူနဲ့ဖုန်းပြောတိုင်း သူ့အပေါ်ကို မျက်ဝန်းဘာသာစကားတွေ ရင်တွင်းဘာသာစကားတွေနဲ့သာ တုံ့ပြန်တတ်ခဲ့တာဟာ ရက်တွေ တစ်ရက်ပြီး တစ်ရက် ကုန်မှန်းမသိကုန်ဆုံးသွားခဲ့ပါတယ်။ တစ်နေ့မှာတော့ သူကလည်း အဖြေ ဖွင့်အတင်းတောင်းရတာ မဟုတ်၊ ဂျူးကလည်း အဖြေပေးဖို့ ချိန်းထားရတာမဟုတ်ဘဲ ဂျူးနှုတ်ကနေ အမှတ်တမဲ့ (အံ့သြဖွယ်ကောင်းစွာ) ပွင့်ပွင့်လင်းလင်း ချစ်ရွှန်းခြွေလိုက်မိတဲ့နေ့တစ်နေ့ကို မထင်မှတ်ဘဲ ကျရောက်လာခဲ့ပါတော့တယ်။ ៖•❤❤❤•❤❤

အဲဒီနေ့ကတော့ အမှတ်တရပါပဲ။ ဂျူး ပြစ်ဒဏ်မှ လွတ်မြောက်ခွင့်ရသွားတဲ့ နှစ်လပြည့်တဲ့နေ့ကလေးပေါ့။ အဲဒီနေ့မှာ သူက ထုံးစံအတိုင်း မနက်စောစော ဂျူးကို ဖုန်းနဲ့လှမ်းနှိုးပါတယ်။ ပြီးတော့ ပြောလာတဲ့စကားတွေကလည်း သူ့ရဲ့စတိုင်လ်အတိုင်း ဂျူးအပေါ်ကို အရှိန်အဝါတစ်ခု လွှမ်းမိုးစွာ၊ ပိုင်စိုးပိုင်နင်းနိုင်လှစွာနဲ့ ချည်ပြီး တုတ်ပြီးသားတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။

"Morning! အချစ်ကလေး နိုးပြီလား"

"အင်း . . . မောနင်း"

"ကြည့်စမ်း! အိပ်ချင်မူးတူးနဲ့ မျက်နှာက မျက်လုံး တောင် ကောင်းကောင်းမပွင့်ချင်ပါလား။ ဒီနေ့ ဘာနေ့လဲ သိလား"

"သိတာပေါ့ ကိုရှိမီရဲ့။ ဂျူးလိယက်ပျိုပျို လွတ်ငြိမ်း ချမ်းသာခွင့်ရမယ့်နေ့"

"ဟား . . . ဟား . . . ဂျူးက အရမ်းချစ်ဖို့ကောင်း တာပဲကွာ။ ဒီနေ့ ကိုယ်လုပ်မယ့်အစီအစဉ်ကို ပြောထား တာ မှတ်မိလား"

"မှတ်မိပါတယ်"

"အိုခေ . . . ဒါဆို ကိုယ်ပြောမယ်။ ဒီနေ့ည မင်းနဲ့ တွေ့ပြီး လက်ဆောင်တစ်ခုပေးမယ်။ ည ဆယ့်တစ်နာရီ မင်းအိမ်ရှေ့မှာ စောင့်နေမယ်။ မင်း မလာမချင်း စောင့်နေ မယ်။ မနက်ရောက်ရင် ရောက်သွားပါစေ ကိုယ့်ကိုချစ်ရင် ထွက်တွေ့ပါ။ ဒါပဲနော် . . . ချစ်"

"ကိုရှိမီ . . . ကိုရှိမီ"

—မြှူးဒေဘာ—



သွားပြီ။ သူက ထုံးစံအတိုင်း အနိုင်ပိုင်းသွားတာ မို့ ဂျူး တစ်ခွန်းမှ ပြန်ပြောချိန်မရလိုက်ပါဘူး။ ချက်ချင်း ပြန်ခေါ်ပေမယ့်လည်း သူက ဂျူး ငြင်းမှာစိုးလို့ထင်ရဲ့ ဖုန်းကို အသေပိတ်ထားလိုက်ပါပြီ။ ပြဿနာပါပဲ။ သူက "ကိုယ့်ကို ချစ်ရင် ထွက်တွေ့ပါ"တဲ့။ ကြည့်စမ်း . . .။ ဂျူး ဘာလုပ်ရ မှန်းမသိတော့ဘဲ စိတ်မငြိမ်သက်မှုများစွာနဲ့ ခုတင်ပေါ်က နေ ဆင်းပြီး ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အကြံထုတ် နေမိပါတယ်။

ဒါပေမဲ့ ဘယ်လောက်ပဲအကြံထုတ်ထုတ် အကျယ် ချုပ်ကျနေသူက ဘယ်လို အကြံမျိုးထွက်လာမှာတဲ့လဲ။ နောက်ဆုံးတော့လည်း ဂျူး ဘာဖြစ်ဖြစ် မပါမပြီး ဘရက်ကို ဆီသာ အကူအညီလှမ်းတောင်းရပါတော့တယ်။

"ဘရက်ကီ"

"ပြော . . . ဒေါ်ရွှေဂျူး။ ရှိမီယို ဂျူးလိယက် အတ်လမ်းခင်းနေတာနဲ့ ငါ့ဆီ ဖုန်းမဆက်တာတောင် ကြာ ပါရောလား"

"အေး . . . ခုလည်း အဲဒီကိစ္စ အရေးကြီးလို့ဆက် လိုက်တာ။ ဒီနေ့ ငါ အေးဆေးဖြစ်သွားပြီ။ မာမီနိုင် အပြစ်

—မြှူးဒေဘာ—

www.burmeseclassic.com

www.burmeseclassic.com



ပေးတာ နှစ်လပြည့်သွားပြီလေ"

"ဟာ . . . ဟုတ်လား၊ ပျော်စရာကြီးပေါ့။ နှစ်လ ကလည်း ခဏလေးလိုပဲ"

"အင်း . . . အဲဒီ နှစ်လပြည့်သွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူ ငါ့ကို အကျပ်ကိုင်ထားတာ ရှိလို့ ဘရက်ရဲ့ နှင် မကူညီလို့ မရတော့ဘူး"

"ဟာ . . . ငါက ဘာကူညီရဦးမှာလဲ။ လုပ်သင့် လုပ်ထိုက်တာတွေ အားလုံး လုပ်ပေးထားတာပဲဟာ။ သမီး ရည်းစားတွေဆိုတာ အဲဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက် အကျပ်ကိုင်တတ်ကြတာပဲ ဂျူးရဲ့"

"အဲဒါတွေ နောက်မှပြောပြတော့မယ်ဟာ။ အချိန် မရဘူး"

"ဒါဆို ဘာကူညီရမှာလဲ . . . ပြော"

"သူ လုံးဝဖုန်းပိတ်ထားတယ်ဟဲ့။ နှင် ဆက်လို့ရ မှာ မဟုတ်ဘူး။ သူ့ကိုသာ တွေ့အောင်ရှာပေးပါ။ သူနဲ့တွေ့ ပြီဆိုရင် ငါ့ဆီဖုန်းဆက်လိုက်၊ အဲဒီအချိန်ကျ ငါ အားလုံး ပြောပြမယ်"

"ဖြစ်လိုက်ရင် ဇာတ်လမ်းပဲ"



"ခုချက်ချင်းနော် ဘရက်"

"ပြီးရော . . . ပြီးရော . . . ဖုန်းကို ကိုးနာရီ ဆယ် နာရီကြားမှာ စောင့်နေ"

"အိုခေ . . . အိုခေ"

တကယ်တမ်းကျတော့ ကိုးနာရီခွဲမှာ ဘရက့်ဆီ က ဖုန်းဝင်လာခဲ့ပေမယ့်လည်း အဖြေက ထူးမခြားနားပါပဲ။

"ဂျူး"

"ဘယ်လိုလဲ။ အိုခေပြီလား"

"နိုး!"

"ဟင်း"

"ကော်ဖီဆိုင်မှာလည်း မရှိဘူး။ ပန်းချီပြခန်းမှာ လည်း မရှိဘူး။ မန်နေဂျာကို မေးကြည့်တော့လည်း ဒီနေ့ လုံးဝ အနားယူပါတယ်တဲ့။ သူ့အိမ်လိပ်စာမေးပြီး လိုက် သွားတော့လည်း ခြံထဲမှာ ဦးလေးကြီးတစ်ယောက်နဲ့ပဲ တွေ့ တယ်၊ တံခါးတောင် ဖွင့်မပေးဘူး။ အလုပ်မှာမရှိရင်တော့ မပြောတတ်ဘူးတဲ့၊ အိမ်ကိုတော့ ညမှ ပြန်လာတော့မယ် လို့ ပြောသွားတယ်တဲ့"

"ကျစ်! . . . စိတ်ညစ်လိုက်တာ ဘရက်ရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရပါ့မလဲ"

"နေစမ်းပါဦး . . . နင်က ဘာဖြစ်လို့ ဒီလောက် စိတ်ညစ်နေရတာလဲ။ ဘာဖြစ်လို့ ဒီလောက်ပျာယာတွေ ခတ်နေရတာလဲ။ ကိုရှိမီလောက် နင့်အပေါ်ကို ဂရုစိုက်တဲ့ ချစ်သူမျိုး ဘယ်မှာမှ ရှာလို့တွေ့မှာမဟုတ်ဘူး။ သူက ဘာကို အကျပ်ကိုင်နေတာလဲ"

"ငါ့အတွက် အခက်အခဲဖြစ်မယ့်ကိစ္စဆိုတော့ အကျပ်ကိုင်တယ်လို့ပဲ ပြောရတာပေါ့။ နှစ်လပြည့်တဲ့နေ့မှာ နှစ်ယောက်တွေ့ပြီး လက်ဆောင်ပေးချင်တယ်တဲ့၊ ညဆယ့်တစ်နာရီ အိမ်ရှေ့ကို ထွက်ခဲ့ပါတဲ့။ မလာမချင်း စောင့်မယ်။ မနက်ရောက်ရင် ရောက်သွားပါစေတဲ့။ အဲဒါ ငါ ဘယ်လိုလုပ်ရမလဲ"

"အောင်မယ်လေး! . . . ဒါများ ရွှေဂျူးရယ် ရေးကြီးခွင်ကျယ်လုပ်လို့။ ငါ့ကို တလည်လည် တစ်ပတ်ပတ်နဲ့ ရှာနိုင်းနေသေးတယ်။ ဒီဇယားက ပါးပါးလေးပါ။ နင် ကြံဖန်လှုပ်ရှားရင်ဖြစ်ပါတယ်"

"ဖြစ်ပေမယ့် အမှတ်တမဲ့ မာမီနိုင် သိသွားရင် ပြဿနာအကြီးအကျယ်တက်မှာဟဲ့၊ မာမီနိုင်က အချိန်





တိကျမှုတင် ရှုးသွပ်တာမဟုတ်ဘူး။ ခိုးကြောင်ခိုးဝှက် စည်းကမ်းမရှိလုပ်တာတွေကိုလည်း မကြိုက်ဘူး။ ဒီနေ့က ငါ ပိုပြီး ဆင်ခြင်ရမှာ။ ပြဿနာတစ်ခု ပြီးရုံရှိသေးတယ်၊ နောက်တစ်ခု လာပြန်ပြီလားဆိုပြီး ငါ့ကို ပြစ်ဒဏ်တွေ ထပ်ပေးရင် ဘယ်လိုလုပ်မလဲ"

"အေး . . . ဟုတ်တယ်နော်"

"ပြီးတော့ ငါ မာမီနိုင့်ကို အရမ်းချစ်တယ်။ ငါ့အမေထက်တောင် ပိုတယ်။ သူကလည်း ငါ့ကို မိဘအရင်းထက်တောင် ပိုချစ်သေးတယ်။ ဒါကြောင့် ရှေ့ဆက်ပြီး သူ မဖြစ်စေချင်တာတွေ မဖြစ်အောင် ငါ ထိမ်းရလိမ့်မယ်၊ အဲဒါကလည်း အကြောင်းရှိတယ် ဘရက်။ ငါ အသက်ကြီးလာလို့ထင်တယ်။ မာမီနိုင်ရဲ့တိကျမှုတွေ၊ စည်းကမ်းကြီးမှုတွေကို မခံစားချင်တော့ဘူး။ မွန်းကျပ်လာပြီ။ ငြီးငွေ့လာတယ်"

" . . . "

"တကယ်လို့သာ တစ်ခုခုထပ်ဖြစ်ခဲ့ရင် ငါ လုံးဝ ရမှာ မဟုတ်တော့ဘူး။ ပေါက်ကွဲမိလိမ့်မယ်၊ ထွက်ပေါက်တစ်ခုကို ရှာမိလိမ့်မယ်။ အဲဒါကြောင့် ငါ့ဘက်က အသေ



www.burmeseclassic.com

www.burmeseclassic.com



အလဲ စိုးရိမ်ပြီး ပျာယာခတ်နေရတာပေါ့"

"အင်း . . . နင်ပြောတာလည်း ဟုတ်နေတာပဲ။ ဒါပေမဲ့ ခုဟာက သမီးရည်းစားကိစ္စဖြစ်နေတယ် ဂျူးရဲ့ မိန်းကလေးမှန်ရင် တစ်သက်မှာ တစ်ခါ သမီးရည်းစားကိစ္စ နဲ့ပတ်သက်ပြီး ပြဿနာ မတက်ဖူးတာမရှိဘူး။ ဒီတော့ နင် စိုးရိမ်တာတွေကို အသာထားပြီး ရဲရဲဝံ့ဝံ့သာ ရင်ဆိုင်ကြည့် လိုက် ဂျူး။ လည်သလိုသာ ကြည့်လုပ်တော့"

" . . . "

"ငါကလည်း ဒီကိစ္စကျတော့ မကူညီနိုင်ဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ ငါလည်း နင့်လိုပဲ ဒီတစ်ခါ တစ်ခုခုဖြစ် သွားခဲ့ရင် မာမီနိုင့်ကို မျက်နှာချင်းမဆိုင်ရဲတော့ဘူး။ ပြီးတော့ ဒီည ငါ ကလပ်မှာ ဇယားတစ်ခုလုပ်ထားတယ်။ အဲဒီဇယားက လှတယ်ဟ။ ငါ မသွားလို့မရဘူး။ ဒါပဲနော်"

ဘရက်ဂီကလည်း သူ့ကို ဆက်ပြီးအကူအညီ တောင်းမှာစိုးလို့ထင်တယ်။ သူက အရင်ဦးအောင် သူ့ ဇယားတွေကို ခင်းပြပြီး ရှောင်ထွက်သွားပါတော့တယ်။ နောက်ဆုံးတော့လည်း ဂျူးတစ်ယောက်တည်း မဖြစ်မနေ ရင်ဆိုင်ရတော့မယ့်ပုံစံ ကျခဲ့ပါတယ်။ အဲဒီလိုနဲ့ တစ်နေကုန်



စိုးရိမ်ပူပန်မှုတွေ ဖိစီးပြီး ထမင်းလည်း ကောင်းကောင်း မစားနိုင်၊ လူလည်း ဂနာမငြိမ်နိုင်တော့ဘဲ ဟိုဟိုဒီဒီတွေး ရင်း ညဘက်ကို ရောက်လာခဲ့ပါတယ်။

အိမ်သားအားလုံး အိပ်သွားပြီး ညဆယ့်တစ်နာရီ ထိုးတဲ့အချိန်မှာတော့ ဂျူးဟာ အခန်းထဲကနေ ခြေသံဖွဖွ ကလေးနဲ့ ထွက်လာရင်း အိမ်ရှေ့ မှန်ပြတင်းဆီ ရောက် လာခဲ့ပါတယ်။ ခန်းစည်းကြီးကို ဆွဲကြည့်လိုက်တော့ သူ ဟာ တကယ်ပဲ ခြံတံခါးရှေ့မှာ ပစ္စည်းကြီးကြီးမားမားတစ်ခု ကို ပိုက်ပြီး ခပ်တောင့်တောင့်ရပ်နေတာကို မြင်လိုက်ရပါ တော့တယ်။

ကြည့်စမ်း . . . ဂျူး မလာမချင်း မနက်ထိ ရပ် နေမယ့်ဒီဇိုင်းပါလား။ ဂျူး မျက်စိမှိတ်ပြီး သက်ပြင်းရှည်ကြီး တိုသာ ချလိုက်မိတယ်၊ ဂျူးသာ ထွက်တွေ့ရင် သူ့ကို ချစ် လို့ပဲ။ ဟင့်အင်း . . . ဂျူး ကိုယ့်ကိုယ်ကိုယ် မငြင်းချင်တော့ ပါဘူး။ ဘာကိုမှလည်း မမြင်နိုင်တော့ပါဘူး။ ဘာကိုမှလည်း မသိတော့ပါဘူး။ ဂျူးသိတာတစ်ခုကတော့ သူ အဲဒီလိုပုံစံ အတိုင်း အိမ်ရှေ့မှာ တစ်ညလုံးရပ်မနေစေချင်တာပါပဲ၊

ဂျူးဟာ ဒီနေရာမှာတင် ဆုံးဖြတ်ချက်ကို ပြတ်

www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားသား ရပြီး အခန်းထဲပြေးဝင်လာခဲ့တယ်။ အခန်းထဲ ရောက်တော့ ဂါဝန်လေးကို ချွတ်ပြီး ဂျင်းဘောင်းဘီနဲ့ အတူ တီရှပ်ကိုယ်ကပ်ကလေးကို တွဲဝတ်လိုက်တယ်။ ပြီးတော့ . . . ခေါင်းစွပ်ပါတဲ့ အနက်ရောင် Tracksuit ကို အပေါ်က ထပ်ဝတ်ရင်း တံခါးတွေ အဆင့်ဆင့်ဖွင့်ပြီး ထွက်လာခဲ့ပါတော့တယ်။

"ဂျူး . . . ကိုယ့်ကို တကယ်ထွက်တွေ့တယ်၊ ဒါဆို မင်း ကိုယ့်ကို တကယ်ချစ်သွားပြီပေါ့နော်။ ဝမ်းသာလိုက်တာကွာ။ ကိုကို အရမ်းပျော်သွားပြီး၊ ကျေးဇူးအများကြီးတင်ပါတယ် ဂျူးရယ်"

သူက ဂျူး ခြံအပြင်ရောက်ရောက်ချင်း ဝမ်းသာအားရပြောပြီး ဂျူးရှေ့ကို တိုးကပ်လာပါတယ်။ သူကိုင်ထားတဲ့ ပစ္စည်းကလည်း ခာတ်ပုံကားချပ်ပဲလား၊ ပန်းချီကားပဲလား၊ ရိုးရိုးမှန်တစ်ချပ်ပဲလား မသိပါဘူး။ ကျွန်းဘောင်တလည်း ပြောင်လက်နေပြီး ကနုတ်ပန်းတွေဖော်ထားတာမို့ တော်တော့်ကို လှပကြီးကျယ်ခမ်းနားလွန်းလှပါတယ်။ ဂျူးက အထိတ်တလန့်နဲ့ နှုတ်ခမ်းပေါ်တက်ညှိုးလေးဖိပြီး ပြောလိုက်တယ်၊





"ရှူး! . . . တိုးတိုး . . . တိုးတိုးပြောပါ ကိုရှိမ်၊ ဂျူး တောင်းပန်ပါတယ်။ ဒီလောက်နဲ့ပဲ ပြန်လိုက်ပါတော့နော်၊ မာမိနိုင် သိသွားရင် ပြဿနာတွေ ထပ်ပေးမှာကြောက်လို့ပါ"

"ဟာ . . . ဂျူးရယ် ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်နေတာလဲ။ အပြင်တောင်ရောက်နေပြီလေ။ သတ္တိရှိစမ်းပါ၊ မင်း ဘာမှမစိုးရိမ်နဲ့ ဒီအချိန်မှာ ဘာပဲဖြစ်ဖြစ် ကိုယ်ရှေ့က ရင်ဆိုင်မယ်၊ အားလုံးကို တာဝန်ယူပြီးဖြေရှင်းမယ်၊ ဒီမှာ လက်ဆောင်တောင် မပေးရသေးဘူးကွာ။ နှင်ထုတ်နေလိုက်တာ၊ ဒီမှာကြည့်စမ်း ဂျူး"

သူက ပြောပြောဆိုဆို လက်တစ်ဖက်နဲ့ ချိုင်းအောက်မှာ ထောင်လိုက်ညှပ်ထောင်ထားတဲ့ ပစ္စည်းကို နောက်လက်တစ်ဖက်နဲ့ ပွေ့ပိုက်ပြီး ဂျူးကို ပြပါတော့တယ်။ ဂျူး မျက်လုံးလေးတွေ မြင်မြင်ချင်းပဲ ဝိုင်းစက်သွားခဲ့တယ်။ ဘုရားရေ! . . . လှလိုက်တဲ့ပန်းချီကား။ ဘယ်လောက်များ လက်ရာပြောင်မြောက်လိုက်ပါသလဲ၊ ဘယ်လောက်များ ခမ်းနားထည်ဝါလိုက်ပါသလဲ။

"ဟာ! . . . လှလိုက်တာ ကိုရှိမ်။ အရမ်းလှတာပဲ၊ ဂျူး တစ်သက်မှာ ဒီလောက်လှပြီး ဒီလောက်ခမ်းနား



www.burmeseclassic.com

www.burmeseclassic.com



လွှန်းတဲ့ ပန်းချီကားမျိုး တစ်ခါမှ မတွေ့သေးဘူး။ ဒါ ကိုရှိမီရဲ့ ဒက်ဒီဆွဲတာမှလား"

"ဒါပေါ့ . . . ကြိုက်လား"

"အင်း . . . အရမ်းကြိုက်တယ်။ မိုက်လည်း မိုက်တယ်"

"အဲဒါ ဂျူးအတွက် ကိုယ့်ရဲ့ချစ်သက်လက်ဆောင်ပဲ။ ဂျူး အပိုင်သိမ်းထားလိုက်တော့"

ဂျူးကို မြတ်မြတ်နိုးနိုးတန်ဖိုးထားပြီး ဂျူး ပျော်ရွှင်အောင် အမျိုးမျိုး ဖန်ဆင်းပေးတတ်တဲ့သူကို ဂျူး စိတ်ဝင်တစား ပိုရှိလာပြီး ချစ်မိသွားပါတော့တယ်။ ပန်းချီကားက လူတန်းစားမရွေး ကြိုက်နှစ်သက်နိုင်တဲ့ ဒီဇိုင်းမျိုးပါ။ မျက်နှာချင်းဆိုင်ရပ်နေတဲ့ ဘိုဆန်ဆန် ကောင်လေးနဲ့ ကောင်မလေးနှစ်ယောက်ရဲ့ပုံ။

အနက်ရောင် အနောက်တိုင်း ဝတ်စုံဝတ်ထားတဲ့ ကောင်လေးက အဖြူရောင် အနက်တိုင်း ဂါဝန်လေးဝတ်ထားတဲ့ ကောင်မလေးရဲ့ လက်နှစ်ဖက်ကို တယုတယ ဆုပ်ကိုင်ထားသလို တစ်ယောက်နဲ့တစ်ယောက် မျက်နှာတွေကိုလည်း ချစ်ရည်လူးနေတဲ့ မျက်ဝန်းတွေနဲ့ မြတ်မြတ်နိုးနိုး



စိုက်ကြည့်နေကြတာ ဖြစ်ပါတယ်။

ဂျူးလည်း ကျေနပ်မှုအပြည့်နဲ့ ပြုံးပြုံးလေး စိုက်ကြည့်နေမိတယ်။ အဲဒီလိုကြည့်နေရင်းနဲ့ ထူးဆန်းတဲ့ လက်ရာတချို့ကို အံ့ဩဖွယ်ကောင်းစွာ တွေ့လိုက်ရပါတော့တယ်။ အိမ်ရဲ့ ရောင်စုံမီးတွေကလည်း ပန်းချီကားကို လာထင်ဟပ်နေတာမို့ ပန်းချီကားလေးက ပိုလှပြီး သက်ဝင်လှုပ်ရှားနေသလိုတောင် ထင်ရပါတယ်။

"ဟင်! . . . ဒီကောင်လေးက ကိုရှိမီနဲ့ အရမ်းတူတာပဲ။ သေချာကြည့်မှ ပေါ်လာတာ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း၊ ဆင်ပင်ပုံရော။ ဒီကောင်မလေးကလည်း ဂျူးနဲ့ဆင်သလိုပဲ ဂါဝန်လေးနဲ့ ဆံပင်ပုံစံက အတူဆုံးပဲ။ ဒေါက်ဖိနပ်ကလေးရော။ ဒက်ဒီက ဂျူးကိုမှ မမြင်ဘူးတာ။ ဘယ်လိုလုပ်ပြီး . . ."

"ကိုယ် တစ်ခုချင်းပြောရတာပေါ့ ဂျူးရယ်။ ဒက်ဒီက နပ်တယ်၊ တစ်ခါပြောပြလိုက်ရုံနဲ့ အိုကေတယ်။ ဒီဂါဝန်လေးက ကိုယ်တို့နှစ်ယောက် ကော်ဖီဆိုင်ထဲမှာ စတွေ့တုန်းက ဂျူး ဝတ်ခဲ့တဲ့ဂါဝန်လေးမို့လား၊ ဒီဆံပင်ပုံကလည်း အဲဒီနေ့တုန်းကလိုပဲလေ။ ပထမဆုံး စတွေ့ခဲ့တဲ့ ကိုယ့်ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ပုံစံကို ဘယ်တော့မှ မမေ့သင့်ဘူး ကောင်မလေးရဲ့"

"သွားအဖနှစ်ယောက်က စေ့စပ်သေချာမှု အရှိမ်း ရှိတာပဲနော်"

"အင်း . . . ရွှေမင်းသားနဲ့ ရွှေမင်းသမီးလေးကိုပဲ ကြည့်မနေနဲ့လေ။ အောက်ဆုံးကစာတန်းကိုလည်း သေချာ ဖတ်ကြည့်ပါဦး ဂျူးရဲ့"

ဂျူးရဲ့ မျက်လုံးတွေဟာ အလွန်လှပတဲ့ လှုပန်းချီ ဆီမှာပဲ ဝဲနေတာနဲ့ အောက်ဆုံးက စာပန်းချီဆီ မသွားအား ဘဲ ဖြစ်နေပါတယ်။ သူ သတိပေးလိုက်မှပဲ အဲဒီစာပန်းချီ လေးကို သေသေချာချာ ဖတ်လိုက်မိတော့တယ်။ "အိုး! . . ကြည့်စမ်း။ ပန်းချီမီးဖက လှုပန်းချီနဲ့ စာပန်းချီကို လုံးဝ Smart ဖြစ်အောင် လုပ်ပြထားတာပဲ။

"ကိုကိုက ရှိမီယို . . . ပျိုပျိုက ဂျူးလိယက်"

ဂျူးဟာ တအံ့တသြနဲ့ အသံထွက်ပြီး ဖတ်လိုက် စဉ်မှာပဲ ချစ်သူနှစ်ဦးသာယာကြည်နူးနေတဲ့ အချိန်လေးက ရုတ်တရက် လျှပ်စီးတွေလက်၊ မိုးကြိုးတွေ ပစ်ချလိုက် သလို ချက်ချင်းပြောင်းလဲသွားခဲ့ပါတော့တယ်။ အဲဒါက တော့ ခြံရဲ့ထောင့်တစ်ဖက်တစ်ချက်ဆီမှာ အရေးပေါ် တစ်



ဆင်ထားတဲ့ မာကျူရီမီးတိုင်တွေက ဂျူးတို့နှစ်ယောက်ကို မီးဆလိုက်ထိုးလိုက်သလို လင်းလက်လာတာပါပဲ။

"ဟင်!"

သွားပြီ။ တစ်ဆက်တည်းမှာပဲ ရှေ့ဆုံးက မာမီနိုင်၊ နောက်က ကြီးကြီးခင်၊ နောက်က မိမော်။ သူတို့အားလုံး ဂျူးတို့ဆီ တန်းတန်းမတ်မတ်ကြီး လာနေတာကို မြင်လိုက် ရပါတော့တယ်။

"ဟာ! . . . မာမီနိုင် သိသွားပြီ။ ဂျူးတို့ဆီလာ နေပြီ။ မဖြစ်ဘူး . . . မဖြစ်ဘူး"

ဂျူး ကြောက်လန့်တကြားနဲ့ ပြောပြောဆိုဆို ခေါင်းစွပ်ဖွပ်ပြီး ထွက်ပြေးဖို့အပြင်မှာ သူက ဂျူးလက်ကို လှမ်းဆွဲလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ သူ့လက်ထဲက ချစ် သတ္တိတွေက ဂျူးလက်ထဲကို တစိမ့်စိမ့် စီးဝင်လာခဲ့တာ ထင်ပါရဲ့။ သူကလည်း အဖြေရှာတ်အတင်းတောင်းရတာ မဟုတ်၊ ဂျူးကလည်း အဖြေပေးဖို့ ချိန်းထားရတာ မဟုတ် ဘဲ၊ ဂျူး နှုတ်ကနေ အမှတ်တမဲ့ (အံ့ဩဖွယ်ကောင်းစွာ) ပွင့်ပွင့်လင်းလင်း ချစ်ခွန်းခြွေလိုက်မိတဲ့အဖြစ်တဲ့ ကျရောက် ခဲ့ရတာပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၇

ရှိမီဟာ ထွက်ပြေးတော့မယ့် ဂျူးလိယက်ရဲ့
လက်ကို အမိအရဖမ်းဆွဲပြီး တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်
ထားလိုက်တယ်။ ပြီးတော့ ချစ်သူနှစ်ဦး အတူတူဘေးချင်း
ကပ်ရက်ကာ မြုံထဲကထွက်လာတဲ့ အိမ်သားတွေကို ရဲရဲ
ဝံ့ဝံ့ ရင်ဆိုင်လိုက်ပါတယ်။ ရှေ့ဆုံးက အမျိုးသမီးကတော့
သူတစ်ခါမှ မမြင်ဘူးသေးတဲ့ ဒေါ်ခက်ခက်နိုင်။

ကြည့်စမ်း . . . ဂျူးနဲ့ကြီးကြီးခင် ပြောပြထားတဲ့
အတိုင်း ဒေါ်ခက်ခက်နိုင်ရဲ့ အလှထူးပုံက - ဆံပင်ဖားလျား



ချပြီး ညအိပ်ဝတ်စုံဝတ်ထားလို့ပဲလား? ဘိုဆန်သလိုလို
ဆင်ရပေမယ့် မြန်မာဆန်ဆန် ဝတ်စားဆင်ယင်လိုက်မယ်
ဆိုရင်တော့ အရှိန်အဝါ ခံ့ခံ့ညားညားနဲ့ ကျက်သရေရှိရှိ
အည်တည်ကြည်ကြည်လှမယ့် အလှမျိုးပဲဖြစ်ပါလိမ့်မယ်။

လက်ထဲမှာ ဖုန်းတစ်လုံးကိုင်ထားပြီး သူတို့နှစ်
ယောက်ကို တစ်လှည့်စီကြည့်လာတဲ့ မျက်လုံးတွေက စူး
ဆက်တောက်ပလွန်းလှပါတယ်။ နှုတ်ခမ်းတစ်စုံကလည်း
ဓာန်တစ်မျိုးရှိနေသလို ထင်ရတယ်။ သူ့နောက်မှာ ရပ်နေ
တဲ့ ကြီးကြီးခင်နဲ့ မိမော်ကလည်း တပ်သားတွေလို ခပ်
တောင့်တောင့်ဖြစ်နေပါတယ်။

"ကြည့်စမ်း! . . . သူခိုးကျင့် သူခိုးကြံတွေ၊
အောက်တန်းစားစရိုက်တွေ၊ ဦးနောက်မရှိတဲ့ဟာတွေ။ ဒီလို
အဆင့်အတန်းမရှိတာမျိုးတွေ ဘယ်နှကြိမ် ဘယ်နှခါ ကျူး
လွန်ပြီးပြီလဲ။ ဒါ နောက်ဆုံးအကြံပဲလား မိဂျူး"

တိကျပြတ်သားလွန်းတဲ့လေသံက သူတို့ နှစ်
ယောက်ကို ငြိမ်ကျသွားစေပါတယ်။ ခဏနေတော့ ဂျူးက
သူ့အဒေါ်ရဲ့မျက်နှာကိုပဲ ရင်မဆိုင်ရဲတာလား? ပြန်မဖြေရဲ
တာပဲလား? ခေါင်းငုံ့သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ . . . ငါ နားလည်ပြီ၊ အခြေအနေကို ကြည့်ရုံနဲ့ သိလိုက်ပြီ။ နင်တို့လက်တွေကို လွှတ်လိုက်"

အဲဒီလို အမိန့်ချလိုက်မှပဲ သူတို့နှစ်ယောက်ရဲ့ လက်တွေ ပိုတင်းကျပ်သွားသလို ထင်ရတယ်၊ ဂျူးလည်း ပျာပျာသလဲ ဖြစ်သွားတယ်။

"ဟင့်အင်း . . . ဂျူး တောင်းပန်ပါတယ် မာမီ ရယ်။ ဂျူးတို့နှစ်ယောက်ကို မခွဲပါနဲ့၊ ဂျူးနဲ့ကိုကိုက ချစ်သူ တွေဖြစ်သွားကြပါပြီ။ ဂျူး ကိုကို့ကို တကယ်ချစ်မိသွားပါပြီ၊ ဒါပေမဲ့ ဒီလိုအပြုအမူမျိုး တစ်ခါမှ မကျူးလွန်ခဲ့ပါဘူး၊ ဒါ ပထမဆုံးအကြိမ်ပါ မာမီရယ် ယုံပါ၊ ပြီးတော့ မာမီ ထင် သလို ခိုးရာနောက်လိုက်ဖို့ ကြံခဲ့တာလည်း မဟုတ်ရပါဘူး မာမီရယ်"

"တော်စမ်း . . . မိဘရှေ့မှာ အတင့်ရဲလိုက်တာ"

အခြေအနေ တင်းမာနေတဲ့ကြားက ဂျူးဆီက ကြားလိုက်ရတဲ့ စကားတွေကြောင့် သူ့ရင်ထဲမှာ ဝမ်းသာ ကြည်နူးမှုတွေ လှိုက်တက်လာပါတယ်။ အိမ်က ထွက်လာ ကတည်းက ဒီည ဘာပဲဖြစ်ဖြစ် ဖြစ်သမျှကိစ္စ "ရှေ့ကနေ ရဲရဲဝံ့ဝံ့ရင်ဆိုင်မယ်၊ သတ္တိရှိရှိ တာဝန်ယူဖြေရှင်းမယ်" လို့





ဆုံးဖြတ်လာခဲ့တဲ့ သူ့ရဲ့ဆုံးဖြတ်ချက်တွေကလည်း ဂျူး ကြောင့် ပိုပြီးရုပ်လုံးကြွသွားပါတော့တယ်။

ဒါပေမဲ့ သူ တကယ်ရင်ဆိုင်လိုက်တဲ့အခါမှာ တော့ ဒေါ်ခက်ခက်ခိုင်ဟာ ထင်သလောက် ခက်ခဲတဲ့ အမျိုးသမီးမဟုတ်မှန်း သိလိုက်ရပါတော့တယ်၊

"ဟုတ်ပါတယ် မာမီခိုင်။ အခြေအနေက ဂျူး ပြောသလိုပါပဲ"

"ငါ့ကို ဂျူးကလွဲပြီး ဘယ်သူမှ မာမီခေါ်ခွင့်မရှိဘူး"

"ကျွန်တော့်ကိုတော့ ဂျူးရဲ့ချစ်သူမို့လို့ ခေါ်ခွင့်ပြု ပါ၊ ယဉ်ကျေးမှုအရ လေးလေးစားစားခေါ်တာပါ မာမီခိုင် ရယ်၊ ခွင့်လွှတ်ပေးပါ။ ကျွန်တော်တို့နှစ်ယောက်က ချစ်သူ တွေ ဖြစ်နေတာကြာပါပြီ။ မာမီခိုင့်ကိုလည်း လာပြောဖို့ စီစဉ်နေပါတယ်၊ အခြေအနေအချိန်အခါကို ကြည့်နေခဲ့လို့ ပါ၊ အခုတွေ့တာကတော့ ဒီပန်းချီကားကြီးကို လက်ဆောင် လာပေးတာပါ မာမီခိုင်၊ အိမ်တိုင်ယာရောက် လာပို့ချင်ပေ မယ့် ဂျူးက ခွင့်မပြုသေးလို့ပါ။ မာမီခိုင် ထင်သလို ဂျူးကို ခိုးပြေးဖို့ မဟုတ်ပါဘူး"

"တော်ပြီလို့ ပြောနေတယ်၊ ငါ မကြိုက်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာဖြစ်လို့ ဖွတ်တိုးပြောနေတာလဲ"

"အခြေအနေက ပြောမှ ဖြစ်တော့မှာမို့လို့ပါ မာမီနိုင်ရယ်။ ကျွန်တော် တောင်းပန်ပါတယ်၊ အပြစ်ပေးရင် ကျွန်တော့်ကိုပဲပေးပါ။ ပြောစရာရှိလည်း ကျွန်တော့်ကိုပဲ ပြောပါ။ ဂျူးကိုတော့ ဘာမှမလုပ်ပါနဲ့၊ ဂျူးမှာ ကျွန်တော့်ကို ချစ်မိတဲ့အပြစ်ကလွဲပြီး ဘာအပြစ်မှ မရှိပါဘူး"

"မင်းပါးစပ်ကို ပိတ်။ အဲဒီလက်ကို အခုလွှတ်လိုက်၊ ဒီလိုအချိန်မှာ ဘယ်လိုအမူမျိုးလုပ်လို့ရတယ်ဆိုတာ မင်း နားလည်တယ်မို့လား။ ငါ ရဲစခန်းကို ဖုန်းမဆက်ခင် လွှတ်လိုက်"

ပြောရင်း ဆိုရင်း ဖုန်းဆက်ဖို့ ပြင်လိုက်တာကြောင့် သူတို့နှစ်ယောက်လုံး စိတ်တူ ကိုယ်တူ လက်တွေကို လွှတ်လိုက်ကြပါတယ်။ နောက်မှာ တပ်သားတွေလို ရပ်နေတဲ့ ကြီးကြီးခင်နဲ့ မိမော်ကလည်း မာမီနိုင်က အမိန့်မပေးရပါပဲ။ အလိုက်တသိနဲ့ ဂျူးရဲ့လက်တွေကို တစ်ဖက်ဆီ လာဆွဲကြပါတယ်။ သူက စိုးရိမ်စိတ်နဲ့ "ဂျူး" လို့ ခေါ်လိုက်ပေမယ့် ဂျူးကတော့ လိမ္မာစွာပဲ ငြိမ်သက်နေခဲ့တယ်။

"အေး . . . ကိုယ်စောင့်နတ်က ငါ့ကို နှိုးဆော်



လိုက်တာ ထင်တယ်၊ ဒီနေ့ညမှ ထူးထူးခြားခြားကို အိပ်မရလို့ အပြင်ထွက်မိတာ။ စိတ်ထဲ မသက်သာလို့ လျှောက်ကြည့်လိုက်တော့ ဒီမြင်ကွင်းကို တွေ့လိုက်ရတာပဲ"

" . . . "

"မင်းတို့ပဲ ကံဆိုးသလား၊ ကံကောင်းသလား။ ငါပဲ ကံဆိုးသလား၊ ကံကောင်းသလား။ ဘယ်သူပဲ ကံဆိုးဆိုး၊ ဘယ်သူပဲ ကံကောင်းကောင်း ခုလို ဆုံမိသွားပြီဆိုရင်တော့ အဖြေတစ်ခုတော့ ထွက်လာရမှာပေါ့။ ဒီတော့ မင်း မနက်ဖြန် ကိုးနာရီခွဲ ငါ့မျက်စိရှေ့ကို အရောက်လာခဲ့ပါ"

"ဗျာ"

"ချိန်းတဲ့အချိန်ရောက်မလာရင် ငါ ထွက်တွေ့မှာ မဟုတ်ဘူး"

"ဟုတ် . . . ဟုတ်ကဲ့ပါခင်ဗျာ။ ကျွန်တော် ကတိတည်ပါတယ်၊ ချိန်းတဲ့အချိန် အရောက်လာခဲ့ပါ့မယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် မာမီနိုင့်ကို ကျေးဇူးအများကြီးတင်ပါတယ်"

"မလိုဘူး . . . သွားတော့"

"ဟုတ်"

www.burmeseclassic.com

www.burmeseclassic.com



ရှိမိဟာ မနက်ဖြန်ရောက်မှ ပါးရိုက်ခံရရင် ခံရ ရော၊ လောလောဆယ်မှာတော့ အခွင့်အရေးတစ်ခုကို မထင်မှတ်ဘဲ ရရှိလိုက်တာမို့ ဝမ်းသာအားရစွာနဲ့ ပျာပျာ သလဲ ပြောဆိုနှုတ်ဆက်ပြီး ကားဆီ အပြေးလှမ်းလာခဲ့ပါ တော့တယ်။ ကားထဲရောက်မှ ပြန်လှည့်ကြည့်လိုက်တော့ ဒေါ်ခက်ခက်နိုင်က ခြံထဲကို ရှေ့ဆုံးက ဦးဆောင်ဝင်သွား သလို ကိုယ်ရံတော်တပ်မှူးလေး မိမော်က နောက်မှာ တပ် ပါသွားပြီး နောက်ဆုံးမှာတော့ ကြီးကြီးခင်က ဂျူးကို ဆွဲ ခေါ်ရင်း တတွတ်တွတ်ပြောဆိုပြီး ဝင်သွားကြတာကို မြင် လိုက်ရပါတယ်၊

ဒီညတော့ ဂျူးတို့မိသားစု တိုက်ပွဲဖြစ်ဖို့ သေချာ သွားပါပြီ။ ဒါပေမဲ့ မိုးလေဝသအခြေအနေက ကိုယ့်ဘက်ပါ လာပြီမို့ ဂျူးအတွက် စိုးရိမ်စိတ်တွေဖြစ်မိပေမယ့်လည်း အပြန်လမ်းမှာ ဂျူး ပြောလိုက်တဲ့ချစ်စကားတွေကို ကြား ယောင်ပြီး ခွန်အားသစ်တွေ ယုံကြည်မှုအသစ်တွေနဲ့ တစ် ကိုယ်လုံး လန်းဆန်းတက်ကြွလာခဲ့ပါတော့တယ်။

["ဂျူးနဲ့ကိုကိုက ချစ်သူတွေ ဖြစ်သွားကြပါပြီ . . .
ဂျူး ကိုကို့ကို တကယ် ချစ်မိသွားပါပြီ . . ."]တဲ့၊





အိမ်ရောက်တော့ ခြံထဲမှာ လမ်းလျှောက်ရင်း စောင့်ကြိုနေတဲ့ ဦးလတ်က တံခါးကို အပြေးအလွှားလာ ဖွင့်ပေးပါတယ်။

"ခုမှပဲ ပြန်လာတော့တယ် သားရယ်၊ ဦးလတ်မှာ စိတ်ပူနေလိုက်ရတာ။ မိုးလင်းကတည်း ထွက်သွားလိုက် တာ၊ တစ်နေ့လုံးလည်း ဖုန်းခေါ်မရဘူး။ ကောင်မလေး တစ် ယောက်တောင် လာမေးသေးတယ်ကွ"

ရှ"သားသိတယ်ဗျ။ တစ်ခါတလေကျတော့လည်း ယောက်ျားလေးတွေက အဲဒီလို ရှောင်ရတယ် ဦးလတ်ရ၊ ဒါတောင် သား အခုနောက်ပိုင်း ဆင်ခြင်လိုက်တာ၊ အရင်ကဆို သုံးနာရီ လေးနာရီမှ ပြန်ရောက်တဲ့အခါ ရောက်တယ်။ မနက်လင်းမှ ပြန်ရောက်ရင် ရောက်တယ်၊ ကလပ်သွားမိရင် မရတော့ဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ သားက မိဘနဲ့လည်း နေရ တာ မဟုတ်ဘူး။ အသက်ငယ်ငယ်နဲ့လည်း စီးပွားရေးသမား တစ်ယောက်ဖြစ်နေတော့ ဦးလတ်က စိုးရိမ်ရတာပေါ့"

"ရပါတယ် ဦးလတ်ရာ။ စိတ်ချပါ။ အဲလောက်ကြီး မစိုးရိမ်ပါနဲ့။ နောက်ကို မအိပ်ဘဲနဲ့လည်း စောင့်မနေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



သား ပြန်လာရင် ဖုန်းဆက်လိုက်မှာပေါ့ ဦးလတ်ရ"

"နေအား . . . ဒါနဲ့ ညနေက ဖေကြီးဆီက ဖုန်းရသေးတယ်ကွ"

"ဟာ! . . . ဟုတ်လား။ ဒါဆို ဒက်ဒီ သားဆီ မခေါ်ဘဲတော့နေမှာမဟုတ်ဘူး။ သား ဖုန်းပိတ်ထားလို့ ဖြစ်လိမ့်မယ်"

"အစစ်ပေါ့"

"ဘာထူးလဲ ဦးလတ်။ ပြန်လာခါနီးပြီတဲ့လား"

"အေး . . . အထွေအထူးတော့ မရှိဘူး၊ ဒီတိုင်းသတိရလို့ ဆက်လိုက်တာတဲ့၊ ပြန်လာခါနီးပြီတဲ့၊ ပါရီရောက်နေတယ်လို့ ပြောတယ်။ မနက်ဖြန်ည သားဆီ ဖုန်းဆက်မယ်တဲ့"

"ဟား . . . ဝမ်းသာလိုက်တာဗျာ။ သားလည်း ဒက်ဒီ့ကို ပြောစရာတွေအများကြီးရှိနေတာ၊ ကျန်းမာရေးဂရုစိုက်ဖို့ရော ပြောလိုက်သေးလား၊ ဒက်ဒီက အလုပ်ထဲ mood ဝင်သွားပြီဆိုရင် ဘာကိုမှ ဂရုစိုက်တတ်တာ မဟုတ်ဘူး ဦးလတ်ရ"

"မပြောဘဲနေမလား သားရဲ့၊ ဦးလတ် အဓိက



ပြောတာ ကျန်းမာရေးပဲ။ အိုကေတယ်တဲ့၊ အခု ဓာတ်ပုံဆရာလုပ်နေတယ်တဲ့၊ ပြန်လာရင် ဓာတ်ပုံပြခန်းဖွင့်ဦးမယ်ဆိုပဲ၊ ပြီးတော့ ဓာတ်ပုံနဲ့ပန်းချီ စပ်တဲ့နည်းပညာအသစ်တစ်ခုလည်း ရထားတယ် ပြောတယ်"

"အိုခေ . . . အိုခေ . . . ဒက်ဒီက မိုက်တယ်၊ ဒါနဲ့ ဦးလတ်လည်း ကျန်းမာရေး ဂရုစိုက်နော်၊ ခြံအလုပ်ထဲမှာပဲ တစ်နေကုန် စိတ်ကို နှစ်မထားနဲ့။ နားနားနေနေပဲလုပ်သွားပါ။ အဓိကက အဆင့်အတန်းရှိရှိနဲ့ လှလှပပလေး ဖြစ်သွားဖို့ပါပဲ၊ ပြီးတော့ လိုအပ်တာမှန်သမျှကို ဦးလတ် စိတ်ကြိုက်ဝယ်သုံးနော်၊ သား အားလုံးတာဝန်ယူဖြေရှင်းပေးမယ်"

"အေးပါကွာ . . . အေးပါ"

"ဒက်ဒီနဲ့သားက နှစ်ယောက်တည်းနေရပေမယ့် သိပ်တွေဖြစ်တာ မဟုတ်ဘူး ဦးလတ်ရဲ့၊ သားကလည်း ကိုယ့်ဇယားတွေနဲ့ ကိုယ် ရှုပ်နေတာ။ ဒက်ဒီကလည်း အလုပ်များတော့ အားလုံးကို ဆောရီးပြထားတာ၊ နှစ်ယောက်သား အချိန်ရလို့ စကားပြောဖြစ်ရင်တော့ အဲဒီဝိုင်းက မပြီးတော့ဘူးပဲ။ ဦးလတ်နဲ့ သားလည်း အဲဒီလိုဖြစ်နေမှာစိုးလို့ သတိပေးရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီကွာ။ သားရဲ့စိတ်ကို ဦးလတ် နားလည်ပါတယ်။ နေ့စေတနာကိုလည်း တန်ဖိုးထားပါတယ်"

"ဒါဆို ဦးလတ်အိပ်တော့။ အရမ်းညဉ့်နက်နေပြီ။ သားလည်း အိပ်တော့မယ်။ မနက်ကျရင်လည်း သားကို စောင့်မနေနဲ့တော့။ အိမ်မှာ ဘရိတ်ဖတ်စ်စားဖြစ်မှာ မဟုတ်ဘူး။ မနက်ခုနစ်နာရီမှာ ပန်းချီကားအသစ်တွေလဲဖို့ ရှိတယ်။ ကိုးနာရီခွဲမှာ အရေးကြီးတဲ့မိတ်ဆွေတစ်ယောက်နဲ့ တွေ့ဖို့ရှိတယ်။ အဲဒါကြောင့်မို့လို့နော် ဦးလတ် . . . ဂွတ်နိုက်"

"အိုကေ . . . အိုကေ . . . ဂွတ်နိုက်"

ရှိမီဟာ အိပ်ခန်းထဲရောက်လို့ နာရီကြည့်လိုက်တော့ တစ်နာရီခွဲပါပြီ။ နောက်နေ့မနက်မှာတော့ ပန်းချီပြခန်းကနေ ထွက်လာခဲ့တာ ဂျူးတို့အိမ်ရှေ့ကို ကိုးနာရီမိနစ်နစ်ဆယ်မှာ ရောက်ခဲ့ပါတယ်။ သူလာမှာမို့လို့ အိမ်သားတွေက ကြိုတင်ပြင်ဆင်မှု လုပ်ထားတယ် ထင်ရဲ့။ မိမော်က ခြံတံခါးကို ချက်ချင်းပဲ ဖွင့်ပေးပါတယ်။

ဘဝအတွက် အရေးကြီးတဲ့တွေ့ဆုံမှုမို့ နောက်ကျသွားရင် ပြဿနာအကြီးအကျယ်တက်တော့မှာဖြစ်သလို စောပြီးရောက်နေရင်လည်း တစ်ဖက်သားကို အနှောင့်



အယှက်ပေးသလို ဖြစ်သွားမှာစိုးတာကြောင့် ကားကို နာရီကြည့်ပြီး ချိန်ချိန်ဆဆ မောင်းလာခဲ့ရတာဖြစ်ပါတယ်။ ဧည့်ခန်းထဲဝင်လာတော့ အချိန်က ကိုးနာရီနှစ်ဆယ့်ငါး။ တစ်အိမ်လုံး ဆိတ်ငြိမ်နေပြီး ဂျူးနဲ့ ကြီးကြီးခင်လည်း ပျောက်ခြင်းမလှ ပျောက်နေပါတယ်။

ထူးဆန်းတာတစ်ခုက အချိန်တိကျတတ်တဲ့ ဒေါ်ခက်ခက်နိုင်ဟာ ဧည့်ခန်းထဲမှာ တစ်ယောက်တည်း ကျက်သရေမင်္ဂလာရှိရှိနဲ့ ခံ့ညားလှပစွာ ထိုင်စောင့်နေတာကို တွေ့လိုက်ရတာပါပဲ။ ချက်ချင်းပဲ ဒေါ်ခက်ခက်နိုင်ရဲ့ အရှိန်အဝါတစ်ခုက သူ့ကို လွှမ်းခြုံအုပ်မိုးလိုက်သလို ခံစားလိုက်ရပါတယ်။

သူ ထင်တဲ့အတိုင်းပါပဲ။ ညက ညအိပ်ဝတ်စုံ ဝတ်ပြီး ဆံပင်ဖားလျားချထားတာမို့ ဘိုဆန်သလို ထင်ရပေမယ့် အခုလို မြန်မာ့ဝတ်စုံနဲ့ ဆံထုံးကလေးထုံးထားတာကို မြင်လိုက်ရတော့ ဒေါ်ခက်ခက်နိုင်ရဲ့အလှက အံ့မခန်း ရှင်းသန့်တင့်တယ်ကျော့မော့နေပါတယ်။ ရှိမီဟာ လေးလေးစားစား ဦးညွှတ်ပြီး ပါလာတဲ့ပန်းစည်းလေးကို သွားပေးလိုက်ပါတယ်။

"Ok, Thank you!"

www.burmeseclassic.com

www.burmeseclassic.com



" . . . "

"ထိုင်ပါ"

သူ မျက်နှာချင်းဆိုင်နေရာမှာ ဝင်ထိုင်လိုက်တယ်။

"ချိန်းတဲ့အချိန်ရောက်လာတဲ့အတွက် မင်းကို အမှတ်တစ်မှန် တန်းပေးလိုက်ပြီ။ တို့ရဲ့အကျင့်က ကိုယ်က အရင်စပြီး ချိန်းလိုက်ပြီဆိုရင် လူကြီး၊ လူငယ်မရွေး ကိုယ်က အရင်ဦးအောင် လေးလေးစားစား ထိုင်စောင့်လေ့ တယ်။ အချိန်မှန် ရောက်မလာရင်တော့ ဘယ်လိုလူမျိုး ဖြစ်ဖြစ် လုံးဝမတွေ့တော့ဘူး။ အဲဒီ Character ကို မင်း လည်း သိထားပြီးလောက်ပါပြီ"

"ဟုတ် . . . အဲဒါကြောင့် ကျွန်တော့်ဘက် ဂရုစိုက်ရပါတယ်။ နောက်ကျသွားရင်တော့ မတွေးရဲ ပါဘဲ။ စောပြီးရောက်နေရင်လည်း တစ်ဖက်သားကို စိ အနှောင့်အယှက်ပေးသလို ဖြစ်မှာစိုးတယ်ဗျ။ နဂိုကတ ကလည်း ကျွန်တော်က အချိန်ကို တန်ဖိုးထားတတ်တဲ့ မာမီနိုင်"

သူ့စကားကြောင့် မာမီနိုင်က သူ့မျက်နှာကို



စေ့ကြည့်ပြီး ပြုံးပါတယ်။ ကြည့်စမ်း . . . ဒီလိုနှုတ်ခမ်းကို တင်းတင်းစေ့ပြီး ပြုံးလိုက်တဲ့အပြုံးမျိုးကို သူ မြင်ဖူးသလိုပဲ။ ဘယ်နေရာမှာပါလိမ့်၊ ဘယ်သူနဲ့သွားတူတာပါလိမ့်၊ မင်းသမီး တစ်ယောက်နဲ့များ တူတာလား။ လူတူတစ်ယောက်နဲ့များ တွေ့ဖူးလို့လား။ ရှိမီဟာ ဝေဝေဝါးဝါးနဲ့ စဉ်းစားလို့ မရဘဲ ဖြစ်သွားပါတယ်။

ထားပါတော့လေ။ ဒီခေတ်မှာ ဒီလိုဆင်တူရိုးမှား ဒီဇိုင်းတွေက အများကြီးရှိတတ်တာပဲ။ အခမ်းအနားတွေ၊ ရှိုးပွဲတွေသွားရင် ပိုတောင် တွေ့နိုင်သေးတယ်။ ဘာပဲဖြစ် ဖြစ် မာမီနိုင်ရဲ့ဒီဇိုင်းက ညကလို မဟုတ်တော့ဘဲ လေယူ လေသိမ်းကအစ လုံးဝပြောင်းလဲနူးညံ့သွားပြီမို့ သူ့ရင်ထဲမှာ ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်မနေတော့ဘဲ လန်းဆန်းပေါ့ပါး သွားပါတော့တယ်။

"အင်း . . . ညက မင်းပြောသလိုပဲ။ မင်းက ဂျူး ရဲ့ချစ်သူဖြစ်သွားပြီဆိုတော့ တို့က မာမီအခေါ်ခံရတော့မှာ ပေါ့။ အိုခေ . . . လာလက်စနဲ့ပဲ မင်း အချိန်ရမယ်ဆိုရင် ဒီနေ့ တို့နဲ့ Lunch အတူတူစားဖို့ Request လုပ်ချင်တယ်"

"အတိုင်းထက်အလွန်ပေါ့ မာမီရယ်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



က ဒီနေ့ ကျွန်တော့်ဦးနှောက်ထဲကို မာမီနိုင့်အကြောင်းပဲ ထည့်ထားတာပါ။ ဒီအခွင့်အရေးကိုမှ ငြင်းရင် ကျွန်တော့်လောက် မိုက်မဲတဲ့သူ ဘယ်ရှိတော့မှာလဲ"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ။ အေး . . . မင်းကို ခုလိုခေါ်တွေ့ရတဲ့ကိစ္စကတော့။ ကိစ္စက ခေါ်တွေ့ရမှာဖြစ်တော့မှာမို့လို့ပဲ။ ရှင်းပါတယ်နော်။ ညက တို့အိမ်မှာ တိုက်ပွဲဖြစ်တယ်။ ပြီးတော့ ဆွေးနွေးမှု အကြီးအကျယ်လုပ်ကြတယ်ပေါ့။ ဒီလိုကိစ္စမျိုးဆိုတာ ဘယ်မိသားစုမဆို သိသိချင်း ဒီလိုပဲဖြစ်တတ်ကြတာပဲလေ။ မင်းတို့အရွယ်တွေကလည်း ဒီလိုဇာတ်လမ်းမျိုးတွေ ဖြစ်တတ်ကြတဲ့အရွယ်ပဲ။ မဆန်းပါဘူး"

" . . . "

"မလုပ်နဲ့ဆို လုပ်ရမှ၊ မသွားနဲ့ဆို သွားရမှ။ တို့လည်း ဒါမျိုးတွေကို ကျော်ဖြတ်လာတာဆိုတော့ ကိုယ်ချင်းစာတတ်ပါတယ်။ တို့က အချိန်တိကျမှုနဲ့ စည်းကမ်းရှိမှုကို ဘယ်လောက်ပဲအစွန်းတစ်ဖက်ရောက်ရောက် ကိုယ်ချင်းစာတတ်တဲ့စိတ်ကလေးကတော့ ရင်ထဲမှာ အမြဲကိန်းဝပ်နေတယ်။ ဒါကြောင့် အဲဒီကိုယ်ချင်းစာတတ်တဲ့စိတ်ကလေးနဲ့





ပဲ မင်းတို့ရဲ့ကိစ္စကို သေသေချာချာ စဉ်းစားပြီး ဆုံးဖြတ်ချက်ချခဲ့တယ်"

မာမီနိုင် စကားဖြတ်လိုက်တဲ့အချိန်မှာ မိမော်က အအေးတွေ လာချပေးပါတယ်။

"သောက်လိုက်ပါဦးကွယ်။ ပေါ့ပေါ့ပါးပါး။ Blue Ocean လေး စီစဉ်ထားတယ်။ ဒါနဲ့ မိမော် မမခင်ကို လာခဲ့ပါလို့၊ ဂျူးဂျူးကိုပါ ခေါ်ခဲ့ပါလို့ ပြောလိုက်"

"ဟုတ်"

မာမီနိုင်က တစ်ဆက်တည်းမှာလိုက်တာကြောင့် ခဏအတွင်းမှာပဲ ဂျူးနဲ့ ကြီးကြီးခင်ရောက်ရှိလာပါတယ်။ ကြီးကြီးခင်က မာမီနိုင်ရဲ့ ညာဘက်မှာကပ်ထိုင်ပါတယ်။ ဂျူးက ဘယ်ဘက်မှာ ကပ်ထိုင်ဖို့ ပြင်လိုက်တော့ . . .

"သမီးချစ်သူရဲ့ ယှဉ်တွဲပြီးထိုင်"

လို့ပြောလိုက်တာမို့ ဂျူးက သူ့အနားကို ရောက်လာပါတော့တယ်။ ချစ်သူနှစ်ဦးကို သူ့မျက်စိရှေ့မှာထားပြီး ဘယ်လိုမိန့်ခွန်းတွေ ခြွေတော့မှာပါလဲ? ဘယ်လိုမေးခွန်းတွေ ထုတ်တော့မှာပါလဲ?။ ဘယ်လိုမိန့်ခွန်းပဲခြွေခြွေ၊ ဘယ်လိုမေးခွန်းပဲထုတ်ထုတ် လောလောဆယ် ဂျူးက



www.burmeseclassic.com

www.burmeseclassic.com



ဘေးနားမှာ ရောက်နေပြီမို့ ရှိမီဟာ ရင်ထဲမှာ ယုံကြည်မှုတွေ ပြည့်ဝလာပြီး ဒီတွေ့ဆုံပွဲလေးကို အောင်မြင်မှုရမယ့် တွေ့ဆုံပွဲလေးအဖြစ် ခံယူလိုက်မိပါတော့တယ်။

"မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ အရှက်သိက္ခာလည်း အရေးကြီးသလို အိမ်ထောင်ရေးကလည်း အရေးကြီးတယ်။ အဲဒီနှစ်ခုလုံးက အဓိကပဲ။ ဒီခေတ်က နိုးရာနောက်လိုက်ပြေးမယ့်ခေတ်မဟုတ်တော့ဘူး။ ခေတ်တစ်ပတ် ပြန်လည်သွားပြီ။ ပေါ်တင်တွဲမယ်၊ နှစ်ဖက်လူကြီးချင်းတွေ့ပေးပြီး ရင်းနှီးမှုရအောင် လုပ်ကြမယ်၊ ပြီးရင် စေ့စပ်ပြီး လက်ထပ်ကြမယ်။ အဲဒီလိုပုံစံမျိုးတွေ ပြန်ဖြစ်နေကြပြီ"

"ဟုတ်ပါတယ်။ များသောအားဖြင့် အဲဒီလိုတွေ ဖြစ်နေကြပါပြီ။ ညကကိစ္စကလည်း မာမီ့ကို ပြောပြခဲ့တဲ့အတိုင်းပါပဲ။ ကျွန်တော် ဂျူးကို နိုးပြေးဖို့ ကြံစည်တာ မဟုတ်ပါဘူး။ ဂျူးကလည်း နိုးရာနောက်လိုက်မယ့် အဆင့်အတန်း မဟုတ်သလို၊ ကျွန်တော်ကလည်း အဲဒီလိုနိုးပြေးမယ့်အဆင့်အတန်းထဲမှာ မပါပါဘူး။ အကြောင်းတစ်ခုခုကြောင့် သဘောမတူခဲ့ဘူးဆိုရင်တောင် ကျွန်တော်က သဘောမတူတူအောင် ကြိုးစားမယ့်သူပါ"





"အိမ်ထောင်ရေးဟာ မိန်းမတွေအတွက် ဘဝတစ်ခု၊ ယောကျ်ားတွေအတွက်တော့ ဘဝရဲ့အစိတ်အပိုင်းတစ်ခုတဲ့။ ခေါက်ရိုးကျိုးစကားလုံးကြီး ဖြစ်နေပေမယ့် လူတိုင်းလက်ခံနေကြတာဆိုတော့ ကိုယ်က လက်မခံရင် ဘာဖြစ်သွားမလဲ။ မင်းရော အဲဒါကို လက်ခံလား"

"ဘယ်လိုပြောရမလဲ။ ခေါက်ရိုးကျိုးစကားလုံးဟုတ်တယ်။ တစ်မျိုးပြောရရင် အဲဒါကြီးက ပုံသေနည်းတစ်ခုပဲ မာမီ။ ကျွန်တော့်အတွက်တော့ စိတ်နှစ်မျိုးဖြစ်နေတယ်။ ငြင်းလည်း မငြင်းနိုင်ဘူး၊ ငြင်းလည်း ငြင်းချင်တယ်။ ယောကျ်ားတွေအတွက် မှန်ပေမယ့် ယောကျ်ားတိုင်းအတွက်တော့ မမှန်နိုင်ပါဘူး"

"..."

"ကိုယ့်ချစ်သူကို တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်တယ်။ တကယ်တန်ဖိုးထားတယ်။ တစ်ဖက်ကမ်းကို အတူတူ ကူးခတ်မယ့် ပါရမီဖြည့်ဖက်အဖြစ် တကယ်သစ္စာထားတယ်ဆိုရင် ကိုယ်ကလည်း ကိုယ့်ချစ်သူနဲ့ထပ်တူထပ်မျှ အိမ်ထောင်ရေးကို ဘဝတစ်ခုလို့ပဲ သတ်မှတ်ရမှာပါ။ ကျွန်တော်က အဲဒီလို လူစားမျိုးပါ။ ဒါ်သဘာဝကျတာကို ပြော



www.burmeseclassic.com

www.burmeseclassic.com



တာပါ မာမီ။ လက်တွေ့မှာလည်း အဲဒီလိုအိမ်ထောင်ရေးတွေ အများကြီးရှိပါတယ်"

"အင်း"

"ပြီးတော့ ဒက်ဒီကလည်း အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး သင်ကြားဆုံးမထားတာတွေ ရှိပါတယ်။ ကျွန်တော်ကလည်း အရင်က ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဂျူးနဲ့တွေ့တဲ့အချိန်မှာ ကျွန်တော့်စိတ်တွေ ပြောင်းလဲတိုးတက်လာခဲ့တယ်။ မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်တဲ့ အချစ်ကို နားလည်လာခဲ့တယ်။ အဲဒီအတွက် အိမ်ထောင်ရေးအယူဝါဒတွေ အများကြီး လေ့လာခဲ့သလို၊ စိတ်ဓာတ်စစ်စင်ရေးတွေလည်း သေချာပြုလုပ်ပြီးမှ ဂျူးကို ရွေးချယ်ခဲ့တာပါ"

"အိုခေ . . . မင်းက တို့သိချင်တာကို အတတ်ဆန်းတွင်ပြီး ကောင်းကောင်းဖြေတတ်သားပဲ။ ဘာပဲဖြစ်ဖြစ် သေချာတာကတော့ အိမ်ထောင်ရေးဟာ မိန်းကလေးတွေအတွက် ဘဝတစ်ခုဆိုတာ မငြင်းနိုင်ဘူးမို့လား။ ဒါကြောင့်လည်း တို့က ဒီစကားတွေပြောရတာပါ။ ဒါဆို မင်း တို့သမီးကို ဘယ်လောက်ထိ တန်ဖိုးထားနိုင်လဲ၊ ဘယ်လောက်ထိ ချစ်နိုင်လဲ၊ ဘယ်လောက်ထိ သစ္စာရှိနိုင်လဲ"





"အဲဒါကတော့ ကျွန်တော် . . ."

"နိုး . . . နိုး . . . နိုး . . . နိုး . . . တို့မှားပြီ။ ဟုတ်တယ်။ အဲဒါတွေ တို့ မမေးသင့်ဘူး"

မာမီခိုင်က သူ့ဘာသာသူမေးမိတာ မှားပြီဆိုတဲ့ ပုံစံမျိုးနဲ့ ချက်ချင်းပဲ လက်ကာငြင်းဆန်ပါတယ်။

"တို့က မေးလိုက်ရင် မင်းဖြေတာကို ကြားရုံပဲ ကြားရမှာပေါ့။ မမေးဘဲ ဒီအတိုင်းစောင့်ကြည့်တာက အဓိပ္ပာယ် ပိုရှိလိမ့်မယ်ထင်တယ်။ ဒါမျိုးကလည်း မင်းရဲ့ လုပ်ရပ်တွေနဲ့ မင်းရဲ့စိတ်ဓာတ်ရေးရာပေါ်မှာ မူတည်တာပဲ။ ဒါပေမဲ့ နောက်တစ်ခုတော့ မေးချင်တယ်။ တို့သမီးက နိုးရာနောက်လိုက်မယ့်အဆင့်အတန်း မဟုတ်ဘူးဆိုရင် ဘယ်လိုအဆင့်အတန်းမျိုးနဲ့ တောင်းရမ်းလက်ထပ်ယူမှာလဲ"

"မြန်မာပြည်မှာ စေ့စပ်ပွဲနဲ့ မင်္ဂလာဧည့်ခံပွဲကို အခမ်းနားဆုံးနဲ့ အဆန်းပြားဆုံးလုပ်ခဲ့တာ ဘယ်နှဦးရှိပါသလဲ မာမီ။ ရှိရင် သူတို့တွေထက်သာအောင် လုပ်ပေးနိုင်ပါတယ်"

"အင်း . . . အဲဒါကိုတော့ ယုံတယ်။ ဒီခေတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ယုံလို့ရတယ်။ ဒီတော့ အားလုံးရဲ့ရှေ့မှာ ဂျူးကို သေသေချာချာမေးမယ်။ သမီး . . . သမီးရဲ့ချစ်သူကို တကယ်ချစ်တာ ဟုတ်ရဲ့လား"

"တကယ်ချစ်တာပါ မာမီ"

"သေချာလား"

"သေချာပါတယ်"

ညက တိုက်ပွဲက ဘယ်လောက်များကြီးကျယ်ခဲ့သလဲ မသိ။ ဂျူး ပြန်ဖြေတဲ့အသံမှာ စိုးရိမ်မှုတွေ၊ ကြောက်လန့်မှုတွေ၊ တွေဝေမှုတွေ မပါဘဲ ကြည်လင်မှုအပြည့်နဲ့ တိကျပြတ်သားနေတာကို တွေ့ရပါတယ်။

"တကယ်လက်ထပ်ဖို့အထိ ဆုံးဖြတ်ပြီးပြီလား"

"ဆုံးဖြတ်ပြီးပါပြီ"

"နောက်တစ်ကြိမ် ထပ်မေးမယ်။ ဒီကောင်လေးကို သမီးဘဝရဲ့ တစ်သက်တာလက်တွဲဖော်အဖြစ် တကယ်ပဲ ရွေးချယ်လိုက်ပြီလား"

"ရွေးလိုက်ပါပြီ မာမီ။ ဂျူး သူ့ကိုပဲ လက်ထပ်မှာပါ"

"ကောင်းပြီ . . . ဒီတော့ မင်းဘဝအကြောင်းကို





လည်း ညက ဂျူးနဲ့ မမခင်ပြောပြလို့ သိခဲ့ရပြီ။ နာမည်ကြီး ပန်းချီဆရာမီးဇရဲ့သား၊ မင်းကိုယ်တိုင်ကလည်း လူငယ်စီးပွားရေးသမား၊ အိမ်အခြေအနေ၊ လူနေမှုအဆင့်အတန်း၊ ဘာတစ်ခုမှ မေးစရာမလိုတော့ဘူး။ အားလုံးဟာ တို့လက်ခံနိုင်တဲ့ အနေအထားမှာရှိတဲ့အတွက် မင်းတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကိုလည်း လက်ခံလိုက်ပါပြီ"

ရှိမီဟာ ကြားလိုက်ရတဲ့စကားကြောင့် မာမီရဲ့ မျက်နှာကို တအံ့တသြစိုက်ကြည့်လိုက်မိတယ်။ ဆုံးဖြတ်ချက် အဲလောက်ထိ မြန်လိမ့်မယ်လို့ သူ မထင်ခဲ့မိတာမို့ ဝမ်းသာလွန်းပြီး စကားတောင် ပြန်မပြောနိုင်အောင် ဖြစ်သွားရပါတယ်။

"ဒါကြောင့် . . . တို့ ညက သေချာစဉ်းစားဆုံးဖြတ်ပြီး အစီအစဉ်တွေကိုလည်း ချက်ချင်း ဆွဲခဲ့တယ်။ မင်းလည်း မင်းမိဘကို ချက်ချင်းပဲ တိုင်ပင်ပါ။ စေ့စပ်ပွဲကို နှစ်ခါလုပ်မယ်။ ဒီလ ဆယ့်ငါးရက်နေ့ ဒီမှာတစ်ခါ၊ လကုန်ရင် မန္တလေးမှာတစ်ခါ။ လက်ထပ်ပွဲကိုတော့ ဂျူး ကျောင်းပြီးမှပဲ ဒီမှာလုပ်မယ်။ ဘယ်လိုလဲ"

"ဟို . . . ကျွန်တော် . . . ကျွန်တော် ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



လွှန်းလို့ ဘာပြန်ပြောရမှန်းတောင် မသိတော့ပါဘူး မာမီ ရယ်။ ဒက်ဒီနဲ့အားလုံးတိုင်ပင်ပြီး စီစဉ်လိုက်ပါ့မယ်။ မာမီ ပြောသလိုဖြစ်စေရပါမယ်"

"အေး . . . ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်။ ဂျူး လိယက်က တို့ရဲ့သမီးအရင်းမဟုတ်ဘူး။ မင်းလည်း သိမှာ ပါ။ တူမကို သမီးလုပ်ထားတာ။ အဲဒီတော့ သူ့ဘဝလုပ်ဖို့ အတွက် တို့က အမိကကျတယ်။ တာဝန်လည်း ပိုကြီး တယ်။ သူ့မိဘထက် တို့မှာတာဝန်ပိုရှိတယ်။ ကိုယ် မျိုး ထောင်ထားတဲ့ ပန်းလေးတစ်ပွင့်ကို လှလှပပမြင်ချင်တယ်။ ပိုးစား ချကိုက်ဖြစ်သွားမှာမျိုးတွေ မလိုအပ်ဘူး။ တို့ ဘာကို ဆိုလိုတယ်ဆိုတာ မင်း သဘောပေါက်မှာပါ"

" . . . "

"မင်းသိထားရမယ့်အဓိကအချက်က ဂျူးလိယက် ကို မွေးထားတဲ့ မိဘအရင်းထက်ပဲ တို့က အကောင်းဆုံး အမြင့်ဆုံးဘဝရောက်အောင် မြှင့်တင်ပေးလိုက်နိုင်တယ် ဆိုတဲ့ ဂုဏ်ကို လိုချင်တာပဲ။ ဒါမှလည်း သူ့မိဘအပေါ် တို့ ပေးထားခဲ့တဲ့ ကတိတွေ တည်မြဲရာကျမယ်၊ တို့လည်း တို့ ဘဝအတွက် ကိုယ့်လုပ်ရပ်ကိုယ် ကျေနပ်နေမိမယ်။



ဒီတော့ ဘယ်အရာမဆို တို့လိုချင်တဲ့ပုံစံဖြစ်ပါစေ။ အစစ အရာရာ ဆင်ခြင်ပါ"

"ဟုတ်ကဲ့ပါ မာမီ။ ကျွန်တော် နားလည်ပါတယ်။ မာမီလိုချင်တဲ့ အဓိပ္ပာယ်ကို ကျွန်တော် သိပါတယ်။ ကိစ္စ အားလုံး မာမီလိုချင်တဲ့ပုံစံမျိုးဖြစ်အောင် အမြန်ဆုံးနည်းနဲ့ အကောင်အထည်ဖော်လိုက်ပါ့မယ်။ ဒါပေမဲ့ အစီအစဉ်မစ ခင် ကျွန်တော့်ဘက်ကလည်း တောင်းပန်ထားချင်တာလေး တစ်ခုရှိပါတယ် မာမီ"

"အင်း . . . ကြိုတင်ပြောထားတာ ကောင်းတာ ပေါ့။ ဘာများလဲ"

"အခု ကျွန်တော့်ဒက်ဒီက အလုပ်ကိစ္စနဲ့ ပါရီ ရောက်နေပါတယ်။ ပြန်လာခါနီးပါပြီ။ ဒိတ်တော့ အသေ အချာမပေးသေးပါဘူး။ ဒီနေ့ည ဖုန်းဆက်မှာပါ။ မာမီက ဆယ့်ငါးရက်နေ့ စေ့စပ်ပွဲလုပ်ချင်တယ်ဆိုတော့ ဒီနေ့က သုံးရက်ဖြစ်နေပါပြီ။ အဲဒါ ဒက်ဒီ ပြန်လာမယ့်ရက်နဲ့ စေ့စပ် မယ့်ရက်ကို ချိန်ကြည့်ချင်လို့ပါ။ အကယ်၍ အကြောင်းတစ် ခုခုကြောင့် ပြန်မလာဖြစ်သေးဘူးဆိုရင် ရက်ကို မာမီ နောက်ထပ်ဆုပ်ပေးလို့ရမလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"အိုခေ . . . ရတာပေါ့။ ဒါမျိုးက ညှိလို့ရပါတယ်။ နှစ်ဦးနှစ်ဖက် ညှိယူရမယ့်ကိစ္စပဲဟာ မဟုတ်ဘူးလား။ ကဲ ဘယ်လိုလဲ ရှိမီယိုနဲ့ဂျူးလီယက်၊ မာမို့ရဲ့စိတ်ဓာတ်ကို လက်ခံရဲ့လား။ မာမီစီစဉ်တာတွေကိုလည်း သဘောကျမှု ရှိရဲ့လား"

မာမီ အဆုံးသတ်လိုက်တဲ့စကားကြောင့် သူနဲ့ တို့ နှစ်ယောက် မျက်နှာချင်းဆိုင်ပြီး ရယ်လိုက်မိကြပါတယ်။

"မာမီရဲ့စိတ်ဓာတ်နဲ့ မာမီရဲ့အစီအစဉ်တွေက အရမ်းကောင်းလွန်းနေလို့ ဘယ်လိုတုံ့ပြန်ရမှန်းတောင် မသိတော့ပါဘူး မာမီရယ်။ ဒီကိစ္စက အမြန်ဆုံးအောင်မြင် လိမ့်မယ်လို့ မထင်ခဲ့မိဘူး။ ဒါကြောင့် အရမ်းဝမ်းသာတယ်။ အရမ်းပျော်တယ်။ မာမို့ကိုလည်း ကျေးဇူးအများကြီးတင်ပါ တယ်"

လို့ သူ ပြန်ပြောလိုက်မှ မာမီနိုင်က ကျေကျေနပ် နပ်ကြီး ပြုံးသလို ကြီးကြီးခင်ကလည်း ရင်ဘတ်ပေါ် လက် ဖိပြီး သက်ပြင်းချတော့တယ်။

"အောင်မယ်လေး! . . . နုမှပဲ ရင်ထဲက အလုံးကြီး ပြုတ်ကျသွားတော့တယ်။ ဒီကိစ္စ ဒီလိုအဆင်ပြေမှ ကြီးကြီး





ခင်တို့လည်း ရေ့ရှေ့ကျောက် အေးအေးချမ်းချမ်းနေလို့ရမှာ၊ သမီးမိန်းကလေးတစ်ယောက် ထိန်းရတာ လွယ်တာ မဟုတ်ဘူး။ ကြာရင် သားအမိနှစ်ယောက်ကြားမှာ ကြီးကြီး ခင် နလုံးရောဂါရလိမ့်မယ်"

"ဒါနဲ့ မင်းတို့နှစ်ယောက်က တကယ့်ဖူးစာအစစ် အမှန်တွေထင်တယ်၊ တွေ့ဆုံပုံက တော်တော်ထူးဆန်းတာ ပဲနော်၊ တွေ့ဆုံပုံထက် ပိုထူးဆန်းတာက နှစ်ယောက်လုံးရဲ့ နာမည်တွေပဲ။ မင်းမိဘက ဘာဖြစ်လို့ ရှိမီယိုကိုကိုလို့ ပေးခဲ့ တာလဲ။ ရာဇဝင်နဲ့လား၊ ရည်ရွယ်ချက်နဲ့လား"

"ဘယ်လိုပြောရမလဲ၊ ဒက်ဒီက သိုသိုသိပ်သိပ် နေတတ်တဲ့လူဆိုတော့ သူ့မှာ ရာဇဝင်ရှိလား၊ ရည်ရွယ် ချက် ရှိလားဆိုတာ ကျွန်တော် မသိဘူးဗျ။ ကျွန်တော် သိ တာကတော့ ဒက်ဒီက ကျွန်တော့်နာမည်ကို တမင်သက် သက်ကို ဆန်းဆန်းပြားပြားဖြစ်အောင် ပေးခဲ့တာလို့ ပြော တာပဲ။ အမေကလည်း ကျွန်တော့်ကို မွေးပြီးပြီးချင်း သေ သွားတာဆိုတော့ နာမည်မပေးနိုင်ခဲ့ဘူးလေ၊ ဒါနဲ့ ဂျူး နာမည်ကရော မာမီပြောသလို ရာဇဝင်နဲ့လား၊ ရည်ရွယ် ချက်နဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ဘာမှမရှိပါဘူးကွယ်၊ အရွေးလွှ
သွားတာလို့* ဆိုရမှာပေါ့၊ ပထမတော့ မြန်မာဆန်ဆန်
နာမည်လေးပေးမယ်ဆိုပြီး စဉ်းစားခဲ့တာ၊ နာမည်ကောင်း
တွေလည်း အများကြီးစဉ်းစားလို့ရခဲ့တယ်၊ ဒါပေမဲ့ ဒီနာမည်
ပေးလိုက်ရင်လည်း ဟိုနာမည်လေးထားခဲ့ရာမှာ နမြော
တယ်၊ ဟိုနာမည်ပေးလိုက်ရင်လည်း ဒီနာမည်လေး ထား
ခဲ့ရမှာ နမြောပြန်ရော"

" . . . "

"စိတ်က အဲဒီလိုဖြစ်နေတာနဲ့ နောက်ဆုံး ဘာမှ
မပေးတော့ဘဲ ဘိုဆန်ဆန်လေးနဲ့လှမယ်လို့ထင်တဲ့ ဂျူးလိ
ယက်ဗျိုဗျိုဆိုတာကိုပဲ ပေးလိုက်တာ၊ အဲဒီနာမည်ပေးခဲ့
တုန်းက လောကမှာ ရှိမီယိုကိုကို ဆိုတဲ့နာမည်မျိုး ရှိလာ
လိမ့်မယ်လို့ လုံးဝမတွေးခဲ့မိဘူး၊ ခုတော့ ရှိရုံမက တိုက်
တိုက်ဆိုင်ဆိုင်တွေ့လို့ ဖူးစာဖက်တွေတောင် ဖြစ်ခဲ့ပြီပဲ"

မာမီနိုင့်စကားကြောင့် အားလုံး ရယ်မိကြပါတယ်၊
ဒီလိုဆိုပြန်တော့လည်း လောကကြီးက စိုးရိမ်ကြောင့်ကြ
တွေ လုံးဝမရှိတော့ဘဲ အရာရာဟာ လှပပြီး ပျော်ရွှင်ကြည်
နူးမှုတွေသာ ဖုံးလွှမ်းနေပါတော့တယ်။



"ကဲ . . . မင်းတို့နှစ်ယောက်က Blue Ocean
လေး သောက်ပြီး စကားအေးအေးဆေးဆေးပြောကြ၊
တို့က နေ့လယ်စာအတွက် ဝိုင်းဝန်းပြီး ရှယ်ပြင်တော့မယ်၊
ဟုတ်ပြီလား"

မာမီနိုင်က ပြောပြောဆိုဆို ထသွားတော့ ကြီးကြီး
ခင်ကလည်း သူတို့ကို လက်ပြပြီး နောက်ကပါသွားပါတော့
တယ်၊ အဲဒီတော့မှ ရှိမီဟာ ချစ်သူရဲ့မျက်နှာလေးကို လွတ်
လွတ်လပ်လပ် စိုက်ကြည့်နိုင်တော့တယ်။ ပြီးတော့ မျက်စိ
တစ်ဖက်မှိတ်ပြလိုက်တယ်၊ ပြီးတော့ လက်မ ထောင်ပြ
လိုက်တယ်၊

အဲဒီအချိန်မှာ ဂျူး ပြန်ပြုံးပြတဲ့အပြုံးနဲ့ ညင်ညင်
သာသာပေးလိုက်တဲ့ မျက်စောင်းလေးက ကမ္ဘာပေါ်မှာ
အဓိပ္ပာယ်အရှိဆုံးနဲ့ အလှဆုံးပဲဖြစ်ခဲ့ပါတယ်။

ညဘက် ဒက်ဒီ့ဆီက ဖုန်းရတဲ့အခါမှာတော့
စေ့စပ်ပွဲက စိုးရိမ်သလို ရက်တွေ ဘာတွေ ထပ်ညှိစရာမလို
ဘဲ မာမီနိုင်သတ်မှတ်တဲ့အတိုင်း အဆင်ပြေခဲ့ပါတယ်၊
ဒါပေမဲ့ ဒက်ဒီက သူ့အလုပ်တွေကိုသာ ဦးစားပေးပြီး အလွန်
ဝကျွတ္တာ အလွန်ကတတ်တီးကတတ်မဲ့နိုင်စွာနဲ့ Date ကို ရွေးဆစ်



www.burmeseclassic.com

www.burmeseclassic.com



နေပြန်သေးတယ်။

"ဟား . . . ဒက်ဒီကလည်း ရစ်တယ်ဗျာ။ ဘယ်လောက်ကြာနေပြီလဲ။ ဒါ သားဘဝအတွက် အရေးကြီးဆုံးကိစ္စနော်။ ရက်ကလေးနည်းနည်းတော့ ရွှာလာဗျာ။ သားယောက္ခမကြီးက အတိအကျသမားဗျ။ ဒါပေမဲ့ သဘောတော့ အရမ်းကောင်းတယ်။ ကောင်းလွန်းလို့ သူ့စိတ်ကြိုက်ဖြစ်အောင် သားဘက်က သေချာစီစဉ်ရမှာ"

"အောင်မာ . . . မင်းက ကြီးကျယ်နေပြန်ပြီ။ မင်းအဖေထက်ပဲ ဘယ်သူတတ်ကျွမ်းနိုင်သေးလို့လဲ။ ဒီမှာ ဟောကောင်မင်းစေ့စပ်ပွဲအမီ ဒက်ဒီပြန်ရောက်ရင် ပြီးရောမို့လား။ ကိုယ့်သားဘဝအတွက် အရေးကြီးတဲ့ အခမ်းအနားကြီးတစ်ခုကိုဘယ်လိုမိဘက ကပျက်ကချော် စီစဉ်မှာလဲ"

"ဟုတ်ပါတယ် ဒက်ဒီရယ်။ ဒါပေမဲ့ ရက် နည်းနည်းစောပြီး ရောက်ထားတော့ ပိုမကောင်းဘူးလား။ စီရင်စရာရှိတာလည်း အေးဆေးစီစဉ်လို့ ရတာပေါ့။ လူကြီးချင်းလည်း တွေ့ပေးထားလို့ ရတာပေါ့"

"နောက် . . . တစ်သက်လုံး တွေ့ရမှာပဲကွာ။ ခုတောင် သား စီစဉ်ထားတာတွေက ပြည့်စုံနေပါပြီ။ အဖ





ဘတော့ ရှေ့အပတ်ထဲမှာ ပြန်လာဖို့ပဲကွ။ ပြန်လာရင်ဓာတ်ပုံစတီဒီယိုကလည်း ဖွင့်ဦးမှာဆိုတော့ ဒီမှာ အဲဒီကိစ္စတွေ စီစဉ်လုံးပန်းနေတာပဲ သား ရဲ့။ စိတ်ချ . . . ငါ့သား။ ဒက်ဒီ့အတွက် ဘာမှမစိုးရိမ်နဲ့။ ကိုယ်လုပ်စရာရှိတာကိုပဲ ဒီတိုင်းဆက်လုပ်သွား။ သားရဲ့စေ့စပ်ပွဲ ပျော်ပျော်ပါးပါးနဲ့ အောင်မြင်မှု ရရှိစေရမယ်လို့ ဒက်ဒီ ကတိပေးတယ်"

"ဒါဆို ပြီးရော . . . သားလုံးဝ စိတ်ချနေမယ်နော် ဒက်ဒီ"

"ဘိုင့်ဘိုင် . . . ဒက်ဒီ . . . ဘိုင့် ဘိုင်"

ရိုမီဟာ ဒက်ဒီနဲ့ ဖုန်းပြောပြီး ချက်ချင်းပဲ မာမီ့ဆီလှမ်းခေါ်လိုက်တယ်။

"ဟဲလို . . . မာမီ"

"ပြော် . . . ရိုမီ . . . ပြော"

"ကျွန်တော် မာမီ့ကို ပြောစရာရှိတယ်။ တောင်းဆိုစရာလေးလည်း ရှိနေတယ်။ လူကိုယ်တိုင် လာပြောရမလား မာမီ။ ဖုန်းနဲ့ပြောရင်လည်း မလေးစားရာကျမှာစိုးတယ်"

"အို . . . ရပါတယ်။ ပြောပါ . . . ဘာပြောမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာတောင်းဆိုမှာလဲ"

"ကျွန်တော် ခုပဲ ဒက်ဒီနဲ့ ဖုန်းရပါတယ်။ ရက်တွေ ဘာတွေ ထပ်ညှိစရာမလိုတော့ပါဘူး မာမီ၊ မာမီ ပြောတဲ့ ရက်အတိုင်း ဖြစ်စေရပါမယ်တဲ့"

"အင်း . . . အဆင်ပြေတာပေါ့။ ဒါဆို တို့အချိန် နာရီ အတည်ပြုလိုက်တော့မယ်"

"ဟုတ် . . . ဟိုနောက်တစ်ခု တောင်းဆိုချင်တာက မနက်ဖြန် မာမီ အချိန်ပေးနိုင်မယ်ဆိုရင် မာမီ တစ်ယောက်တည်းကို နေ့လယ်စာနဲ့ သီးသန့်ဂုဏ်ပြုချင်ပါတယ်။ မဖေ့စပ်ခင်မှာ မာမီနဲ့ကျွန်တော် ဒီထက်ပိုပြီး ရင်းနှီးချင်ပါတယ်။ မာမီ့ရဲ့ ချစ်ခင်မှုကိုလည်း လိုချင်ပါတယ်။ အဲဒါ လက်ခံပေးဖို့ တောင်းဆိုပါတယ် မာမီ။ ဂျူးနဲ့ ကြီးကြီးခင်ကိုတော့ ခဏနေရင် ကျွန်တော် ဖုန်းဆက်ပြောလိုက်ပါ့မယ်"

"မင်းက စိတ်ကူးကောင်းသားပဲ ရှိမီ၊ အဲဒါမျိုးလည်း လုပ်သင့်ပါတယ်။ တို့ လက်ခံပေးရမှာပေါ့။ ဘယ်မှာ စီစဉ်မလဲ"

"အမှန်ကတော့ အိမ်မှာပဲ စီစဉ်ချင်တာ။ ဒက်ဒီ





တလည်း မရှိတော့ ပျင်းစရာကြီး ဖြစ်နေတာနဲ့ အပြင်စားသောက်ဆိုင်တစ်ခုကိုပဲ ရွေးလိုက်တယ်။ ပြီးတော့ ကျွန်တော့်ရဲ့ကော်ဖီဆိုင်နဲ့ ပန်းချီပြခန်းကိုလည်း မာမီ့ကို ပြချင်သေးတယ်လေ"

"အင်း . . . အဲဒါဆို မင်းရဲ့အလုပ်ကို အရင်ဆုံး ထွက်လာခဲ့မယ်"

"မာမီ မလာရပါဘူး။ ကျွန်တော် လာခေါ်မှာပါ"

"ရပါတယ် . . . တို့ ဒီလိုပဲ ထွက်နေကျပါ။ တို့မှာ အချိန်ပိုင်း ဒရိုင်ဘာရှိပါတယ်။ တစ်ခါတလေလည်း ကိုယ်တိုင် မောင်းပါတယ်"

"ကျွန်တော်ကလည်း မာမီ့ကို ကိုယ်တိုင်လာခေါ်ပြီး ကိုယ်တိုင်ပြန်ပို့ပေးချင်လို့ပါ"

"ကောင်းပြီလေ . . . အဲဒါဆို မင်း မနက်ဖြန် ဆယ်နာရီခွဲ အရောက်လာခဲ့"

"ဟုတ်"

အဲဒီ အစီအစဉ်နဲ့ပဲ ရှိမီဟာ နောက်နေ့မှာ ကားကို သီချင်းကလေး တအေးအေးနဲ့ ချိန်ချိန်ဆဆမောင်းပြီး ဂျူးတို့အိမ်ကို ထွက်လာခဲ့ပါတယ်။ သူ ရောက်ရှိသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ဆယ်နာရီ၊ မိနစ်နှစ်ဆယ်ဖြစ်ပြီး အချိန်တိကျတဲ့ မာမီနိုင်ကလည်း ဒီတစ်ခါ ခြံထဲမှာ အဆင်သင့်ထိုင်စောင့်နေတာကို တွေ့လိုက်ရပါတယ်။ ဂျူးနဲ့ ကြီးကြီးခင်ကလည်း သူ့ ဖုန်းဆက် ပြောပြထားတာမို့ သူ့အစီအစဉ်ကို သဘောကျနှစ်မြိုက်ပြီး အိမ်ထဲကနေ ပျော်ပျော်ပါးပါး ထွက်လာကြတယ်။

ခဏနေတော့ မိဇော် ခြံတံခါးဖွင့်ပေးပြီး မာမီနိုင် အပြင်ထွက်လာပါတယ်။ သူလည်း ကားပေါ်ကနေ ဖျတ်ခနဲဆင်းပြီး မာမီနိုင့်ကို ကားတံခါးဖွင့်ပေးလိုက်ပါတယ်။ သူတို့နှစ်ယောက် ကားပေါ်ရောက်သွားတော့ ဂျူးနဲ့ ကြီးကြီးခင်က ခြံထဲမှာလက်ပြပြီး ကျန်ခဲ့ပါတော့တယ်။

"မင်းက အချိန်တကယ်တိကျတာပဲ"

"မာမီ့ရဲ့ သမက်ပဲ၊ ဒီလောက်ကတော့ minor ပါ"

"ဟင်း . . . ဟင်း . . . ဟင်း"

"မာမီ ကျွန်တော့်ကို ဘယ်လောက်ပဲစမ်းစမ်း အချိန်နဲ့ပတ်သက်ရင် ကျွန်တော့်ဘက်က အမြဲတမ်း ကွက်တိဖြစ်စေရမယ်"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ တစ်သက်လုံး ယုံ





လိုက်ပါ့မယ်"

အဲဒီအချိန်မှာပဲ သူတိုးတိုးလေး ဖွင့်ထားတဲ့ မန္တလေး FM ကနေ နွဲ့ယဉ်ဝင်းရဲ့ ဒေါသစိတ်ကလေး ၃၆၀ မိနစ် ဆိုတဲ့ သီချင်းက ရုတ်တရက်ထွက်ပေါ်လာပါတော့တယ်။

နာရီသံ ချက်ချက်ညည်း ××× အချိန်မှန်မှန် သီဆိုထားဖွဲ့သံ ××× မောင်ချိန်းတဲ့ ညတစ်ဝက်မှာ ××× ရင်ခုန်စရာ လှောင်လို့နေတဲ့ဟန် ××× ရင်တဖိုဖို ရှက်စိတ်ပို ××× မျှော်လူမှာ သဝန်တို အသည်းထိတ်ပြန် ကြည်စားနဲ့ ချစ်တဲ့မောင် ××× မကြာခင်လာရင် သတယ်ပဲကြိုက်မလားကြဲ

"ကြည့်စမ်း . . . တိုက်တိုက်ဆိုင်ဆိုင်ပဲ တို့ကြိုက်တဲ့သီချင်းလေး၊ အဲဒါ မန္တလေး FM ထင်တယ်"

"ဟုတ်တယ် မာမီ၊ ကျွန်တော် မန္တလေး FMဖွင့်ထားတာ"

ရိုမီဟာ မာမီနိုင်ကြိုက်တယ်ဆိုလို့ ရင်ထဲ အရမ်းပျော်သွားပြီး သီချင်းသံလေးကို ကျယ်ပေးလိုက်ပါတယ်။ သီချင်းသံစဉ်ကလေးရဲ့ ချိုမြိန်မှု၊ စာသားကလေးတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



လှပမှုတို့နဲ့အပြိုင် သမက်နဲ့ ယောက္ခမတို့ရဲ့ ရင်ထဲက ပျော်ရွှင်ကြည်နူးမှုတွေလည်း ထပ်တူထပ်မျှ ရှိနေလိမ့်မယ်လို့ ထင်ပါရဲ့။

လေပြည်သံကြားလာရင် ××× ခြေသံလိုလို ဘဝင်တုန်လှိုက်ရန်သွား ××× အချိန်တွေ လွန်ခဲ့ပြီကွာ မျှော်မျှော်သူသာ မောဟိုက်လာတယ် အမှန် ××× ငိုချင်သလို မျက်ရည်လျှံ ××× မောင်ရယ်. မောင်ရယ် အချစ်ကိုဓမ္မနေလား ××× နာရီသံချက်မှန်မှန် ××× ရင်မှာ.ရင်မှာ ဒေါသစိတ်ကလေးသန်

မနက်လင်းပြီ ××× နာရီသံအချိန်မှန်မှန်

ငိုချင်လှပြီ ××× မောင်စကားမတည်ဘူး

ရှက်စရာပဲ ××× ရှက်ဖွယ်

"ဒီသီချင်းခွေကို လိုက်ရှာပြီး ဝယ်ထားမှ ဖြစ်တော့မယ်"

သူ သီချင်းပြီးပြီးချင်း ပိတ်ပြီးပြောလိုက်မိတယ်။

"ဘာဖြစ်လို့လဲ"

"မာမီကြိုက်တယ်ဆိုလို့လေ။ လက်ထပ်ဖို့တောင် စီစဉ်ပြီးပြီဆိုတော့ ရှေ့လျှောက် ချစ်သူအကြိုက်တင်



တော့တ်ဘဲ ယောက္ခမအကြိုက်တွေပါ လေ့လာထားမှ ဖြစ်တော့မှာပေါ့ မဟုတ်ဘူးလား။ မာမီ ဘာသီချင်းမျိုးတွေ ကြိုက်တတ်လဲ"

"သီချင်းမရွေးဘူး။ ကိုယ်ခံစားလို့ကောင်းရင် ခေတ်ဟောင်းတေးလည်း ကြိုက်လိုက်တာပဲ။ တချို့ Hip hop လေးတွေလည်း ကြိုက်လိုက်တာပဲ။ အမှန်တော့ တို့က စိုင်းထီးဆိုင်၊ ခင်မောင်တိုး၊ ခင်မောင်ထူး၊ မေဆွိ . . . သူတို့ရဲ့သီချင်းတွေနဲ့ ကြီးပြင်းလာတာကွယ့်"

"ဒါဆို ဒက်ဒီနဲ့မာမီက တစ်ခေတ်တည်းကြီးပြင်းလာတာလို့ ဆိုရမှာပဲ။ အသက်လည်း သိပ်မကွာလောက်ဘူး။ ဒက်ဒီက စိုင်းထီးဆိုင် ခရေဇီချ။ စိုင်းထီးဆိုင် ဖွင့်လွှန်းလို့ ကျွန်တော်တောင် တော်တော်မှတ်မိနေပြီ။ "ချစ်ခြင်းမှာ လူဟာ အခါခါသေရ၏" ဆိုတဲ့သီချင်းထဲမှာဆိုရင် [သေခြင်းမှာ လူဟာ တစ်ခါသာ သေရ၏။ ချစ်ခြင်းမှာ လူဟာ အခါခါ သေရ၏] ဆိုတဲ့ စာသားလေးနှစ်ကြောင်းဆို ကျွန်တော် အရမ်းကြိုက်တာ"

"အင်း"

"ပြီးတော့ ဒက်ဒီက "ကွတ်နိုင်ကာဇာတ်လမ်း တစ်

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်" ဆိုတဲ့သီချင်းကိုလည်း ခဏ ခဏ ဖွင့်တယ်ဗျ။ အဲဒီထဲက ဟိုစာသားလေးတွေကိုလည်း ကြိုက်တယ်။

အခါတစ်ရာ ခေါင်းယမ်းသူ တစ်ခါယောင်ပြီး အညိတ်မှာ

ကြင်နာသူဘဝ အရယူကာ . . .
ကျောက်ကောင်းရဲ့ အနှစ်ကို စစ်မစစ်ကြည့်ဖို့ရာ
မှတ်ကျောက်ရှိလာတဲ့ ဥပမာ . . .
ဘယ်သူ့ကိုမှလည်း အပြစ်ပြောခြင်းမဟုတ်ပါ
ရွှေမှန်ကင်းထင်းဖြစ်ရတာ . . .
ကိုယ်ပါပဲ အယုံလွယ်တဲ့ အမိုက်အမဲမို့သာ
အခါတစ်ရာပြုံးပြသူ တစ်ခါယောင်ပြီး အမဲ့မှာ
ကြင်နာသူဘဝ အပျက်ခံတာ . . . ဆိုတဲ့ အပိုဒ်

လေ"

နှိုမိဟာ ပြောရင်းဆိုရင်း သီချင်းတစ်ပိုဒ်ကို သီချင်းဆိုသလို ဆိုပြတာမဟုတ်ဘဲ ကဗျာရွတ်သလို ရွတ်ပြလိုက်တာကြောင့် မာမီနိုင်က နှစ်နှစ်ခြိုက်ခြိုက် ရယ်ပါတော့တယ်။

"သတို့သားလေးရယ် . . . စေ့စပ်ခါနီးနေပြီ၊ ကား



ကိုလည်း ဂရုစိုက်မောင်းပါဦး။ ရွတ်ပြနေလိုက်တာများ၊ မင်းကိုကြည့်ရတာ သီချင်းဆိုတာထက် ကဗျာရွတ်တာ ပိုကောင်းမယ့်ပုံပဲ။ ကမ္ဘာ့ကဗျာနေ့ကျရင် မင်းကို ရွတ်ခိုင်းမှ ထင်တယ်။ ဒါနဲ့ နေပါဦး။ မင်းအဖေက အဲဒီသီချင်းကို ခဏ ခဏ ဖွင့်တတ်တယ်ဆိုတော့ ကွတ်နိုင်မှာ ဇာတ်လမ်း တစ်ပုဒ်များ ရှိခဲ့လို့လား"

"မသိပါဘူး မာမီရာ။ ဒက်ဒီက သိုသိပ်တဲ့လူပဲဟာ၊ ဘယ်သူ့ကို အခါတစ်ရာပြုံးပြပြီးမှ တစ်ခါယောင်ပြီး မဲ့ပြခဲ့မိလို့ပါလိမ့်။ ထားပါတော့၊ ဒါဆို အခု မာမီ ဘာသီချင်းတွေ နားထောင်ဖြစ်လဲ။ ဘယ်လိုပြောရမလဲ အစားအသောက်ကအစ အခုတစ်လော Favourite ဖြစ်တာလေးတွေပေါ့"

"အင်း . . . တကယ်တော်တဲ့သမက်အလိမ္မာကလေးပဲ။ ဘာလဲ . . . မင်း မေးတဲ့ပုံက TV Chennal တစ်ခုမှာ Celebrity Favourtie အစီအစဉ်ဆိုပြီး ထည့်တော့မလို့လား"

"ဘယ်ဟုတ်မလဲ မာမီရဲ့၊ ကျွန်တော့်ယောက္ခအကြိုက်ဆိုတဲ့ ခေါင်းစဉ်နဲ့ထည့်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ . . . ခုတလော တို့က အမျိုးသား ကဇာတ်ရုံမှာ ရှိုးပွဲတွေအများကြီး လုပ်လာပြီဆိုတော့ အဲဒီ ထဲက ကိုယ်ကြိုက်တဲ့ပွဲလေးတွေကို ရွေးကြည့်ဖြစ်နေ တယ်။ အိမ်မှာလည်း Orchestra တွေ ပြန်နားထောင်နေ တယ်။ သီချင်းကျတော့ တို့က စီလင်းနဲ့ဟူနီဝှစ်စတန်နီ ခရေဇီပဲ။ ဟူနီဝှစ်စတန်က အခု သေသွားမှ Top Ten ပြန် ဝင်နေတယ်လေ"

"ကောင်းတာကို မာမီရဲ့ အဆိုတော်လုပ်မယ့်လူ တွေ ဟူနီဝှစ်စတန်ကို မေ့ထားလို့မရဘူး။ ဘင်လာဒင်ဆို ရင် သူ့ကို အရမ်းကြိုက်တာဗျ"

"အင်း . . . မြန်မာအဆိုတော်ထဲမှာတော့ မြန်မာ ပြည်သိန်းတန်ကို ပြန်နားထောင်နေတယ်။ ဇာတ်လမ်းကျ တော့ တို့က နိုင်ငံခြားကားဆိုရင် ဒရမ်မာကို ပိုကြိုက်တယ်၊ အက်ရှင်လည်း ကြိုက်ပါတယ်။ မြန်မာကားတွေကတော့ ဟာသကားဆိုရင် လုံးဝမကြည့်ဘူး၊ ဒါပေမဲ့ လူရွှင်တော် တွေပါတဲ့ သီးသန့်အငြိမ့်ခွေတွေကိုတော့ ကြည့်တယ်"

" . . . "

"အဝတ်အစားဒီဇိုင်းကတော့ အခု နောက်ပိုင်း



ကွန်ပျူတာပန်းထိုးနဲ့ ရောင်စုံဝမ်းဆက်တွေကို ကြိုက်နေ တယ်။ လက်ဝတ်ရတနာကတော့ စိန်ပဲ ကြိုက်တယ်။ ဖိနပ် နဲ့ စလင်းဘတ်ခ်ကိုတော့ မရွေးဘူး၊ ကိုယ်နဲ့အဆင်ပြေရင် ဝယ်လိုက်တာပဲ၊ အစားအသောက်ကတော့ မရှိုးနိုင်တဲ့ မြန်မာအစားအသောက်ကိုပဲ အကြိုက်ဆုံးပေါ့ကွယ်၊ အဲ . . အပြင်ထွက်ဖြစ်ရင်တော့ တရုတ်၊ ကိုးရီးယား၊ ယိုးဒယားနဲ့ ဂျပန်စာတွေကိုပဲ စားတယ်"

"မာမီ့ရဲ့အကြိုက်တွေနဲ့ နေထိုင်စားသောက်မှု ဒီဇိုင်းတွေက ထက်ကယ်မြင့်တာပဲ။ ဒါဆို မာမီ ဆူရှီကြိုက်မှာ ပေါ့"

"ကြိုက်တာပေါ့"

"အိုခေ . . . ကျွန်တော် စားသောက်ဆိုင်တစ်ခု တော့ ရွေးထားတယ်။ ဒါပေမဲ့ မာမီက ဆူရှီကြိုက်တယ်ဆို တော့ ဆူရှီကောင်းကောင်းရတဲ့ မစွတာဆူရှီဆိုတဲ့ ဆိုင် လေးကို ပြောင်းလိုက်မယ်။ အဲဒီဆိုင်က ဂျပန်စာ သီးသန့် ဆိုပေမယ့် မြန်မာတွေရဲ့အကြိုက်နဲ့ ကိုက်ညီအောင်လုပ် ထားတာတွေလည်း ရှိတယ်။ ဆူရှီကို ငါးပိကြော်နဲ့ မာမီ စားဖူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကြံကြံဖန်ဖန်။ ငါးပိကြော်နဲ့လိုပဲ မစားဖူးပါဘူး"

"အရမ်းကောင်းတယ် မာမီ၊ မြန်မာပါးစပ်နဲ့ ကွက်တိပဲ။ ဆူရှီကို ငါးပိကြော်နဲ့ရမယ်။ ပြီးတော့ ဆူရှီကြော် ဆိုတာလည်း မှာစားလို့ရတယ်။ ဒါပေမဲ့ အခုလောလော ဆယ် ကျွန်တော့်ဆိုင်မှာ အရင်နားမယ်၊ ကော်ဖီသောက် မယ်၊ ပြီးမှ အဲဒီဆိုင်ကို သွားကြမယ်"

"အိုခေ . . . မင်းသဘော . . . မင်းသဘော။ ဒီနေ့ က တို့ကို မင်းက သီးသန့်ဂုဏ်ပြုတာပဲ မဟုတ်လား။ တစ်ခု တော့ ရှိတယ်နော်။ အိမ်ကိုတော့ နှစ်နာရီအတွင်း ပြန် ရောက်မှဖြစ်မယ်။ ဒါတောင် မင်းမို့လို့ အချိန်ပိုပေးထားတာ"

"ဟာ . . . ကျွန်တော်က Junction Square နဲ့ ဖက်ရှင်ဆိုင်တွေကိုလည်း သွားချင်သေးတာ။ အဲဒီမှာ မာမီ တို့မိသားစုအတွက် လက်ဆောင်တွေဝယ်ပြီး ညနေမှ ပြန် ပို့ပေးမလို့"

"အို . . . မဖြစ်ဘူး . . . မဖြစ်ဘူး။ တို့မှာ အလုပ် ကိစ္စလေးတွေ ရှိသေးတယ်။ အဲဒါတွေက နောက်မှပေါ့"

"ဟုတ်ကဲ့ပါဗျာ။ မာမီ ဒီလောက်အခွင့်အရေးပေး တာပဲ ကျွန်တော် ကျေနပ်ရပါပြီ"



အဲဒီလိုနဲ့ ကားထဲမှာ သမက်နဲ့ယောက္ခမ စကား လက်ဆုံကျလာလိုက်တာ သူ့ရဲ့ "ပန်းချီရှိမီ"ကို ရောက်မှန်း မသိ ရောက်လာခဲ့ပါတော့တယ်။ ကော်ဖီဆိုင်ထဲဝင်လိုက် တော့ မာမီခိုင်က ဆိုင်အပြင်အဆင်ကို လှည့်ပတ်ကြည့်ပြီး ရင်သပ်ရှုမောဖြစ်နေပါတယ်။

"မင်း အရမ်းတော်တယ် ရှိမီ။ ဆိုင်ပြင်ဆင်ဖွဲ့စည်း ပုံက နိုင်ငံခြားစံချိန်မီတယ်။ တို့ ထင်ထားတာထက်ကို ပိုမြင့်လွန်းနေတယ်။ အေးချမ်းသာယာမှုလည်း ရှိတယ်၊ ဝင်လာတဲ့လူတွေကိုလည်း ရသအမျိုးမျိုး ပေးစွမ်းနိုင်တယ်၊ ဒါကြောင့်လည်း အောင်မြင်မှုရတာပေါ့"

မျက်နှာချင်းဆိုင်ထိုင်ပြီး ကော်ဖီသောက်တဲ့အခါ မှာတော့ ရှိမီဟာ ဂျူးနဲ့ စတွေ့ခဲ့တဲ့အချိန်ကလေးကို မြင် ယောင်နေမိပါတော့တယ်။ ဂျူးရဲ့အလှကလည်း ဆိုင်ရဲ့ Decoration နဲ့ အလွန်လိုက်ဖက်ခဲ့သလို မိုးပြာရောင် ဝမ်းဆက်ဝတ်ထားပြီး စိန်တွေ ဖျိုးဖျိုးဖျပ်ဖျပ် လက်နေတဲ့ ဒေါ်ခက်ခက်နိုင်ရဲ့ ခံ့ညားလှပမှုကလည်း ဆိုင်ရဲ့ Decoration ကို ကျက်သရေမင်္ဂလာ အရှိန်အဝါတွေ ထပ်လောင်း ဖြည့်ဆည်းပေးလိုက်သလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီပြခန်းထဲဝင်တော့လည်း တအံ့တသြဖြစ်နေလေရဲ့။ စိတ်ဝင်တစားနဲ့ တစ်ကားပြီးတစ်ကား လိုက်ကြည့်နေလိုက်တာများ။ မာမီနိုင်ရဲ့အသက် ဆယ်နှစ်လောက်တောင် ထပ်ငယ်သွားသလို ထင်လိုက်ရပါတယ်။

"ပန်းချီပြခန်းကြီးကလည်း တစ်ခမ်းတစ်နား ဆန်းလိုက်တာကွယ်။ ပန်းချီကားတွေကလည်း ရှယ်တွေချည်းပဲ။ လာတဲ့လူတွေလည်း တော်တော်များတယ်နော်"

"ဒီနေ့က ပန်းချီကားအသစ်တွေ လဲတဲ့နေ့မို့လေ။ နောက်ရက်ဆို ဒီထက် ပိုများလာမှာ။ အဲဒီအခါကျရင် အရောင်းအဝယ်တွေပါ လိုက်လာရော"

"ဩော်"

"ဒါနဲ့ မာမီ ပန်းချီကားတွေကို ခံစားတတ်လား။ နားလည်လား"

"ဟင့်အင်း . . . သိပ်မသိဘူး။ ဒီခေတ်မှာ ပန်းချီအမျိုးအစားတွေ အများကြီးပေါ်နေတော့ ပိုဆိုးတယ်။ တို့သိတာက လှတာမြင်ရင် လှတယ်လို့ သတ်မှတ်လိုက်တာပဲ။ ဒါပေမဲ့ လှတာနဲ့ အဆင့်အတန်းရှိတာကိုတော့ ခွဲခြားတတ်တယ်"





"အဲဒါပဲ ကောင်းတယ်။ နားလည်နေရင် ဇယားရှုပ်တယ်၊ တချို့ဆိုတစ်ယောက်နဲ့တစ်ယောက် သူကပဲ ပိုသိသလိုလိုနဲ့ ဝေဖန်ပြီး အငြင်းအခုံတွေဖြစ်နေကြတာ။ ဒါဆိုရင် ကျွန်တော့်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး မာမီ တစ်ခုခုပြောပါဦး။ အကြံပေးတာပဲဖြစ်ဖြစ်၊ ဝေဖန်တာပဲဖြစ်ဖြစ်"

"ဝေဖန်စရာမလိုပါဘူးကွယ်။ ဝေဖန်စရာမလိုအောင်ပဲ အားလုံးပြည့်စုံပါတယ်။ မင်းက စီးပွားရေးလာဘ်လည်း မြင်ပါတယ်။ လူငယ်တွေအတွက် ခွင်တည့်တယ်၊ အဆင်ပြေတယ်၊ ခေတ်မီပြီး အဆင့်အတန်းလည်း အရမ်းရှိတယ်၊ လူငယ်တွေကို သိမ်းပိုက်နိုင်တဲ့လုပ်ငန်းထဲမှာ ဒီလုပ်ငန်းလည်း ပါတယ်လေ။ နောက်ပြီး ပန်းချီပြခန်းပါ တွဲဖွင့်လိုက်တာဆိုတော့ လူငယ်တွေတင် မဟုတ်တော့ဘူး။ အရွယ်သုံးပါးစိတ်ဝင်စားတဲ့ဇုန်တစ်ခု ဖြစ်သွားတာပေါ့။ အဲဒါကြောင့် အရမ်းကောင်းတဲ့လုပ်ငန်းတစ်ခုလို့ ပြောချင်တယ်"

"ဟုတ်"

"တကယ်တော့ ဒီလုပ်ငန်းက တို့လုပ်ချင်တဲ့လုပ်ငန်းပဲ။ အရမ်းစိတ်ဝင်စားတယ်၊ ဝါသနာလည်း ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လုပ်ချင်စိတ်လည်း ရှိတယ်။ ဒါပေမဲ့ တို့က အချိန်တိကျမှုနဲ့ စည်းကမ်းရှိမှုကို လုံးဝ အထိအခိုက် မခံနိုင်ဘူးဆိုတော့ တို့စိတ်နဲ့ လူတော်တော်များများနဲ့ သိပ်မဖြစ်ဘူး။ ဒါကြောင့်လည်း စီးပွားရေးမလုပ်ဘဲ အေးဆေးနေနေတာ။ ဒီလိုနေနိုင်တာကလည်း မိဘကံရော၊ ဘဝအကျိုးပေးတဲ့ရော ကောင်းခဲ့လို့ပေါ့"

"..."

"နိုင်ငံတစ်ခုတိုးတက်ဖို့ဆိုတာ အချိန်တိကျမှုနဲ့ စည်းကမ်းရှိမှုကလည်း တစ်ခန်းတစ်ကဏ္ဍမှာ ပါဝင်တယ်ရှိမီ။ ပြီးတော့ အလုပ်ကို ကြိုးစားလုပ်ကိုင်ဖို့ပေါ့။ အဲဒါတွေကိုသာ လူတစ်ဦးချင်းစီ ကိုယ်စီကိုယ်ငှ တာဝန်သိသိ သတိရှိရှိနဲ့ လိုက်နာကျင့်ကြံသွားမယ်ဆိုရင် အဲဒီနိုင်ငံ ဖွံ့ဖြိုးတိုးတက် သာယာလှပလာမှာပဲ။ တစ်ဦးကောင်း တစ်ယောက်ကောင်းကတော့ လုပ်လို့မရဘူး။ မင်းလည်း တိုးတက်နေတဲ့နိုင်ငံတွေကို ကြည့်ရင် မြင်တတ်မှာပါ"

"..."

"ဒီတော့ ပြောချင်တာက မင်းရဲ့စီးပွားရေးကောင်းတဲ့အတွက် ဒီတိုင်းသာ ဆက်ပြီး ကြိုးစားသွား



အချိန်ကို လေးစားပါ။ တန်ဖိုးထားပါ။ စည်းကမ်းရှိပါ။ ဝန်ထမ်းတွေကိုလည်း အဲဒီအတိုင်း ပုံစံသွင်းပေးပါ။ ပြီးတော့ ကိုယ်ရောင်းချပေးနေတဲ့ ကော်ဖီအမျိုးအစားပေါ်မှာရော ကိုယ်တင်ထားတဲ့ပန်းချီကား အပေါ်မှာရော ဂွာလတီလုံးဝမလျှော့ပါစေနဲ့။ ကပ်စတမ်မာတွေအပေါ်မှာလည်း ဝန်ဆောင်မှုလုံးဝမလျှော့ပါစေနဲ့။ အဲဒါဆို မင်းရဲ့လုပ်ငန်း ဒီတိုင်းဆက်ပြီးအောင်မြင်နေမှာပါ"

"ဟုတ် . . . လေးစားပါမယ် မာမီ။ မှတ်သားထားပါ့မယ်"

အဲဒီအချိန်ကစပြီး မာမီနိုင့်အပေါ်ထားခဲ့တဲ့ သူ့ရဲ့ခင်မင်လေးစားမှုတွေဟာ နဂိုကထက် ပိုတိုးပွားလာပါတော့တယ်။ မာမီနိုင်ကလည်း တကယ်ပေါင်းကြည့်မှ ချိန်တိကျမှုမှာ အစွန်းရောက်နေတာကလွဲရင် အလွန်သဘောထား ပြည့်ဝသော၊ အလွန်ချစ်စရာကောင်းသော၊ လေးစားအားကျဖွယ်ကောင်းသော၊ ဂုဏ်ယူချီးကျူးဖွယ်ကောင်းသော၊ တစ်သက်တာအဖော်အဖြစ် လက်တွဲဖို့ကောင်းသော အမျိုးသမီးတစ်ယောက်မှန်းသိလိုက်ရပါတော့တယ်။

ကိုယ့်ကိုယ်ကိုယ်လည်း ဒီလို အမျိုးသမီးတစ်

ပျော့သော

www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ တူကလေး (သို့မဟုတ်) သမက်ကလေးဖြစ်ရ တော့မှာကို ရင့်ထဲမှာ ဂုဏ်ယူဝင့်ကြွားနေမိပါတယ်။ ဘေး ကနေ အတူတူ လိုက်ပါလျှောက်လှမ်းနေရတာတောင် ခြေ ထောက်က အလိုလို မြောက်ကြွလာသလိုလို။

နှစ်ယောက်သား စကားတပြောပြောနဲ့ ပန်းချီကား တွေ လျှောက်ကြည့်လို့အပြီးမှာတော့ စဉ့်အိုးတန်းလမ်းမှာ ရှိတဲ့ "မစ္စတာဆုရှီ" ဆီ ခရီးဆက်ခဲ့ကြပါတယ်။ ပြီးမှ နှစ် နာရီအတွင်း အိမ်အရောက်ပြန်ပို့ဖို့ အမိန့်ထုတ်ပြန်ထားတာ ကြောင့် ရှိမီဟာ တစ်နာရီကျော်ကျော်လောက်နဲ့ အိမ် အရောက်ဝင်နိုင်အောင် မောင်းနှင်ခဲ့ပါတော့တယ်။ အိမ်နား မရောက်ခင်မှာတော့ ရင်ထဲမှာ ဆန္ဒလေးတစ်ခု ပြင်းပြင်း ပျပျပေါ်ပေါက်လာတာမို့ မာမီနိုင့်ကို ရဲရဲဝံ့ဝံ့ပဲ တောင်းဆို လိုက်မိပါတယ်။

"မာမို့ကို ကျွန်တော် တစ်ခုတောင်းဆိုချင်သေး တယ်"

"အင်း . . . ပြောကြည့်လေ"

"ကျွန်တော့်ဘဝက အမေဆိုတာကို မြင်ကို မမြင် ဖူးလိုက်ရတာပါ။ ဒီအရွယ်ထိလည်း အမေအရွယ်တွေနဲ့





အပေါင်းအသင်းမလုပ်ခဲ့ဖူးဘူး။ တရင်းတနှီးမရှိခဲ့ဖူးဘူး။ ဆွေမျိုးသားချင်း အဒေါ်တွေ ဘာတွေလည်း မရှိခဲ့ဘူး။ အိမ် က စားဖိုမှူးကတော့ ခြွင်းချက်ပေါ့။ ဒက်ဒီနဲ့ သူငယ်ချင်း တွေကြားမှာပဲ ကြီးပြင်းလာခဲ့ရတာပါ။ အခုလို မာမီနဲ့သွား လာခွင့်ရလိုက်တော့ ငါ့မှာ အမေရှိရင်ကောင်းမှာပဲ၊ အမေ ရှိရင် ဒီလိုနေမှာပဲလို့ တွေးလိုက်မိတယ်"

"အင်း"

"ပြီးတော့ အရမ်းလည်း ပျော်မိတယ်။ မာမို့ကို လည်း ချစ်ခင်လေးစားမှုအပြည့်အဝ ဖြစ်မိတယ်။ ဒီလိုပဲ မာမို့ဆီကလည်း ချစ်ခင်ရင်းနှီးမှုတွေ ကျွန်တော် အပြည့် အဝလိုချင်ပါတယ်။ ဒါကြောင့် လက်ထပ်ဖို့သေချာဝယ်ဆို ပေမယ့် လက်မထပ်ခင် အချိန်တွေမှာ မာမို့ကို အစစ အရာရာ ကူညီပါရစေ။ မာမီ ဘယ်သွားသွား အခုလိုပဲ လိုက်ပို့ပေးပါရစေလို့ တောင်းဆိုချင်ပါတယ်"

"အင်း . . . တို့ရင်ထဲမှာလည်း မင်းကို ဂျူးဂျူးနဲ့ တန်းတူထားနိုင်ဖို့ အခု ကြိုးစားနေပါပြီ။ မင်းဟာ အားလုံး အလိုက်သိတတ်တယ်၊ လူကြီးလူငယ်မရွေး ပေါင်းသင်း ဆက်ဆံမှု ပြေပြစ်တယ်။ ဒီအရွယ်နဲ့ စီးပွားရေးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလုပ်ကိုင်နေတယ်။ ဒါတွေကို သိလိုက်ရတဲ့အတွက် တို့အနေနဲ့ မရိုးကျူးလို့ မရတော့ပါဘူး။ ကောင်းပြီလေ။ မင်းရဲ့တောင်းဆိုမှုက ဖြစ်လည်းဖြစ်သင့်တယ်၊ ကောင်းတဲ့ အစီအစဉ်လည်း ဖြစ်တဲ့အတွက် တို့လက်ခံလိုက်ပါ့မယ်။ ဒါပေမဲ့ အချိန်တိကျမှုတော့ ရှိပါစေနော်"

"ဟား . . . ဝမ်းသာလိုက်တာ မာမီရာ။ တကယ် အမေတစ်ယောက် ရလိုက်သလိုပါပဲ။ စိတ်ချ မာမီ။ ကျွန်တော့်ဘက်က လုံးဝ တာဝန်ကျေစေရမယ်"

အဲဒီနေ့ကစပြီး ရိုမီဟာ ဒေါ်ခက်ခက်နိုင်အတွက် အချိန်အလွန်တိကျသော၊ အလွန်အားကိုးရသော ကိုယ်ရံတော်တပ်မှူးကလေးတစ်ယောက် ဖြစ်လာခဲ့သလို သူ လိုချင်တဲ့ ချစ်ခြင်းမေတ္တာတွေကိုလည်း အပြည့်အဝရရှိခဲ့ပါ တယ်။ ဒါပေမဲ့ ရိုမီဟာ အဲဒီလို အချိန်ရော၊ စည်းကမ်းရော၊ အလုပ်ရော ဒေါ်ခက်ခက်နိုင် စိတ်ကြိုက်ဖြစ်အောင် ဘယ် လောက်ပဲ တိတိကျကျ ထမ်းဆောင်နိုင်ခဲ့ပါစေ . . . ဒေါ်ခက်ခက်နိုင်ရဲ့ ချစ်ခြင်းမေတ္တာကိုလည်း ဘယ်လောက်ပဲ အပြည့်အဝ ရခဲ့ပါစေ . . .

တစ်နေ့မှာတော့ လောကဓံရဲ့ရိုက်ပုတ်မှုလို့ ခေါ်





ရမလား၊ ကံကြမ္မာရဲ့ကျီစယ်မှုလို့ ဆိုရမလား၊ ဒါမှမဟုတ် အင်ဒီ မကြာခဏဖွင့်တတ်တဲ့ စိုင်းထီးဆိုင်ရဲ့ "ကွတ်နိုင်က ဓာတ်လမ်းတစ်ပုဒ်" ထဲက [အခါတစ်ရာပြုံးပြသူ တစ်ခါ ယောင်ပြီး အမဲ့မှာ ကြွင်နာသူဘဝ အပျက်ခံတာ]ဆိုတဲ့ သီချင်းစာသားကလေးကပဲ နိမိတ်ပြခဲ့သလား . . . မသိ တော့ပါဘူး။

ရိုမီရဲ့နာရီပေါ်မှာ မျက်ရည်စက်များကျခဲ့ရတဲ့ အဖြစ်ကို အုံ့ဩဖွယ်ကောင်းစွာ (မထင်မှတ်ဘဲ) ဗြုန်းခနဲ ဒိုင်းခနဲ ရင်ဆိုင်လိုက်ရပါတော့တယ်။ အဲဒီနေ့ကတော့ သူ အရမ်း ရင်ခုန်မျှော်လင့်စောင့်စားခဲ့ရတဲ့ ခေါ့စပ်ပွဲနေ့ကလေး ပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# နှင်းဆီပေါ်မှ မျက်ရည်စက်များ...





ရိုမီယိုကိုကို

ဂျူးလိယက်ပျိုပျို

စည်သူကိုကို (ပန်းချီမီး၀)

ခက်ခက်နိုင်

သီတာခင်

ကိုလတ်

ဘရဏီ

အောင်အောင်

မိမော်

www.burmeseclassic.com



ဒီနေ့ဟာ စေ့စပ်ပွဲနေ့မို့ ထင်ပါရဲ့၊ ဂျူး စိတ်တွေ တစ်မနက်လုံး လှုပ်ရှားနေပါတယ်။ breakfast စားပြီးကတည်းက အားလုံး ကိုယ်စီကိုယ်ငှ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်နေကြပေမယ့်လည်း ဂျူးကတော့ မှန်ရှေ့ထိုင်ပြီး သဘာဝမျက်နှာလေးကို ကြည့်ရှုမဝဖြစ်နေမိတယ်။

ဘရက်ဂီရဲ့ ကြိုတင်ပြင်ဆင်မှုကလည်း အားရှိစရာ၊ "အချိန်နဲ့ပတ်သက်ပြီး အန်တီလေးနဲ့ ဘယ်တော့မှ ပြဿနာအတက်မခံနိုင်တော့ဘူး" ဆိုပြီး ညကတည်းက အထုပ်





ပိုက်ပြီး ဂျူးနဲ့အတူ လာအိပ်နေလေရဲ့၊ ကြီးကြီးခင်ကလည်း မင်္ဂလာစေ့စပ်ပွဲ အချိန်အခါမကျမခြင်း အချိန်ရရင် ရသလို ဂျူးအနားလာပြီး တတွတ်တွတ်နဲ့ သတိပေးစကားတွေ ပြောတတ်တာ မမောနိုင်အောင်ပါပဲ၊ အခုလည်း ဂျူး တွေးနေတုန်းမှာ ကြီးကြီးခင်တစ်ယောက် နောက်တစ်ခေါက် ဝင်လာပြန်လေပြီ။

"မကြာခင်မှာ စေ့စပ်တော့မယ့် မိန်းကလေးကလည်း အေးတိအေးစက်နဲ့ပါလား။ ဘာတွေတွေးနေတာလဲ၊ ရေချိုးတော့လေ"

"ချိုးတော့မှာပါ ကြီးကြီးရဲ့၊ ဘရက်ဂီ ချိုးနေလို့"

"အေး . . . နိုင်ကတော့ သူ့အစီအစဉ်အတိုင်း မိမော်ကို အရင်ပြင်နိုင်းနေပြီ၊ ပြီးရင် သူ ပြင်တော့မယ်"

"ဂျူးက နောက်ဆုံးမှ ပြင်ရမှာပဲဟာ။ အချိန်ရပါတယ် မာမီ၊ ဖေဖေတို့နဲ့ရော ဖုန်းပြောပြီးပြီလား"

"ပြီးပါပြီတော်။ မောင်နှမနှစ်ယောက် အဆင်ကိုချောလို့၊ အစ်ကိုလုပ်တဲ့လူကလည်း ညီမမှ ညီမ။ ညီမဘာလုပ်လုပ် အကောင်းအဆိုး ဘာတစ်ခုမှ မဝေဖန်ဘူး။ အပြစ်မမြင်ဘဲ အချစ်ပဲမြင်နေတော့တာ။ ဒါနဲ့ ရှိမိုဆီက ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



လာသေးလား"

"မနက်စောစောက လာပြီးပြီလေ ကြီးကြီးရဲ့"

"အေး . . . ထပ်လာရင် ထပ်သတိပေးလိုက်ဦး။ ဘာလိုလိုနဲ့ အချိန်နီးလာပြီလို့ အမှားအယွင်း အတိမ်းအစောင်းတစ်ခုမှ အဖြစ်မခံနိုင်ဘူးလို့ အစစအရာရာ သတိရှိပါလို့"

"ဟာ . . . ကြီးကြီးကလည်း နေ့တိုင်းပဲ ပြောနေရတာ မနက်ကလည်း သတိပေးပြီးပြီ၊ ဒီလိုအချိန်မှာ ခဏခဏ ပြောနေရင် ပြုံပြင်သွားမှာပေါ့။ မာမီနဲ့လည်း သားအမိလို ဖြစ်နေပြီပဲဟာ။ သိတတ်မှုရှိပါတယ်"

"ဘာပဲဖြစ်ဖြစ် သမီးရယ်၊ ကြီးကြီးခင်ကတော့ ချိန်းတဲ့အချိန် မရောက်မခြင်း စိတ်အေးနိုင်မှာမဟုတ်ဘူး။ ဘရက်တောင် နိုင့်ကိုကြောက်ပြီး သူ့ကိုယ်သူ စိတ်မချလို့ သမီးနဲ့လာအိပ်တာမို့လား။ ပြီးတော့ နိုင်ကလည်း ဒီလို အချိန်အခါမျိုးနဲ့ပတ်သက်ပြီး စိတ်ဒဏ်ရာရခဲ့ဖူးတဲ့လူ ဆိုတော့ ကြီးကြီးရင်ထဲမှာ အရမ်းစိုးရိမ်နေမိတယ် သမီးရယ်။ မိန်းကလေးတိုင်းအတွက် ဒီလိုအချိန်ဟာ သိက္ခာအရှိဆုံး၊ တန်ဖိုးအရှိဆုံး၊ မင်္ဂလာအရှိဆုံးမဟုတ်လား"

•———ရွှေအသာ———•



"ဟုတ်ပါတယ် ကြီးကြီးရယ်။ ဒါပေမဲ့ စိတ်ကို လျှော့ထားပါ။ မာမီကလည်း ဒီလိုနေ့မို့လို့ သူ့ကို သတ်မှတ်ချိန်ထက် တစ်နာရီတောင် ပိုပေးထားတာပဲဟာ၊ အဆင်ပြေမှာပါ၊ မစိုးရိမ်ပါနဲ့။ တကယ်လို့ ဖုန်းထပ်လာရင် ဂျူး ထပ်ပြီး သတိပေးလိုက်ပါ့မယ်။ ကဲ . . . ကျေနပ်ပြီလား။ စိတ်အေးအေးထားပြီး မျက်နှာကိုသာ လှလှလေးဖြစ်အောင် ပြင်ခိုင်းနော် ကြီးကြီး"

"အေးပါ . . . အေးပါ"

ဂျူးက နှစ်သိမ့်လိုက်မှ ကြီးကြီးခင် ထွက်သွားပြန်တယ်။ ဒါတောင် မိတ်ကပ်တွေ ဘာတွေ ပြင်ဆင်ပြီးရင် တစ်ခါလာပြီး သတိထပ်ပေးနေဦးမလား မသိပါဘူး၊ ခဏနေတော့ ဘရက်လည်း ရေချိုးခန်းထဲမှ ထွက်လာပါတယ်။

"ဟဲ့ . . . ဂျူး ရေချိုးဖို့ပြင်တော့လေ။ ကြည့်စမ်း! မှန်ကြည့်ပြီး ဘာတွေစဉ်းစားနေတာလဲ၊ အေး . . . ငါလည်း ခုမှ သတိထားမိတယ်။ နင် စေ့စပ်တော့မှာမို့လို့ ထင်တယ်၊ မျက်နှာလေးက ခါတိုင်းနဲ့မတူဘူး။ ဒီနေ့ကျမှ အရမ်းနုပြီး အရမ်းလှနေသလိုထင်ရတယ်။ နင် စိတ်တွေ လှုပ်ရှားနေတာမှလား"

•———ရွှေအသာ———•

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . စိတ်တွေလည်း လှုပ်ရှားတယ်၊ ပြီးတော့ ငါ ကျောင်းမပြီးသေးဘဲနဲ့ မာမီနိုင်က ငါ့ရဲ့အလိုကျ တကယ်ပဲ စေ့စပ်ပေးခဲ့ပါလားလို့တွေးပြီးတော့လည်း ရင်တွေ အရမ်းခုန်နေတယ်"

"အဲဒီရင်ခုန်မှုမျိုးကို ငါ ခံစားကြည့်ချင်လိုက်တာ ဟယ်"

"ဒါဆို မြန်မြန်ကြိုးစားလေ။ နင် ဒီလိုအချိန်အခါမျိုးကို ရောက်လာခဲ့ရင် သေချာပေါက်ခံစားရလိမ့်မယ်၊ တစ်ယောက်နဲ့တစ်ယောက် ချစ်မိလို့ ရင်ခုန်ရတာက တစ်မျိုး။ အတူတူနေဖို့ သေချာသွားပြီဆိုတဲ့အသိနဲ့ ရင်ခုန်ရတာက တစ်မျိုး။ မတူဘူး"

"အချစ်ဆိုတဲ့သားကောင်က သင် ပေးလိုက်တာ ထင်ပါရဲ့တော်။ တို့ရဲ့ သူငယ်ချင်းလေးစကားတွေ တတ်နေလိုက်တာ။ ဒါနဲ့ အန်တီလေးက နင့်မိဘတွေကို ဘာဖြစ်လို့ ဒီကိုမခေါ်တာလဲ"

"မခေါ်တာ မဟုတ်ဘူး။ လာစရာမလိုအောင် စီစဉ်တာ၊ မာမီနိုင် စည်းစနစ်ကြီးပုံကို နင်လည်း သိရဲ့သားနဲ့၊ ရန်ကုန်မှာ ငါက မာမီရဲ့သမီးဆိုတော့ သူ့အပေါင်း



အသင်းကဏ္ဍတွေနဲ့ သီးသန့်လုပ်ချင်လို့ ဒီပွဲလေးကို စီစဉ်တာလေ။ လကုန်မှ မန္တလေးမှာ ဖေဖေနဲ့မေမေရဲ့ သမီးအရင်းတစ်ယောက်အဖြစ် အကြီးအကျယ် စေ့စပ်မှာ၊ လက်ထပ်ပွဲကိုလည်း ဟိုမှာရော ဒီမှာရော စိတ်တိုင်းကျ လုပ်ပေးမယ်လို့ ပြောတယ်"

"အင်း . . . နင် ကံကောင်းတယ်နော်၊ အန်တီလေးက နင့်ကို အရမ်းချစ်တာပဲ။ အစီအစဉ်တွေကလည်း အားလုံးပြည့်စုံပြီး ကွက်တိကျတယ်။ ပြီးတော့ နင်တို့ နှစ်ယောက်ရဲ့ဘဝနဲ့ နင်တို့နှစ်ယောက်ရဲ့အချစ်တွေကလည်း အရမ်းအားကျစရာကောင်းတယ်။ ရိုမီယိုနဲ့ ဂျူးလိယက် ဝင်စားခဲ့တာထင်ပါရဲ့"

အဲဒီအချိန်မှာပဲ ဆိုတေးရဲ့ မီးအိမ်ရှင်သီချင်းသံနဲ့ ဖုန်းဝင်လာပါတော့တယ်။

"အံမယ် . . . Ringtone သံတွေ ဘာတွေ ပြောင်းလို့ ဘယ်သူလဲ"

"Darling!"

"ဟင်း!"

ဘရဏီက မျက်စောင်းထိုးလိုက်တော့ ဂျူးက

www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်ဖတ်ပြန်မှိတ်ပြလိုက်ပြီး ဖုန်းပြောရင်း ရေချိုးခန်းထဲ ဝင်လာခဲ့ပါတော့တယ်။

"ကိုကို"

"တို့ရဲ့ဂျူးလိယက်ကလေး ပြင်နေပြီလား"

"အင်း . . . ခုပဲ ရေချိုးတော့မလို့၊ ဒါနဲ့ ကိုကို ဖုန်းဆက်လာတာ အတော်ပဲ။ ဒီမှာ ကြီးကြီးခင်က တပူပူနဲ့ တွတ်ထိုးနေတာ။ မာမိက အချိန်နဲ့ပတ်သက်ပြီး စိတ်ဒက်ရာရခဲ့ဖူးသူမို့လို့ ကိုကို့ကို အနီးကပ် ထပ်ပြီး သတိပေးနိုင်းနေတယ်။ ဂျူးပြောရမှာတော့ အားနာပါတယ် ကိုကို့ရယ်၊ ဒါပေမဲ့ ကြီးကြီးခင်ပြောသလိုပဲ အစစအရာရာ သတိရှိပါနော်။ အမှားအယွင်းအတိမ်းအစောင်းတစ်ခုမှ မဖြစ်ပါစေနဲ့လို့ ဂျူး ထပ်ပြောချင်ပါတယ်"

"ဂျူးရယ် . . . ဒါလေးပြောတာ ဘာဖြစ်လို့ အားနာရမှာလဲ၊ ဒီမှာ အားလုံးပြင်ဆင်နေပါပြီ။ အစီအစဉ်တွေလည်း ကွက်တိချထားတာပဲ။ ဒက်ဒီတောင် ရေချိုးနေပြီ။ မနက်လေးနာရီကတည်းက စကားတွေ ထပြောနေတာ"

"ဟုတ်လား . . . ဂျူး ဒက်ဒီ့ကို ယုံပါတယ်။ ကိုကို့တို့ သားအဖနှစ်ယောက်လုံးကို ယုံလည်း ယုံတယ်။ စိတ်





လည်း စိတ်ချတယ်။ ဒက်ဒီ့မှာလည်း အချိန်တိကျမှုတွေ ရှိသလို၊ ပြောရင် ပြောတဲ့အတိုင်းလည်း လုပ်ပေးတတ်တဲ့ အကျင့်ရှိပါတယ်။ နိုင်ငံခြားမှာရှိနေတာတောင် သူ ကတိပေးထားတဲ့အတိုင်း အရောက်လာသားပဲ။ ကြီးကြီး အရမ်းစိုးရိမ်နေလို့သာ သတိထပ်ပေးရတာပါ"

"ဒါပေါ့ . . . သတိကတော့ ပေးရမှာပေါ့။ ဒီမှာ ဒက်ဒီက ခြောက်နာရီလောက်ကတောင် ထွက်လာမယ် လုပ်နေလို့ မနည်းဆွဲထားရတာ"

"ကြည့်စမ်း! . . . ဒက်ဒီ အဲလောက်တောင် စိတ်ထက်သန်နေတာလား"

"စိတ်ထက်သန်နေတာလည်း ပါတယ်။ ကိုကို့ကို တင်းနေတာလည်း ပါတယ်"

"ဟင်! သားအဖနှစ်ယောက် ဘာဖြစ်ပြန်ပြီလဲ"

"ဘာဖြစ်ရမလဲ၊ ဒက်ဒီ ပြင်ဦးလွင်မသွားခင်တုန်းက ကိုကိုက ဂျူးတို့မိသားစုအကြောင်းနဲ့ မာမိရဲ့ခွဲလမ်းမှုပြဿနာကို ပြောပြဖို့ပြင်တော့ နားထောင်ဖို့ အချိန်မပေးနိုင်ဘူးတဲ့။ သူ့လုပ်ငန်းတွေကိုပဲ ဦးစားပေးပြီး ပြောနေတာ၊ မင်းကို ယုံတယ်၊ မင်းဘာသာ.မင်း လည်သလိုကြည့်လုပ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဝင်ပါရမယ့်အချိန်ကျမှ ဝင်ပါမယ်ဆိုပြီး လုံးဝကို အပြော မခံတာ"

"ဪ . . . အဲလိုလား"

"ဒက်ဒီက အဲလိုပဲ။ အခု ပြန်လာမှ အရမ်းကို သိချင်ပြီး တောက်လျှောက်မေးနေတော့ ကိုကို့ဘက်ကလည်း ပြန်တင်းပြီလေ။ ဂျူးတို့အိမ်ရောက်မှ အားလုံးသိစေရမယ်လို့၊ မာမီ့နာမည်ကိုတောင် လုံးဝ မပြောပြဘူးကွာ။ ရှင်းရော။ အဲဒါကြောင့် တင်းနေတာ။ ကိုကိုက Surprise လုပ်ချင်တာလည်း ပါလို့ပါ"

"ကိုကိုတို့သားအဖနှစ်ယောက်ကလည်း သူငယ်ချင်းတွေ၊ ညီအစ်ကိုတွေကျနေတာပဲ။ ဟုတ်ပါပြီ . . . ကိုကိုတို့ဘက်က Ready ဖြစ်နေပြီဆိုရင် ပြီးတာပဲ။ ဒါပေမဲ့ ဂျူး ထပ်သတိပေးဦးမယ်။ ကိုကို မာမီနဲ့ ဘယ်လောက်ပဲရင်းနှီး ရင်းနှီး မာမီ့ဆီက အမေတစ်ယောက်ရဲ့ချစ်ခြင်းမေတ္တာတွေကိုလည်း ဘယ်လောက်ပဲရရ အချိန်နဲ့ပတ်သက်လာရင်တော့ မာမီက လုံးဝ Favour ပေးလိမ့်မယ် မထင်နဲ့နော်"

"နားလည်ပါတယ် ကောင်မလေးရယ်။ ကိုကို သိနေပါပြီ။ စိတ်ချ . . . ဘာမှမစိုးရိမ်နဲ့၊ အချိန်နီးလာပြီ။





မျက်နှာလေးကိုသာ လှလှလေးဖြစ်အောင် ပြင်နိုင်း"

"လှပြီးသားပဲဟာကို"

"လှပြီးသားတွေထဲက ဒီနေ့ အလှကို တစ်မျိုးမြင်ချင်လို့"

"ပိုလိုက်တာ . . . ကောင်းပါပြီ။ ဒါဆို ဒါပဲနော် ကိုကို၊ မျှော်နေမယ် ဖုန်းထပ်မဆက်တော့ဘူး"

"အိုခေ . . . စိုးရိမ်ပူပန်မှုတွေနဲ့ မျှော်မနေနဲ့၊ ရင်ခုန်ကြည်နူးမှုတွေနဲ့ မျှော်နေနော်"

"အင်း . . . ဘိုင့်ဘိုင်"

"အိုခေ . . . ဘိုင့်ဘိုင် I Love You"

နောက်ဆုံးတော့လည်း အရာရာဟာ ဂျူးလိုချင်တဲ့ ပုံစံအတိုင်း ဖြစ်လာခဲ့ပါတယ်။ ရိုမီယိုနဲ့ ဂျူးလီယက်ရဲ့ ချစ်ဇာတ်လမ်းက သုံးလအတွင်းမှာပဲ ဇာတ်ပေါင်းခန်းဖြစ်ခဲ့ရုံမက ရိုမီယိုကလည်း မာမီနိုင်ရဲ့ ချစ်ခြင်းမေတ္တာတွေကို အချိန်တိုကလေးအတွင်းမှာ ရရှိခဲ့တာ မယုံနိုင်စရာပါပဲ။

ပြီးတော့ စေ့စပ်ပွဲနဲ့ပတ်သက်ပြီး ဆံပင်၊ မိတ်ကပ်၊ အဝတ်အထည် ဒီဇိုင်နာနဲ့ အစားအသောက်တွေ အားလုံး စီစဉ်ပေးခဲ့တဲ့ ရိုမီယိုရဲ့ စိတ်ကူးအကြံဉာဏ်တွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



လုံးဝငြင်းစရာမလိုအောင် (ဝေဖန်စရာမရှိအောင်) ပြည့်စုံခဲ့ရုံမက ခြံအလှအပနဲ့ အိမ်တွင်း Decoration ကိုပါ ဒီဇိုင်းနာခေါ်ပြီး ပြင်ဆင်မွမ်းမံပေးခဲ့တဲ့ မာမီနိုင်ရဲ့ စိတ်ကူးတွေကလည်း အံ့မခန်းဖွယ်ဖြစ်ခဲ့ပါတော့တယ်။

ရှိမီဟာ မှန်ရှေ့မှာ ဖီးလိမ်းပြင်ဆင်နေတဲ့ ဒက်ဒီ့ကို ကြည့်ပြီး ပြုံးလိုက်မိတယ်။ ဒီတစ်ခါတော့ ဒက်ဒီဟာ Body Scrub ရော၊ Shaving ပါ ပါရှိမှာ စိတ်တိုင်းကျ အစီအပြင် ဆွဲလာခဲ့တာမို့ တစ်ကိုယ်လုံး သန့်ရှင်းတောက်ပြောင်ပြီး လန်းဆန်းတက်ကြွနေပါတယ်။ သူ့စိတ်ထဲမှာ ရုပ်နဲ့နာမ် အစေးမကပ်တဲ့ ပန်းချီမီးဇမှ ဟုတ်သေးရဲ့လားလို့တောင် တွေးလိုက်မိတယ်။

ပြီးတော့ သားဖြစ်သူရဲ့ဘဝအတွက် အမိကကျတဲ့ နေ့ထူးနေ့မြတ်မို့ထင်ပါရဲ့ အလုပ်ကိစ္စတွေကို အစိမ်းလိုက်ဖြတ်ချလိုက်သလို၊ အလုပ်ကိစ္စနဲ့ ပတ်သက်တဲ့ စကားတွေကိုလည်း တစ်လုံးတောင် မပြောတော့ဘဲ ဇေ့စပ်ပွဲတစ်ခုကိုသာ အာရုံစိုက်ခဲ့တာဟာ သူ့အတွက် ကျေနပ်အားရမှုအပြည့်ဖြစ်စေခဲ့ပါတယ်။





သူ ကြည့်နေရင်းကနေ ဒက်ဒီ့အတွက် နာမည်ကြီး ဒီဇိုင်နာတစ်ဦးနဲ့ ကြိုတင်အပ်ထားခဲ့တဲ့ နုံ့သာရောင်ပုဆိုးနဲ့ တိုက်ပုံကို သွားယူပြီး ပေးလိုက်ပါတော့တယ်။

"ဒက်ဒီ . . . ဒီမှာ ဒက်ဒီ့အတွက် သား သေချာပြင်ဆင်ထားခဲ့တာ"

"အောင်မာ"

ဒက်ဒီက ခေါင်းဖီးရင်း လှည့်ကြည့်တယ်။

"လျှော့မတွက်နဲ့နော်။ ဒါ မြန်မာပြည်က နာမည်ကြီးဒီဇိုင်နာနဲ့ အပ်ပေးတာ။ ဒက်ဒီ့ဘော်ဒီဆိုဒ်နဲ့ လုံးဝ စမတ်ကျစေရမယ်"

"ဟာ! . . . မင်းဟာ ကဘယ်လောက်ပဲ စမတ်ကျကျပါကွာ။ ဒီအရောင်ကြီးနဲ့ ဒက်ဒီနဲ့ ဖြစ်ပါ့မလား သားရဲ့။ နရှုပြီး မှန်နံ့သာချယ်နေလိုက်တာ။ ငါ ဇေ့စပ်မှာလား၊ မင်း ဇေ့စပ်မှာလား"

"ဒက်ဒီကလည်း အဝတ်အစားဒီဇိုင်းဆိုတာ သူ့အရွယ်နဲ့သူ၊ သူ့ပွဲနဲ့သူ လိုက်ဖက်အောင် ဝတ်တတ်မှ ကောင်းတာဗျ"

"အေး . . . မင်းပြောတာ မှန်ပေမယ့် ခုဟာက



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပွဲကြီးမှမဟုတ်သေးတာကွ။ စေ့စပ်ပွဲလေးပဲ ရှိသေးတာဆိုတော့ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပဲ မကောင်းဘူးလား။ မင်းတို့ကျတော့ အနောက်တိုင်းဝတ်စုံတွေ ဘာတွေနဲ့"

"ဒက်ဒီကလည်း ကြံဖန်ရစ်ပြန်ပြီဗျာ။ သားတို့က ရိုမီယိုနဲ့ ဂျူးလီယက်လေ။ ဒက်ဒီပဲ မင်းဘာသာမင်း လည်သလို ကြည့်လုပ် ငါ ဝင်ပါရမယ့်အချိန်ကျမှ ဖွင့်ပြောဆို။ ဒီအရောင်က ဒက်ဒီတစ်ယောက်တည်းကို ဆင်တာမဟုတ်ဘူး၊ မာမီ့ကိုလည်း ဒီလိုအရောင် ထဝမ်းဆက်စီစဉ်ပေးထားတာ။ မီဘချင်းလည်း လိုက်ဖက်ပြီး တင့်တယ်နှံညားမှုကွေ ပြည့်ဝသွားအောင်လို့"

"နေစမ်းပါဦး . . . ငါ ရောက်ကတည်းက တမီမီနဲ့ ဒီမာမီနဲ့ ငါနဲ့ကို ယှဉ်လို့မပြီးနိုင်ပါလား။ ငါ အသေတင်းနေပြီနော် ရိုမီ၊ အချိန်နီးကပ်လာတာတောင် Suprise က လုပ်လို့ မပြီးသေးဘူး"

"အဲဒီ Suprise က ဟိုရောက်မှ သိမှာပါဆိုဗျာ"

"ဒီလောက်တောင် ဒိုင်လုံလုပ်ချင်ရအောင်၊ အဲဒီ မာမီက ဘယ်လောက်လှနေလို့လဲ။ မင်းနဲ့ရော ဘယ်





လောက် ရင်းနှီးနေလို့လဲ၊ သူ့ဆီက ချစ်ခြင်းမေတ္တာတွေ မင်းက ဘယ်လောက်များရထားလို့လဲ"

"လုံးဝမယုံနိုင်စရာပဲ ဒက်ဒီ၊ မာမီ့ရဲ့အလှကို မြင်ရင် ဒက်ဒီ ပန်းချီဆွဲပေးချင်စိတ်ကို ပေါက်သွားမှာ။ မသွားခင် hint တစ်ခုတော့ ပြလိုက်မယ်ဗျာ၊ လှပုံစံနဲ့နာမည်နဲ့ အလိုက်ဖက်ဆုံးလူသားက မာမီပဲ"

"ဟင်း!"

"သူ့ဆီက ရင်းနှီးမှုတွေရော၊ ချစ်ခြင်းမေတ္တာတွေရော ဘယ်လောက်ရလိုက်သလဲဆိုတာကတော့ သား ဖြေရမယ်ဆိုရင် ဒက်ဒီမနာလိုဖြစ်သွားလိမ့်မယ်"

"ဖင်ခေါင်းကျယ်လိုက်တာကွာ၊ ဒီကမ္ဘာပေါ်မှာ မင်းအပေါ်ကို ငါ့ထက်ချစ်သူပေါ်လာရင်တောင် ငါ့လောက် မချစ်နိုင်ဘူး"

"အဲဒီအပြောတွေကို ကြိုက်တာ။ ဒီနေ့ကတော့ သေလို့ရသွားပြီ၊ ဘာပဲဖြစ်ဖြစ် သေချာတာကတော့ မာမီက သားကို သူ့သမီးနဲ့တန်းတူ ထားတာပဲ၊ ရှင်းရှင်းပြောရရင် အမေတစ်ယောက်ရလိုက်သလိုပဲဗျာ"

"ဟား . . . ဒါဆို မီးဖေက ကြားထဲက ထီ ထပေါက်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ကွာ"

"ဟား . . . ဟား . . . ဟား"

"အေး . . . ကောင်းပြီ၊ ဒက်ဒီ ဝင်ပါရမယ့်အချိန် ကျပြီ။ ကိုယ့်ကတိနဲ့ကိုယ်ပဲလေ၊ သားက ကောင်းသလို စီစဉ်ပေးထားတာဆိုတော့ သားစိတ်ကြိုက်ဖြစ်စေရမှာပေါ့၊ ဒီတော့ သားဖယာကွမထက် မပိုတောင် မလျော့စေရအောင် ဒက်ဒီ ဝတ်ပုံမယ်ကွာ၊ ဒါနဲ့ မောင့်ကျက်သရေတွေ ဘာတွေ မပါဘူးလားကွ"

"စိတ်ချ ဒက်ဒီ။ တစ်ခုမှ မလစ်ဟင်းရအောင် စီစဉ်ပြီးသား၊ ဒါပေမဲ့ ဒီပွဲမှာတော့ မပါဘူး၊ မန္တလေးပွဲကျမှ ဒက်ဒီ့ကို မောင့်ကျက်သရေခေါင်းပေါင်းနဲ့ သတို့သား ရှုံးလောက်အောင် အပီရှိုင်းပေးမှာ"

"ဟား . . . ဟား . . . ဟား . . . ငါ့သားကတော့ ကွာ"

ဒက်ဒီက သူ့အပြောကြောင့် တဟားဟားအော်ရယ်ပြီး တိုက်ပုံဖြန့်ကြည့်လိုက်၊ ပုဆိုးဖြန့်ကြည့်လိုက်နဲ့ ဝတ်စုံကို စတင်ဝတ်ဆင်ပါတော့တယ်။ ပန်းချီမီးဇက အမွေး အမှင်ကင်းစင်စွာနဲ့ ဒီလိုဝတ်ဆင်လိုက်ပြန်တော့လည်း





ဘရက်ပစ်တို့၊ ကနူးရိဗ်တို့ပဲ မြန်မာရိုးရာဝတ်စုံကို ဝတ်ဆင်ထားသလိုလို။ အဲဒီအချိန်မှာ ဦးလတ်ကလည်း သစ်လွင်ခံ့ညားမှုအပြည့်နဲ့ တံခါးခေါက်ပြီး ဝင်ရောက်လာပါတယ်။

"ဟား . . . ဦးလတ် လန်းနေပါလား"

"ဒါပေါ့ကွာ . . . ဒီနေ့ကတော့ မလန်းလို့မရဘူးလေ၊ ကဲ . . . ဘယ်လိုလဲ ဒီသားအဖေ ပြင်လို့မပြီးသေးတာလား၊ စကားနိုင်လုလို့ မပြီးသေးတာလား"

"နှစ်မျိုးလုံးပဲ ဦးလတ်ရေ၊ ဒက်ဒီက သိတဲ့အတိုင်းပဲ သွားခါနီးတာတောင် သူ သိချင်တာ မသိရလို့ ရစ်နေတုန်း၊ ဒါပေမဲ့ အခု ပြီးပါပြီ"

"အေး . . . ပြီးပြီ ကိုလတ်။ ပွဲက ဆယ်နာရီဆိုတော့ သူတို့အချိန်သတ်မှတ်ပေးထားတဲ့အတိုင်း အဲဒီအိမ်ကို ကိုးနာရီခွဲဝင်နိုင်ရင် ရပြီ။ အခု ခုနစ်နာရီကျော်ကျော်ပဲရှိသေးတာဆိုတော့ လမ်းမှာ ကားကျပ်မှာတွေ၊ မီးပွိုင့်မိချိန်တွေ၊ ဘာတွေ ထည့်တွက်ရင် အချိန်က မှုလုံနိုင်ပါတယ်။ ဒါနဲ့ အားလုံးအဆင်သင့်ဖြစ်ပြီလား။ ငါ ခေါ်ထားတဲ့ ဒရိုင်ဘာရော ရောက်ပြီလား"

"အိုကေပဲ . . . ဗကြီး၊ မင်း စီစဉ်ထားတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အချိန်ကွက်တိရောက်လာကြပြီ။ ငါ ကောင်းကောင်း ညှိခံထားတယ်။ တို့ဘက်က လူ သိပ်မများတော့ ပွဲက သတ်မှတ်တဲ့အချိန်အတိုင်း အစီအစဉ်တကျနဲ့ သေသေသပ်သပ်ကလေး ပြီးသွားမှာပါ"

"ဒီလိုပဲဖြစ်ရမှာပေါ့။ အိုခေ . . . ဒါဆို တို့ တန်းထွက်မယ် ကိုလတ်"

"ဒါနဲ့ နေပါဦး။ သား စေ့စပ်မှာလား၊ ဖအေ စေ့စပ်မှာလား။ ပြင်ထားလိုက်တာက နိုင်ငံခြားသားတစ်ယောက် မြန်မာလိုဝတ်ထားတဲ့အတိုင်းပဲ"

"သိပါဘူးကွာ ဘာတွေမှန်း။ ဒီမောင်ပြုသမျှ နုရတော့မှာပဲ"

"ဟား . . . ဟား . . . ဟား . . . ဟား"

သုံးယောက်သား သဘောကျစွာနဲ့ အခန်းထဲက သွက်သွက်လက်လက် ထွက်လာခဲ့ကြပါတော့တယ်။ ဧည့်ခန်းထဲရောက်တော့လည်း အဆင်သင့်စောင့်ကြိုနေတဲ့ လူကြီးတွေနဲ့ နှုတ်ဆက်စကားပြောဆိုကြပြီး ကားနှစ်စီးဆီ တက်ညီလက်ညီ ချီတက်လာခဲ့ကြတယ်။ ကားနားမှာလည်း ဒရိုင်ဘာက အဆင်သင့်စောင့်ကြိုလို့။ ဒက်ဒီက





လည်း သူနဲ့သားအဖရယ်လို့ မပြောရအောင် သူ့အတွက် ဒီနေ့မနက် စီစဉ်ပေးထားပုံက ပိပိရိရိနဲ့ စနစ်တကျ ရှိလွန်းလှပါတယ်။

တကယ်တမ်း ဖိတ်ခေါ်ရမယ်ဆိုရင် ဒက်ဒီ့ဘော်ဒါတွေက မရေမတွက်နိုင်အောင် များပြားလှပေမယ့် စေ့စပ်ပွဲကလေးဖြစ်တာမို့ ဒက်ဒီက တာနယ်ဇင်းသမားတစ်ယောက်၊ ရှေ့နေတစ်ယောက်နဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ယောက်သာ သီးသန့်ဖိတ်ခေါ်ထားခဲ့တာပါ။ အဲဒီ သုံးယောက်ကလည်း ဒရိုင်ဘာတစ်ယောက်နဲ့ ကားတစ်စီး၊ သူတို့သားအဖနှစ်ယောက်နဲ့ ဦးလတ်ကလည်း ကားတစ်စီးနဲ့ ရှေ့ဆင့်နောက်ဆင့် ထွက်ခွာကြမှာ ဖြစ်ပါတယ်။

အဲဒီအစီအစဉ်နဲ့ပဲ ကားထဲကို အလျှိုလျှိုဝင်ထိုင်ပြီး တပျော်တပါးကြီး ထွက်လာခဲ့ကြပါတယ်။ လမ်းပေါ်ရောက်ရောက်ခြင်း . . .

"ဂျူးလီယက်ကလေး . . . ကိုကိုတို့ ခုပဲ ထွက်လာပြီ"

လို့ အနီးကပ်ဖုန်းလှမ်းဆက်လိုက်မိသေးရဲ့။ ဒါပေမဲ့ လမ်းတစ်ဝက်အရောက်မှာပဲ မထင်မှတ်တဲ့ ပြဿ



www.burmeseclassic.com

www.burmeseclassic.com



နာတစ်ခုက မထင်မှတ်တဲ့ ထောင့်ကနေ ရုတ်တရက် ဝင်ရောက်လာပါတော့တယ်။

ရှိမီဟာ အချိန်ရော၊ နာရီရော၊ ညွှန်ခံမှုပုံစံရော၊ လူမှုဆက်ဆံရေးရော အားလုံး အားလုံး ဘယ်လောက်ပဲ ကွက်တိကျအောင်၊ ဘယ်လောက်ပဲလှပအောင်၊ ဘယ်လောက်ပဲ သေသေသပ်သပ်ဖြစ်အောင်၊ ဘယ်လောက်ပဲ ပျော်ရွှင်စရာကောင်းအောင်၊ ဘယ်လောက်ရင်ခုန်စရာကောင်းအောင် စီစဉ်နိုင်ခဲ့ပါစေ သူ ဘယ်လိုမှ မစီစဉ်နိုင်ခဲ့တာကတော့ (လူတွေ လုံးဝစီစဉ်လို့မရနိုင်တဲ့အရာက) ကံကြမ္မာပဲဖြစ်ပါတယ်။

ဖြစ်ပွားပုံကတော့ လမ်းတစ်ဝက်ရောက်လို့ မီးပွိုင့်တစ်ခုအမိမှာ ဒက်ဒီမျက်နှာကြီးရဲပြီး မအီမသာဖြစ်နေတာကို သတိထားလိုက်မိတာပဲ ဖြစ်ပါတယ်။ သူ ဖြန်းခနဲ ထိတ်လန့်သွားတယ်၊ ကြည့်ရတာ ဒက်ဒီဟာ ဝေဒနာတစ်ခုကို အောင့်အီးသည်းခံထားပုံ ရပါတယ်။

"ဒက်ဒီ ဘာဖြစ်တာလဲ . . . ဒက်ဒီမျက်နှာတစ်မျိုးပဲ"

ဒက်ဒီက ပြန်မဖြေဘဲ ဒီတိုင်း ဟန်မပျက် ကိုယ်



ရှိန်သတ်ပါတယ်။

"ဒက်ဒီ တစ်ခုခုဖြစ်နေပြီ ထင်တယ်။ ဟုတ်တယ် စကားလည်း မပြောတော့ဘူး။ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးကွာ . . . စိတ်အေးအေးထားစမ်းပါ"

"ဒက်ဒီပုံစံ လုံးဝပြောင်းသွားတာ ဘယ်လိုလုပ်စိတ်အေးနိုင်မှာလဲ"

"ဘာဖြစ်တာလဲ"

သားအဖနှစ်ယောက် အမူအရာ ပျက်သွားပုံကြောင့် ဦးလတ်လည်း လှုပ်လှုပ်ရှရှဖြစ်လာပြီး လှည့်မေးပါတယ်။

"ဘာမှမဖြစ်ပါဘူးဆိုကွာ . . . ကားသာ စိတ်ဖြောင့်ဖြောင့်ထားပြီးမောင်း ကိုလတ်။ တစ်ချက် နှစ်ချက် ဗိုက်ထဲက အောင့်လာလို့ပါ"

"တစ်ချက်နှစ်ချက် အောင့်ရုံနဲ့ ပုံစံက ဒီလိုဖြစ်စရာလား။ ဒက်ဒီ ကြိတ်ခံနေပုံရတယ်ဗျာ။ အရမ်းအောင့်တာလား"

"ကဲပါ သားရယ် . . . စိုးရိမ်စရာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အပြန်ကျရင် ဆေးခန်းတန်းဝင်လိုက်မယ်ကွာ။ ဒေသ အပြောင်းအလဲနဲ့ အစားအသောက်အပြောင်းအလဲကြောင့် ဗိုက်မကောင်းတာမျိုး ဖြစ်မှာပါ။ အခု နေသာပါတယ်။ ဒက်ဒီက တစ်ခါတလေ အဲဒီလို အောင့်တတ်တာပဲ"

ဘာပဲဖြစ်ဖြစ် သူ ဘယ်လိုမှ မနေသာတော့ပါဘူး။ ဒက်ဒီကလည်း ဘယ်လိုပဲ နေသာတယ်ပြောပြော သူ့ဝမ်းထဲက ဝေဒနာက ဘယ်လိုမှမနေသာတဲ့အကြောင်း ချက်ချင်းပြလာပါတော့တယ်။ ခဏအတွင်းမှာ ဒက်ဒီ ဘယ်လိုမှ တင်းခံမနေနိုင်တော့ပဲ အမူအရာတွေ အရမ်း ပြောင်းလာပြီး ဗိုက်ကို ကုန်းကုန်းကွကွ ဖိနှိပ်ထားပါတော့တယ်။

"ဟာ . . . ဒက်ဒီ မရတော့ဘူးထင်တယ်။ အရမ်း အောင့်လာပြီထင်တယ်"

"အား . . . ဘာဖြစ်တာပါလိမ့်ကွာ။ အောင့်တာ စိပ်လာသလိုပဲ . . . ကျွတ် . . . ကျွတ်"

"အဲဒါကြောင့်ပြောတာပေါ့။ ဘာလို့ကြိတ်ခံနေတာလဲ ဒက်ဒီရာ။ ဘယ်အချိန်ကတည်းက အောင့်တာလဲ"

"ကားပေါ်ရောက်ကတည်းက ဖြည်းဖြည်းချင်း . . အား . . . ကျွတ်!"



ဒက်ဒီဟာ ပြောရင်းဆိုရင်း လူးကာလိမ့်တာနဲ့ အရမ်းနာလာပါပြီ။ သူလည်း စိုးရိမ်မှုအပေါင်းနဲ့ ထူပူဗျာ ဆိုက်ပြီး ပြာယာခတ်ရပါပြီ။

"မရဘူး . . . မရဘူး . . . နီးရာဆေးခန်းဝင်မှ ဖြစ်မယ်။ ဦးလတ် ရှေ့နားမှာ ဆေးခန်းတွေ့ရင် ချက်ချင်းရပ်။ ပြီးတော့ ရှေ့ကားကို ဖုန်းဆက်ပါ"

"မဖြစ်ဘူး သား။ မလုပ်နဲ့။ စေ့စပ်ပွဲ နောက်ကျသွားရင် သားအတွက် မကောင်းဘူး။ ဒက်ဒီ့ဗိုက်က ခဏနေ ပြန်ကောင်းရင် ကောင်းသွားမှာပါ"

"ဘယ်ဖြစ်မလဲ ဒက်ဒီရာ။ သားကိစ္စမပူပါနဲ့။ သား ဘာသာကြည့်စီစဉ်ပါ့မယ်။ အချိန်ရပါသေးတယ်"

"ဇကြီး . . . မင်း ဘာမှမပြောနဲ့။ လူ့အသက်ထက် ဘာကတန်ဖိုးကြီးနေလို့လဲ၊ ဟော . . . ပြောရင်းဆိုရင်း ဟိုမှာ ဆေးခန်းတွေ့ပြီ"

ဦးလတ်က ပြောပြောဆိုဆို ဆေးခန်းသေးသေးလေးရှေ့မှာ ကားကို ထိုးရပ်လိုက်ပါတယ်။ ပြီးမှ ရှေ့ကားက ဒက်ဒီ့သူငယ်ချင်းတွေဆီ ဖုန်းဆက်လိုက်တော့ ရှေ့ကားကလည်း ချက်ချင်းရပ်ပြီး သူတို့ဆီ ဝိုင်းလာကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဘယ်လိုဖြစ်တာလဲ သူငယ်ချင်း၊ စောစောက အကောင်းကြီး"

"အေး . . . ချက်ချင်းကြီး ဘယ်လိုဖြစ်တာလဲကွ၊ အရမ်းအောင့်တာလား"

"ဘာပဲဖြစ်ဖြစ်ကွာ။ ဒီမှာ ဆေးခန်းကို ရောက်ပြီပဲ၊ ဘာမှမပူနဲ့ ဖကြီး။ ကျန်းမာရေးက အဓိကပဲ။ ကျန်တဲ့ကိစ္စ ငါတို့ကြည့်စီစဉ်မယ်"

အဲဒီလို တရှန်းရှန်းနဲ့ ဒက်ဒီ့ကိုတွဲပြီး ဆေးခန်းလေးထဲ ရောက်လာကြပါတယ်။ ဓာတ်အတွင်း ရရှိလိုက်တဲ့ ဆရာဝန်ရဲ့စမ်းသပ်မှုအဖြေကတော့ အားလုံးကို ရင်မောပြီး စိုးရိမ်ကြောင့်ကြမှုတွေ ဖြစ်ပွားစေခဲ့ပါတော့တယ်။

"ဖြစ်တဲ့လက္ခဏာကတော့ သာမန်ဆေးကုသမှုနဲ့ မရနိုင်ပါဘူး၊ အစာအိမ်နဲ့ ပတ်သက်ပါလိမ့်မယ်။ ဒါမှ မဟုတ် အူမှာအနာဖြစ်တာမျိုး၊ အူအတက်ပေါက်တာမျိုး ဖြစ်နိုင်တယ်လို့ ခန့်မှန်းရပါတယ်။ ဒီတော့ ခွဲစိတ်ကုသမှု ခံယူရလိမ့်မယ်လို့ ထင်ပါတယ်၊ ဆေးရုံတစ်ခုကို ချက်ချင်းပဲ သွားလိုက်ပါ။ မြန်မြန်ရောက်လေ ကောင်းလေပါပဲ"

အားလုံး ဘာမှကို ပြန်မပြောနိုင်ကြတော့ဘဲ





တရှန်းရှန်းနဲ့ ကားဆီ ပြန်ရောက်လာခဲ့ကြပါတယ်၊

"အိုခေ . . . ရပြီ၊ ဒက်ဒီ့အတွက် ဘာမှပူနဲ့၊ ဧစ့ဝပ်ပွဲက နောက်ကျလို့မရဘူး။ ဒီတော့ သားက လူကြီးတွေနဲ့ သွားလိုက်၊ ဒက်ဒီက ကိုလတ်နဲ့ ဆေးရုံတစ်ခုကို သွားလိုက်မယ်၊ မိဘအုပ်ထိန်းသူမပါတာကတော့ သေရေးရှင်းရေးမို့လို့ သား ဖြေရှင်းနိုင်လိမ့်မယ်လို့ ဒက်ဒီ ယုံကြည်တယ်"

"ဟာ . . . ဒီကောင်"

"ဒီအချိန်မှာ ဒီစကားတောင် ပြောနေဦးမှာလား"

"ပူမနေပါနဲ့ ဖကြီးရာ။ ကားပေါ်သာ မြန်မြန် တက်စမ်းပါ"

"မဟုတ်ဘူး၊ ငါ ဗိုက်အောင့်တာထက် ရင်ဘတ်ထဲက ပိုအောင့်လာသလိုပဲ၊ ငါ့သားစိတ်ကို ငါပဲ သိတယ်။ ဒီပွဲက ပျက်ဖို့မပြောနဲ့ အချိန်တစ်မိနစ်တောင် နောက်ကျလို့ ရတဲ့ပွဲ မဟုတ်ဘူး။ ဒက်ဒီ့စကားကို နားထောင်ပါ သားရယ်"

"ဒက်ဒီရယ် အဲဒါတွေ မပြောပါနဲ့။ ဆေးရုံကို မြန်မြန်ရောက်ဖို့ပဲ အာရုံစိုက်ပါ။ ဒီအချိန်မှာ ဒက်ဒီ ပြောသလို လုပ်နိုင်ပါဘူး၊ သားတို့ပြောသလိုပဲ လုပ်ပါ။ သားမှာ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အဖေတစ်ယောက်တည်းပဲ ရှိတာပါ။ ဒီလိုအချိန်မျိုးမှာ ဒက်ဒီ့ကိုထားပြီး သားက ဘယ်လိုနေရာမျိုးကို ဘယ်လို မျက်နှာမျိုးနဲ့ သွားရက်မှာလဲ"

"ဟုတ်တယ် . . . မင်း ဘာမှမပြောနဲ့တော့ ဖေကြီး ငါတို့ကြည့်လုပ်ပါ့မယ်ဆိုကွာ"

အဲဒီလို တရှန်းရှန်းနဲ့ပဲ အားလုံး ပျာယာခတ်စွာ ဝိုးရိမ်ကြီးစွာနဲ့ နာမည်ကြီး ဆေးခန်းတစ်ခုဆီ အမြန်ဆုံး မောင်းထွက်ခဲ့ကြပါတော့တယ်။ နာရီကို ကြည့်လိုက်တော့ ရှစ်နာရီ မိနစ်လေးဆယ်။

သွားပြီ . . .

သူ ထိတ်လန့်တုန်လှုပ်ခဲ့ရပြီ။

ရင်တစ်ခုလုံး ပူပြင်းလောင်မြိုက်ရခဲ့ပြီ။

မိနစ် ငါးဆယ်၊ တစ်နာရီလောက်နဲ့ ရန်ကုန်မြို့တွင်းရဲ့ အသွားအပြန်ခရီးလမ်းဟာ သူ့အတွက် ဘယ်လို အဆင်ပြေနိုင်တော့မှာလဲ။ ရှိမီရဲ့ရင်တွေ ပူပြင်းလောင်မြိုက် ရှုံမက တစ်ခေါင်းလုံး မီးဟုန်းဟုန်း ထတောက်ခဲ့ရပါပြီ။

တစ်ဖက်က ။ အချိန်တစ်မိနစ် တစ်စက္ကန့်
အထိမခံတဲ့ ယောကျ်ားမ . . .





ဘဝတစ်သက်တာအတွက်
မင်္ဂလာရှိတဲ့ စေ့စပ်ပွဲ . . .
တစ်ဖက်က ။ မထင်မှတ်တဲ့ ဝေဒနာကို ခံစား
လိုက်ရတဲ့ မွေးသဖခင် . . .
မိဘရဲ့ဒုက္ခသရေး ရှင်ရေးအတွက်
လွှန်ဆွဲပွဲ . . .

ရှိမီဟာ နာရီကိုကြည့်နေရင်း ရင်ထဲမှာ ထိတ်လန့်တုန်လှုပ်စွာနဲ့ပဲ ဂျူးလိယက်ဆီ ဖုန်းခေါ်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

"လုလိုက်တာ ဂျူးရယ်။ ဒီတစ်ခါ ပန်းချီမီးဖကြီးနဲ့ မျက်နှာချင်းဆိုင်တွေ့ရတော့မှာဆိုတော့ နင့်မျက်နှာကို အရင်လို ဝါးတားတားမဟုတ်တော့ဘဲ ကွက်တိတူအောင်ကို ဆွဲပေးတော့မှာ။ ကိုရှိမီကလည်း ဒီပုံစံကိုမြင်ရင် သည်းသည်းလှုပ်ဖြစ်တော့မှာပဲ"

" . . . "

"ဒဏ္ဍာရီပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ရှိမီနဲ့ ဂျူးလို



www.burmeseclassic.com

www.burmeseclassic.com



ယက် ဝင်စားတာ သေချာလောက်တယ်။ အရင်ဘဝတာ မိဘတွေရဲ့ သွေးသားတူညီမှု မရခဲ့သမျှ ဒီဘဝမှာ အားလုံးရဲ့ အလိုလိုက် ဂရုစိုက်မှုတွေကို ခံနေရတာ"

"...."

"ရေမရှိုးခင်ကလည်း မှန်ကြည့်နေတာ တစ်နာရီ။ အလှပြင်ပြီးပြန်တော့လည်း မှန်ရှေ့ကို မခွာဘူး။ လှပါတယ် သမီးရယ်။ စကားလေးဘာလေးလည်း ပြောပါဦး။ နာရီလေး ဘာလေးလည်း ကြည့်ပါဦး"

"...."

"ကြည့်စမ်း၊ ခုထိ မှန်ကြည့်လို့ မဝသေးဘူးလား ဒေါ်ရွှေဂျူး။ ဘုရားရေ သမီးရဲ့သူငယ်ချင်း စိတ်ကောင်းကောင်းသေးရဲ့လားကွယ်။ ရှိမိန့်တွေ့တိုင်း မျက်နှာပြင်တာလည်း သိပ်မရှိခဲ့ပါဘူး။ မှန်ကြည့်တာလည်း၊ သိပ်မတွေ့ခဲ့ပါဘူး။ ဒီနေ့မှ ဘယ်လိုဖြစ်ပါလိမ့်မယ်။ ကေ့နှ နိုင်ငံကျော် ပန်းချီဆရာကြီး မီးဇပါလာတော့မှာမို့လို့ ဒီလောက်လှချင်နေတာထင်ပါရဲ့"

"ဟား . . . ဟား . . . ဟား . . . ဟုတ်တယ် ဟုတ်တယ်။ အန်တီကြီးပြောတာ မှန်တယ်"



နာမည်ကြီးမိတ်ကပ်ဒီဇိုင်နာတစ်ယောက်ရဲ့ လက်ရာနဲ့အတူ ဖြူလွှနေတဲ့ အနောက်တိုင်းဂါဝန် ပုံဆန်းဆန်းလေးနဲ့ လှချင်တိုင်း လှနေတဲ့ ဂျူးကို ဘုရားကြီးက တစိမ့်စိမ့်ကြည့်ပြီး အားကျလို့ မဆုံး ဖြစ်နေပါတယ်။

ကြီးကြီးခင်ကလည်း တူမချောလေးရဲ့အလှကို မကြာခဏ ဝင်လာကြည့်လိုက် ပြန်ထွက်သွားလိုက်နဲ့ တတွတ်တွတ်ပြောပြီး ကြည့်မဝ ရှုမဝဖြစ်နေပါတယ်။

မာမီနိုင်ကတော့ တစ်ခေါက်သာလာကြည့်ပေမယ့် သမီးချောလေးရဲ့အလှကို ကျေနပ်အားရမှုအပြည့်ရှိတဲ့ အပြုံးနဲ့ အသိအမှတ်ပြုသွားပြီး ဧည့်ခန်းထဲမှာ သူ့အပေါင်းအသင်းများကိုသာ ဧည့်ခံနေပါတော့တယ်။

ဂျူးကရော ဘာတွေးလို့လဲ။ ကြီးကြီးခင်နဲ့ ဘုရားကြီး အနားလာပြီး ဘယ်လောက်ပဲ နားပူအောင်လုပ်လုပ် တစ်ခွန်းမှ ပြန်မပြောဘဲ . . .

- ဒီစေ့စပ်ဂါဝန်လေးနဲ့ ငါနဲ့ အရမ်းလိုက်ဖက်ပါလား။
- ဒီခေတ်မိတ်ကပ်ပညာတွေက အရမ်းအံ့ဩစရာကောင်းပါလား . . .
- ပါးပါးလေးလိမ်းရုံနဲ့ ပိုလှပြီး ရုပ်ပြောင်းသွားသလို

www.burmeseclassic.com

www.burmeseclassic.com



ထင်ရပါသလား . . .

ဆိုတဲ့ အတွေးတွေနဲ့ မှန်ကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝင့်ကြွားနေတာ ဖြစ်ပါတယ်။

"ဟဲ့ . . . ဂျူးဂျူး"

"အို . . . လန့်သွားတာပဲ ကြီးကြီးရယ်"

ဒီတစ်ခါတော့ ကြီးကြီးခင်ပုံစံက ပြုံးပြုံးပြာပြာ ဝင်ရောက်လာတာမို့ ဂျူး ပြန်မပြောလို့ မရတော့ပါဘူး။

"အချိန်က အရမ်းနီးလာပြီ သမီးရဲ့၊ ခုထိရောက်မလာကြသေးဘူး။ ဟိုမှာ နိုင်က နာရီကြည့်လိုက် လမ်းကြည့်လိုက် ကြီးကြီးခင်ကို ကြည့်လိုက်နဲ့ သူ့အကြည့်နဲ့တင် ကြီးကြီးခင် ရင်တွေ တုန်လာပြီ သမီးရယ်"

"ဘာများလဲလို့ . . . ရောက်လာတော့မှာပါ ကြီးကြီးရယ်။ အချိန်လိုပါသေးတယ်။ စောစောက ထွက်လာပြီလို့ ဖုန်းဆက်သားပဲ"

"အေး . . . ဒီမှာက နိုင် ဖိတ်ထားတဲ့လူတွေ စုံသလောက် ရောက်နေပြီ။ ဘာပဲဖြစ်ဖြစ် ဖုန်းထပ်ဆက်ကြည့်လိုက်ပါဦးလား။ လမ်းမှာ တစ်ခုခုဖြစ်နေမှာ ကြီးကြီးခင် စိုးရိမ်တယ် သမီးရယ်။ တော်ကြာ မယ်တိကျ မယ်



စည်းကမ်းက အချိန်နီးပြီဆိုရင် ဘယ်ဖုန်းမှ လက်ခံမှာ မဟုတ်တော့ဘူး"

"ကြီးကြီးကလည်း လမ်းပေါ်ရောက်နေပြီပဲဟာ၊ ခုချိန်မှာ ဖုန်းလှမ်းဆက်တာမျိုးက တစ်ဖက်သားကို စိတ်အနှောင့်အယှက် ပေးသလို ဖြစ်တတ်ပါတယ်။ ကိုကိုက မာမီ့စိတ်ကြိုက်ဖြစ်ခဲ့ပြီပဲ၊ ကြီးကြီး အသိဆုံးပဲမလား၊ အချိန်တိကျတဲ့နေရာမှာ မာမီ့ထက် မသာရင်တောင် လုံးဝ မလျော့စေရပါဘူး"

"ဟုတ်ပါတယ် . . . အန်တီလေးက အချိန်နဲ့ ပတ်သက်ပြီး ခံစားချက်ရှိခဲ့လို့ အရမ်းစိုးရိမ်ပြီး တွေးကြောက်နေတာပါ၊ မကြာခင်ရောက်လာတော့မှာပါ။ စိတ်လျှော့ထားပါ အန်တီကြီးရယ်"

"အေးပါကွယ် . . . အေးပါ . . . အေးပါ"

ကြီးကြီးခင် နောက်တစ်ခေါက်ပြန်ထွက်သွားပြန်တယ်၊ ဘုရားကလည်း ကြီးကြီးခင် စိတ်လျှော့သွားအောင်လို့သာ ဖြေသိမ့်လိုက်တာထင်ပါရဲ့၊ မျက်နှာမှာ စိုးရိမ်မှုတွေ ဖုံးလွှမ်းလာပြီး ကြီးကြီးခင်နောက်ကို လိုက်ပါသွားပြန်တယ်။ ခဏနေတော့ အရေးတကြီး ဝင်လာပြန်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



"ဂျူးရေ . . . အန်တီကြီး ပြောတာ ဟုတ်တယ်။ ဧည့်ခန်းထဲမှာ လူတွေ တော်တော်စုံနေပြီ။ အန်တီလေးက လည်း နာရီကိုကြည့်လိုက်၊ လမ်းကိုလှမ်းကြည့်လိုက်၊ ငါ့ကို ကြည့်လိုက်၊ အန်တီကြီးကို ကြည့်လိုက်နဲ့ မျက်နှာပုံစံ လုံးဝ ပြောင်းသွားပြီး ဘာပဲဖြစ်ဖြစ် အန်တီလေး ဒီထက်ပိုပြီး မျက်နှာမပျက်အောင် နင် ခဏလောက် ထွက်ပေးလိုက်ပါ လား"

"ဟင့်အင်း . . . မဖြစ်ဘူး ဘရဏီ၊ မာမီက တစ် ဖက်က လူကြီးတွေရောက်လာမှ သူကိုယ်တိုင် လာခေါ် မယ်လို့ စည်းကမ်းထုတ်ထားတယ်လေ။ လာခါနီးပါပြီ"

တကယ်တမ်းကျတော့ ဂျူးလည်း ပြောသာပြော လိုက်ရတာ အချိန်က တကယ်ပဲ အရမ်းနီးလာပြီမို့ ရင်ထဲ မှာ စိုးရိမ်စိတ်တွေ ဖိဆီးလာပါပြီ။ နာရီကို လှမ်းကြည့်လိုက် တော့ ကိုးနာရီ ငါးမိနစ်၊ ဘုရားရေ . . . အချိန်တွေ ဘာဖြစ်လို့အကုန်မြန်ရတာလဲ။ နှစ်ဆယ့်ငါးမိနစ်လောက်နဲ့ ကိုကို ရောက်လာနိုင်ပါတော့မလား။

ကြည့်စမ်း . . . ကြည့်နေရင်းနဲ့ ခုနစ်မိနစ်ဖြစ်သွား ပြီ။



ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး။ ကိုကို ရောက် လာမှာပါ။

ကိုးနာရီ မိနစ်သုံးဆယ်မပြည့်ခင် ကိုကို တကယ် ရောက်လာမှာပါ။

ဂျူးရင်ထဲမှာ စိုးရိမ်စိတ်တွေ ဖိစီးလာရုံတင်မက တော့ဘဲ ကြောက်ရွံ့ထိတ်လန့်မှုတွေပါ ဝင်ရောက်တိုက် ခိုက်လာပြီမို့ အခန်းအပြင်ထွက်ပြီး ဧည့်ခန်းထဲက အခြေ အနေကို ချောင်းကြည့်လိုက်မိပါတော့တယ်။ ဘရဏီက လည်း ဂျူးနောက်မှာ လာရပ်တယ်။

မာမီ မမြင်အောင်ကြည့်လိုက်တဲ့အခါမှာတော့ မာမီဟာ တကယ်ပဲ ဧည့်သည်တွေကို ဣန္ဒြေမပျက် ဧည့်ခံ နေပါတယ်။ ဒါပေမဲ့ မာမီ ဘယ်လောက်ပဲထိန်းထားနိုင်ပါ စေ နာရီကိုကြည့်လိုက်၊ အိမ်ရှေ့ကို လှမ်းကြည့်လိုက်၊ ကြီး ကြီးခင်ကို ကြည့်လိုက်နဲ့ အပူရုပ်ကို ဟန်လုပ်နေရတဲ့ အမူ အရာတွေက မျက်နှာပေါ်မှာ သိသိသာသာထင်ဟပ်လို့ လာပါပြီ။ ကြီးကြီးခင်ရဲ့ လဝန်းပမာ ခံ့ညားတဲ့မျက်နှာကြီးက လည်း မှုန်မှုန်မှိုင်းမှိုင်းနဲ့ သေးငယ်လို့နေပါပြီ။ ဧည့်သည် တွေကလည်း ငြိမ်တဲ့လူက ငြိမ်လို့။ မျက်လုံးတွေ တောင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့် မြောက်ကြည့်နဲ့ လှုပ်လှုပ်ရှားရှားဖြစ်တဲ့လူက ဖြစ်လို့။

ဂျူးရင်ထဲမှာလည်း စိုးရိမ်စိတ်တွေရော၊ ကြောက်စိတ်တွေရော၊ ရှက်စိတ်တွေရော မုန်တိုင်းထန်ပြီး တလှုပ်လှုပ်တုန်ခါလို့လာပါပြီ။ အဲဒီလို ကြည့်နေရင်းကနေ မာမီဟာ ဘယ်လိုမှ မထိန်းနိုင်တော့တဲ့ပုံစံမျိုးနဲ့ ဖျတ်ခနဲ ထလာပါတော့တယ်။ ကြီးကြီးခင်ကလည်း မာမီ့နောက်က ထက်ကြပ်မကွာ လိုက်ပါလာတယ်။ ဂျူးတို့နှစ်ယောက်လည်း ဖြုန်းခနဲ အခန်းထဲပြေးဝင်ခဲ့ပါတော့တယ်။ နာရီကို ကြည့်လိုက်တော့ ကိုးနာရီ ဆယ့်ရှစ်မိနစ်။

သွားပြီ . . . ကိုကိုဘာဖြစ်လို့ရောက်မလာသေးတာလဲ။

ဆယ်မိနစ်အတွင်းမှာ ကိုကို အရောက်လာနိုင်ပါတော့မလား။

ဆယ်မိနစ်လောက်နဲ့ ရှိမိယိုကိုကိုနဲ့ ဂျူးလိယက်ပျိုပျိုတို့ရဲ့ အချစ်ဇာတ်လမ်းကို ကမ္ဘာကျော်ရှိမိယိုနဲ့ ဂျူးလိယက်ရဲ့ အချစ်ဇာတ်လမ်းလို အဖြစ်ခံရတော့မှာလား။ ဟင့်အင်း . . . မဖြစ်ရပါဘူး။ အဲဒီလိုမဖြစ်ရပါဘူး။ အားလုံးအဆင်ပြေသွားမှာပါ။



"အချိန်မရှိတော့ဘူး ဘရက်ကီ။ ဘယ်လိုလုပ်ကြမလဲ"

" . . . "

"တကယ်ပဲလား . . . တကယ်ပဲ စိုးရိမ်ရတဲ့အခြေအနေ ဖြစ်ခဲ့ပြီလား"

"မသိဘူး . . . မသိဘူး။ ငါ ကြောက်လာပြီ ဂျူးရယ်။ ကြောက်လွန်းလို့ ဘာဆိုဘာမှမပြောတတ်တော့ဘူး"

ဘရက်ကီ့စကားအဆုံးမှာပဲ မာမီနိုင်နဲ့ ကြီးကြီးခင် အခန်းထဲကို ဝင်ရောက်လာပါတော့တယ်။ ဂျူးရှေ့ကို ခပ်ဆောင့်ဆောင့်လာရပ်ပြီး ဂျူးမျက်နှာကို စူးစူးနင့်နင့် စိုက်ကြည့်လိုက်တဲ့ မာမီ့ရဲ့မျက်လုံးတွေက ဂျူးကို ပြာကျမသွားခဲ့စေပေမယ့် ဆွံ့အသလိုတော့ ဖြစ်သွားခဲ့စေပါတယ်။ အဲဒီလို စိုက်ကြည့်ရင်းကနေ သူ့လက်မှပတ်ထားတဲ့ (စိန်တွေစီထားတဲ့) အိုမီဂါနာရီကို ထောင်ပြပါတယ်။ ဂျူး မာမီ့မျက်နှာကို ဘယ်လိုမှ ရင်မဆိုင်ရဲတော့ဘဲ ခေါင်းငုံ့ထားလိုက်မိပါတယ်။

"ငါ အရမ်းသည်းခံနေရပြီ မိဂျူး။ စိတ်ကို မနည်းထိန်းထားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



" . . . "

"ဒီအခြေအနေကို ငါ မလိုချင်ဘူး။ ဒီလိုခံစားမှုမျိုးကို ငါ အရမ်းကြောက်တယ်။ ဒါကြောင့် ငါ့ဘက်က အခွင့်အရေးတွေ အများကြီးပေးခဲ့ပါတယ်။ ယုံကြည်မှုတွေလည်း အများကြီးပေးခဲ့တယ်၊ အချိန်ပိုတွေလည်း ပေးခဲ့တယ်၊ ဒါပေမဲ့ အခု . . . အခု . . . တော်ပြီ"

"ဂျူး သိပါတယ် မာမီရယ်၊ ကိုကိုက ထွက်လာပြီလို့ ဖုန်းဆက်ထားပါတယ်၊ ဆယ်မိနစ်အတွင်းမှာ ရောက်လာနိုင်ပါတယ်။ ကိုကိုက မာမီ့လိုပဲ အချိန်ကို အရမ်းတန်ဖိုးထားတဲ့သူပါ"

"တော်ပြီ . . . မပြောနဲ့။ အဲဒီဆယ်မိနစ် ငါ ထပ်စောင့်မယ်"

ပြောပြောဆိုဆို မာမီနဲ့ကြီးကြီးခင် ထွက်သွားပါတော့တယ်။ ဂျူးရဲ့ရင်တွေ တုန်လှုပ်နေသလို အသံတွေပါ ကတုန်ကယင်ဖြစ်ခဲ့ရပါပြီ၊ ဘရက်ဂီလည်း ဖနေရာနေရာမရှိ ဖြစ်ခဲ့ရပါပြီ၊ နောက်ဆုံးတော့ ဂျူးစိတ်ထဲမှာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ယုံကြည်ထားခဲ့တဲ့ကိစ္စ၊ ပြီးတော့ မာမီနဲ့ ကြီးကြီးခင် သေကောင်ပေါင်းလဲ စိုးရိမ်ပူပန်ခဲ့တဲ့ကိစ္စ၊ အဲဒီ



ကိစ္စနှစ်ခုဟာ ခဏအတွင်းမှာ တကယ်ပဲ သေချာပေါက် ဖြစ်လာခဲ့ပါတော့တယ်။

အဲဒါကတော့ မာမီနိုင် အပြင်ထွက်သွားစဉ်မှာ ကိုကို့ဆီက ဖုန်းဝင်လာခဲ့တာပါပဲ။ ဂျူးရင်ထဲ ဒိုင်းခနဲဖြစ်ပြီး ဖုန်းကို ပျာပျာသလဲ ဆွဲယူလိုက်မိတယ်၊ ဘရက်ဂီကလည်း အနားရောက်လာတယ်။

"စပီကာဖွင့်လိုက် ဂျူး"

"ဂျူး"

"ကိုကို ရောက်ခါနီးပြီမှလား။ ဂျူးတို့လမ်းထိပ်ကို ရောက်လာပြီမှလား"

"ဂျူး . . . ကိုကို ပြောတာကို နားထောင်ပါဦး"

"ဟင့်အင်း . . . ဂျူးပြောတာပဲ နားထောင်ပါ၊ ကိုကိုက အိမ်ရောက်မှ ပြောပါ။ အချိန်စေ့တော့မယ် ကိုကိုရဲ့ ဘာဖြစ်လို့နောက်ကျနေတာလဲ။ ဒီမှာ မာမီက Warning ပေးနေပြီ"

"ဂျူးရယ် . . . ကိုကို တောင်းပန်ပါတယ်"

"ဟင်၊ ဘာလဲ . . . ဘာကိုတောင်းပန်တာလဲ"

" . . . "

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ကိုကို၊ ဘာဖြစ်နေတာလဲ"

"ကိုကို တကယ်ပဲ တောင်းပန်ပါတယ်၊ စိတ်မကောင်းလည်း အရမ်းဖြစ်နေပါတယ်၊ ကိုကိုဟာ မာန့်စိတ်တိုင်းကျရော အချစ်ရဲ့အလိုတော်အတိုင်းရော စီစဉ်နိုင်ခဲ့ပါတယ်၊ ဒါပေမဲ့ ကံကြမ္မာကို မစီစဉ်နိုင်ခဲ့ဘူး"

". . ."

"ကိုကိုတို့ ထွက်လာတုန်းမှာပဲ လမ်းတစ်ဝက်မှာ ဒက်ဒီ ဗိုက်အရမ်းအောင့်လာလို့ ဆေးရုံပို့လိုက်ရပြီ၊ စိုးရိမ်ရတယ်၊ ရိုးရိုးအောင့်တာ မဟုတ်လို့ Operation လုပ်ရတော့မယ်၊ အဲဒါ . . ."

ဂျူး ခေါင်းထဲ မူးမိုက်ပြာဝေသွားတာမို့ လဲမကျအောင် မနည်းကြိုးစားထိန်းလိုက်ရပါတယ်၊ ဘရက်ကတော့ အနားက နံပေါ်ကို အရှိန်ကြီးပြတ် ပစ်ကျသွားလေရဲ့

"ကိုကို . . . ကျစ်! . . . ဘယ်လိုပြောရတော့မလဲ ဂျူးရယ်၊ ကိုကို ဘာလုပ်ရတော့မလဲ"

"ဖြစ်မှဖြစ်ရလေ ကိုကိုရယ်၊ ဂျူး နားလည်ပါပြီ ဒါ သေရေးရှင်ရေးကိစ္စပဲ၊ ဘယ်တတ်နိုင်တော့မှာလဲ၊ ဂျူး မာန့်ကို ဒီလိုပဲ ရင်ဆိုင်ရတော့မှာပေါ့"



"ဒါပေမဲ့ ဒက်ဒီရဲ့ Result ကို သိသချင်း ကိုကို အရောက်လာခဲ့မှာပါ။ အခုလည်း လူကြီးတွေလာဖို့ စီစဉ်နေပါပြီ၊ မရနိုင်တော့မှန်းသိပေမယ့် ကိုကို့ဘက်က တာဝန်ကျေအောင် တောင်းပန်မှာပါ။ မာမီရဲ့ခွဲလမ်းမှုပြဿနာကိုလည်း ကိုကို သိပြီးသားဆိုတော့ ဂျူးက ဘာပဲဖြစ်ဖြစ် ကိုကို့ဘက်က ရှိနေပေးမယ်လို့ ကိုကို ယုံကြည်ပါတယ် ဂျူးရယ်"

". . ."

"ပြီးတော့ အခု ပျက်သွားတဲ့အစီအစဉ်အတွက် ဂျူးနဲ့မာမီတို့ရဲ့ အရှက်သိက္ခာကို ကိုကို မရ ရအောင် ပြန်ဆယ်ပေးပါ့မယ်လို့ ကတိပေးပါတယ်"

"ရပြီ ကိုကို၊ အဲဒါတွေ မပြောပါနဲ့တော့၊ ဒက်ဒီကိုသာ ဂရုစိုက်ပါ၊ ဂျူးဘက်က ကိုကိုပြောသလို ဘယ်တော့မှ မပြောင်းလဲပါဘူး။ အချိန်မရွေး ကိုကို့ဘက်က ရပ်တည်ပေးမယ်ဆိုတာ ယုံလိုက်ပါ ကိုကို"

ဂျူးဟာ ဖုန်းပြောပြီးပြီးချင်းပဲ အခန်းထဲကနေ အပြေးတစ်ပိုင်းနဲ့ ထွက်လာခဲ့မိပါတယ်၊ အဲဒီအချိန်မှာ ကိုးနာရီခွဲသွားပြီထင်ပါရဲ့၊ မာမီနဲ့ ကြီးကြီးလည်း ဂျူးတို့ဆီ

www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်လှမ်းလာနေပါတယ်။

"မာမို . . . ကြီးကြီး . . ."

" . . . "

"မာမီ . . . ကိုကို့ဆီက ခုပဲဖုန်းရပါတယ်။ လမ်းမှာ ဒက်ဒီ . . ."

"တော်ပြီ . . . မပြောနဲ့။ နင့်ပါးစပ်ကို ပိတ်"

ကြည့်စမ်း . . . မာမီဟာ အရှိန်ကွက်တိစေ့သွားတာနဲ့ ဂျူးကိုကြည့်တဲ့မျက်ဝန်းတွေရော၊ အော်လိုက်တဲ့ အသံကြီးရော အရမ်းကို ကြောက်စရာကောင်းသွားပါတယ်။ ပြီးတော့ ထင်သလို ဂျူးဆီလာတာမဟုတ်ဘဲ ဂျူးရှေ့ကနေဖြတ်ပြီး အနောက်ခန်းထဲကို ခပ်မြန်မြန်ပြေးဝင်သွားပါတယ်။

အဲဒီပုံစံကြောင့် ဂျူးတို့အားလုံး ပြူးပြူးပျာပျာဖြစ်ပြီး မာမီ့နောက်ကို အပြေးလိုက်ကြည့်ခဲ့တဲ့အချိန်မှာ မာမီ ဘေစင်မှာ တဝေါ့ဝေါ့နဲ့အန်ချနေတာကို တွေ့လိုက်ရပါတော့တယ်။ အန်တဲ့အထဲမှာ တံတွေးကလွဲလို့ ဘာမှပါ မလာခဲ့ပါဘူး။ ခံစားချက်တွေကို အန်ချလိုက်တဲ့သဘောပဲပေါ့။

"နိုင်"



"မာမီ"

"အန်တီလေး"

"မပြောနဲ့ . . . ငါ့ကို ဘာမှမပြောနဲ့"

" . . . "

"ဘာကြောင့် ဒီလိုဖြစ်အောင်လုပ်ရတာလဲ။ ဘာဖြစ်လို့ ငါ့ကို ဒီလိုခံစားမှုမျိုးပေးရတာလဲ"

ဆိုပြီး နားနှစ်ဖက်ကို ပိတ်ရင်း အသံကုန်အော်ပါတယ်။ ပြီးတော့ ဂျူးမျက်နှာကို စိုက်ကြည့်လိုက် ကြီးကြီးခင် မျက်နှာကိုစိုက်ကြည့်လိုက်နဲ့ မာမီဟာ အသက်ရှူတွေမြန်ပြီး ခံစားမှုကို ကြိုးစားချုပ်ထိန်းနေပါတယ်။

ကြည့်စမ်း . . . ဂျူး တစ်သက်မှာ မာမီရဲ့အချိန်နဲ့ပတ်သက်တဲ့ခံစားမှုကြီးကို ဒီတစ်ခါ အဆိုးဝါးဆုံးမြင်လိုက်ရတာပါပဲ။ အဲဒီလို ဂျူးနဲ့ကြီးကြီးခင်ကို စိုက်ကြည့်နေတဲ့ မျက်ဝန်းတွေကလည်း ပါးစပ်ကပြောခဲ့တဲ့စကားတွေထက် အဓိပ္ပာယ် အများကြီးသက်ဝင်နေပါတယ်။

ဂျူးကိုကြည့်နေတဲ့ မျက်ဝန်းတွေက ငါးစားတော့မလို မာန်ဖီနေတဲ့မျက်ဝန်းမျိုး (ဇာစ်နည်းအားဖြင့်) ထုရိုက်ဆောင့်ကန်ပြီး အော်ဟစ်သောင်းကျန်းဖြစ်ချင်တဲ့ မျက်ဝန်းမျိုး။

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးခင်ကို ကြည့်တဲ့ မျက်ဝန်းတွေက ရီဝေမှိုင်းညို့ပြီး နူးကျင်ဆွေးမြည့်နေတဲ့မျက်ဝန်းမျိုး (တစ်နည်းအားဖြင့်) ကလေးတစ်ယောက်လို ရင်ခွင်ထဲဝင်ပြီး တိုင်တန်း ငိုကြွေးတော့မယ့် မျက်ဝန်းမျိုး။

ပြီးတော့ ဂျူးကို စူးစူးနင့်နင့် စိုက်ကြည့်လိုက်၊ ကြီးကြီးခင်ကို မျက်ရည်ဝဲစွာ စိုက်ကြည့်လိုက်နဲ့ အရောင်အမျိုးမျိုးပြောင်းပြီး ဖျော့်ခနဲ အခန်းအပြင်ကို ပြန်ထွက်သွားပါတော့တယ်။ ဧည့်ခန်းထဲ ပြန်ရောက်သွားတဲ့အချိန်မှာတော့ မာမီဟာ သူ့ရဲ့သတ်မှတ်ချိတ်ကုန်ဆုံးသွားခဲ့ပြီမို့ လုပ်နေကျ ထုံးစံအတိုင်း အလုပ်တစ်ခုကို ပြတ်ပြတ်သားသား ပြုလုပ်လိုက်ပါတော့တယ်။

"ကြွရောက်လာတဲ့ လူကြီးမင်းများနဲ့ မိတ်ဆွေအပေါင်းအသင်းများကို အနူးအညွတ် မေတ္တာရပ်ခံပါတယ်ရှင်။ ဒီနေ့ စေ့စပ်ပွဲအစီအစဉ်ကို အကြောင်းမညီညွတ်လို့ အခုပဲ ဖျက်သိမ်းလိုက်ပါပြီ။ နားလည်ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ အထူးပဲတောင်းပန်ပါတယ် ရှင်"

သွားပြီ။ အားလုံးပါးစပ်ဟောင်းလောင်းဖြစ်ခဲ့ ရပြီ။

"နိုင်"

●——ရွှေပေသာ——●



ကြီးကြီးခင်ကလည်း နာမည်တစ်လုံးသာ တ, လိုက်နိုင်ပြီး ဧည့်သည်တွေရှိနေတာကတစ်ကြောင်း၊ ပြဿနာဖြစ်ပြီးတိုင်း ပြောရေးဆိုခွင့် မရှိတာက တစ်ကြောင်းတို့ကြောင့် ကိုယ်ရှိန်ပြန်သပ်လိုက်ပါတယ်။ တစ်ဖက်က လူကြီးတွေ ရောက်မလာလို့ တောင်ကြည့် မြောက်ကြည့်နဲ့ ရှုစီရှုစီဖြစ်နေတဲ့ ဧည့်သည်တော်တွေကလည်း မာမီပြောသလို နားလည်မှုရှိစွာနဲ့ပဲ အလျိုလျို ထွက်ခွာသွားကြပါတော့တယ်။ ဘရက်ဂီလည်း ကြောက်လန့်ပြီး အလိုက်တသိရှောင်သွားခဲ့ပါတယ်။

"ဧည့်ခံဖို့ လှုတ်ထားတဲ့ ဟိုဘက်ကဝန်ထမ်းတွေလည်း ခုချက်ချင်း ပြန်။ အို . . . အားလုံးသွားကြ။ မြန်မြန်ပြန်ကြ၊ ဘယ်သူ့ကိုမှ မမြင်ချင်ဘူး။ မိမော် တံခါးတွေ အကုန်ပိတ်၊ ဘယ်သူလာလာ လက်မခံနဲ့တော့"

ကြည့်စမ်း . . . မာမီ အော်ဟစ် မာန်ဖီနေပုံက တကယ်ကြောက်စရာကောင်းလှပါတယ်။ ခဏအတွင်းမှာပဲ သာယာအေးချမ်းနေတဲ့ အရိုန်ကလေး လုပပျော်ရွှင်နေတဲ့ ဂျူးတို့နေရာကလေးဟာ ချက်ချင်း အထီးကျန်ခြောက်သွေ့မှုတွေ ဖုံးလွှမ်းသွားခဲ့ရပါပြီ။ ဒါပေမဲ့ ဧည့်သည်တွေ လုံးလုံး

●——ရွှေပေသာ——●

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားတဲ့အချိန်မှာတော့ အိမ်ရှေ့ကို ကားတစ်စီး ထိုးရပ်လာပြီး လူကြီးတွေ ဆင်းလာတာကို မြင်လိုက်ရပါတယ်။ မြုံတံခါးပိတ်နေတဲ့ မိမော်က အဲဒီလူတွေနဲ့ ပြောရင်း ဆိုရင်း အိမ်ထဲကို ပြေးဝင်လာပါတယ်။

“အန်တီလေး . . . ဟိုဘက်က လူကြီးတွေ ရောက်လာပါပြီ။ အရေးပေါ်ကိစ္စဖြစ်ခဲ့လို့ နောက်ကျသွားပါတယ်တဲ့။ တောင်းပန်ပါတယ်။ တံခါးဖွင့်ပေးပါတဲ့”

“ငါ ဘာပြောထားလဲ။ မလိုချင်ဘူး။ ခုချက်ချင်း ပြန်နိုင်းလိုက်။ မပြန်ရင် အိမ်ရှေ့လာပြီး နောင့်ယှက်မှုတွေ၊ အသရေဖျက်မှုတွေနဲ့ ရဲတိုင်မယ် တရားစွဲမယ်လို့ ပြော”

မိမော် ချက်ချင်းပြေးထွက်သွားတယ်။ အဲဒီလို အချိန်နဲ့ ပတ်သက်လာရင် ပူးဆို ဖရုံမသီးတတ်တဲ့ တစ်ချက်လွှတ် အမိန့်တွေနဲ့ပဲ၊ ဂျူးတို့အိမ်ဟာ တစ်အိမ်လုံး တံခါးတွေ အထပ်ထပ်ပိတ်ဆို့ပြီး မွန်းကျပ်လှောင်ပိတ်တဲ့ အကျဉ်းထောင်တစ်ခုလို ဖြစ်သွားခဲ့တော့တယ်။

“နိုင်”

“ . . . ”

“နိုင်ရယ် . . . မမခင် တောင်းဆိုပါတယ်။ ဒီတစ်ခါ



တော့ ဘဝမှာနောက်ဆုံးအနေနဲ့ ဂျူးပြောတဲ့ဟာလေးကို နားထောင်ပေးလိုက်ပါလား။ ဟိုဘက်က တကယ်ပဲ အရေးပေါ်

“တော်ပါတော့ . . . ပြောမရမှန်းသိရက်နဲ့ ဘာဖြစ်လို့ ဖွတ်ပြောချင်ရတာလဲ။ မမခင် အဲဒီလိုပြောနေတာဟာ နိုင့်ကို သေနိုင်းတာနဲ့အတူတူပါပဲ။ နိုင့်ရဲ့ခံစားချက်ကို မမခင် အသိဆုံးဖြစ်ရဲ့သားနဲ့၊ နိုင် အားလုံးကို စိတ်ချမ်းသာမှု အပြည့်အဝပေးခဲ့ရဲ့သားနဲ့ နိုင့်ကျမှ ဘာဖြစ်လို့ ဒီလို . . .”

မာမီ့ရဲ့အသံဟာ အံ့ဩစရာကောင်းအောင် ဆို့နင့်သွားပါတယ်။

“မိန်းမတွေနေတဲ့ အိမ်ဆိုပြီး အလေးမထားတာလား။ နိုင်တို့ကို ဘယ်လိုမျိုးရိုးထင်နေလို့လဲ။ ဒီနေရာက ဘယ်လိုနေရာမို့လို့လဲ။ ဒီအချိန်က ဘယ်လိုအချိန်မို့လို့ ဒီလို ကပျက်ကချော်တွေ လုပ်ရတာလဲ။ မိန်းကလေးတစ်ယောက်ရဲ့ တစ်ဘဝလုံးနဲ့ ရင်းနှီးရတဲ့အချိန်၊ ဣန္ဒြေသိက္ခာအရှိဆုံး အချိန်၊ အားလုံးက အလေးထားပြီး ဂရုစိုက်နေတဲ့အချိန် ကျမှ”

ပြောရင်း မာမီရဲ့ မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လျှံလာသလို အသံလည်း တိမ်ဝင်သွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြိုးခင် မျက်နှာလည်း ညိုမည်းပြီး မာမီ့ကို ရင်ဆိုင် မကြည့်ရဲတော့သလို ဂျူးလည်း ခွေယိုင်လဲကျတော့မယ့် ဒူးကို ကြိုးစားထိန်းထားရပါတယ်။ ဒါပေမဲ့ မာမီဟာ ချက်ချင်းပဲ ပြန်ထိန်းနိုင်ပါတယ်။

"အောက်တန်းစားတွေ၊ အခြေအမြစ်မရှိတဲ့ဟာတွေ၊ အဆင့်အတန်းမရှိတဲ့စရိုက်တွေ။ ငါဟာ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးဖြစ်အောင် နေထိုင်နိုင်ခဲ့တယ်၊ ယုံကြည်မှုတွေ သတိတွေလည်း ရှိခဲ့တယ်။ ဘယ်အရာမဆိုလည်း အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးနိုင်ခဲ့တယ်။ ဒါပေမဲ့ ငယ်ငယ်လေးကတည်းက လှုယုံလွယ်တဲ့ အားနည်းချက်ကြီးကိုတော့ မဖျောက်ဖျက်နိုင်ခဲ့ပါလား"

"..."

"ဟုတ်တယ်။ ငါ အောက်တန်းစားတွေကို ယုံလိုက်မိပြီ။ အဲဒီလှ ယုံလွယ်တဲ့အားနည်းချက်ကြီးက ငါ့ကို သတ်လိုက်ပြန်ပြီ။ ငါ့ဘဝ နစ်ခါ သေပြီ၊ နစ်ခါ အရှက်ကွဲရပြီ။ သိလား မိဂျူး၊ ငါ့အရှက်တွေ နစ်ခါပြန်ကွဲရပြီ၊ အဲဒါ နင် သိလား"

မာမီက ပြောရင်းနဲ့ စောစောကလို အော်ဟစ်





မာန်ဖီပြီး ဂျူးပခုံးနစ်ဖက်ကို ကိုင်ဆောင့်ပါတယ်။ ဒီတစ်ခါတော့ ဂျူး ဘယ်လိုမှမနေနိုင်တော့ပါဘူး။

"ဟင်၊ မိဂျူး နင် သိရဲ့လား။ အေး . . . ငါ့အရှက် နစ်ခါကွဲရတာထက် အခု နင် အရှက်ကွဲတာ ပိုဆိုးတယ်။ နင် နာမည်ပျက်ပြီ။ ပတ်ဝန်းကျင်ကို နင် ဘယ်လိုရင်ဆိုင်မလဲ။ အဲဒါတွေ နင် သိရဲ့လား။ နင့်မှာ ခံစားမှုရောရှိရဲ့လား"

"ဒါဆို မာမီ ငယ်ငယ်တုန်းက ဒီလိုဖြစ်ခဲ့ဖူးလို့လား"

"ဟင်"

ဂျူးပါးစပ်က ရုတ်တရက် လွတ်ထွက်သွားတဲ့ စကားကြောင့် မာမီ ဂျူးမျက်နှာကို စိုက်ကြည့်ပြီး ဆွံ့အသွားမိတော့တယ်။

"မဖြေချင် မဖြေပါနဲ့ မာမီ။ ရပါတယ်။ ဒါပေမဲ့ ဂျူးကိုတော့ စကားနည်းနည်းပြောခွင့်ပြုပါ၊ ဂျူးမှာ ခံစားမှု ရှိပါတယ်။ သိလည်း သိတတ်ပါတယ်။ ဒါပေမဲ့ မာမီ့လို ခံစားမှုမျိုး၊ မာမီ့လို သိတတ်မှုမျိုးတော့ ဂျူး ရင်ထဲမှာ ဖြစ်မလာပါဘူး"

"..."

"အဲဒါ ဘာကြောင့်လဲဆိုတော့ ကိုကို့ရဲ့ အချစ်



www.burmeseclassic.com

www.burmeseclassic.com



အခဲကို သိလိုက်ရလို့ပါ။ သိလိုက်တဲ့အတွက် နားလည်ပေးနိုင်တယ်"

"မပြောနဲ့"

"ကိုကိုဟာ ဂျူးတို့ဆီကို အချိန်မီရောက်လာခဲ့ပေမယ့် လမ်းမှာ ရုတ်တရက် ဒက်ဒီ"

"ဟင့်အင်း . . . မပြောနဲ့လို့ ငါ ပြောနေတယ်။ နင့်ပါးစပ်ကို ပိတ်မိ ဂျူး . . . လာစမ်း။ ဒီအချိန်ကစပြီး ဒီကိစ္စနဲ့ ပတ်သက်တာတွေ ဘာတစ်ခွန်းမှ မပြောရဘူး။ ဘယ်မှလည်း မလုပ်ရဘူး။ နင့်အခန်းထဲမှာလည်း မနေရဘူး။ ငါ့အခန်းထဲမှာ ထားမယ် . . . ကဲ . . ."

မာမီဟာ ပြောရင်း ဆိုရင်း ဂျူးကို တွန်းထိုးဆွဲခေါ်လာခဲ့ပြီး သူ့ခုတင်ပေါ် တွန်းလှဲပစ်လိုက်ပါတော့တယ်။ ပြီးတော့ တံခါးကို ဒိုင်းခနဲမြည်အောင် ပိတ်ပြီး အပြင်ထွက်သွားပါတယ်။ ဂျူး ရင်မောစွာနဲ့ သက်ပြင်းသာချလိုက်မိတယ်။ အဲဒီအချိန်ကစပြီး ဂျူးဟာ မာမို့အခန်းထဲက လုံးလုံးမထွက်ရတော့ဘဲ အခန်းထဲမှာသာ လာပို့တဲ့ အစာရေစာကို မှီဝဲပြီး မာမီနဲ့ပဲ အတူတူအိပ်ရပါတော့တယ်။

တကယ်တော့ ဂျူးဟာ နောက်တစ်ခါ အချိန်နဲ့





ပတ်သက်ပြီး မာမီနဲ့ ပြဿနာတက်လာခဲ့ရင် လုံးဝ သည်းခံမနေတော့ဘဲ ပေါက်ကွဲပစ်လိုက်တော့မယ်လို့ ဆုံးဖြတ်ချက်ချထားခဲ့ပေမယ့် တကယ်တမ်း မာမီရဲ့သွေးရူးသွေးတန်းဖြစ်နေပုံတွေ၊ ကြေကွဲထိခိုက်နေပုံတွေ၊ ခံစားချက်အတိုင်းထက်အလွန်ပြင်းထန်နေပုံတွေကို လတ်လတ်ဆတ်ဆတ်ကြီး တွေ့မြင်လိုက်ရတဲ့အခါမှာတော့ မာမို့ကို အရမ်းသနားသွားပြီး ပေါက်ကွဲပစ်ဖို့ မဆိုထားနဲ့ ခွန်းတုံ့ပြန်ဖို့ စိတ်ကူးတောင် မရှိတော့ပါဘူး။

ဟိုဘက်က ➠ မိဘရဲ့ သွေးရေးရှင်ရေးကို
လွန်ဆွဲနေရတဲ့ ချစ်သူ . . .
ဒီဘက်က ➠ မိဘအရင်းထက် အချစ်ပိုပြီး
ကျွေးမွေးစောင့်ရှောက်ခဲ့ရတဲ့
မိခင်အပျိုကြီး . . .

နောက်ဆုံးတော့ ဂျူးဟာ မာမို့ကို တစ်လုံး တစ်ပါဒ မှ ခွန်းတုံ့ပြန်မှုမလုပ်ခဲ့ပေမယ့် မာမီ မသိအောင် တိတ်တဆိတ် တုံ့ပြန်မယ့်အလုပ်တစ်ခုကိုတော့ မဖြစ်မနေ ကြံစည်လိုက်မိပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အူအတက်ကို အချိန်မီခွဲစိတ်ကုသမှု လုပ်နိုင်ခဲ့တာကြောင့် ဒက်ဒီရဲ့အခြေအနေဟာ ညတွင်းချင်းပဲ ပြန်ကောင်းလာခဲ့ပါတယ်။ ဒီခေတ်ရဲ့ ခွဲစိတ်မှုနည်းပညာအသစ်အဆန်းတွေနဲ့ အကောင်းဆုံးဆေးဝါးတွေကြောင့်လည်း ဆေးခန်းမှာ ဆေးသွင်းပြီး အနာကျက်အောင် ဆေးထည့်ရင်းနဲ့ ငါးရက်မြောက်သွားတဲ့နေ့မှာပဲ ဆင်းခွင့်ရခဲ့တယ်။

ဒက်ဒီ အိမ်ပြန်ရောက်လို့ စိတ်လွတ်ကိုယ်လွတ်နဲ့ အနားယူနေတဲ့အချိန်မှာတော့ ရိုမီဟာ ဦးလတ်နဲ့ ဒက်ဒီ မသိအောင် ညဘက်ကိုးနာရီလောက်မှာ ဂျူးတို့အိမ်ကို ထွက်လာခဲ့ပါတော့တယ်။ တစ်ယောက်နဲ့တစ်ယောက် အပေးအယူတွေ နားလည်မှုတွေ ရှိထားခဲ့လို့ ချစ်သူကို စိတ်လုံးလုံးချပေမယ့် တစ်ယူသန် တစ်ထစ်ချ မာမီနဲ့တော့ ကမ်းမမြင် လမ်းမမြင်ဖြစ်ခဲ့ရပါပြီ။

အစီအစဉ်ပျက်သွားကတည်းက သူ နေမရ ထိုင်မရ၊ ဒက်ဒီအတွက် စိုးရိမ်ပူပန်ရ၊ ဂျူးနဲ့လည်း အဆက်အသွယ်လုပ်လို့မရ၊ ဘရက်ကို့ဆီလည်း အကူအညီတောင်းလို့ မရနဲ့ အရူးတစ်ပိုင်းလိုဖြစ်ခဲ့ရတာပါ။ ဒါကြောင့် မာမီရဲ့ စွဲလမ်းမှုပြဿနာကို သိထားခဲ့ပေမယ့် မာမီ့ဆီက နွေးထွေး



တဲ့ ချစ်ခြင်းမေတ္တာတွေကိုလည်း ပြန်မရနိုင်တော့မှန်း သိပေမယ့် . . .

သူဟာ တာဝန်သိသူ၊ သစ္စာရှိသူ၊ ကတိတည်သူ၊ ရိုးသားဖြောင့်မတ်သူ၊ ရဲရင့်ပြတ်သားသူ၊ ပြီးတော့ အချိန်ကို လေးစားတန်ဖိုးထားသူဖြစ်ကြောင်းဆိုတာကိုတော့ မာမီ သိအောင် တစ်နည်းနည်းနဲ့ ပြချင်ပါသေးတယ်။

ရိုမီဟာ အဲဒီအတွေးနဲ့ပဲ ဆယ်နာရီလောက်မှာ ဂျူးတို့အိမ်ရှေ့ကို ရောက်ရှိလာခဲ့ပါတယ်။ ထုံးစံအတိုင်း ထွန်းသင့်တဲ့မီးလောက်သာ ထွန်းထားပြီး တံခါးတွေလည်း အထပ်ထပ်ပိတ်ဆို့နေပါတယ်။ ညဆယ်နာရီလောက်ဆိုတာ လူတော်တော်များများ အိပ်ချိန်မဟုတ်သေးဘဲနဲ့ ဂျူးတို့အိမ်အတွင်းပိုင်းမှာတော့ လုံးဝ မှောင်အတိကျလို့၊ အခြေအနေက ဖုန်းလည်းဆက်မရ၊ ဘာလုပ်လို့လုပ်ရမှန်းလည်း မသိတာနဲ့ ရိုမီဟာ ဘာကိုမှမမြင်နိုင်တော့ဘဲ အချစ်ခွန်အားတွေထည့်ပြီး အသံကုန် အော်ခေါ်လိုက်ပါတော့တယ်။

"ဂျူး"

" . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဂျူးရေ တံခါးဖွင့်ပေးပါဦး။ မာမီ၊ ကြီးကြီးခင်"

". . ."

"မာမီ ကျွန်တော် တောင်းပန်ပါတယ်။ တံခါးဖွင့်ပေးပါ"

". . ."

"မာမီ ကျွန်တော့်ကို စကားနည်းနည်းပြောခွင့်ပေးပါ။ တံခါးမဖွင့်မချင်း မဖွင့်ပါနဲ့ ကျွန်တော် အိမ်ထဲမဝင်ပါဘူး။ ခဏလောက်တော့ ထွက်ကြည့်ပေးပါ မာမီ"

". . ."

"ကျွန်တော် တောင်းပန်ပါတယ်။ မာမီ ကျေနပ်လောက်အောင် တောင်းပန်ပါ့မယ်။ အဲဒီနေ့က တကယ်ပဲ သေရေးရှင်ရေးဖြစ်ခဲ့လို့ပါ။ မာမီ၊ ကြီးကြီးခင်"

ဘယ်သူကြားကြား ဘယ်သူကြည့်ကြည့် ဂရုမစိုက်ဘဲ အရူးတစ်ယောက်လို အော်နေတုန်းမှာ မီးတွေ အဆင့်ဆင့်လင်း၊ တံခါးတွေ အထပ်ထပ်ဖွင့်ပြီး မိမော်တစ်ယောက် အပြေးထွက်လာပါတော့တယ်။ ဒါပေမဲ့ ခြံတံခါးလုံးဝဖွင့်မပေးပါဘူး။

"အစ်ကို . . . ပြန်လိုက်ပါတော့။ အိမ်အခြေအနေ



က တစ်နေ့ရွှေ တစ်နေ့ငွေပါ။ ဒီလိုအော်နေလည်း အားလုံး အရှက်ထပ်ကွဲဖို့ပဲ ရှိပါတယ်။ အန်တီလေးရဲ့စိတ်ကတော့ ဘယ်တော့မှ ပြောင်းလာမှာ မဟုတ်ပါဘူး"

"သူ့ကို မရ ရအောင် တောင်းပန်မယ့် ငါ့စိတ်ကူးကလည်း ဘယ်တော့မှ ပြောင်းသွားမှာ မဟုတ်ဘူး။ မင်းကို ကျေးဇူးတင်ပါတယ်။ တံခါးဖွင့်ပေးပါ။ မင်း ဘာမှမဖြစ်စေရပါဘူး"

"ဒီတိုင်း ပြန်သွားတာ ကျွန်မကို ကျေးဇူးတင်ရာကျပါတယ်။ တောင်းပန်ပါတယ် အစ်ကိုရယ်။ အန်တီလေးက အမိန့်ထုတ်လိုက်လို့ပါ။ အေးဆေးပြန်ရှို့က်ပါနော်။ မပြန်ဘဲ ဒီလိုသာအော်နေမယ်ဆိုရင် သက်ဆိုင်ရာကို အကြောင်းကြားလိုက်တော့မယ်တဲ့"

"ဘယ်သူ့ပဲ အကြောင်းကြားကြားကွာ။ ကုလသမဂ္ဂပဲ လှမ်းတိုင်တိုင် မာမီ ထွက်မလာမချင်း မပြန်ဘူး။ မာမီ . . . မာမီ . . . ကြီးကြီးခင် . . . ဂျူးလိယက်"

သူ့ပြောရင်းဆိုရင်း အော်ခေါ်လိုက်တာနဲ့ မိမော် ပြေးဝင်သွားပါတော့တယ်။

"ဒေါ်ခက်ခက်ခိုင် . . . ဒေါ်သီတာခင်"

www.burmeseclassic.com

www.burmeseclassic.com



နီမိဟာ အော်လိုက်၊ နားလိုက်နဲ့ မပြန်ဘဲ ဖွဲ့ကောင်းစွာ ရပ်နေမိပါတယ်။ ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး။ ဒေါ်ခက်ခက်နိုင်ရဲ့ လက်စွမ်းပြမှုကြောင့် သူ့အနားကို ရဲကားတစ်စီးထိုးရပ်လာပြီး သူ့ကိုရော သူ့ကားကိုပါ ဖမ်းဆီးခေါ်ဆောင်လာခဲ့ပါတော့တယ်။ ပြီးတော့ သူ့ကို ရပ်ကွက် ရုံးမှ၊ အိမ်ရှေ့လာပြီး အော်ဟစ်ရမ်းကားမှုနဲ့ အချုပ်ထဲမှာ တစ်ည သိပ်လိုက်ပါတယ်။ သူ တစ်ခွန်းမှပြန်မပြောခဲ့ပါဘူး။

မနက်ကျမှ အပြေးအလွှားရောက်လာတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ဦးလတ်က သက်ဆိုင်ရာလူကြီးတွေနဲ့ ပြောဆိုဆွေးနွေးမှုတွေ၊ ဝန်ခံကတိလုပ်မှုတွေ၊ လက်မှတ်ထိုးမှုတွေ ပြုလုပ်ပြီး သူ့ကို ခေါ်ထုတ်ခဲ့ပါတယ်။

“မင်းကွာ ကျော်မကောင်း ကြားမကောင်း၊ မလုပ်သင့် မလုပ်ထိုက်တာကို လုပ်ရတယ်လို့”

“တခြားအမှုတွေနဲ့ အချုပ်ထဲမှာ အိပ်ရတာထက် အချစ်အတွက်နဲ့ အချုပ်ထဲမှာ အိပ်ရတာက ရာဇဝင်လုပ်တယ် ဦးလတ်ရာ။ နောင်လာနောက်ကသားတွေကို ပြောကောင်းတာပေါ့”

“အေး . . . မင်း ပြောကောင်းတာက နောက်



အခုလောလောဆယ် ဖကြီးနဲ့ကတော့ ပြောကောင်းမှာ မဟုတ်တော့ဘူး”

ဦးလတ်ပြောသလိုပါပဲ။ အိမ်ရောက်တော့ ဧည့်ခန်းထဲမှာ လမ်းလျှောက်ရင်း စောင့်ကြိုနေတဲ့ ဒက်ဒီကို ရင်ဆိုင်လိုက်ရပါတော့တယ်။ ဒက်ဒီလှမ်းကြည့်နေတဲ့ မျက်ဝန်းတွေက စူးရှပြင်းပြနေတာမို့ သူ ငြိမ်ဝပ်စွာပဲ ခေါင်းငုံ့ပြီး ဆိုဖာမှာ ဝင်ထိုင်လိုက်တယ်။ အားလုံးသိရှိနားလည်သွားပြီဆိုတဲ့ ဒီဇိုင်းမျိုးနဲ့ ဆိတ်ငြိမ်နေကြတဲ့အချိန်လေးကို ဒက်ဒီကပဲ တောက်ခေတ်သံပြင်းပြင်းနဲ့ ဖြိုခွင်းလိုက်ပါတယ်။

“တောက်!”

“. . .”

“ခွေးကောင် . . . မင်း တစ်ကိုယ်လုံးကို တရော်ကင်ပွန်းနဲ့ ရေချိုးပစ်၊ ဒါမှမဟုတ် ကိုရီးယားရောဂါရှိရင် ပဲပြားဝယ်စား”

“. . .”

“ငါ မင်းကို မပြောဖူးတဲ့စကားလုံးတွေ ပြောမိတော့မယ်၊ မရိုက်စဖူး ရိုက်မိတော့မယ်။ စိတ်ကို တော်တော် ထိန်းထားရတယ်ကွ . . . ဟေ့ကောင်”

www.burmeseclassic.com

www.burmeseclassic.com



"သား တောင်းပန်ပါတယ်"

"မင်း ဒီစကားတစ်ခွန်းပဲ ပြန်ပြောမယ်ဆိုတာ ငါ သိတယ်။ ငါ့သား တော်တယ်၊ ယုံကြည်ရတယ်၊ အားကိုး ရတယ်၊ ဖအေကို စိတ်ချမ်းသာမှုအပြည့်အဝ ပေးနိုင်တယ် ဆိုပြီး နေရာတိုင်းမှာ လုံးလုံးစိတ်ချထားခဲ့တာ။ ခုမှ လုံးလုံး သောက်သုံးမကျတဲ့ကောင်မှန်း သိရတော့တယ်။ မင်းဟာ သောက်ရှုးပဲ ရှိမီ"

"..."

"လူ့ဘဝမှာ အချစ်ရှူးရှူးတဲ့ ရာဇဝင်မျိုးပဲ ကြားဖူး တယ်။ မင်းကျမှ ယောကျ်ားမရှူးရှူးတဲ့ ရာဇဝင်ရှိအောင် လုပ် ပြလိုက်တာလား။ တောက်! . . . မွေးရကျိုးနပ်လိုက်တာ ကွာ။ ငါ့မှာတော့ ဝေဒနာကို ခံစားရတာတစ်မျိုး၊ သား အတွက် စိတ်မကောင်းဖြစ်ရတာက တစ်မျိုး။ ခုတော့ ဖအေ က ဆေးရုံဆင်းရုံရှိသေးတယ် သားက အချုပ်ထဲက ထွက် လာပြီ။ လူကြားလို့ ကောင်းသေးလား"

"သား တောင်းပန်ပါတယ် ဒက်ဒီရယ်။ သား တစ် ချိန်လုံး ဒက်ဒီ့ဘေးနားမှာရှိနေပေးခဲ့တာပါ။ ဒက်ဒီ့အခြေ အနေ လုံးလုံးစိတ်ချရပြီဆိုမှ ဒီလိုလုပ်ခဲ့တာပါ။ သားကို ခွင့်



မလွှတ်ချင် မလွှတ်ပါနဲ့၊ နားလည်မှုတော့ ပေးပါ။ ဒီလို လုပ် လိုက်ရမှ သားရင်ထဲက တင်းကျပ်နေတဲ့ ဝေဒနာတွေ လျော့သွားမှာမို့လို့ပါ"

"..."

"ဘာပဲဖြစ်ဖြစ် သားကတော့ ဒက်ဒီ ဒီလိုပြန် ကောင်းပေးတဲ့အတွက် အရမ်းဝမ်းသာတယ်၊ အရမ်းပျော် တယ်။ သားကလှာကိုတော့ ဒီတိုင်းပဲ လွှတ်ထားပေးပါ။ သား ကို ယုံတယ်၊ စိတ်ချတယ်လို့ ဒက်ဒီပြောခဲ့တဲ့အတိုင်း သား အခြေအနေကို ကိုယ့်ဘာသာကိုယ် ကောင်းအောင် ပြန် ပြုပြင်ပါ့မယ်။ ဒက်ဒီက ကိုယ့်ကျန်းမာရေးကိုယ်ပဲ ဂရုစိုက်ပါ"

"အေး . . . မင်းပါးစပ်က အဲဒီလိုပြောပေမယ့် မင်း ရင်ထဲမှာ ဘာဖြစ်နေလဲဆိုတာ ငါမြင်ရနေတယ်ကွ။ မင်း ငါ့အတွက် ဘယ်လောက်ပဲပျော်ပျော် ငါက မင်း ဒီလိုဖြစ် နေတာကို ကြည့်ပြီး ပျော်နိုင်ပါ့မလား။ သားအဖလေးနစ် ယောက်တည်းရှိတာ တစ်ယောက် တစ်ကလှာရော ခွဲထား နိုင်ပါ့မလား"

"..."

"တောက်! . . . သာရေး နာရေး မသိတဲ့ မိန်းမ

www.burmeseclassic.com



လူ့ဝတ္တရားနားမလည်တဲ့မိန်းမ၊ သေရေးရှင်ရေး ထည့်မတွက်ဘဲ ကိုယ့်အတ္တကို ဦးစားပေးတဲ့ မိန်းမ၊ လူလည်မ၊ စခန်းတိုင်တာတောင် ကိုသက်ဆိုတဲ့နာမည်နဲ့ တိုင်ချက်ဖွင့်တာ၊ ဒီလို မိန်းမမျိုးက ငါ့လိုသားမျိုးကို အချုပ်ထဲထည့်ရတယ်လို့ကွာ။ မင်းအစား ငါ ရင်နာလွန်းလို့၊ ဒီတစ်ခါ ဗိုက်ခွဲပြီးလို့ ငါ့ရင်ကို ခွဲရတော့မယ်ထင်တယ် ရှိမီ"

သူ့ဘဝတစ်သက်မှာ ဒီလို တစ်ခါမှဒေါသမထွက်ဖူးတဲ့ ဒက်ဒီ၊ ဒီလို အော်ဟစ်ပေါက်ကွဲမှုမျိုးကို တစ်ခါမှ မပြုလုပ်ဘူးခဲ့တဲ့ ဒက်ဒီဟာ ဒီနေ့ကျမှ တစ်ထူးတစ်ဆန်း ပြင်းပြင်းထန်ထန် ခံစားပေါက်ကွဲနေပုံကြောင့် သူ ဒက်ဒီ့ကို စိုက်ကြည့်ပြီး အံ့ဩမှင်တက်သွားရပါတယ်။

"စိတ်ထိန်းပါ ဖေကြီးရာ။ ငါ တောင်းပန်ပါတယ်။ မင်းဗိုက်ခွဲထားတာ ငါးရက်ပဲ ရှိသေးတယ်ဆိုတာလည်း ထည့်တွက်ဦးလေ။ ဒီအချိန်က မင်း ကောင်းကောင်းအနားယူရမယ့်အချိန်ကွ။ မင်းကျန်းမာမှ ဖြစ်မယ်"

"ရတယ် ကိုလတ်။ ငါ ဘာမှမဖြစ်ဘူး၊ ကောင်းသွားပြီ။ အခု ပါးစပ်နဲ့ ဦးနှောက်နဲ့ အလုပ်လုပ်နေတာ"

"စိတ်နဲ့အလုပ်လုပ်ရတဲ့လူတွေကလည်း ခန္ဓာ



ကိုယ် ထိခိုက်စေသလို ကိုယ်ကာယနဲ့ ရင်းပြီး အလုပ်လုပ်ရတဲ့လူတွေကလည်း စိတ်ကို ထိခိုက်စေပါတယ်ကွာ။ ငါ့စကားကို နားထောင်ပါ။ ကလေးကို ဒီတစ်ခါတော့ သူ ခံစားရတဲ့အတိုင်းအတာနဲ့ ယှဉ်ပြီး နားလည်မှုပေးလိုက်ပါ။ သူ အားလုံး သိတတ်ပါတယ်"

"သား တကယ်ပဲ တောင်းပန်ပါတယ် ဒက်ဒီရယ်။ ဒါ နောက်ဆုံးပါ။ ကတိပေးပါတယ်။ သားနဲ့ မာမီရဲ့ဆက်ဆံရေးကို သားသာ အသိဆုံးမို့လို့ ဒီလိုသွားတောင်းပန်ရတာပါ။ ပြီးတော့ မာမီက အချိန်နဲ့ပတ်သက်ပြီး ခံစားချက်တွေလည်း ရှိခဲ့လို့ပါ။ အဲဒါကြောင့်လည်း သူ သားကို ကြိုတင်မသိနိုင်တဲ့အဖြစ်အပျက်ကလေးတွေအတွက် အချိန်တွေကို အမြဲတမ်း အပိုဆောင်းပြီးပေးခဲ့ပါတယ်"

"..."

"အခုဖြစ်သွားတဲ့ကိစ္စကတော့ အားလုံးမှန်နေတဲ့အတွက် ကံကြမ္မာကိုပဲ ပုံချရတော့မှာပါ။ မာမီက အချိန်တိကျမှုကို အစွဲအလမ်းကြီးတာကလွဲရင် သဘောထားအရမ်းပြည့်ဝပြီး လေးစားဂုဏ်ယူစရာကောင်းတဲ့ အမျိုးသမီးပါ ဒက်ဒီ"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . မင်းက အဲဒီမိန်းမနဲ့တွေ့လိုက်ကတည်းက ဂျူးလီယက်အကြောင်းတောင် သိပ်မပြောတော့ဘဲ တမိတည်းမိနေတာ၊ ဂုဏ်ယူလေးစားမှုတွေလည်း အတိုင်းထက်လွန်ရှိမကဘူး အမေတစ်ယောက်လို့တောင် တင်စားလိုက်တာ မဟုတ်လား။ အခုတော့ အဲဒီအမေက မင်းကို သတ်လိုက်ပြီလေ။ မင်း မနာဘူးလား ရှိမီ"

"သားက သူ့ရဲ့ခံစားမှု အစွဲအလမ်းကို သိပြီးသားမို့လို့ နာလို့မရဘူး ဒက်ဒီ"

"သေလိုက်ပါတော့ကွာ။ ဒါကြောင့် ငါ ပါရီက ပြန်လာတုန်းက အခါခါမေးတယ်။ ချက်ချင်းသွားပြီး ရင်းနှီးမှုယူမယ်လို့ ပြောတာကို လက်မခံဘဲ Suprise ဆိုပြီး ဆောင့်ကြွားကြွားလုပ်ခဲ့တယ်။ ငါ မေးတဲ့နေ့ကသာ ပြောလို့ ငါ သွားတွေ့ခဲ့ရင် ဒီပြဿနာ ငါရှင်းလို့ရတယ်ကွ။ တောက်! ဒီဗိုက်က ခွင်ကောင်းကျမှ ထဖောက်ရတယ်လို့ကွာ"

"အဲဒီလိုတော့ မပြောနဲ့ ဇကြီး။ ဒါ သူ့ဘာသာဖြစ်လာတာ၊ မမြင်နိုင်တဲ့ ကံကြမ္မာပဲ။ စိတ်ကိုသာ လျှော့လိုက်ပါတော့ သူငယ်ချင်းရာ။ အားလုံးပြီးသွားပြီပဲ။ မင်း အနားယူလိုက်ပါတော့"



"ဟုတ်ပါတယ် ဒက်ဒီရယ်။ ပြီးခဲ့တာတွေကို ပြန်မပြောပါနဲ့တော့။ အဲဒီတုန်းက ဒက်ဒီ့ကို ရုတ်တရက် အံ့သြပြီး အရမ်းပျော်ရွှင်သွားစေချင်တဲ့ဆန္ဒနဲ့ လျှို့ဝှက်ထားခဲ့မိတာပါ။ ပြီးတော့ မာမီ့ရဲ့လှပနုံညားမှုတွေကိုလည်း ဒက်ဒီ့ကို တကယ်ပဲ ကြွားချင်ခဲ့လို့ပါ"

"အေး . . . ထားလိုက်တော့။ အခုပွဲက သိမ်းသွားပြီ။ Suprise လည်း လုပ်စရာမလိုတော့ဘူး။ ဒီတော့ မင်း ငါ့ကို ဖွင့်ပြောလို့ရပြီမို့လား"

သူ ပြုံးလိုက်မိပါတယ်။

"ပြောစမ်း ရှိမီ။ အဲဒီမိန်းမက အချိန်တွေ ဘာတွေ အပိုဆောင်းပေးရအောင် အချိန်နဲ့ပတ်သက်ပြီး ခံစားချက်တွေ ဘယ်လောက်ရှိခဲ့လို့လဲ၊ ဘယ်လိုမိန်းမမျိုးမို့လို့လဲ၊ နာမည်က ဘယ်သူလဲ"

"အချိန်နဲ့ပတ်သက်ပြီး ခံစားချက်တွေ ဘယ်လောက်ရှိခဲ့လဲဆိုတာကတော့ အခု ပျက်သွားတဲ့စေ့စပ်ပွဲနဲ့တင် အဖြေက လုံလောက်ပါတယ်။ ဘယ်လိုမိန်းမမျိုးလဲဆိုတာကတော့ သား ပြောပြနေတာနဲ့တင် ဒက်ဒီ ရိပ်မိလောက်ပါတယ်။ နာမည်ကတော့ သားပြောပြခဲ့ဖူးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူနဲ့နာမည်နဲ့အလိုက်ဖက်ဆုံးပါလို့၊ ဒေါ်ခက်ခက်နိုင် တဲ့"

"ဘာ!"

ဒက်ဒီဟာ သူ့ကို စိုက်ကြည့်နေရာမှ မျက်နှာအရောင်ချက်ချင်းပြောင်းသွားပြီး ဦးလတ်ကို လှမ်းကြည့်ပါတယ်။ ပြီးတော့ သူ့မျက်နှာကို ပြန်လည်စိုက်ကြည့်ပြန်တယ်။

"ခက်ခက်နိုင်!"

"ဟုတ်တယ် . . . ဒက်ဒီ သိလို့လား"

"နောက်အဒေါ်တစ်ယောက် ရှိသေးတယ်ဆို၊ သူ့နာမည်ကရော"

"ဒေါ်သီတာခင်တဲ့"

"သီတာခင်!"

ဒုတိယအကြိမ် ဦးလတ်နဲ့ မျက်နှာချင်းဆိုင်လိုက်ပြန်တယ်။ ဒီနေ့ ဒက်ဒီရဲ့ပုံစံတွေဟာ သူ့ကို အံ့ဖွယ်သုတဖြစ်စေပါတော့တယ်။

"သူတို့က ဘယ်ဇာတိလဲ"

"မန္တလေးဇာတိပါ"

"အိုခေ . . . ကောင်းပြီ ငါ့သား . . . မင်း အဲဒီ ဂျူးလိယက်ပျိုပျိုကို ရအောင်နိုး"

◆———ရှုမဝ———◆



"ဗျာ"

"ငါ ဗမာစကားပြောနေတာ။ မင်းရဲ့ချစ်သူကို အမြန်ဆုံးနည်းနဲ့ ရအောင်နိုး"

"ဟာ . . . မဖြစ်ဘူး ဒက်ဒီ။ မာမိက သူ့သမီးကို ခိုးရာနောက်လိုက်တာ မကြိုက်ဘူး။ သားကလည်း ခိုးပြေးမယ့် အဆင့်အတန်းမဟုတ်ဘူးလို့ ပြောထားတာ။ မာမို့အပေါ်မှာ စကားလွန်ထားတာတွေ အများကြီးရှိတယ် ဒက်ဒီ။ မဖြစ်ဘူး သားဘာသာရအောင်ကြည့်လုပ်မယ်"

"ဟာ! ဒီကောင် . . . မင်း ယောကျာ်းမဟုတ်ဘူးလား။ မင်း စံလိုက်ရတာ မမှတ်ဘူးလား။ 'ငါ့ရဲ့ တစ်ချက်လွှတ်အမိန့်၊ အဲဒီမိန်းကလေးကို ရအောင်မခိုးနိုင်ဘူးဆိုရင် မင်းနဲ့ငါ သေခန်းပြတ်ပဲ"

ဒက်ဒီ့ဒီဇိုင်း ပြောင်းသွားပုံကြောင့် သူ့ မောပန်းရကျိုးတွေ နဝ်ပြီး ရင်ထဲမှာ ကြည်နူးလာမိပါတယ်။

"ဒက်ဒီကလည်းဗျာ . . . သား ကြားဖူးတာတော့ သဘောမတူတဲ့မိန်းကလေးကို ယူရင် သေခန်းပြတ်ဆိုတာပဲရှိတာပါ။ ဒက်ဒီ့ကျမှ ရအောင်မခိုးရင် သေခန်းပြတ်ဆိုတော့"

◆———ရှုမဝ———◆

www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုပေါ့ကွာ . . . မင်းတောင် ယောကျ်ာမရှာ ရှာသေးတာပဲ"

"ဒါဆို* အကြောင်းတစ်ခုတော့ ရှိရမယ် ဒက်ဒီ၊ အကြောင်းရင်းက ဘာလဲ"

"အေး . . . အကြောင်းရင်းကိုလည်း ပြောပြမယ်၊ သားလုပ်ရမယ့်အစီအစဉ်တွေကိုလည်း တစ်ခုချင်း ပြောမယ်၊ တွေ့ကြသေးတာပေါ့ကွာ"

ဒါပေမဲ့ သူ့ ကံကောင်းချင်တော့ ဒက်ဒီပြောသလို ဂျူးကို မရ ရအောင်နိုးဖို့အတွက် အချိန်ကုန် လူပန်းခံပြီး ကြံစည်မှုတွေ မလုပ်လိုက်ရပါဘူး၊ ရှိမီယိုနဲ့ ဂျူးလိယက်ဟာ စိတ်ချင်းပဲ ဆက်နေခဲ့သလား၊ နလုံးသားချင်းပဲ တစ်ထပ်တည်းကျနေခဲ့သလား၊ မကြာခင်မှာပဲ ရှိမီယို့ရင်ခွင်ထဲကို ဂျူးလိယက် အလိုလိုရောက်ရှိလာတဲ့အဖြစ်ကို ရင်ခုန်လှုပ်ရှားဖွယ်ကောင်းစွာ ရင်ဆိုင်လိုက်ရပါတော့တယ်၊



# ကိုကိုနဲ့ ခက်ခက်

www.burmeseclassic.com

www.burmeseclassic.com



၉

"အား . . . အား"

" . . . "

"အား"

နိုင်က မနက်ငါးနာရီတိတိမှာ အရက်ခွမ်းကပ်ပြီး ဘုရားဝတ်ပြုနေကျဖြစ်ပါတယ်။ အဲဒီ နေ့စဉ်ပုံမှန်အလုပ်ကို လုပ်ဖို့ ထွက်လာခဲ့စဉ်မှာပဲ အခန်းထဲက ဂျူးရဲ့ အော်သံကို ကြားလိုက်တာမို့ ခြေလှမ်းတွေ ရပ်တန့်သွားခဲ့တယ်။

"အား . . . နာလိုက်တာ။ မာမီရေ . . . မာမီ . .





ကြီးကြီး"

နိုင် မျက်လုံးပြူးသွားသလို မမခင်လည်း ကြားပြီး အပြေးရောက်လာပါတယ်။ မိမော်လည်း ရောက်လာတယ်။

"မမခင် အခုထဲမှာ ဂျူး ဘာဖြစ်တာလဲ မသိဘူး"

"အေး . . . မမခင်လည်း ကြားလို့"

နစ်ယောက်သား တံခါးဖွင့်ပြီး ဝင်လာခဲ့တော့ ဂျူးက ခုတင်ပေါ်မှာ ခွေခွေလေးနဲ့ ဗိုက်ကို ဖိနှိပ်ပြီး ရှုံ့မဲ့နေတာကို တွေ့လိုက်ရပါတယ်။

"ဟဲ့ . . . ဘာဖြစ်နေတာလဲ"

"ဂျူးဂျူး . . . ဘာဖြစ်လို့လဲ သမီး"

"ဗိုက်အောင့်တာ။ ဂျူး ဗိုက်ထဲက ထိုးအောင့်နေတယ်"

"ဘာဖြစ်လို့ အောင့်တာပါလိမ့်။ တစ်ညလုံး အကောင်းကြီးဟာကို။ ဗိုက်ဆာလို့များလား။ မိမော် တစ်ခုခု လုပ်၊ အပူဖြစ်ဖြစ်၊ အအေးဖြစ်ဖြစ်"

"ဟင့်အင်း . . . ဆာလို့လည်း မဟုတ်ဘူး။ ဂျူးက ဆာရင် တုန်တတ်တာကို"

"အို . . . ဘာမှမပြောနဲ့။ ဗိုက်ထဲမှာ အစာမရှိလို့



www.burmeseclassic.com

www.burmeseclassic.com



အောင့်တာဖြစ်ရမယ်။ ညည်း ခုရက်အစားအသောက်နည်းနေတာ၊ ခဏလေးပဲ စောင့်။ ကြီးကြီးခင် အစာပျော့ပျော့လေးတစ်ခု လုပ်လာခဲ့မယ်"

"ဟင့်အင်း . . . ဂျူး မစားချင်ဘူး ကြီးကြီးခင်။ စားနိုင်မှာလည်း မဟုတ်ဘူး။ အား . . . အောင့်လိုက်တာ။ အရမ်းအောင့်လာပြီ"

"ဝမ်းရော မှန်ရဲ့လား။ ဝမ်းချုပ်လို့ အောင့်တာများလား သမီးရယ်"

"မှန်ပါတယ် မာမီရဲ့။ ညအိပ်ရာမဝင်ခင်ကတောင် သွားသေးတယ်"

"ဒါဆို ဟိုဒင်း ဟိုဟာကြောင့်များလား ဂျူးဂျူး"

"ဟာ . . . ကြီးကြီးကလည်း ဘယ်ဒင်း ဘယ်ဟာလဲ"

"အေတာကိုပြောတာ။ မိုးလေဝသကိုပြောတာ"

"မိုးလေဝသအခြေအနေ ကောင်းတာ ကြီးကြီး သိရဲ့သားနဲ့၊ အား . . . အောင့်လိုက်တာ ကြီးကြီး အရမ်းပဲ။ ပြောရင်းနဲ့ ထိုးထိုးစောင့်လာတယ်။ အား . . . မာမီ . . . မာမီ . . . ဂျူး သေတော့မယ် . . . အောင့်တယ်"

●———ရွှေသော———●



တကယ်ပဲ ဂျူးဟာ ပြောရင်းနဲ့ ခွေခေါက်လူးလိမ့်ပြီး ဝေဒနာခံစားနေရပါပြီ။ နဖူးက ဆံပင်စပ်တွေမှာလည်း ရေရှိုးပြီးစလို ချွေးတွေ ရွှဲနေပါတယ်။ နိုင့်ရင်ထဲမှာ စိုးရိမ်စိတ်တွေ ဖိဆီးပြီး ထိတ်လန့်လာပါပြီ။

"ဘုရားရေ! . . . နဖူးမှာလည်း ချွေးတွေရွှဲလို့။ အရမ်းခံနေရပြီထင်တယ်။ နိုင် ဘယ်လိုလုပ်ကြမလဲ၊ အချိန်မတော်ကြီး"

"ဟုတ်တယ် မမခင်။ မတော့်နိုင်ဘူး။ Family Doctor ပဲ ပင့်ရမှာပဲ။ ငါးနာရီလောက်ရှိပြီဆိုတော့ ရနိုင်ပါတယ်"

"မိမော်ကို လွှတ်ချင်လွှတ်၊ ဒါမှမဟုတ် မမခင် လိုက်သွားမယ်။ နိုင်က ဂျူးနားမှာရှိနေမှဖြစ်မှာ"

"ဟင့်အင်း . . . ဘယ်သူမှမသွားနဲ့။ ကိုသက်ကိုပဲ လှမ်းခေါ်တော့မယ်"

နိုင် ပျာယာခတ်သွားပြီး ချက်ချင်းပဲ တစ်ဖက်ခြံက မောင်နှမလိုဖြစ်နေတဲ့ ကိုသက်ကို လှမ်းခေါ်လိုက်ပါတော့တယ်။

"ဟယ်လို . . . ဟလို . . . ကိုသက်"

●———ရွှေသော———●

www.burmeseclassic.com

www.burmeseclassic.com



"..."

"ကိုသက် . . . ကိုသက် နိုးပြီလား"

"..."

"ကိုသက်ရေ . . . ဒီမှာ ဂျူး ရုတ်တရက် ဗိုက် အရမ်းအောင့်လာလို့၊ အိမ်သုံးဆေးနဲ့ ရမယ့်ပုံမပေါ်ဘူး။ ပြင်းပြင်းထန်ထန်ပဲ။ အဲဒါ ကိုသက် မမကြီးတို့ ဆရာဝန်ကို ပင့်ပေးပါဦး"

"..."

"အိုစေ . . . အိုစေ . . . ကျေးဇူးတင်ပါတယ် ကိုသက်ရယ်"

"..."

"ရှုပြီ မမခင်။ သမီး ခဏလေးပဲ သည်းခံနော်။ ကောင်းသွားမှာပါ"

အားလုံး ဂျူးအနားမှာဝိုင်းပြီး ဘုရားစာရွတ်သူက ရွတ်၊ ချော့သူက ချော့၊ ချောက်သူက ချောက်၊ အချို့ရှည် တိုက်လည်း မပျောက်၊ ပရိတ်ရည်တိုက်လည်း မသက်သာ၊ ခွေခွေခေါက်ခေါက်နဲ့ တအားအားသာ အော်နေပါတော့တယ်။

———ဤသို့———



ဒီအရွယ်ထိ ကြီးပြင်းအောင် စောင့်ရှောက်လာရတဲ့ တစ်သက်မှာ ဂျူး ဒီလိုဗိုက်အောင့်တာမျိုး တစ်ခါမှ မကြုံဖူးတာမို့ ခိုင် အရမ်းပဲ အံ့သြမိသလို စိုးရိမ်သောကတွေလည်း အတိုင်းထက်လွန်ခဲ့ရပါတယ်။ ဆရာဝန် ရောက်လာပြန်တော့လည်း ကြားလိုက်ရတဲ့အဖြေက ခိုင့်ရဲ့သောကတွေကို ပိုပြီး မြှင့်တင်ပေးလိုက်သလိုပါပဲ။

"ဒီကလေး ဗိုက်အောင့်တဲ့လက္ခဏာက တော်တော်ထူးဆန်းတယ်။ စိုးရိမ်ရတဲ့အခြေအနေမှာ ရှိတယ် ခိုင်။ ဆေးရုံသာ အမြန်ဆုံးတင်လိုက်ပါ"

"ရှင်"

"ဘုရားရေ"

"ဟုတ် . . . ဟုတ်ကဲ့ရှင့်"

အတွေ့အကြုံမရှိတဲ့ ခိုင်တို့ ပျာယာခတ်ခဲ့ရပါပြီ။

"ဒီလိုလုပ် မမကြီး။ အခု အရေးပေါ်ဆိုတော့ ဂျူးကို မမကြီးနဲ့ ကျွန်တော် ခေါ်သွားလိုက်မယ်။ ဟိုရောက်လို့ အခြေအနေသိရမှ အန်တီခင်တို့ကို ပြန်ခေါ်မယ်"

"အဲဒါ ကောင်းတယ် ကိုသက်။ မမကြီးလည်း အဲဒီလိုစိစဉ်ထားတယ်။ မမခင်နဲ့မိမော်က အစားအသောက်

———ဤသို့———

www.burmeseclassic.com

www.burmeseclassic.com



နဲ့ လိုအပ်တဲ့ပစ္စည်းတွေကို မြန်မြန်ပြင်ထားလိုက်။ ဟို ရောက်ရင် နိုင့်ဖုန်းဆက်လိုက်မယ်"

အဲဒီအစီအစဉ်နဲ့ပဲ နိုင်တို့အားလုံး တရှန်းရှန်း ဖြစ်ပြီး အထူးကုဆေးခန်းတစ်ခုကို ထွက်လာခဲ့ကြပါတော့ တယ်။ ရောက်ရောက်ချင်း ကိုသက်ရဲ့ အကူအညီနဲ့ပဲ အကောင်းဆုံးတွေကို အမြန်ဆုံးပြုလုပ်ခဲ့ပါတယ်။ မကြာခင် မှာပဲ ဆရာဝန်က နိုင့်ကို ဆေးစစ်ချက်ယူဖို့နဲ့ ဆွေးနွေးဖို့ အတွက် ဆရာမတစ်ယောက်ကို ခေါ်နိုင်းပါတယ်။

"ဂျူး . . . သမီး မာမီ ဆရာဝန်ကြီးနဲ့ သွားတွေ့ လိုက်ဦးမယ်နော်။ ဆရာမနဲ့နေခဲ့။ ဘာမှမစိုးရိမ်နဲ့။ ဆရာမ က သမီးကို ကောင်းကောင်းစောင့်ရှောက်မှာပါ"

"ဟုတ်"

ဒေါ်ခက်ခက်နိုင် အပြင်ထွက်သွားတဲ့အချိန်မှာ တော့ ဂျူးဟာ မအီမသာနဲ့ ရှုံ့မဲ့ပြီး ကုန်းကုန်းကွကွ ထ ထိုင်လိုက်ပါတယ်။

"ဘာဖြစ်လို့လဲ ညီမလေး။ ဗိုက်အောင့်နေတာ ငြိမ်ငြိမ်လေးလှဲနေပါလား"

Nurse ကလည်း ပျာပျာသလဲ ဖေးဖေးမမတွဲထူ



ပါတယ်။

"ဟို . . . ကျွန်မ Toilet သွားချင်လို့"

"ဪ . . . ဒါဆို လာလေ . . . ကျွန်မပို့ပေးမယ်"

"ရပါတယ် ဆရာမ။ ကျွန်မက လူလိုက်စောင့်ပေး ရင် ကောင်းကောင်းအဆင်ပြေလို့ပါ။ ကျေးဇူးတင်ပါတယ်။ ညှော်ခန်းမှာပဲ ထိုင်စောင့်ပေးပါ"

"နားလည်ပါပြီ ညီမ။ ဒါဆို ဂရုစိုက်နော်။ တစ်ခုခု ဆိုရင် ဘဲလ်နှိပ်လိုက်"

"ဟုတ်"

Nurse တစ်ဖက်လှည့်သွားချိန်မှာ ဂျူးရဲ့ အကြံ အစည်အောင်မြင်သွားပြီမို့ ကျိတ်ပြုံးလိုက်မိပါတယ်။ အထူး ခန်းမို့ အပြင်ထွက်ဖို့ အခက်အခဲဖြစ်နေပေမယ့် nurse ဆိုဖာမှာ ဝင်ထိုင်လိုက်ချိန်မှာပဲ ဂျူးဟာ အရေးစွန်အားတွေ အပြည့်အဝညှစ်ထုတ်ပြီး ဒီတိုင်း တန်းခနဲနေအောင် ထွက် ပြေးလာခဲ့ပါတော့တယ်။

"ဟင်! . . . ညီမလေး ဘာလဲ၊ ဘာဖြစ်လို့လဲ"

လှုပ်တစ်ပြက်ရိုက်ချက်မျှပါပဲ။ Nurse အငိုက်မိပြီး လုံးဝမမီတော့ပါဘူး။ ဒေါ်ခက်ခက်နိုင် ပြန်လာတဲ့အချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ အခန်းရှေ့မှာ တောင်ကြည့်မြောက်ကြည့်နဲ့ မျက်ကလဲဆန်ပြာဖြစ်နေရှာတဲ့ သူနာပြုဆရာမလေးကို ရင်ဆိုင်လိုက်ရပါတယ်။ လှောင်အိမ်ထဲက အချစ်ငှက်ငယ်လေးကတော့ အချစ်ကောင်းကင်ကြီးဆီ လွတ်လွတ်လပ်လပ် ပျံသန်းလွတ်မြောက်သွားခဲ့ပါပြီ။

"ဆရာမလေး . . . ဘာဖြစ်လို့လဲ"

"ဟို . . . ဟို . . . တောင်းပန်ပါတယ် အန်တီရယ်။ ကျွန်မ . . ."

ဆရာမလေးရဲ့မှမမှန်ပုံကြောင့် စိတ်ထဲမှာ မသင်္ကာဖြစ်လာပြီး သူမရဲ့စကားကိုဆုံးအောင် နားမထောင်တော့ဘဲ အခန်းထဲဝင်လာခဲ့ပါတယ်။ အခန်းထဲရောက်တော့ ဂျူး မရှိတော့ပါဘူး။

"ဟင်! ဂျူးရော . . . ဂျူးဘယ်ရောက်သွားပြီလဲ။ ကျွန်မသမီး ဘယ်မှာလဲ ဆရာမလေး"

နိုင်က စိုးရိမ်စိတ်နဲ့မေးလိုက်သလို ဆရာမလေးကလည်း ကြောက်ကြောက်လန့်လန့်နဲ့ ပြန်ဖြေဖို့ ကြိုးစားနေဆဲမှာပဲ နိုင့်ရဲ့မျက်လုံးဟာ ခုတင်ပေါ်ကစာခေါက်ကလေးကို သွားမြင်ပါတယ်။ ဖျတ်ခနဲ ဆွဲယူဖတ်လိုက်တော့ . . .



ကိုကိုက ရိုမီယို
မိုးမိုး့ ဂျူးလိယက်
ဒါပေမဲ့ . . .
ကမ္ဘာကျော် ရိုမီယိုနဲ့ ဂျူးလိယက်လို
တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး
သေပွဲဝင်မယ့် ချစ်သူတွေတော့ မဟုတ်ပါဘူး
တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး
ဘဝတိုက်ပွဲကို ဆင်နွှဲတော့မယ့်
ချစ်သူတွေပါ . . .

"ဆိုတဲ့ ရှင်းရှင်းလေးနဲ့ အဓိပ္ပာယ်ပြည့်ဝတဲ့ စာသားတွေကို တွေ့လိုက်ရပါတော့တယ်။ ကြည့်စမ်း . . .

"တောက်!"

နိုင်ဟာ ခွေယိုင်လဲကျတော့မယ့် ဒူးတွေကို ကြိုးစား ထိန်းလိုက်ရပါတယ်။

မျက်လုံးတွေလည်း ဝေဝါးလာခဲ့တယ်။

ရက်စိတ်တွေ၊ ဒေါသစိတ်တွေ၊ ခံပြင်းမှုတွေ၊ ယူကျုံးမရဖြစ်မှုတွေက ခန္ဓာကိုယ်ကို တစ်ပြိုင်တည်း ဝါးမျိုလာတာမို့ နိုင် ဘာဆိုဘာမှမမြင်နိုင်တော့ပါဘူး။

www.burmeseclassic.com



ဘာသံမှလည်း မကြားနိုင်တော့ပါဘူး။

တစ်ကိုယ်လုံး ထူပူလှိုက်မောတုန်ယင်ပြီး ဘာတွေ ဘယ်လို ဖြစ်လို့ဖြစ်ကုန်မှန်း မသိတော့သလို အိမ်ကိုလည်း ဘယ်လိုရောက်လို့ ရောက်မှန်း မသိ ရောက်လာခဲ့ပါတော့တယ်။ မမခင်နဲ့ မိမော် ပျာပျာသလဲ ဆီးကြိုမှ နိုင် အသိပြန်ဝင်လာခဲ့ပါတယ်။

"ကြည့်စမ်း၊ နိုင် ကိုယ်တိုင်ပြန်လာတယ်။ ဂျူးရော သက်သာသွားပြီလား။ ဖုန်းစောင့်လိုက်ရတာ နိုင်ရယ်။ ဒီမှာ အားလုံးပြင်ဆင်ပြီးပြီ"

နိုင် ဘာမှပြန်မပြောနိုင်တော့ဘဲ ဆိုဖာပေါ် အရုပ်ကြိုးပြတ်ကျသွားပါတော့တယ်။ မိမော်က အပြေးအလွှားသံပုရာရည်ယူပြီး တိုက်ပေမယ့် နိုင် မသောက်နိုင်တော့ပါဘူး။

"နိုင် . . . ဘာဖြစ်တာလဲ ပုံစံက။ စိတ်ပူလိုက်တာ နိုင်ရယ်။ ဂျူး ဘယ်လိုနေလို့လဲ။ ဒီအတိုင်းထားခဲ့တာလား"

"ဒီတိုင်းထားခဲ့ရပြီ မမခင်"

"ဟင်! . . . ဒါ . . . ဒါဆို . . . ဂျူး . . . ဂျူး . . . ကော"



"ဟုတ်တယ် မမခင်။ ဂျူး ဆုံးပြီ"

"ဘာ!"

နိုင်က အပြောနဲ့အတူ စာခေါက်ကလေးကို မမခင်လက်ထဲ ထိုးပေးလိုက်ပြီး ရှုံးပွဲရှုံး ငိုလိုက်မိပါတော့တယ်။ မမခင်ကလည်း စာကို မဖတ်နိုင်ဘဲ အရင်ဆုံး အော်ဟစ်ငိုကြွေးပါတယ်။ မိမော်ကလည်း မျက်စိမျက်နှာပျက်ပြီး ပျာယာခတ်နေပါတယ်။

"အောင်မယ်လေး . . . ငါတို့သမီးလေး . . . ငါတို့ရဲ့ ဂျူးလီယက်မင်းသမီးလေး အဖြစ်ဆိုးလှချည်လား။ လှလှပပ ငယ်ငယ်ရွယ်ရွယ်လေးကိုမှ ဒီသေမင်းက ကြိုက်ရသလား။ ငါ့ကိုသာ ကြိုက်လိုက်ပါတော့လား သေမင်းရဲ့။ ဗိုက်အောင့်တာက ချက်ချင်းခွဲရင် ကောင်းပါတယ်။ ဆေးရုံကိုလည်း အချိန်မီရောက်ရဲ့သားနဲ့ . . . အောင်မယ်လေး"

" . . . "

"ငါ မယုံဘူး နိုင်။ မယုံနိုင်ဘူး။ ငါတို့ သမီးလေး မသေရဘူး။ သမီးရေ . . . ဂျူး . . . ကြီးကြီးခင်နဲ့သာ လဲလိုက်ပါတော့ သမီးရယ်"

"အန်တီကြီးရယ် စိတ်ထိန်းပါ။ အန်တီလေးပေး

www.burmeseclassic.com

www.burmeseclassic.com



တဲ့ စာကို အရင်ဖတ်ကြည့်လိုက်ပါဦး"

မိမော် ဝင်ပြောမှ မမခင်က မျက်ရည်တွေကို ကပျာကယာ သုတ်ပြီး စာစောက် တစ်ရွက်ခေါက်ကလေးကို စူးစူးစိုက်စိုက် ဖွင့်ဖတ်ပါတော့တယ်။

"ဟင်"

ဖတ်ပြီးခါမှ မျက်လုံးပြူးပြီး ရင်ဘတ်စည်တီးရင် နောက်တစ်ကြိမ် အော်ဟစ်ပြန်တယ်။

"ကြည့်စမ်း . . . ကြည့်စမ်း . . . လက်စသက်တော့ ဒီလိုကိုး။ အမိုက်မ . . . အမိုက်မ . . . ယုံကြည်မှုကို အလွဲသုံးစားလုပ်သွားတဲ့ လူလည်မ။ ငါတို့ အပျိုကြီးတွေကို ပတ်ဝန်းကျင်မှာ မျက်နှာပြစရာမရှိအောင် အရှက်ခွဲသွားတဲ့ လူဆိုးမ"

" . . . "

"ကြည့်စမ်းပါဦး . . . ကျော်မကောင်း ကြားမကောင်း။ ဆရာဝန်မနေရ၊ အိမ်နီးချင်းမနေရ၊ ဆေးရုံ မနေရ၊ အရှက်ကို ပြောင်းဆန်အောင်ခွဲသွားတာ။ အချစ်မှိုင်းမိရင် ညက်နီ ညက်နက်တွေ အကြိုအကြားက ထွက်တက်တယ်ထင်ပါရဲ့။ ခံရချက်ပြင်းပါဘိတော့။ ဒါနဲ့ ဒီအတိုင်း ပြန်





လာခဲ့တာလား နိုင်၊ ဘယ်လိုလုပ်မလဲ၊ အဲဒီအိမ်ကို ငါ ချက်ချင်းလိုက်မယ်"

"ဟင့်အင်း . . . ဟင့်အင်း . . . နိုင် မသိတော့ဘူး မမခင်ရယ်၊ ဘာမှမသိတော့ဘူး၊ သေချင်တာပဲ သိတော့တယ်၊ နိုင့်ရင်ဘတ်ထဲမှာ ဘာမှမကျန်တော့ဘူး၊ နိုင် ရှက်လွန်းလို့ သေပါတော့မယ်၊ နိုင့်ကို ဘာဖြစ်လို့ ဒီလိုလုပ်ကြတာလဲ"

" . . . "

"နိုင့်ဘဝတစ်ခါသေခဲ့ပြီ၊ အခုလည်း ဂျူးကြောင့် နောက်တစ်ခါ ထပ်သေပြန်ပြီဆိုတော့ နိုင် ဘယ်လိုရပ်တည်ရတော့မှာလဲ၊ ပြီးတော့ ကိုကြီးတို့ ကိုလေးတို့ကိုရော နိုင့်မျက်နှာ ဘယ်လိုပြရတော့မလဲ"

နိုင် မရှိုတင်ကဲ ခံစားကြေကွဲနေပုံကြောင့် မမခင်က သက်ပြင်းချပြီး နိုင့်ကို ထွေးဖက်နှစ်သိမ့်ပါတယ်၊

"နိုင်ရယ် . . . မမခင်လည်း နိုင်နဲ့အတူတူပါပဲ၊ ဘာထူးလို့လဲ၊ ဒါပေမဲ့ ဖြစ်လာမှတော့ ဒီလိုပဲ ရင်ဆိုင်ရတော့မှာပေါ့။ တစ်ခုခုကို အချိန်မီ စဉ်းစားဆုံးဖြတ်ကြရအောင်၊ နိုင် တင်းခံမနေပါနဲ့၊ စိတ်ဖြေလျှော့ကြည့်လိုက်ပါလား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရယ်။ နိုင် ပင်ပန်းလှပါပြီ။ နိုင် ပင်ပန်းတာကို မမခင် မကြည့်ရက်တော့ဘူး"

"ဟုတ်ပါတယ် အန်တီလေးရယ်။ အန်တီကြီး ပြောသလို စိတ်လျှော့လိုက်ပါတော့နော်။ ဂျူးအတွက် အကောင်းဆုံးဖြစ်အောင် တစ်ခုခုလုပ်ပေးလိုက်ပါ။ အခုဆိုရင် အချိန်မီပါသေးတယ်။ ဂျူး ထွက်သွားတာ သိပ်မှ မကြာသေးတာ။ သက်ဆိုင်ရာနဲ့ ဟိုဘက်ကို အမြန်ဆုံးဆက်သွယ် ကြည့်လိုက်ပါလားဟင်"

"ဟုတ်တယ် . . . မှန်တယ်။ အချိန်မီသေးတယ်။ ဂျူးရဲ့သိက္ခာရော၊ ငါတို့အိမ်ရဲ့ အရှက်သိက္ခာတွေရော ငါ ပြန်ဆယ်မှဖြစ်မယ်။ ပြီးတော့ မန္တလေးကလူတွေ မသိခင် အခြေအနေကို မြန်မြန်ထိန်းရလိမ့်မယ် . . . ဟုတ်တယ်"

နိုင်ဟာ ပြောပြောဆိုဆိုနဲ့ အရှက်သိက္ခာတွေ၊ ခံစားကြေကွဲမှုတွေကို ချုပ်ထိန်းပြီး အခန်းထဲ ခပ်သွက်သွက်ဝင်လာခဲ့ပါတယ်။ မမခင်ကလည်း နိုင့်ကို စိတ်မချစွာနဲ့ ထက်ကြပ်မကွာ လိုက်ပါလာတယ်။

"နိုင် . . . ဘာလုပ်မှာလဲ။ သေချာစဉ်းစားပါဦး" ဆိုပြီး နိုင့်ခုတင်မှာ ဝင်ထိုင်ပါတယ်။ နိုင် စကား





မပြန်တော့ဘဲ ရှိမိရဲ့ဖုန်းနံပါတ်ကိုသာ နှိပ်လိုက်ပါတော့ တယ်။ လိုင်းချက်ချင်း ဝင်သွားတော့ ပြန်မထူးဘဲ ချောင်း ဟန့်သံတစ်ချက်သာ ထွက်လာပါတယ်။ ဘာသံပဲဖြစ်ဖြစ် မျှော်လင့်ချက်ရောင်ခြည်တစ်စွန်းတစ်စ မြင်ရပြီမို့ နိုင့် ရင်ထဲ လန်းသွားခဲ့ပါတယ်။

"ဟလို . . . ရှိမိ"

" . . . "

"အေး . . . နားထောင်ပေးတဲ့အတွက် ကျေးဇူး တင်တယ်။ အခု မင်းတို့ ဘယ်မှာလဲ။ မင်းလက်ထဲကို ဂျူး ရောက်လာပြီမို့လား။ ထွက်သွားတာ မကြာသေးတဲ့အတွက် ခုချက်ချင်း ပြန်ပို့ပေးပါ ရှိမိ။ မင်းတို့အတွက် မာမီ တစ်ခုခု စီစဉ်ပေးပါ့မယ်"

" . . . "

"သား . . . ရှိမိ မာမီ တောင်းဆိုပါတယ်။ ဂျူးကို တကယ်ချစ်တယ်ဆိုရင်၊ ဂျူးကို ဣန္ဒြေသိက္ခာရှိရှိ လက်ထပ် ချင်တယ်ဆိုရင် ပြန်ပို့ပေးပါ သားရယ်။ မာမီ ဂျူးကို ဘယ် လိုမွေးမြူခဲ့ရတယ်ဆိုတာ မင်း သိတယ်နော်။ ဒီအရွယ်ထိ လှလှပပနဲ့ ကျန်းကျန်းမာမာကြီးပြင်းအောင် ကျွေးမွေး



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ခဲ့ရတဲ့ နောက်ဆုံးရလဒ်က ဒါပဲလား။ မာမီ့အတွက် ဒါပဲကျန်တာလား"

". . ."

"ဟင့်အင်း . . . အဲလိုတော့ မာမီ လက်မခံနိုင်ဘူး ရှိမီ။ အမြန်ဆုံးပြန်ပို့ပေးပါ။ မာမီ တကယ်တောင်းဆိုပါတယ်။ မင်း တစ်ခုခု ပြန်ပြောပါ"

နိုင် သိပ်စိတ်မရှည်တော့ပါဘူး။ မနည်းသည်းခံပြီး ကြိုးစားပြောနေရတာဖြစ်ပါတယ်။ အေးလေ . . . ဒီအချိန်မှာ သူတို့လက်ခုပ်ထဲက ရေဖြစ်သွားပြီပဲ။ ကောင်းပြီ . . . ဒါ နောက်ဆုံးပဲ။

"သား . . . ရှိမီ မာမီပြောတာ ကြားလား။ နားထောင်နေတယ်မို့လား။ ဂျူးက မာမီ့သမီးအရင်းမဟုတ်ဘူး နော်။ သူ့အတွက် မာမီ့မှာ ဘယ်လောက်တာဝန်ကြီးသလဲ ဆိုတာ မင်း အသိဆုံးပါ။ ဒီလိုသာ မင်းလုပ်နေမယ်ဆိုရင် သူ့မိဘကို မာမီ ဘယ်လိုမျက်နှာပြရမလဲ။ မာမီ့ရဲ့အရှက်ကို ဆယ်ပေးတဲ့အနေနဲ့ ဂျူးကို ပြန်ပို့ပေးပါလား သားရယ်။ မာမီ မလိမ်ပါဘူး။ မင်းတို့အတွက် တကယ်ပဲ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါ့မယ်"



နိုင်ဟာ နောက်ဆုံးအနေနဲ့ပြောပြီး ဖုန်းပိတ်ဖို့ ပြင်လိုက်မှ တစ်ဖက်က ကြောက်စရာကောင်းတဲ့ ရယ်သံကြီး ထွက်လာတာကို ကြားလိုက်ရပါတော့တယ်။

"ဟား . . . ဟား . . . ဟား . . . ဟား"

"ဟင်!"

နိုင် ကြောင်ပြီး ထိတ်လန့်သွားမိတယ်။ အသံပြောင်းလို့ရတဲ့ Software တွေ ဘယ်လောက်ပဲသုံးသုံး ဒီအသံကတော့ ရှိမီ့အသံမဟုတ်မှန်း နိုင် ကောင်းကောင်းကြီးကို သိပါတယ်။ ဘုရားရေ . . . ရှိမီမှတ်လို့ အိတ်သွန်ဖာမှောက် အကုန်ပြောနေမိတာ ဘယ်လောက်ရှက်ဖို့ကောင်းလိုက်ပါသလဲ။

"ဘယ်သူလဲ။ ရှိမီမဟုတ်ဘူး . . . ရှင်ဘယ်သူလဲ"

". . ."

"ဘာကိစ္စ အယောင်ဆောင်ပြီး နားထောင်နေရတာလဲ"

"ဟား . . . ဟား . . . ဟား . . . ဟား"

"ဟင်! . . . ရှင် ဘယ်သူလဲလို့ မေးနေတယ်၊ တောက်! . . . ပမာမခန့်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



နိုင် ဆတ်ဆတ်ခါနေဆဲမှာပဲ အဲဒီလူ့ဆီက ဒုတိယအကြိမ် ကြောက်စရာကောင်းတဲ့ ရယ်သံကြီး ထွက်လာရဲ့မကာ နောက်ထပ် ကြောက်စရာကောင်းတဲ့ စကားလုံးတွေနဲ့ပါ နိုင့်ကို လှမ်းပက်ပါတော့တယ်။

"လူမှုရေးမရှိတဲ့ မိန်းမ၊ လူ့ဝတ္တရား မသိတတ်တဲ့ မိန်းမ၊ အတ္တကြီးတဲ့မိန်းမ၊ ဘာအချိန်တိကျတာလဲ။ ခင်ဗျားလို မိန်းမက အချိန်ကို ဘယ်လောက်ထိ လေးစားတန်ဖိုးထားနိုင်မှာမို့လို့လဲ။ ခင်ဗျားက အချိန်တိကျမှုကို ရှုးသွပ်တာ မဟုတ်ဘူး။ သေရေးရှင်ရေး နားမလည်နိုင်အောင် အတ္တကြီးတာ . . . ရှင်းလား"

"ကြည့်စမ်း . . . မိုက်ရိုင်းလိုက်တာ။ အယုတ်တမာ . . . ကျွန်မကို ဘာအောက်မေ့နေလဲ။ ဘယ်လို အဆင့်အတန်းမျိုးထင်လို့ စကားကို မဆင်မခြင်ပြောရတာလဲ။ ရှင် လူ့ပါးမဝနဲ့နော်။ ယောက်ျားတန်မဲ့ နှုတ်သီးကောင်းလျှာပါးနဲ့။ ရှင် ဘယ်သူလဲ။ ဘယ်သူလဲဆိုတာ မြန်မြန်ပြော"

"ကျုပ် ပန်းချီဆရာမီးဇပဲ"

"ရှင်"

နိုင် ရုတ်တရက် အံ့ဩသွားပါတယ်။ ပြီးမှ ပြန်



ထိန်းလိုက်တယ်။

"ဩော် . . . ရှိမီရဲ့အဖေကိုး။ ဆောရီးပါရှင်။ လူမမြင်ဘူးပေမယ့် အနုပညာကိုရော ခမီးခမက်အနေနဲ့ရော လေးစားပါတယ်။ ဒါနဲ့ ပန်းချီဆရာ ကိုမီးဇက ပြီးခဲ့တဲ့ကိစ္စကို တော်တော်စိတ်ဆိုးနေပုံရတယ်။ ဘယ်တတ်နိုင်မလဲ ပြီးခဲ့တာ ပြီးသွားပြီပဲ။ အခု ကျွန်မသမီး ရှင်တို့လက်ထဲ ရောက်နေပြီလေ"

"အေး . . . တစ်ခုတော့ မှတ်ထားနော်။ ကျုပ်သားက ခင်ဗျားသမီးကို ခိုးရတာ မဟုတ်ဘူး။ ခင်ဗျားသမီးက ကျုပ်သားကို ခိုးတာ"

"ဟုတ်ပါပြီ။ ပြောချင်သလိုသာပြောပါတော့။ ဖြစ်သွားပုံက မိန်းကလေးရှင်ဘက်က ဘယ်လိုပြောအား ရှိတော့မှာလဲ။ ကောင်းပြီလေ။ ရှိမီရဲ့အဖေဆိုတော့လည်း ကျွန်မ ထွေထွေထူးထူး ပြောစရာမလိုတော့ဘူးပေါ့။ စောစောက ကျွန်မပြောတာတွေကို ရှင် နားထောင်ပြီးပြီမို့လို့ နားလည်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"အေး . . . နားလည်တယ်။ ခင်ဗျား ဘာမှပြောစရာမလိုအောင် အားလုံး သိပြီးသား။ ကျုပ်တို့မှာ လူမှုရေး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်အပြည့်အဝရှိတယ်။ ဒီတော့ ခင်ဗျားဖြစ်ချင်တဲ့ ပုံစံက ဘယ်လိုလဲ"

"ဒါလည်း ခုနကပြောပြီးပါပြီ။ ကျွန်မသမီးကို ချက်ချင်းလာပို့ပေးပါ။ ဂျူးက ကျွန်မရဲ့သမီးအရင်းမဟုတ်တဲ့အတွက် ကျွန်မမှာ တာဝန်အရမ်းကြီးနေလို့ပါရှင်။ ကျွန်မ အရှက်မကွဲပါရစေနဲ့။ သူ့မိဘကို ကတိတွေပေးထားခဲ့မိလို့ပါ။ သူ့မိဘမသိခင် အချိန်မီလာပို့ပေးဖို့ တောင်းဆိုပါတယ်ရှင်"

"..."

"လာပို့တဲ့နေရာမှာလည်း ထွက်သွားတဲ့လူ ဒီအတိုင်း ပြန်လာတဲ့ပုံစံမျိုးနဲ့ ပို့ပေးရင် ရပါပြီ။ ထုံးတမ်းစဉ်လာလို လူကြီးတွေ ဘာတွေနဲ့ လာအပ်တာမျိုး မလိုပါဘူး။ ပြီးမှ ကလေးတွေအတွက် သေချာစဉ်းစားပြီး အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါ့မယ်"

"စိတ်မကောင်းပါဘူး။ အဲဒီလိုပြုပေးချင်ပေမယ့် ချက်ချင်း မရနိုင်တော့ဘူး"

"ရှင် . . . ဘာဖြစ်လို့လဲ"

"အခု ကျုပ်တို့ မန္တလေးကို ထွက်လာပြီ။ ရန်ကုန်ကို ကျော်ခဲ့ပြီ"



"ဒါဆိုလည်း ပြန်လှည့်လာခဲ့ပါ ကိုမိုးဇရယ်။ ကျွန်မ တောင်းပန်ပါတယ်"

"မရတော့ဘူး။ ကျုပ်သားက လုပ်ရင် အပြတ်ပဲ"

"အဲဒါဆိုလည်း တစ်ရက် နှစ်ရက်အတွင်း ကလေးတွေကို သေချာဖျောင်းဖျပြီး ပြန်ပို့ပေးပါ။ ဒီက အခြေအနေကို ကြည့်ထိန်းထားပါ့မယ်။ ကျွန်မ သူတို့ကို မခွဲပါဘူး။ ကတိပေးပါတယ်"

"ကတိပေးတာကို ကျုပ်က ကြိုက်ပေမယ့် ကလေးတွေကတော့ ခင်ဗျားကို ကြောက်သွားပြီ။ တစ်ခုတော့ ရှိတယ်။ ကျုပ်စီစဉ်ရင် သေချာပေါက်ရနိုင်တယ်။ ဒါပေမဲ့ အပေးအယူရှိပါတယ် အမျိုးသမီး။ ကျုပ်နဲ့အပေးအယူ လုပ်နိုင်မယ်ဆိုရင် ခင်ဗျားသမီး တစ်ရက် နှစ်ရက်အတွင်း ပြန်ရစေရမယ်"

"နေစမ်းပါဦး ကိုမိုးဇ။ ရှင်က ဘာကိစ္စ ကျွန်မကို အမျိုးသမီးလို့ ခေါ်ရတာလဲ"

"ဟာ . . . ခင်ဗျားက အမျိုးသမီးမဟုတ်လို့ အမျိုးသားလား။ အမျိုးသမီးမို့လို့ အမျိုးသမီးခေါ်တာ ဘာဖြစ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မခေါ်နဲ့ မကြိုက်ဘူး။ ရှင် မြန်မာလူမျိုး မဟုတ်ဘူးလား။ မြန်မာလူမျိုးဆိုရင် မြန်မာစကားလုံးတွေထဲမှာ အဓိပ္ပာယ်အမျိုးမျိုးဖော်လို့ရတဲ့ စကားလုံးတွေ ရှိတယ်ဆိုတာ ရှင် မသိဘူးလား။ ကျွန်မ အဖေကလေ တစ်ခါတလေ ကျွန်မအမေကို အမျိုးသမီးလို့ခေါ်တာ . . , သိလား"

"ဩော် . . . အဲလိုလား။ ထားပါတော့ဗျာ။ ကျုပ်က အဲလောက်ထိ တွေးနေတာ မဟုတ်ဘူး။ ကဲ . . . ဘယ်လိုလဲ ဒေါ်ခက်ခက်ခိုင်။ ကျုပ်ရဲ့အမေးအဖြေကို သဘောတူလား"

"ရှင်ကလေ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်နဲ့လူပဲ။ နာမည်နဲ့လိုက်ပ့ါ"

"ဟာ . . . ဘာလဲ ခင်ဗျားကရော မြန်မာလူမျိုး မဟုတ်ဘူးလား။ မြန်မာစာ မတတ်ဘူးလား။ ကျုပ်နာမည် မီးစမဟုတ်ဘူး။ စလုံးနဲ့ မီးစ မဟုတ်ဘူး၊ ဇကွဲနဲ့ မီးဇ . . . မှတ်ထား"

"အို! မီးစမကလို့ မီးပွားပဲဖြစ်ဖြစ် မီးခဲပဲဖြစ်ဖြစ် ထားလိုက်ပါတော့။ ရှင့်အမေးအဖြေက ဘာလဲ . . . ပြော"

"ကျုပ်ချိန်းတဲ့နေရာကို ခင်ဗျားတစ်ယောက်တည်း





အချိန်နာရီတိတိကျကျ ရောက်လာဖို့ပဲ။ ရောက်လာနိုင်ရင် ခင်ဗျား သမီး ပြန်ရမယ်"

"အောင်မယ်လေး! . . . ဘာကိစ္စမလာနိုင်ရမှာလဲ။ ခက်ခက်ခိုင်တဲ့ မှတ်ထား။ အချိန်တိကျတဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ ဘယ်နေရာလဲ ပြောလိုက်"

"မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားဝန်း။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးရှိတဲ့နေရာပေါ့"

"ဟင်"

လမ်းလျှောက်ပြောနေတဲ့ နိုင့်ခြေလှမ်းတွေ တုံ့ခနဲ ရပ်တန့်သွားပါတော့တယ်။ ရင်ထဲမှာလည်း တလှပ်လှပ် တုန်ခါလာသလို ပြန်ပြောဖို့လည်း နှုတ်က ဆွံ့အသွားသလို ဖြစ်ခဲ့ရပါပြီ။ အဲဒါ တစ်ချိန်က တစ်ချိန်တုန်းက နိုင့်ဘဝ ပထမဆုံးအကြိမ် သေခဲ့တဲ့နေရာ။

စည်သူကိုကို . . . စည်သူကိုကို . . .

"The Biggest Book on the World! မနက်ခြောက်နာရီအရောက် နောက်ကျရင် လုံးဝတာဝန်မယူဘူး။ ဆယ်မိနစ် စဉ်းစားချိန်ပေးမယ် အိုခေ"

နောက်ထပ်ထွက်ပေါ်လာတဲ့ စကားတွေက နိုင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို အိုးထိန်းစက်လို သွက်သွက်ခါစေရုံစေကာ မမခင် အနားကို အရုပ်ကြိုးပြတ်သလို ကျသွားစေပါတော့တယ်။

"နိုင် . . . ဘာဖြစ်တာလဲ။ မူးသွားလို့လား"

"ဟင့်အင်း . . . ဟင့်အင်း"

သူ ဘယ်သူလဲ၊ ဘာကြောင့် ဒီနေရာကို အတိအကျ ပြောနိုင်တာလဲ။

"ဘာဖြစ်တာလဲ နိုင်ရယ်။ မြန်မြန်ပြောစမ်းပါ။ ဟိုဘက်က ဘာပြောလိုက်လို့လဲ"

"ဘာဖြစ်လို့ အဲဒီနေရာကိုချိန်းရတာလဲ မမခင်။ ပန်းချီမီးဇက တစ်ချိန်တုန်းက မောင် . . . ဟုတ်တယ်၊ နိုင်က မောင်လို့ မက်မက်မောမော ခေါ်ခဲ့ဖူးတဲ့ စည်သူကိုကို"

"ဘုရားရေ . . . ရှိမှီအဖေကာ ကိုစည် . . ."

"ဟင့်အင်း . . . မဟုတ်ဘူး။ အဲဒီ စည်သူကိုကို ချိန်းခဲ့တဲ့နေရာ၊ နိုင့်ကို နိုးပြေးဖို့ ချိန်းခဲ့တဲ့နေရာ၊ အဲဒီနေရာကို ပန်းချီမီးဇက မနက်ခြောက်နာရီအရောက်ချိန်းလိုက်လို့။ The Beggest Book on the World! ဆိုတာ နိုင်တို့ နှစ်ယောက်သာ သိခဲ့တာပါ။ ဒီမီးဇက ဘာဖြစ်လို့ သိနေတာလဲ"





"အို! . . . နှစ်တွေ အတော်ကြာခဲ့ပြီပဲ နိုင်ရယ်။ မန္တလေးက သမီးရည်းစား မှန်သမျှ မရောက်ဘူးတဲ့လူ မရှိစလောက်ဖြစ်ခဲ့တဲ့နေရာပဲ။ ခေတ်အဆက်ဆက် နာမည်ကြီးနေခဲ့တဲ့နေရာကို ဒီခေတ်မှာ ဒီအသုံးအနှုန်းလောက်ကတော့ လူတွေ များများ သိကုန်ရောပေ့ါ"

မမခင် ဘာပဲပြောပြော နိုင်ကတော့ နိုင့်အတွေးထဲမှာ အရင်တုန်းက အဲဒီနေရာလေးကို ပြန်မြင်ယောင်နေမိပါတယ်။ နိုင် ချစ်သူနောက်ကို လိုက်ဖို့ မောင် ချိန်းခဲ့တဲ့နေရာ၊ မောင် ရောက်မလာလို့ နိုင့်အသည်းတွေ တစ်စစီ ကြွေကျခဲ့ရတဲ့နေရာ၊ နိုင် အရှက်ကွဲခဲ့ရတဲ့နေရာ။

ကြည့်စမ်း . . . အဲဒီနေရာကို ပန်းချီမီးဇက ချိန်းလိုက်ပြီပဲ။

"ဟင့်အင်း . . . မဖြစ်ဘူး မမခင်။ နိုင့်အသည်းရော အရှက်ရော ကွဲခဲ့တဲ့နေရာကို ဒီတစ်သက် အိပ်မက်ထဲတောင် လှည့်မကြည့်ဘူးလို့ ဆုံးဖြတ်ထားခဲ့တာ။ နိုင်က ဘယ်လိုခံစားမှုမျိုး ဘယ်လိုမျက်နှာမျိုးနဲ့သွားရမှာလဲ"

"အေး . . . ကိုယ့်သမီးကို ပြန်လိုချင်တဲ့ခံစားမှုမျိုး နှစ်ဦးနှစ်ဖက်ပြေလည်စေချင်တဲ့ မျက်နှာမျိုးနဲ့သာ သွား



www.burmeseclassic.com

www.burmeseclassic.com



တော့ နိုင်။ မမခင် ပြောပြီးပြီပဲ။ စိတ်လျှော့လိုက်ပါတော့ လို့။ ဘာဖြစ်လို့ ပြီးခဲ့တာတွေကို ပြန်တွေးပြီး ခံစားနေတာ လဲ။ ဒီအချိန်မှာ တို့သမီးကိုသာ အချိန်မီပြန်ရဖို့အရေးကြီး တာမို့လား နိုင်"

နိုင် သက်ပြင်းသာချလိုက်မိပါတော့တယ်။ ဘုရား ရေ . . . နာရီတောင် မကြည့်မိပါလား။ ဘုရား . . . ဘုရား ဆယ်မိနစ်များပြည့်သွားပြီလား။ နောက်ဆုံးတော့ မမခင် ပြောသလို ဂျူးမျက်နှာကိုသာ မြင်ယောင်ပြီး ကပျာကယာ ဖုန်းခေါ်လိုက်ပါတော့တယ်။

"သြော် . . . ပြော . . . ဒေါ်ခက်ခက်နိုင် စဉ်းစား ပြီးပြီလား။ ကျွဲ နုပဲ ဖုန်းပိတ်တော့မလို့"

"ကောင်းပြီ . . . အဲဒီနေရာကို ကျွန်မ အချိန်မီ ရောက်လာစေရမယ်"

ဒါပဲ ခပ်ပြတ်ပြတ်ပြောပြီး ခရီးထွက်ဖို့ စီစဉ်ကြပါ တော့တယ်။



## ၁၀

အရေးပေါ်ခရီးစဉ်လည်း ဖြစ်သလို၊ အရေးပေါ် အကြောင်းတရားလည်း ဖြစ်နေတာကြောင့်၊ ပြီးတော့ ခရီး သွား လက်မှတ်တွေလည်း ချက်ချင်းမရနိုင်တော့တာ ကြောင့်၊ နိုင်ဟာ ခရီးစဉ်ချောချောမောမော ဖြစ်သွားဖို့ အတွက် ဘက်ပေါင်းစုံကနေ ထောင့်စိကွက်စိ စီစဉ်ခဲ့ရပါ တယ်။

ဘဝရဲ့ခံစားမှုတွေရော၊ သမီးအတွက် စိတ်လှုပ် ရှားမှုတွေရော၊ နိုင့် တစ်ကိုယ်လုံးကို ဖိဆီးနေတာမို့လည်း

www.burmeseclassic.com



အိမ်က ကားနဲ့သွားဖို့ မဖြစ်နိုင်တော့တာကြောင့်၊ နောက်ဆုံး အန္တရာယ်ကို ကြုံတင်ကာကွယ်တဲ့အနေနဲ့ ခရီးသွားကုမ္ပဏီ တစ်ခုမှ ကားရော ဒရိုင်ဘာရော ငှားပြီး မိမော်နဲ့နှစ်ယောက်တည်း ထွက်လာခဲ့ကြပါတော့တယ်။

ဒါပေမဲ့ နိုင်ဟာ ဘက်ပေါင်းစုံကနေ ဘယ်လောက်ပဲ ထောင့်စိကွက်စိအောင် စီစဉ်နိုင်ခဲ့ပါစေ၊ ကိုယ့်အတွက် ကျရောက်လာမယ့် အန္တရာယ်တွေကိုလည်း ဘယ်လောက်ပဲ ကြိုတင်ကာကွယ်နိုင်ခဲ့ပါစေ၊ လမ်းခရီးမှာလည်း ဘုရားစာပေါင်းစုံကို အာစေးထွက်အောင် ဘယ်လောက်ပဲ ရွတ်နိုင်ခဲ့ပါစေ။

ဖြစ်ချင်တော့ ကံကိုပဲ ရိုးမယ်ဖွဲ့ရတော့မလား။ ဒါမှမဟုတ် တစ်ခုခုကို သေကောင်ပေါင်းလဲကြောက်လေ၊ အဲဒီတစ်ခုခုကို ကြုံဖန်ရင်ဆိုင်ရလေ၊ တစ်စုံတစ်ရာကို ဖြစ်မှာကို စိုးရိမ်လေ အဲဒီတစ်စုံတစ်ရာက တကယ်ပဲ ကြုံဖန်ဖြစ်တတ်လေ ဆိုတဲ့ စိတ်ခံစားမှုအယူအဆတွေကိုပဲ လက်ခံရတော့မလား။ တကယ်ပါပဲ အရာရာပြင်ဆင်ထားခဲ့တဲ့ နိုင်ဟာ နောက်ဆုံးပိတ် စိတ်ထဲမှာကျန်နေတဲ့ စိုးရိမ်စိတ်ကလေးတစ်ခုကပဲ နိုင့်ကို ဒုက္ခပေးတော့တာဖြစ်ပါတယ်။

ရှုမဝ



အဲဒါကတော့ နိုင်တို့ကားဟာ မန္တလေးမြို့အဝင်မှာပဲ မတော်တဆ ယာဉ်တိုက်မှု အသေးစားကလေး ဖြစ်သွားခဲ့တာပါပဲ။ တိုက်ပြီဆိုတဲ့အသိနဲ့ ဒိုင်းခနဲမြည်သွားတဲ့ အသံကို ကြားလိုက်ရတာပဲ ရှိပါတယ်။ ကျန်တာတွေ နိုင်ဘာမှ မသိတော့ပါဘူး။ နိုင် သတိရလာတဲ့အချိန်ဟာ ဆေးခန်းတစ်ခုထဲမှာ Drip ပိုက်တန်းလန်းနဲ့ ရောက်ရှိနေတာပဲ ဖြစ်ပါတယ်။

နိုင် ဖြုန်းခနဲထိတ်လန့်သွားမိတယ်။ ဘေးကို လှည့်ကြည့်လိုက်တော့ ခေါင်းနဲ့လက်မှာ ပတ်တီးတွေနဲ့ အတူ Drip တန်းလန်းနဲ့ မေ့မျောနေတာလား၊ အိပ်မောကျနေတာလား မသိတဲ့ မိမော်။ ဘုရားရေ . . . လက်က နာရီကို ကြည့်လိုက်တော့ မနက် ငါးနာရီ ဆယ့်ငါးမိနစ်။ သွားပြီ နိုင်ဟာ လုပ်ရမယ့်လုပ်ငန်းစဉ် ခေါင်းထဲမှာ ဘွားခနဲပေါ်လာပြီး ငေါက်ခနဲ ထထိုင်လိုက်ပါတယ်။ ဘေးကစားပွဲပေါ် ကြည့်လိုက်ပြန်တော့ နိုင့်ရဲ့ပစ္စည်းတချို့နဲ့အတူ ဖုန်းလေး တင်ထားတာကို တွေ့လိုက်ရပါတယ်။

နိုင် ဘာမှမတွေးတော့ဘဲ အဲဒီဖုန်းကို ဆွဲယူလိုက်သလို၊ လက်က ဆေးသွင်းပိုက်ကိုလည်း ဒီအတိုင်းဆွဲဖြုတ်

ရှုမဝ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ထွက်လာခဲ့ပါတော့တယ်။ အခန်းအပြင်မှာပဲ ဝင်လာတဲ့ သူနာပြုဆရာမလေးနဲ့ တွေ့ပါတယ်။ ခိုင့်ကို ကြည့်ပြီး လန့်သွားလေရဲ့။

"ဟင်! . . . အန်တီ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ။ ဆေးသွင်းထားတာလေ"

"တောင်းပန်ပါတယ် ဆရာမလေးရယ်။ အန်တီ ဘာမှ မဖြစ်ပါဘူး။ ကောင်းသွားပါပြီ။ အားလုံး သတိရသွားပါပြီ"

"ဒါပေမဲ့ . . . ဆေးကိုတော့ ကုန်အောင် သွင်းရပါမယ် အန်တီ။ အန်တီက ထိတ်လန့်ပြီး သတိမေ့သွားရုံသာ ရှိပေမယ့်၊ အားလည်းနည်းနေပါတယ်။ ကိုယ်တွေ လက်တွေလည်း နာဇနမှာပါ"

"ရပါတယ် . . . အန်တီ၊ ဆရာမလေးကို တစ်ခု တောင်းဆိုပါရစေ။ အန်တီဟာ အန်တီ့သမီးရဲ့ သေရေးရှင်ရေးနဲ့ ခရီးထွက်လာရင်း ဒီလိုဖြစ်ရတာပါ။ ဟို . . . ဒါနဲ့ စိတ်လောနေလိုက်တာ။ တစ်ဖက်ခုတင်က အန်တီ့တူမလေးပါ။ သူ့ရဲ့အခြေကရော"

"မစိုးပါဘူး၊ အန်တီ။ လက်ဖျံပွန်းပဲ့သွားတယ်၊





နားထင်သုံးချက် ချုပ်လိုက်ရတယ်။ မကြာခင် ကောင်းသွားမှာပါ။ ဆေးအရှိန်ကြောင့် အိပ်နေတာပါ"

"ကျေးဇူးတင်ပါတယ် ဆရာမလေးရယ်၊ အန်တို့ အခက်အခဲကို ကူညီပါနော်။ အန်တို့သမီးကို သွားတွေ့ပါရစေ၊ တစ်နာရီလောက်ပါပဲ၊ ပြန်လာခဲ့ပါ့မယ်"

"မဖြစ်ဘူး အန်တီရဲ့၊ ခုဟာက ယာဉ်တိုက်မှုဆိုတော့ အန်တီတို့ဘက်က မမှားပေမယ့် အမှုကတော့ ဖြစ်သွားတာပဲ၊ စခန်းက သက်ဆိုင်ရာလူကြီးတွေနဲ့ ဆရာဝန်ကြီးရဲ့ ခွင့်ပြုချက်တွေရပြီးမှ သွားလို့ဖြစ်မှာပါ"

"သမီးရဲ့ သေရေးရှင်ရေးကိစ္စမို့ နားလည်မှုပေးပါ။ အန်တီ ခဏနေ တကယ်ပဲပြန်လာမှာပါ။ အန်တို့တူမလေးကလည်း ရှိသေးတော့ သူ့ကို ပစ်သွားလို့မရပါဘူး။ အန်တီ ဖုန်းတစ်လုံးကလွဲပြီး ဘာမှယူမသွားပါဘူး။ စိတ်ချပါ ဆရာမလေးရယ်။ သမီးအခြေအနေက မကောင်းလို့ပါ"

"အန်တီက တကယ်စိတ်လှုပ်ရှားနေတာပဲ။ ခုမှ သတိရတာဆိုတော့ စိတ်ထိန်းပါ အန်တီ။ ကျွန်မ နားလည်ပေးပါ့မယ်။ ခဏတွေ့ပြီး ပြန်လာခဲ့ပါနော်"

"ဝမ်းသာလိုက်တာ ဆရာမလေးရယ်၊ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



အများကြီးတင်ပါတယ်"

အဲဒီလိုနဲ့ပဲ နိုင်ဟာ ရရာကားတစ်စီးငှားပြီး ချိန်းတဲ့နေရာကို ထွက်လာခဲ့ပါတော့တယ်။ ကားပေါ်ရောက်လို့ နာရီကိုကြည့်လိုက်တော့ ငါးနာရီ လေးဆယ်။ ဘုရား . . . ဘုရား . . . မိနစ်နှစ်ဆယ်လောက်နဲ့ The Beggest Book on the World! ကို မရောက်နိုင်တော့ဘူး။ နိုင့်ရင်မှာ ဖော်မပြနိုင်တဲ့ ခံစားမှုကြီး ဝင်ဆောင့်လာပါတယ်။ နောက်တစ်ကြိမ် ဓမ္မလဲချင်သလို ဖြစ်သွားပါတယ်။

ဘုရားရေ . . .

တစ်ချိန်က . . . တစ်ချိန်က နိုင့်ရဲ့မောင်ဟာ . .

ဒီလို ခံစားမှုမျိုး ရရှိခဲ့ပါသလား . . .

ဒီလို အဖြစ်အပျက်မျိုး ကြုံခဲ့ရပါသလား . . .

ပြီးတော့ ဂျူးရဲ့ချစ်သူရော . . .

မကြာခင်က ဒီလို ခံစားခဲ့ရပါသလား . . .

ဒီလိုဖြစ်ခဲ့ပါသလား . . .

နိုင်ဟာ တွေးရင်းနဲ့ ကိုယ်ဖြစ်ချင်တာပဲ တစ်ယူသန်စွဲမှတ်ခဲ့တာတွေ၊ အတ္တတွေ၊ မာနတွေ၊ ပြီးတော့ နှောင်တတွေ၊ စာနာမှုတွေ၊ အားလုံး . . . အားလုံး ရော





ပြွန်းပြီး မခံစားနိုင်တော့ဘဲ ဖုန်းခေါ်လိုက်မိပါတော့တယ်။

"ဟလို . . . ကိုမိုးဇ"

"ပြောပါ . . . ဒေါ်ခက်ခက်နိုင် အချိန် သိပ်မလိုတော့ဘူး"

"ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ အနူးအညွတ်တောင်းပန်ပါတယ်"

"ဘာတောင်းပန်တာလဲ။ လိုရင်းကိုပဲ ပြော"

"ကျွန်မသမီးလေးကို ပြန်ပေးပါရှင်"

"ချိန်းတဲ့အချိန်ရောက်ရင် ရစေရမယ်လို့ ကျုပ်ပြောပြီးပြီ"

"ကျွန်မပြောတာကို အရင်နားထောင်ပေးပါဦးရှင်။ ကျွန်မ ရန်ကုန်ကနေ သေချာပြင်ဆင်ပြီးလာခဲ့တာပါ။ ဒါပေမဲ့ လမ်းခရီးမှာ မထင်မှတ်ဘဲ ယာဉ်တိုက်မှုဖြစ်သွားခဲ့ပါတယ်။ အခု ကျွန်မ ဆေးရုံကထွက်လာခဲ့တာပါ"

"အဲဒါတွေ ကျုပ် မသိဘူး။ အချိန်လည်းမရှိတော့ဘူး။ မိနစ်နှစ်ဆယ်အတွင်း ရအောင် လုပ်ရှား"

ခပ်ပြတ်ပြတ်ပြောပြီး ဖုန်းပိတ်သွားပါတယ်။ နိုင်မောပန်းချည့်နွဲ့ခဲ့ရပါပြီ။ ရပါပြီ။ ဘယ်လိုမှ ရအောင်လုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



လို့ မရတော့ပါဘူး။ ရှိန်းတဲ့နေရာကို ရောက်လာတဲ့အချိန်ဟာ ခြောက်နာရီ မိနစ်နှစ်ဆယ်ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ နိုင် ကံကောင်းချင်တော့ ပန်းချီမီးဇဟာ နိုင့်လို အချိန်ကွက်တိစေ့တာနဲ့ လှည့်မကြည့်တတ်တဲ့ လူစားမဟုတ်တာပါပဲ။ နိုင် ခဏနဲ့ ဖုန်းခေါ်လို့ရခဲ့ပါတယ်။

"ကိုမီးဇ . . . ကျွန်မ တကယ်ပဲ တောင်းပန်ပါတယ်ရှင်။ လမ်းမှာ အခက်အခဲအများကြီး ရင်ဆိုင်ခဲ့ရလို့ပါ။ အချိန်ကွက်တိရောက်မလာနိုင်ခဲ့ဘူး။ တောင်းပန်ပါတယ်။ ဘယ်လောက်ထိ တောင်းပန်မှ ပြေလည်အောင် လုပ်ပေးနိုင်မှာလဲ"

တစ်ဖက်က ဆိတ်ငြိမ်နေပါတယ်။

"ပြောပါ ကိုမီးဇ။ ကျွန်မ သမီးအတွက် ဘာမဆို ရင်ဆိုင်ပါတော့မယ်။ သူ့မိဘမသိခင် ဂျူးကို ပြန်ရရင် တော်ပါပြီ။ သူ့မိဘကို ကျွန်မ ဘယ်လိုနည်းနဲ့မှ ရင်ဆိုင်ဖို့ ခွန်အားမရှိဘူးဆိုတာ ရှင် နားလည်နိုင်ပါတယ်"

တစ်ခွန်းမှ ပြန်မပြောတာမို့ နိုင်ဟာ တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိဘဲ သစ်ပင်ကြီးတစ်ပင်ဆီ လှမ်းလာမိပါတယ်။ မသိစိတ်က ထင်ပါရဲ့။ အဲဒီသစ်ပင်ကြီးကို



သေချာကြည့်မိမှ တစ်ချိန်တုန်းက နိုင် မောင့်ကို စောင့်နေခဲ့တဲ့သစ်ပင်ကြီးမှန်း သိလိုက်ရပါတော့တယ်။ သွားပြီ . . . နိုင့်ခြေလှမ်းတွေ လုံးဝလှည့်လို့မရတော့ပါဘူး။ အဲဒီအချိန်မှာ ပန်းချီမီးဇအသံ ထွက်လာခဲ့ပါတယ်။

"ကောင်းပြီ . . . အပေးအယူထပ်လုပ်မယ်"

"ဘယ်လိုအပေးအယူလဲ"

"ခင်ဗျားရဲ့ သမီးကို လိုချင်ရင် ကျုပ်ကို ခင်ဗျား ယူရမယ်"

"ရှင်"

" . . . "

"ကြည့်စမ်း၊ . . . ရှင် . . . ရှင်"

နိုင် ဘယ်လိုမှ ဆက်ပြောလို့မရတော့ပါဘူး။ ပန်းချီမီးဇ ဖုန်းပိတ်သွားချိန်မှာပဲ သစ်ပင်အကွယ်က လူတစ်ယောက် ထွက်လာတာကို ရင်ဆိုင်လိုက်ရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ရိုမီယိုနဲ့ ဂျူးလိယက် ကိုကိုနဲ့ ခက်ခက်

ရှုဝေသော



"ဟင်"

မျက်လုံးလေးဝိုင်းပြီး အံ့ဩသွားတဲ့ တစ်ချိန်က ချစ်သူကို သူ ရဲရဲဝံ့ဝံ့ရင်ဆိုင်ပစ်လိုက်ပါတယ်။ ကြည့်စမ်း ဒီအရွယ်ထိအောင် ကျက်သရေမင်္ဂလာရှိရှိ လှပဆဲ။ နမို့ လတ်ဆတ်ဆဲပါလား။ ဒါကြောင့်လည်း သားက ယောက္ခမ ရွေးရွေးခဲ့တာကိုး။

"ရှင် . . . ရှင်က ဘာဖြစ်လို့ ဒီနေရာကို ရောက်နေတာလဲ"

"ပန်းချီမီးဇဆိုတာ စည်သူ့ကိုကိုပဲ"

ရှုဝေသော

www.burmeseclassic.com

www.burmeseclassic.com



"ဘာ!"

သူမ လန့်ပြီးထွက်ပြေးသွားတော့မယ့်အချိန်မှာပဲ သူဟာ သူမရဲ့လက်ကို မလွှတ်တမ်း ဆွဲယူဆုပ်ကိုင်ထား လိုက်ပါတော့တယ်။

"လွှတ်"

"မလွှတ်ဘူး။ ဒီအချိန်ကစပြီး ဒီလက်ကို တစ်သက်လုံး မလွှတ်တော့ဘူး။ မင်း ဘယ်ပြေးမလဲ၊ မင်း လူပြည်မှာ ရှိနေသရွေ့ ငါ့လက်က မလွှတ်ဘူး၊ မင်းကို ဒီအချိန်ထိ နေရာတိုင်းမှာရှာခဲ့ပါတယ်၊ ကိုလတ်၊ ငါ ဒါမှမဟုတ် တစ် နည်းနည်းနဲ့ တွေ့ကိုတွေ့ရလိမ့်မယ်လို့ ယုံကြည်ခဲ့တယ်။ နောက်ဆုံး ဘယ်လိုမှ ရှာမတွေ့နိုင်တော့ဘူးလို့ ထင်တဲ့ အချိန်မှာ ငါ့သားက ရှာပေးခဲ့တာပဲ"

"ရှင် ဘာမှမပြောပါနဲ့၊ ကျွန်မလက်ကို လွှတ်ပါ"

"မလွှတ်ဘူးလို့ ပြောပြီးပြီ၊ ဒီအချိန်က မင်းပါးစပ် ပိတ်ပြီး ငါပြောတာကိုပဲ နားထောင်ရမယ့်အချိန်"

သူမ ငြိမ်သွားပြီး သူ့ကို ခပ်စူးစူးစိုက်ကြည့်ပါ တယ်။

"တစ်ချိန်က ဒီနေရာကို ငါ အရောက်လာခဲ့





တယ်၊ ဒါပေမဲ့ လမ်းမှာ မထင်မှတ်ခဲ့တဲ့ ထိတ်လန့်တုန်လှုပ်မှုကြီးကို ရင်ဆိုင်ခဲ့ရတယ်၊ မင်း အခုဖြစ်ခဲ့တဲ့ အခက်အခဲထက် ပိုဆိုးပါတယ်၊ ဒါတွေကို ရှင်းပြဖို့ ကြိုးစားတော့လည်း မင်းရဲ့ တစ်ယူသန်အစွဲတွေ၊ အတ္တတွေ၊ မာနတွေနဲ့ လှည့်မကြည့်ခဲ့ဘူး"

". . ."

"မင်းဆီကိုလာရင်းနဲ့ လမ်းမှာ ငါ့အဖေမြင်းလှည်းမောင်းရင်း ဦးနှောက်သွေးကြောပြတ်ခဲ့တာကို ရင်ဆိုင်ခဲ့ရတယ်၊ ငါ ဘယ်လိုဖြေသိမ့်ရမလဲ။ သားအဖနှစ်ယောက်တည်းရှိတာ၊ ဖအေက သေ၊ ချစ်သူက စွန့်ပစ်၊ ငါ ဘယ်လိုမှ နေမရခဲ့ဘူး၊ ဒါကြောင့် သူငယ်ချင်းတစ်ယောက်ရဲ့ကလေးကို မွေးစားပြီး ငါ့စိတ်ဒဏ်ရာတွေကို ကုသခဲ့ရတယ်"

သူမရဲ့ မျက်ဝန်းတွေဟာ ချက်ချင်းပဲ ရီဝေမှိုင်းညို့သွားခဲ့ပါပြီ၊ ပြီးတော့ သူ့ကို ရင်ဆိုင်မကြည့်တော့ဘဲ မျက်လွှာချသွားပါတယ်၊

"အခု ငါ့သား . . . ငါ့သားကျတော့လည်း ငါ့လိုဖြစ်ခဲ့ရတယ်၊ ဘာဖြစ်လို့ အခြေအနေတွေက လာတူနေတာလဲ၊ တူမှာပေါ့လေ၊ ဒီလိုဖြစ်အောင် ဖန်တီးခဲ့သူက ခက်



www.burmeseclassic.com

www.burmeseclassic.com



ခက်နိုင်ဖြစ်နေတာကိုး၊ ဒါပေမဲ့ သားက ကံကောင်းပါတယ်။ ငါ့တုန်းကလို အိမ်ခြေအနေမဆိုးခဲ့ဘူး။ ငါတို့သားအဖ မင်းတို့ အိမ်လာတဲ့လမ်းမှာပဲ ငါ ရုတ်တရက် ဗိုက်အောင့်လာလို့ ဆေးရုံတက်လိုက်ရတယ်။ အဲ့အတက်ကြောင့် ဗိုက်ခွဲလိုက်ရတယ်"

သူမ ဖျတ်ခနဲ သူ့ကိုပြန်ကြည့်ပါတယ်၊ ဒီတစ်ခါ မျက်ဝန်းတွေကိုတော့ သူ ကောင်းကောင်းဖတ်တတ်ခဲ့ပါပြီ။ ဝမ်းနည်းမှုတွေ၊ ငဲ့ညှာမှုတွေ၊ စာနာနားလည်မှုတွေ ပြည့်ဝနေတဲ့ မျက်ဝန်းပေါ့။

"ဒီလောက်ဆို မင်း နားလည်ခွင့်လွှတ်နိုင်ပြီမို့လား။ အားလုံးစုစည်းတိုင်ပင်ပြီး ဒီနေရာကို ချိန်းလိုက်တာ၊ ငါ မင်းဆီကို အရောက်လာပါသေးတယ်ဆိုတာကို ပြချင်လို့။ ငါ မင်းကို တစ်သက်လုံးချစ်နေဆဲပါ နိုင်၊ ရင်သို့တိုးဖွေဆဲပါ နိုင်ပေါ့။ အချစ်ဆိုတာ အရွယ်နဲ့မဆိုင်ပါဘူး။ လေးဆယ်ကျော်အချစ်က ပိုပြီး နုပျိုပါတယ်၊ လန်းပါတယ်"

" . . . "

"မင်း ငါ့ကို မောင်လို့ပြန်ခေါ်ပေးပါ။ မင်း ငါ့လက်ကို ဘယ်နည်းနဲ့မှ မလွှတ်နိုင်ဘူး။ ဘယ်လိုအကြောင်းမျိုးနဲ့





ပဲ ဖြစ်ဖြစ် မောင့်ရင်ခွင်ထဲကနေ နိုင့်ကို ထွက်သွားခွင့် မပြုတော့ဘူး"

သူ စကားဖြတ်လိုက်တဲ့အချိန်မှာပဲ၊ ကိုလတ်၊ မမခင်နဲ့အတူ ရိုမီယိုနဲ့ ဂျူးလိယက်တို့ဟာ ကောင်းချီးထောပနာ လက်ခုပ်သံပေးရင်း သူတို့ဆီ ရောက်လာခဲ့ကြပါတယ်။

"ကြည့်စမ်း . . . မမခင်၊ နင်တို့တွေ ဘယ်လို . ."

အံ့သြမှုတွေ၊ ရှက်ရွံ့မှုတွေ ဖုံးလွှမ်းသွားတဲ့ သူမ မျက်နှာဟာ ရှိရင်းစွဲအရွယ်ထက် အများကြီး နုပျိုသွားသလိုပါပဲ။

"စိတ်လျှော့လိုက်ပါတော့ မာမီ၊ ဒီအချိန်မှာ ဘာမှ ပြောနေဖို့ လိုမယ်မထင်ပါဘူး။ အချိန်ကို တန်ဖိုးထားလေးစားတဲ့ မာမီ့စိတ်ကိုတော့ ဂုဏ်ယူပါတယ်။ ဒါပေမဲ့ အချိန်ကို အစွန်းတစ်ဖက်ရောက်အောင် စွဲလမ်းလွန်းရင်လည်း မဖြစ်သင့်တာတွေဖြစ်ပြီး အချိန်တွေလည်း တန်ဖိုးမဲ့စွာနဲ့ ကုန်ဆုံးတတ်ပါတယ်။ အခု ဂျူးတို့အဖြစ်အပျက်က သက်သေပြနေပြီပဲ မာမီ"

"ဟုတ်ပါတယ် မာမီ၊ ဂျူးပြောတာ မှန်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မာမီဟာ အချိန်ကို တန်ဖိုးထားသလို အချစ်တစ်ခု ကိုလည်း ခုချိန်ထိစွဲလမ်းပြီး တန်ဖိုးထားနေတယ်ဆိုတာ မာမီတစ်ကိုယ်တည်းနေပြီး ကျိတ်ခံစားနေတတ်တာတွေ က သက်သေပြနေပြီပဲ"

"ဟုတ်ပါတယ် နိုင်ရယ်၊ စိတ်လျှော့လိုက်ပါတော့ အချိန်တိကျတာ ကောင်းသလို၊ အစွန်းရောက်တဲ့ထိ စွဲလမ်း လွန်းပြန်ရင်လည်း မဖြစ်သင့်တာတွေ ဖြစ်ပြီး မခံစားသင့် တာတွေ ခံစားရပါတယ်ကွယ်။ အားလုံးဖြစ်စေချင်သလို ဆုံးဖြတ်လိုက်ပါတော့နော်"

"ဟုတ်ပါတယ် မနိုင်၊ စိတ်လျှော့လိုက်ပါတော့။ ကျွန်တော် ဒါရိုက်တာ မောင်သီဆီ ခေါင်းစဉ်လိုက်ပို့လိုက် တော့မယ်။ (အချိန်တိကျတာ ကောင်းတယ်၊ အချိန်တိကျ တာ မကောင်းဘူးလို့)"

"ဟား . . . ဟား . . . ဟား . . . ဟား"

အားလုံးရယ်သံတွေ ထွက်လာသလို လက်ခုပ်သံ တွေလည်း ထပ်မံထွက်လာခဲ့ချိန်မှာတော့ နိုင်တစ်ယောက် ရှက်ပြီး ထွက်ပြေးသွားပါတယ်။ သူမငှားလာတဲ့ကားဆီ ကမူးရှူးထိုးဝင်မယ်ကြံတော့ အားလုံးက အဝင်မခံဘဲ သူ





ကားဆီဆွဲခေါ်လာပြီး ဖွတ်သွင်းထည့်ပါတယ်။ ကားထဲမှာ မောင်နဲ့နိုင် နှစ်ယောက်တည်းသာ။

သူ ပျော်လွန်းလို့ ကားတောင် မောင်းနိုင်ပါတော့ မလား။ ချစ်ရည်လူးတဲ့မျက်ဝန်းတွေနဲ့ သူ့မကို လှမ်းကြည့် လိုက်တော့ သူမပြန်ကြည့်လိုက်တဲ့အကြည့်က . . .

"အား"

ပန်းချီမီးဖိုကြီး ရင်ခုန်လွန်းလို့ အရည်ပျော်ကျသွား ခဲ့ရပါပြီ။

ကြည့်စမ်း . . . အပြန်အလှန်စိုက်ကြည့်နေကြတဲ့ လေးဆယ်ကျော် ချစ်မျက်ဝန်းတွေကို ရိုမီယိုနဲ့ ဂျူးလီယက် ရဲ့ မျက်ဝန်းတွေက လိုက်လို့မမီခဲ့ပါလား။

ပန်းချီမီးဖိုဟာ နိုင် ပျော်ရွှင်ဖို့အတွက် ရိုမီ အဆင် သင့်ထည့်ပေးထားတဲ့ "ဒါသစ်တက်ကလေး ၃၆၀ မိနစ်" ဆိုတဲ့ သီချင်းကို ဖွင့်ပေးပြီး မောင်းလာခဲ့ပါတော့တယ်။

လက်တစ်စုံဖြင့် တစ်စုံတစ်ရာ . . .

ဆေဒီဇော်



www.burmeseclassic.com

www.burmeseclassic.com

## လေဒီဇော်
## ရေးပြီးသားစာအုပ်များ


၁။ အမုန်းရွှေရစ်
၂။ ရှုးရှုးမှုးမှုး ရင်ထဲကဦး
၃။ နှလုံးသားပြတိုက်
၄။ အားလုံးရဲ့ကောင်းဘွိုင်မင်းသမီး
၅။ အချစ်စစ်၏ ရည်ညွှန်းရာ
၆။ တဒင်္ဂပေမယ့် ရင်ထဲမှာတော့ အထင်ကရမိုး
၇။ ချစ်သူ့ရဲ့ နှလုံးသားလျှို့ဝှက်ခန်း
၈။ အချစ်၏အသံတိတ်ပေါက်ကွဲမှုတစ်ရပ်
၉။ နေမင်းထက်ပြင်းသောလမင်း
၁၀။ ရင်ခုန်သံပြိုင်ဘက်
၁၁။ ဥသြငှက်ကလေး
၁၂။ အချစ်မူးသူများ
၁၃။ အချစ်အားလုံး ငါ့အပေါ်ပုံလိုက်ပါ
၁၄။ နှင်းဆီပုံပြင်
၁၅။ ကောင်းကင်ရဲ့အဆင်းကြောင့် အရောင်ပြောင်းခဲ့ရတဲ့ ပင်လယ်
၁၆။ မျက်နက်ဝန်းရဲ့ ခွန်းခြွေစကား
၁၇။ ချစ်ခြင်းရဲ့ သီအိုရီ
၁၈။ မောင်မောင်မမြင့်မြတ်မယ်
၁၉။ ပျိုပျိုလှလှည် ချစ်စားပြလေး
၂၀။ မြားနတ်မောင်ပစ်ခွင်းသော ချစ်ခြင်းပွဲ့ ဒဏ္ဍာရီ
၂၁။ ရက်ရက်စက်စက် ရက်စက်သူ
၂၂။ ရန်ကုန်ည
၂၃။ ဆယ်ကျော်သက် ဒိုင်ယာရီ
ယခုလထွက်မည့်စာအုပ်
၂၄။ ရိုမီယိုနဲ့ ဂျူးလီယက် ကိုကိုနဲ့ခက်ခက်



စစ်အစိုးရလက်ထက်မှာ
အချစ်ဝတ္ထုတောင်မှ စာပေစိစစ်ရေးတာသိမ်းတာ ခံရပါတယ်။
စာရေးဆရာမ
**မယ်ခိုင်** ရဲ့
'ကံကြမ္မာနေ့စွဲ'၊
'ရင်ထဲအသချော်'၊ 'မျက်နှာချင်းဆိုင်လွှဲ'
ဝတ္ထုသုံးအုပ် အသိမ်းခံရပါတယ်။
စာရေးဆရာမအနေနှင့် အင်မတန်
စိတ်မကောင်းဖြစ်ရပါတယ်။
ကံအားလျော်စွာ သူချစ်တဲ့
စာပေချစ်သူများ ဖတ်နိုင်စေရန်
၂၀၁၃ ဇန်နဝါရီလတွင် ဖြန့်ချိပေးလိုက်ပါပြီ။
ဝေဖန်စာများပေးပို့နိုင်ပါသည်။
မေတ္တာဖြင့်


www.burmeseclassic.com